

www.burmeseclassic.com
BURMESE CLASSIC .com
ဂျူး
စီစဉ်သည်
အသစ်စက်စက် လုံးချင်းဝတ္ထု
ကိုယ
အလင်းမဲ့ည
www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
တမူခွင့်ပြုချက်အမှတ် - ၅၀၀၃၂၇၀၃၁၀
မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၄၀၇၀၄၁၀
ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (ယ-၁၃၅၈)
(ချူးတာပေ)
အမှတ် (၅၃)၊ အခန်း (၃၀၁)
ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။
အတွင်းမျက်နှာဖုံးပုံနှိပ်
ဦးကျော်ရှင် (မြ-၀၅၄၁၇) (ရွှေပြည်သော်ပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ ၃၂-လမ်း၊ (အထက်)
ပန်းဘဲတန်း၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ချိုချိုတာပေ
ဖုန်း - ၀၁- ၂၉၀၉၉၉

၈၉၅ . ၈၃
လုံမ
အလင်းမဲ့ည / လုံမ ။ - ရန်ကုန်
ချူးတာပေ ၊ ၂၀၁၀။
၂၈၀ - စာ ၊ ၁၈ × ၁၂ စင်တီ။
(၁) အလင်းမဲ့ည

BURMESE CLASSIC .com

# အခန်း (၁)

"နာမည်က"

"ခွင်း"

"တစ်လုံးတည်းလား"

"အနှောင်အဖွဲ့ အတွယ်အတာ မရှိဘူးဆိုတဲ့ သဂေါ်တာပါ"

ဦးညာထိက စကားအပိုအလိုမပြောမိစေနှင့်ဟု သေချာမှာထားပေမယ့် တင်းကျပ်နေသောရင်ဘတ်ကြီး အသက်ရှူလို့ရအောင် ဘွတ်နှံတက်လိုက်မိသည်။

မျက်ခုံးနှစ်ခု ထိစပ်အောင် မျက်မှောင်ကြုတ်လိုက်တဲ့ ဒေါ်မြနန္ဒာက ဆေးရောင်တင်ထားတဲ့နှုတ်ခမ်းလေး တွန့်ကွေးကျအောင်



www.burmeseclassic.com

www.burmeseclassic.com



မဲ့လိုက်၏။

အနားမှာ သူ့လိုပဲ အူနှစ်ဖက်ထောက်ထိုင်နေတဲ့ ဦးညာဏ်က မသိမသာ သူ့ပခုံးဖွန်းကိုတို့ကိုပြီး သတိပေးသည်။

"မြန်န္တာစံအိမ်ကြီးမှာ ဘယ်လိုအလုပ်မျိုး ရမယ်ထင်လို့ သူ့ကိုခေါ်လာတာလဲ ဦးညာဏ်"

သူ့ကိုမမေးတော့ဘဲ စကားလုံးခြားဦးက ဦးညာဏ်ဘက်ကို ပစ်လွှတ်သည်။ ဦးညာဏ်အဖြေတို့က တုန်တုန်ယင်ယင်။

"ဒီ ဒီလိုပါမြကလေး၊ ဦးညာဏ်က အသက်ကြီးပြီဆိုတော့ ဦးညာဏ်မောင်းတဲ့ကားကို စီးရမှာ မြကလေးတို့ စိတ်တိုင်းကျမှာမဟုတ်တော့ဘူးလေ၊ အမြဲတမ်း တုံ့နှေးလေးကန်နေတာ၊ ဦးညာဏ်လည်း ကိုယ့်ကိုယ်ကိုယ် အားမရဘူး၊ အဲဒါကြောင့် ရွာမှာ သူ့အဖေဆုံးသွားလို့ စိတ်လေနေတဲ့ ဦးညာဏ်ရဲ့တူလေးကို ခေါ်လာခဲ့တာပါ၊ ဖြစ်နိုင်မယ်ဆိုရင် သူ့ကိုကားမောင်းသင်ပေးပြီး ဦးညာဏ်နေရာမှာ အစားထိုးစေချင်ပါတယ်၊ ဦးညာဏ်ကိုတော့ ခြံစောင့်နေရာမှာ တာဝန်ပေးပါကွယ်"

ဦးညာဏ် အရှည်ကြီးရှင်းပြပြီးချိန်မှာ စူးစိုက်ကြည့်နေတဲ့ ဒေါ်မြန်န္တာမျက်ဝန်းတို့က သူ့တစ်ကိုယ်လုံးကို ခြုံငုံသုံးသပ်နေသည်။

"အသက်က"





"ဆယ့်ကိုးနှစ်"

"အတန်းပညာ"

တစ်ခွန်းချင်းမေးနေတာက စိမ်းပြတ်သည်။

အဆင့်အတန်းခွဲခြားလိုခြင်းဆိုတာ အပေါ်အောက်ထိုင်နေရကတည်းက သိသာနေပေမယ့် ခန္ဓာတစ်ခုလုံး သေးငယ်ကျုံ့ဝင်အောင် ကြည့်နေတဲ့မျက်ဝန်းတစ်စုံကိုတော့ အားပြိုင်ကာ ရင်ဆိုင်ကြည့်ပစ်လိုက်ချင်သည်။ ဒါပေမဲ့

"ဆယ်တန်းဖြေရမယ့်နှစ်မှာ အဖေ ကျန်းမာရေးမကောင်းလို့ ကျောင်းထွက်လိုက်ရပါတယ်"

"ဘာအလုပ်လုပ်ဖူးလဲ"

"ဟို သူက"

"ဦးညာဏ်ကို ကျွန်မမေးနေတာ မဟုတ်ဘူး၊ သူဖြေလိမ့်မယ်"

"ရွာမှာရှိတဲ့အလုပ်ကြမ်းမှန်သမျှ ကျွန်တော် အကုန်လုပ်ဖူးပါတယ်၊ ပိုက်ချ၊ ငါးဖမ်း၊ ကုန်ထမ်း၊ အိမ်သာကျင်းတူးတာက အစ"

"ရပြီ၊ ဒီ ကားမောင်းတဲ့အလုပ်ကိုရော မင်း ဝါသနာပါရဲ့လား"

"ကျွန်တော်ကြိုးစားမှာပါ၊ ဆန္ဒနဲ့ဘဝ တစ်ထပ်တည်းဖြစ်ဖို့ကျ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ဘဝမှာ ကျင်လည်ခဲ့ရတာပဲ''

ဟွန်ခနဲ မျက်နှာကိုမော့ကာ မဲ့လိုက်ခြင်းက လှောင်ပြောင်လို ခြင်းလား၊ အထင်သေး ရွတ်ချလိုခြင်းလား။

ဝေခွဲဖို့လည်း သူ မကြိုးစားချင်ပါ။

ရင်ထဲမှာ အနာတရသေးသေးလေးမှ မဟုတ်ဘဲလေ။

''ဦးညာဏ် သူ့ကို ကားမောင်းသင်ပေးလိုက်ပါ၊ လိုင်စင်ရတာနဲ့ ဦးညာဏ် အနားယူလို့ရတယ်၊ နေဖို့ကတော့ ဦးညာဏ်နဲ့အတူတူ နောက်ဖေးတန်းလျားမှာပဲ ထားလိုက်ပါ၊ အရေးကြီးတာက မြနန္ဒာစံအိမ်ကြီးရဲ့ စည်းကမ်းတွေကို သူသိအောင်၊ နားလည်အောင်၊ လိုက်နာတတ်အောင် ဦးညာဏ်သင်ပေးနိုင်ရမယ်၊ အပြစ်တစ်ကြိမ်ကျူးလွန်မိရင် လစာထဲက သုံးပုံတစ်ပုံငွေကြေးဖြတ်မယ်၊ သုံးကြိမ်ဆိုရင် အလုပ်ထုတ်မယ်၊ အဲ အပြစ်ကင်းရင်တော့ အပိုဆုဘောက်ဆူးရမှာပေါ့၊ နားလည်တယ်နော်၊ မင်း သွားလို့ရပြီ၊ ဦးညာဏ် ခဏနေခဲ့''

မော့မကြည့်ဘဲ နောက်ခြေသုံးလှမ်းဆုတ်ပြီးမှ မြနန္ဒာစံအိမ်ကြီးထဲက သူထွက်ခဲ့ရသည်။

ကိုယ်နေရမယ့် နောက်ဖေးအလုပ်သမားတန်းလျားကို ရောက်အောင် ခြေလှမ်းကျဲကြီးတွေနှင့် သူလှမ်းလာခဲ့သည်။

တန်းလျားလေးရဲ့ရှေ့ကွပ်ပျစ်မှာ ခြေကုန်လက်ပန်းကျကာ





မြုန်းခနဲထိုင်ချလိုက်ရင်း မြနန္ဒာစံအိမ်ကြီးရဲ့ကျောပြင်ကိုနာကြည်းစွာ ခပ်စိန်းစိန်းကြည့်ပစ်လိုက်၏။

ဘာကြောင့် ဒီအိမ်ကြီးက သူနှင့်မသက်ဆိုင်ရတာလဲ။

''မင်းအမေရှင်းရှိတဲ့နေရာကို မင်းကို ဦးညာဏ်ခေါ်သွားမယ်၊ ဒါပေမဲ့ ဒီအိမ်နဲ့ဒီအမေဟာ မင်းနဲ့ ဘာမှမသက်ဆိုင်ဘူးလို့ မင်း အောက်မေ့ထားရမယ်လူလေး''

''ဘာကြောင့်လဲ ဦးညာဏ်''

''တစ်နေ့နေ့တော့ ဒီအကြောင်းတွေကို ဦးညာဏ် မင်းကို ပြောပြဖို့ စဉ်းစားထားပါတယ်၊ ဒါပေမဲ့ ခုအချိန်မှာ မင်းသိထားရမှာက မင်းဟာ မင်းအမေ မုန်းတီးရွံရှာစက်ဆုပ်နေတဲ့ မင်းအဖေရဲ့သားတစ်ယောက်ဖြစ်နေခဲ့တယ်''

''ဒါဆိုရင်အဖေတစ်ယောက်တည်း မွေးလို့ရခဲ့တာမှ မဟုတ်တာ၊ ကျွန်တော်က အမေ့ရဲ့အသွေးအသားတွေနဲ့လည်း တည်ဆောက်ခဲ့တာပဲလေ၊ လူဖြစ်လာမှ အစွန့်ပစ်ခံဖြစ်ရတာ တရားသလား၊ ရင်သွေးတစ်ယောက်အနေနဲ့ သူ ချစ်နေသင့်တာပေါ့ ဦးညာဏ်''

''မချစ်လို့ဘဲ မွေးပြီးပြီးချင်း ရက်သားလေးနဲ့ မင်းကိုထားပစ်ခဲ့တာ ဖြစ်မှာပေါ့လူလေးရယ်၊ ဒီအကြောင်းတွေ ဂဃနဏ ဦးညာဏ်သိရတဲ့အထဲမှာ မင်းအမေ မင်းကို ချစ်နေလား၊ မချစ်နေလားဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဦးဉာဏ်သေချာမသိပါဘူး။ ဒါပေမဲ့ မင်းအဖေကိုမုန်းတဲ့ အမုန်းတွေ မင်းအပေါ် ကျိန်စာသင့်ခဲ့တာကတော့ အမှန်ပဲ၊ ဒါကြောင့် မင်းအမေပိုင်ဆိုင်တဲ့ မြနန္ဒာစံအိမ်ကြီးကို မင်းရောက်တဲ့အခါ မင်းဟာ ဒေါ်မြနန္ဒာရဲ့ သားတစ်ယောက်အဖြစ် အသိမပေးလို့မရဘူး။ ဘာကြောင့်လဲဆိုတော့ တခြားအကြောင်းအရာတွေလည်း ရှိနေသေးတယ်''

''ဘာလဲ ဦးဉာဏ်''

သက်ပြင်းရှိုက်ပြီး လေးပင်သွားတဲ့ ဦးဉာဏ်စကားအဆက်ကို သူ စိတ်မရှည်။

စိတ်လောကြီးစွာ စကားဖြတ်မေးတော့ သွေးမတော်သားမစပ်ပေမယ့် သံယောဇဉ်ကြီးစွာ သူ့ခေါင်းလေးကို ဦးဉာဏ် ဖွဖွပွတ်သပ်နေသည်။

''မြနန္ဒာမှာ မင်းနဲ့မတိမ်းမယိမ်းအရွယ် သားသမီးနှစ်ယောက်ရှိတယ်''

''ဗျာ မေ မေမေက နောက်အိမ်ထောင်ပြုလိုက်တာလား''

''ဆိုပါတော့၊ မင်းနဲ့မင်းအဖေကို စိတ်နာနာနဲ့ ဥပေက္ခာပြုပြီး မြနန္ဒာစံအိမ်ကို သူပြန်ရောက်လာတဲ့အချိန်မှာ သူ့အစ်မ မြမာလာ ယုယဆိုတဲ့သမီးလေး မွေးပြီး ဆုံးသွားရှာတယ်၊ သားကြီး ပိုက်ထွေးနဲ့ မြမာလာယောကျ်ား မောင်အုပ်စိုးတို့အပြင် ရက်သားအရွယ် ယုယ





ဆိုတဲ့ သမီးလေးတို့ဟာ သနားစဖွယ် ကျန်ရစ်ခဲ့တာပေါ့ကွယ်၊ အဲဒီအချိန်မှာ မင်းကို နို့မတိုက်လိုက်ရဘဲ မြနန္ဒာနို့ရည်တွေက တစိမ့်စိမ့်ထွက်နေရှာတယ်၊ နောက်တော့ တအဲ့အဲ့အငိုမတိတ်တဲ့ ယုယလေးကို မြနန္ဒာက နို့ချိုတိုက်ကျွေးပြီး ပြုစုယုယခဲ့တယ်၊ ယုယဆိုတဲ့ နာမည်လေးကိုလည်း မြနန္ဒာပဲ ချစ်စနိုးခေါ်ခဲ့တာ''

အမေ့နို့ကိုစို့ခွင့်မရခဲ့တဲ့ သူ့ထက် ထိုအချိန်ကတည်းက ယုယဆိုတဲ့ကောင်မလေးက ကံကောင်းခဲ့တာပေါ့။

မနာလိုစိတ်နှင့် မမြင်ဖူးသေးတဲ့ ထိုကောင်မလေးကို မုန်းတီးမိသည်။

BURMESE CLASSIC .com

ကောင်မလေးရဲ့အစ်ကိုဖြစ်တဲ့ ပိုက်ထွေးဆိုတဲ့ ကောင်လေးလည်း မေမေ့မေတ္တာရိပ်အောက်မှာ နွေးထွေးလုံခြုံစွာ နေခဲ့ရမည်ပေါ့။

ခွင်းဆိုတဲ့သူကသာ ဆင်းရဲမွဲတေ အဆင့်အတန်းမဲ့စွာနှင့် ကြီးမားခဲ့ရတာ။ အရက်ချိုးကပ်နေတဲ့ ဖခင်ကြီးအတွက် အရက်ဖိုး၊ စားဝတ်နေရေး၊ ပညာရေး အားလုံး အရွယ်နှင့်မလိုက် အောက်ခြေ ယီမ်းအလုပ်ပေါင်းစုံ လုပ်ပြီးရုန်းကန်ခဲ့ရတာ။

ကံကြမ္မာကြီးက ခုချိန်ထိလည်း သူ့ကို မျက်နှာသာမပေးသေးပါ။

အရက်ကြောင့် အသည်းခြောက်ရောဂါနှင့် အဖေဆုံးပါး



www.burmeseclassic.com

www.burmeseclassic.com



နီးတော့ ဖုန်းနံပါတ်တစ်ခုရေးပေးပြီး ဖုန်းဆက်ခိုင်းသည်။ နောက်နေ့မှာ အဖေ ဖုန်းဆက်ခေါ်ခိုင်းလိုက်တဲ့ ဦးဉာဏ် ချက်ချင်းရောက်လာ၏။

အဖေနှင့်ဦးဉာဏ် စကားအနည်းအကျဉ်းပြောပြီးချိန်မှာ အဖေ သူ့ကို စိတ်ချလက်ချပြုံးကြည့်နေရင်း အသက်ထွက်သွားသည်။

အဖေတစ်ခု သားတစ်ခုတဝနှင့် တွယ်တာခဲ့ရသော အဖေ့ကို မျက်စိအောက်မှာ ဆုံးရှုံးလိုက်ရပြီဆိုတော့ ယောကျ်ားတန်မဲ့ သူ လူးလိမ့်ကာငိုမိသည်။

ဦးဉာဏ်က ဖက်ပွေ့ကာ သူ့ကို နှစ်သိမ့်အားပေးခဲ့သည်။

"မင်းအဖေကို ဆုံးရှုံးလိုက်ရပေမယ့် မင်းအမေတစ်ယောက်လုံး လူလောကကြီးမှာ ရှိနေပါသေးတယ်ကွာ"

တဲ့။ ထိုစကားပြောတော့ အံ့သြဝမ်းသာမိတာမဟုတ်ဘဲ ထိတ်လန့်တုန်လှုပ်သွားမိတာ အမှန်။

ဘယ်အချိန်မေးမေး မင်းအမေသေပြီလို့ပဲ အဖေပြောခဲ့တာ မဟုတ်ပါလား။

ဒါကြောင့်လည်း အမေဆိုတဲ့အသိရှိပေမယ့် သေပြီဆိုတော့ အဖေလောက် တမ်းတမ်းတတဖြစ်မိခြင်း မရှိ။

ခုတော့ နန်းတော်တမျှ ခမ်းနားကြီးကျယ်လှသော မြနန္ဒာ





စံအိမ်ကြီးရဲ့ အရှင်သခင်မက သူ့ရဲ့အမေတဲ့။

စံအိမ်ကြီးထဲကို ခြေလှမ်းချဖို့တောင် အရှိန်အဝါကြောင့် နောက်တွန့်ချင်နေသည်။

"လူလေး ဒီအိမ်ကြီးက မင်းအမေရဲ့အိမ်၊ သိမ်ငယ်စရာ မလိုဘူးဆိုပေမယ့် ထည်ထည်ဝါဝါ, ထင်ထင်ပေါ်ပေါ်လည်း နေလို့ မရဘူး။ ကိုယ်က သူ့ရဲ့ဝန်ထမ်းအဖြစ်နဲ့ ရင်ထဲကသိနေတဲ့ အမေကို စောင့်ရှောက်နိုင်အောင် ကြိုးစား၊ မင်းအမေ မြနန္ဒာမှာ အိမ်တွင်းမားပြတိုက်ခံနေရတယ်၊ သူ့အစ်မရဲ့ယောကျ်ား ဦးအုပ်စိုးကို အမေ အဖေရဲ့ဆန္ဒအရ လက်ထပ်လိုက်ရတဲ့အတွက် ပိုင်ဆိုင်မှုတွေအားလုံး ခွဲဝေယူရတော့မယ်၊ ဦးအုပ်စိုးက နောက်အငယ်အနှောင်းထားပြီး သားကြီးကလည်း လူဆိုးလေးဖြစ်နေတော့ အကြံတူညာဏ်တူ အမွေခွဲချင်နေကြတယ်၊ စိတ်ဆင်းရဲသောကတွေနဲ့ ယုယလေးကိုပဲ မင်းအမေ အဖော်လုပ်နေရရှာတာ၊ ကိုယ့်ကိုပစ်ထားခဲ့တဲ့ အမေရယ်လို့ အပြစ်မမြင်ဘဲ သားကောင်းတစ်ယောက်အနေနဲ့ မင်းအမေကို စောင့်ရှောက်နိုင်အောင် ကြိုးစားပါ လူလေးရယ်"

ထိုစကားတွေက ခြံဝင်းတံခါးအဝင်ဝမှာပဲ ဦးဉာဏ် သူ့ကို နှာချခဲ့တာ။

နာကြည်းမှုနှင့် လက်တုံ့ပြန်မှာစိုး၍ သိမ်းသွင်းခဲ့ခြင်းလား၊



www.burmeseclassic.com

www.burmeseclassic.com



အမှန်တကယ် မေမေစိတ်ဒုက္ခရောက်နေရလို့ အကူအညီတောင်းခြင်းလားဆိုတာ သူ မသိ။

ရင်ထဲက အနာတရတစ်ခုနှင့် အနည်းအကျဉ်းတော့ မေမေ့ရှေ့မှာ သူပေါက်ကွဲခဲ့မိသည်။

အခု ဦးဉာဏ်ကိုခေါ်ထားလိုက်တာ ဘာတွေများပြောစရာရှိလို့လဲ။

ဖေဖေ့ရဲ့ မျက်လုံး၊ မျက်ခုံး မေမေ့ရဲ့ အသားအရေ အလိုမကျလျှင် မဲ့ကျသွားတတ်တဲ့နှုတ်ခမ်း။ သူပိုင်ဆိုင်ထားတဲ့ ထိုအရာတွေသည် အဖေနှင့်မေမေကို ဆင်ဆင်တူသည်မို့ သံသယတွေများရှိနေသည်လား။

ဦးဉာဏ်ကတော့ ကြိုတင်တွေးထားသည်မို့ လှည့်ပတ်ပြီးဖြေတတ်မှာပါ။

ဒီအဖေ ဒီအမေက မွေးသည့်သားမို့ ပုံစံတူတာအဖြစ်လား၊ ဟိုအရင်ကတည်းက ဂုဏ်ယူတတ်ခဲ့သည်မို့။

✿ ✿ ✿



## အခန်း (၂)

"အဲဒီရုပ်ရည်ကြောင့် ဦးဉာဏ်ရဲ့တူအရင်း ဟုတ်ရဲ့လားလို့ ငါ့ကိုမေးတယ်"

"ဦးဉာဏ် ဘာပြန်ပြောလိုက်လဲ"

"သြော် ခွင်းရဲ့အဖေနဲ့ အမေက ချောတယ်၊ ဦးဉာဏ်က မွေးချင်းထဲမှာ ရုပ်အဆိုးဆုံးပဲလို့ အပြောင်အပျက်စကားပြောလိုက်ရတာပေါ့"

"တကယ်လည်း ဦးဉာဏ်က ရုပ်ဆိုးပါတယ်၊ နဖူးကပြောင်ပြောင်, ကိုယ်ခန္ဓာက ထွားထွားကျိုင်းကျိုင်း, အသားကမည်းမည်းနဲ့ တောသားကြီးနဲ့တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခွေးကောင်၊ ငါ့ကိုများ ပြောလိုက်တာ တစ်တစ်ခွခွ"

သူ့ရဲ့ အစအနောက်စကားကြောင့် ဦးညာဏ်က သူ့နဖူး သူပွတ်ကာ ရှက်ကိုးရှက်ကန်းရယ်ရင်း ဆဲသည်။

ပြီးမှ ရေနွေးတစ်ခွက်ငှဲ့သောက်၍ သူ့ကို ခပ်စူးစူးကြည့်၏။

"ဒါတွေကြောင့် ဖိုးရိုးဖားရားဖြစ်နေတဲ့ မင်းဆံပင်ရှည်တွေ ကို ငါ တမင်မညှပ်ခိုင်းတာ၊ အဝတ်အစားစုတ်စုတ်ပြတ်ပြတ်တွေ ဝတ်ခိုင်းတော့ မင်းရဲ့နဂိုပုံပန်းသဏ္ဍာန်ပျောက်နေလို့ တော်သေးတာပေါ့ ကွ၊ မင်းရုပ်က မင်းအဖေနဲ့ တော်တော်ဆင်တယ်၊ နှုတ်ခမ်းလေးတွေ မေးစေ့နဲ့ နှာတံရယ်, အသားအရေရယ်ကတော့ မင်းအမေနဲ့ ချွတ်စွပ် ပဲဟေ့၊ ငါ့မှာ မင်းကို ခေါ်သာခေါ်လာရတာ၊ ရင်ထဲမှာ တထိတ်ထိတ် နဲ့ နောက်လည်း အပြုအမူ,အနေအထိုင် ဆင်ခြင်ပါကွာ၊ ပြောတာဆို တာလည်း စောစောကလို လက်တို့သတိပေးရတာမျိုးတွေ မဖြစ်စေ နဲ့"

"ကိုယ့်ရဲ့ခံစားချက်ကို နည်းနည်းလေးတောင် ထုတ်ဖော်ပြ ခွင့်မရှိဘူးလား ဦးညာဏ်၊ အမေတစ်ယောက်ပါလို့ မြင်တွေ့နေရတာ လည်း အမေလို့ ခေါ်ခွင့်မရှိဘူး။ စွန့်ပစ်သွားရက်တဲ့ မိန်းမကြီးပါလားလို့ အပြစ်တင်လို့လည်း မရဘူး။ ပြီးတော့ အမေတစ်ယောက်ရဲ့ အဖေ အပါးတဲ့၊ ကျွန်တော့်ရင်ထဲကိုလည်း ဝင်ကြည့်ပါဦး ဦးညာဏ်"





ဦးညာဏ်က သက်ပြင်းရှိုက်ကာ သူ့ပခုံးကို ဖွဖွဖက်လာ သည်။ ဝမ်းနည်းစိတ်နှင့် ငိုချလိုက်ချင်သော်လည်း ရှိုက်သံပျောက် ပြီး မျက်ရည်တွေသာ စီးကျလာ၏။

"လူလေး ကံကြမ္မာဆိုတာ ကြောက်စရာကောင်းတယ်၊ အ တုံ့အလှည့်ရှိရင် ပေးဆပ်ရတယ်၊ ရနေတဲ့ဘဝကို လူလေးမှာ အဖေ မရှိတော့ဘူးဆိုပေမယ့် တစ်ကောင်ကြွက်တစ်မျက်နှာ အထီးကျန်စ ရာ လိုလို့လား၊ မြန်နန္ဒာစံအိမ်ကြီးရဲ့ အရှင်သခင်မဟာ အမေပါလို့ မင်းရင်ထဲမှာ ကိုးကွယ်လို့ရတယ်လေ၊ ကြမ်းတမ်းခဲ့တဲ့ဘဝဟာ သူတို့ တွေကြောင့် မဟုတ်ဘူး၊ မင်းရဲ့အတိတ်ကံကို ပေးဆပ်ရတာတွေ ကြောင့်ပဲ၊ တစ်နေ့နေ့မှာ အမျိုးမြတ်တဲ့သားပါလို့ ဂုဏ်ယူနိုင်တဲ့နေ့ ဆိုတာလည်း ရှိချင်ရှိလာနိုင်ပါတယ်၊ လူလေး အားမလျှော့နဲ့၊ စိတ် ဓာတ်မကျနဲ့၊ ဦးညာဏ်တစ်ယောက်လုံး မင်းအနားမှာ ရှိနေမယ် လူ လေး"

"အပြစ်သုံးခါလုပ်ရင် အလုပ်ထုတ်ခံရမယ်တဲ့၊ ဦးညာဏ်ရော, ကျွန်တော်ရော အလုပ်ဖြုတ်ခံရရင် ဘယ်လိုလုပ်မလဲ"

သူပြောလိုက်တော့ ဦးညာဏ်က မျက်ခုံးပင့်ကြည့်သည်။

"အလုပ်ထုတ်ခံရလောက်တဲ့အပြစ်တွေ ကျူးလွန်ဖို့ မင်း ကြိုတင်စဉ်းစားထားသလား လူလေး"



www.burmeseclassic.com

www.burmeseclassic.com



"အဲလိုတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ငွေကြေးချမ်းသာတဲ့သူတွေက သူတစ်ပါးကိုအပြစ်ရှာတဲ့နေရာမှာ တစ်ဖက်ကမ်းခပ်တယ် မဟုတ်လား၊ အမေမို့ ကျိုးနွံနာခံနိုင်တယ် ထား၊ သူ့ယောကျ်ားနဲ့ သားနဲ့သမီးကို ကျွန်တော် ဘယ်လိုအင်အားနဲ့ သည်းခံနိုင်မလဲ ဦးဉာဏ်"

ဒီတစ်ချက်ကိုတော့ ဦးဉာဏ်လည်း စိုးရိမ်မိသည်။

ပိုက်ထွေး ယုယဆိုတဲ့ မောင်နှမနှစ်ယောက်ရှိသည့်အနက် အကြီးကောင်ပိုက်ထွေးက ဂျစ်ကန်ကန်၊ မိုက်တိမိုက်ကန်း။

ဖအေတူသားမို့ လောင်းကစား ဝါသနာထုံသလို၊ မိန်းမကိစ္စနှင့် အသောက်အစား၊ အပျော်အပါးကလည်း အငဖထက် သားတစ်လကြီး ဆိုတာမျိုး။

"တစ်ယောက်က လင်ကံမကောင်းလို့ နောက်တစ်ယောက်ကို စည်းကမ်းတင်းကျပ်မိပါတယ်၊ လင်နောက်လိုက်ပြေးတဲ့အထိတောင် မိဘမျက်နှာအိုးမည်းသုတ်ရက်တယ်ကွယ်၊ စဉ်းစားကြည့်ပါဦး မောင်ဉာဏ်ရယ်၊ မြနန္ဒာ လင်နောက်လိုက်သွားတာ ခုချိန်ထိ ဘာသတင်းအစအနမှ မရဘူး၊ တော်တော်မိုက်လုံးကြီးတဲ့ သမီး။ သူသာ သေချာဖွင့်ပြောခဲ့ရင် သူ့အစ်မမြမာလာလိုပဲ မကောင်း,ကောင်း မျက်စိစုံမှိတ်ပြီး ကိုယ့်သမီး ကိုယ့်မျက်စိအောက်မှာပဲရှိအောင် ပေးစားရမှာ





ပေါ့၊ ခုတော့"

မြနန္ဒာရဲ့အမေ ဒေါ်မြမြဖင် ထိုစကားတွေပြောတဲ့အချိန်က မြနန္ဒာနှင့်ထွန်းလူ ခိုးရာလိုက်ပြေးဖို့ အလိုတူအလိုပါ ကြံရာပါလိုဖြစ်နေခဲ့သည့် ဦးဉာဏ် စိတ်မကောင်းခဲ့။

တကယ်ဆို ထွန်းလူနှင့်ခိုးရာလိုက်ဖို့ မြနန္ဒာကို တိုက်တွန်းခဲ့မိတာမဟုတ်ပေမယ့် ထွန်းလူဆီရောက်အောင် သူကိုယ်တိုင် သွားပို့ပေးခဲ့မိတာပင်။

ထွန်းလူက ရှိသားအေးဆေးသူမို့ သူကိုယ်တိုင်လည်း ထွန်းလူကို ခင်မင်ခဲ့သည်။

ကိုယ်က မြနန္ဒာရဲ့ သီးသန့်ဒရိုင်ဘာမို့ သူတို့တွေချိန်းတွေ့တိုင်း ကိုယ်မသိဘူးဆိုတာ မရှိ။

ကိုယ်က ကြားဝင်ချိန်းချက်ပေးရတာမျိုးတောင် လုပ်ခဲ့ဖူးသည်။ ဒါပေမဲ့ သစ္စာရှိလူယုံတစ်ယောက်လို ဒေါ်မြမြဖင်ကို တိုင်တန်းအသိပေးဖို့ ဝန်လေးခဲ့သည်။

မြမာလာလို လူရုပ်လူပွေယောကျ်ားကိုရှေ့မှာစိုးပြီး မြနန္ဒာကို တင်းတင်းကျပ်ကျပ်အုပ်ချုပ်ထိန်းသိမ်းနေသည်ဆိုတော့ လျှို့ဝှက်ထားမိသည်ဆိုက အမှန်ပင်။

ဒါကြောင့်လည်း မြနန္ဒာ ခိုးရာလိုက်တော့မည်ဟု လူကြီးအပ



www.burmeseclassic.com

www.burmeseclassic.com



ယောက်လို ကိုယ့်ကိုအသိပေးလာတော့ ရေငုံနှုတ်ပိတ်နေပေးခဲ့မိသည်။

ထွန်းလူရဲ့မွေးရပ်မြေလေးကို သွားကြမည်ဟု သိထားသော်လည်း ဘယ်ရွာလဲ၊ ဘယ်မြို့လဲ မေးမထားမိ။

နောက်တော့ ဒေါ်မြမြဖင်က အချစ်ဆုံးသမီးထွေးမို့ ခွင့်လွှတ်ပါသည်၊ နားလည်နိုင်ပါသည်ပြောလာသောအခါ ကိုယ့်မှာ ဘယ်သွားရှာပေးလို့ ရှာပေးရမှန်း မသိ။ စိတ်သောကရောက်ခဲ့ရသည်။

ဒီလိုနှင့် နှစ်နှစ်ဝန်းကျင်လောက်မှာ မြနန္ဒာတစ်ယောက်တည်း အိမ်ကိုပြန်ရောက်လာသည်။

ထွန်းလူအကြောင်းလည်း အမေးမခံ၊ မွေးခဲ့သဲ့ ရင်သွေးလေးက သားလား၊ သမီးလား တစ်ခွန်းမှမပြော။

နာကြည်းရိပ် ယှက်သန်းနေသော မျက်နှာလေးက အမြဲတမ်းမာမှန်မှိုင်းလျက်။ ဘယ်သူ့ကိုမှလည်း အလိုမကျ။

ဒါပေမဲ့ မွေးကင်းစအရွယ် မြမာလာရဲ့သမီးလေးကိုတော့ နို့ချိုတိုက်ကျွေးပြုစုယုယခဲ့သည်။

ပိုက်ထွေးလေးကိုလည်း သားတစ်ယောက်လို အချစ်ပိုခဲ့၏။ ထိုအခြေအနေလေးကို ဥမကွဲသိုက်မပျက်ဖြစ်စေချင်သော ဒေါ်မြမြဖင်က မြမာလာယောကျ်ား အုပ်စိုးကို သဘောမတွေ့ခဲ့ပေမယ့် မြေး





ကလေးတွေမျက်နှာမငယ်ရအောင် မြနန္ဒာနှင့် ထပ်မံပေးစားခဲ့သည်။ မြနန္ဒာကလည်း တူနှင့်တူမလေးအတွက် ငြင်းဆန်မှုမရှိ လက်ခံခဲ့သည်။

အကျိုးအကြောင်းက မြနန္ဒာအတွက် အဆင်ပြေနေသော်လည်း ထွန်းလူနှင့် ခွင်းအတွက်တော့

"ဦးဉာဏ်"

"ဟင် ဟင် လူလေး၊ ဘာပြောမလို့လဲ"

"ဟာ ဦးဉာဏ်ရာ ကျွန်တော်မေးပြီးတာက ကြာလှပြီ၊ ဦးဉာဏ်က ဘာမှပြန်မဖြေဘဲ ငေးငိုင်နေတာကို"

"ဩော် အေး အေး ဦးဉာဏ် အတွေးလွန်သွားလို့ပါ၊ ကဲပါလူလေးရယ်၊ မင်းအမေရဲ့ သားနဲ့သမီးအကြောင်း ဘာမှ ခေါင်းထဲထည့်စဉ်းစားမနေနဲ့၊ ကြီးလာတဲ့အခါ အဆင်ပြေအောင်နေနိုင်ဖို့သာကြိုးစား၊ ခုအချိန်မှာ လူလေးတ ဘေးလူကွ၊ ဟိုတုန်းကတော့ အမေ့မျက်နှာမြင်ရရင် ကျန်တာတွေ ကျေနပ်နိုင်မှာပါဆို"

"လက်တွေ့မှာ မနာလိုစိတ်ကင်းအောင် နေနိုင်ဖို့က ခဲယဉ်းမယ်ထင်တယ် ဦးဉာဏ်"

သူ့ရင်ထဲက မှန်သောသစ္စာစကားကို နှုတ်ကဖွင့်ဟလိုက်မိသည်။

ကြမ်းတမ်းစွာနေခဲ့ရတဲ့ နှံချာချာဘဝအတွက်တော့ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



အမေ့မေတ္တာရိပ်နှင့် ကင်းကွာနေသော အပယ်ခံသားတစ်ယောက် အဖြစ်မို့ပါ။

အရိုင်းဆန်ဆန် အိပ်မက်တွေကိုသာ မက်ခွင့်ရသော ခွင်းဘဝက

✿ ✿ ✿



## အခန်း (၃)

"မာမီ သားကို မုန့်ဖိုးပေး"

"ဟယ် တစ်နေ့ကမှ သားကို မာမီ နှစ်သိန်းပေးထားတယ်လေ၊ ကုန်ပြီလား သားရယ်"

"အာ မာမီရာ ဒီခေတ်မှာ နှစ်ပုံးလောက်ကို ရေရှည်စီမံကိန်းနဲ့ ချွေတာသုံးနေရဦးမှာလား။ ကိုယ်ပေါ်က ကာလာကိုလည်း အရောင်တင်ရတယ်၊ ပေါင်းသင်းတဲ့ဆော်ဒါတွေကလည်း အမြင့်တွေချည်းပဲ၊ ကလပ်တစ်ညသွားလိုက်ရင် ဒီရေလောက်ကတော့ ချက်ချင်းခန်းတယ်၊ လုပ်ပါ မာမီရာ၊ သားသူငယ်ချင်းမွေးနေ့ရှိလို့ပါ"

ဒေါ်မြနန္ဒာ သက်ပြင်းရှိုက်မိသော်လည်း မီးခံသေတ္တာသော့



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ ကိုင်မိလျက်သားဖြစ်နေသည်။

အခန်းတွင်းပြန်ဝင်ကာ ထောင်တန်နှစ်အုပ်ဆွဲထုတ်လာပြီး သားကိုပေးလိုက်တော့ သားမျက်နှာက ရှုံ့ရှုံ့မဲ့မဲ့။

"နှစ်ပုံးတည်းလား မာမီ၊ ဘယ်နှရက်မှ လန်းလို့ရမှာမဟုတ်ဘူး။ မြန်မြန်ကုန်လို့ မြန်မြန်တောင်းတော့လည်း နားရှော့ခ်ရိုက်ခံရဦးမယ်၊ တစ်ခါတည်း လုံလုံလောက်လောက် ပေးပါလား မာမီရာ"

"သားရယ် တက္ကသိုလ်ကျောင်းသားအရွယ်မှာ တစ်လကိုငွေဆယ်သိန်းလောက်သုံးဖြုန်းနေတာ မလွန်လွန်းဘူးလား၊ သားအဖေကလည်း လောင်းကစားနဲ့တခြားကိစ္စတွေနဲ့ ငွေသုံးလို့မလောက်နိုင်ဘူး။ စီးပွားရေးကျတော့လည်း မာမီလောက် စွမ်းစွမ်းတမံမရှိဘူး၊ မာမီက မင်းတို့သားအဖသုံးဖို့ဖြုန်းဖို့ တမင်သက်သက်အပင်ပန်းခံငွေရှာနေရသလိုပဲ၊ နည်းနည်းပါးပါး မာမီ့ကိုလည်း နားလည်ပေးကြပါဦး"

"ကျစ်"

ပိုက်ထွေးက စိတ်မရှည်သလို ကျစ်ခနဲအသံပြုကာ တိုနံ့နံ့ဆံပင်တွေကို ဆွဲသပ်၍ ငွေနှစ်သိန်းအုပ်ယူပြီး ထွက်သွားသည်။ လက်မှိုင်ချပြီး သက်ပြင်းရှိုက်မိတဲ့ ဒေါ်မြနန္ဒာအနား ယုယဝင်ထိုင်ကာ

"စိတ်ညစ်နေပြီလား မာမီ၊ ကိုကိုကတစ်မျိုး၊ ဒယ်ဒီကတစ်မျိုးနဲ့"





"စိတ်ညစ်တာထက် စိတ်ကုန်စပြုနေတာ သမီး၊ ဒီထက်ပြောမိပြန်ရင်လည်း အလုပ်ကြီးအကိုင်ကြီး ခွဲလုပ်မယ်ဆိုပြီး အမွေခွဲခိုင်းကြဦးမယ်၊ မာမီလုပ်နေရတဲ့လုပ်ငန်းတွေ ပြိုကွဲပျက်စီးမှာစိုးလို့ မာမီ သည်းခံနေရတာ၊ ဘယ်လိုဝဋ်ကြွေးများ ပါလာလဲ မသိပါဘူးကွယ်"

"မာမီ စိတ်ရော၊လူရော ပင်ပန်းနေမှာပဲနော်၊ ယု ကျောင်းပြီးရင် မာမီ့အလုပ်တွေကို ကူလုပ်ပေးမှာပါ"

"ကျေးဇူးတင်ပါတယ် သမီးရယ်၊ သမီးလေး ယု မာမီ့ကို နားလည်ပေးနေလို့ မာမီဖြေသာနေတာပါ"

ဒေါ်မြနန္ဒာ ရင်ထဲကစကားကို ဆိုမိခြင်းပါ။

ဦးအုပ်ဖိုးနှင့် သားပိုက်ထွေးကြောင့် ရင်တွေထဲမှာ အဆမတန်နာကျင်နေရပေမယ့် သမီးလေးယုရဲ့ နှစ်သိမ့်စကားတွေနှင့် အသက်ရှင်နေရတာ မဟုတ်ပါလား။

ဖယ်ချွာလို့လည်း မရ၊ တုတ်နှောင်ထားလို့လည်း မဖြစ်နိုင်နှင့်ဆုပ်လည်းဆူး စားလည်းရူးဘဝမှာ ရှယ်ယာဝင်ထားတဲ့ ဘဏ်လုပ်ငန်းတွေရော၊ ပွဲရုံလုပ်ငန်းတွေပါ သူမတစ်ယောက်တည်း အပင်ပန်းခံရုန်းကန်နေခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးအုပ်စိုးက အယောင်ပြလောက်သာ လုပ်ငန်းတွေအပေါ် အလေးထားတတ်ပြီး လောင်းကစားနှင့်မိန်းမကိစ္စတွေကိုတော့ အရေးတယူရှိလှသည်။

ဒါတွေကို ရွံမုန်းစိတ်နှင့် မေမေနှင့်မေမေ ဆုံးပါးပြီးကတည်းက ဦးအုပ်စိုးအပေါ် လင်စိတ်သားစိတ်ကုန်ကာ အခန်းခွဲအိပ်ခဲ့၏။

အဲဒီနောက်မှာ ဦးအုပ်စိုးက ပွေလို့ရှုပ်လို့ပိုကောင်းခဲ့ကာ ငါ မိန်းမထပ်ယူရင် အမွေခွဲပေးဖို့ပြင်ဆင်ထားဟု စိန်ခေါ်ခဲ့သည်။

ဒီအချိန်ထိ အကောင်အထည်မပေါ်သေးတာကိုပဲ ကျေးဇူးတင်ရမည်လား။

အမြန်ဆုံးထွက်သွားအောင် ယတြာချေ နှင်ထုတ်ရမည်လားပင် မသိ။

"ဒီအမွေတွေကို ဝေပုံကျနဲ့ခွဲပေးဖို့ဆိုတာ နင့်မိဘတွေလက်ထက်, နင့်အစ်မ မြမာလာရှိစဉ်တုန်းက နင်တို့မှာ ပွဲရုံလုပ်ငန်းတစ်ခုပဲ ရှိတာလေ၊ အခုမှ ရတနာမျိုးစုံ အရောင်းအဝယ်ပွဲစားလုပ်လို့ရလာတဲ့ အမြတ်အစွန်းတွေ, ပွဲရုံမှာ နင့်ရဲ့ကြိုးစားမှုကြောင့် ရလာတဲ့ အမြတ်အစွန်းတွေအားလုံး ဘဏ်လုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံထားသမျှက နင့်လက်ထက်ပွား, နင်ပိုင်ဆိုင်မှုတွေပဲဟာ၊ နင် စေတနာရှိမှ, နင်ပေးချင်မှ သူတို့ရမှာပေါ့၊ တွေးပူမနေနဲ့၊ တကယ်တောင်းလာရင် တရားရုံးကနေ ပွဲရုံလုပ်ငန်းရဲ့ အချိုးအစားကိုပဲ ခွဲပေးလိုက်၊ လူအား, ငွေအားအရင်းအနှီး သူတို့ဥစ္စာ တစ်ပြားမှပါတာမဟုတ်ဘူး"

သူငယ်ချင်းဖြစ်သူ မိုးသီတာက ထိုအတိုင်း အကြံဉာဏ်ပေးသည်။ အမွေထိန်းရှေ့နေကြီး ဦးလှအောင်ကလည်း

"ဒေါ်မြမြဖင် မသေခင်က အမွေလွှဲသေတမ်းစာအရဆိုရင် နောက်ပိုင်းပိုင်ဆိုင်မှုတွေက တကယ်အလုပ်လုပ်တဲ့သူနဲ့ပဲ သက်ဆိုင်ပါတယ်၊ ဒါပေမဲ့ ဒီပွဲရုံလုပ်ငန်းက ရင်းနှီးမြှုပ်နှံမှုကို လက်ရှိအနေအထားထိ အကျိုးအမြတ်ခွဲဝေယူရမှာတော့ မျှတမှုရှိရမှာပေါ့လေ၊ ကျန်တာတော့ မြန္မာစိတ်တိုင်းကျ သဘောအတိုင်းပါပဲ၊ တရားနည်းလမ်းကျ အန်ကယ်လ်စီမံဆောင်ရွက်ပေးပါ့မယ်၊ ဦးအုပ်စိုး လုပ်ငန်းတွေအပေါ် ဂရုမစိုက်ဘဲ မြန္မာတစ်ယောက်တည်း ပင်ပန်းဆင်းရဲခံနေရတယ်ဆိုတာ အန်ကယ်လ်တို့ သိနေတာပဲ"

သူမအာက်မှ အားပေးမယ့်သူတွေရှိနေပေမယ့် ကိုယ့်သားကိုယ့်သမီးအရင်းတွေလို အချစ်ပိုသံယောဇဉ်ပိုခဲ့ရသော ပိုက်တွေးနှင့် ယုယဆိုတဲ့ တူလေးနှင့်တူမလေးကို မြန္မာ ပစ်လက်ခတ် ဥပေက္ခာမပြုဝံ့ပါ။

သမီးလေးယုယဆိုလျှင် သူမ နို့ချိုတိုက်ကျွေးမှုကြောင့် ကြီးပြင်းရှင်သန်လာခဲ့တာ မဟုတ်ပါလား။







www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း သမီးလေးက သူမအပေါ် နားလည်မှုရှိသည်။ ငဲ့ညှာသနားတတ်သည်။

သားကြီးကတော့ ဘာအကြောင်းမှ ဆွေးနွေးလို့လည်း မရ။ တိုင်ပင်လို့လည်း မရ။

အတန်းပညာမြင့်မားလာလေ သုံးဖြုန်းတဲ့ငွေပမာဏက ကြီးမားလာလေ။

သွန်သင်ဆုံးမတဲ့အခါတိုင်း နာခံဖို့မပြောနှင့် နားညည်းတယ် နားပူတယ်ဟုတောင် အပြစ်ပြန်မြင်တတ်သူ။ အဖေထက် သားတစ်လကြီးတယ်ဟု ဂုဏ်ပြုခံချင်နေသလား။ ဖအေကိုမီအောင် အားသွန်ခွန်စိုက် ကြိုးစားနေလေသလား။

ဘာပဲဖြစ်ဖြစ် ဆွေရယ်မျိုးရယ်ဆိုလို့ သူတို့တွေပဲ အရင်းအချာရှိတာမို့ သူတို့တွေနှင့် အတိုက်အခံမလုပ်ချင်။

သက်တမ်းစေ့နေခွင့်ရလျှင်တောင် ဘဝကို အေးအေးချမ်းချမ်းနှင့် ကုန်ဆုံးချင်သည်။

ထိုအတွေးတွေနှင့် အိပ်မပျော်သည့်ညတိုင်း တိုက်ကြီးဘေးက ဂျပန်မြက်ခင်းစိမ်းလေးပေါ်မှာ ဒရင်းဘာတ်ဒ်လေးချပြီး ပက်လက်လှန်၍ မိုးကောင်းကင်ကြီးကိုမော့ကြည့်ကာ တစ်စုံတစ်ရာကို သူမ မရေမရာ တမ်းတနေတတ်သည်။





ထိုအချိန်မျိုးမှာ ကုပ်ချောင်းချောင်းနှင့် မဝံ့မရဲ သူမအနားကို ဦးဉာဏ်ရောက်လာတတ်၏။

"မောင်ထွန်းလူနဲ့မွေးထားခဲ့တဲ့ ရင်သွေးလေးကို သတိရနေတာလား မြကလေး၊ သူတို့ ဘယ်လိုနေနေလဲသိချင်ရင် ဦးဉာဏ်သွားခေါ်ပေးမယ်လေ"

"ဘာတွေလာပြောနေတာလဲ ဦးဉာဏ်၊ ထွန်းလူဆိုတဲ့အသံကို ကျွန်မ မကြားချင်ဘူး၊ သူ့ကို အမုန်းတွေ, နာကြည်းမှုတွေနဲ့ မနိုင်အောင်ကြိုးစားနေတာ၊ ရင်သွေးဆိုတာကိုတောင် ဖြူသလား, မည်းသလား ကျွန်မ မှန်းမကြည့်မိဘူး။ နောက်တစ်ခါ အဲဒီအကြောင်းလာပြောမယ်ဆိုရင် အလုပ်တစ်ခါတည်းထွက်သွား ဦးဉာဏ်"

သူမ ပြတ်ပြတ်သားသားပြောလိုက်မှ ဦးဉာဏ် နောက်တစ်ခါမလာခဲ့တော့တာ ဖြစ်သည်။

တကယ်တမ်း ထွန်းလူဆိုတဲ့အသံကို သူမ မကြားချင်။ အချစ်ကြီးလို့ အမုန်းအမျက်ကြီးတာ ရှူဋသုဘဒ္ဒါလို မိန်းမမျိုးတဲ့လား။

ခေါ်စမ်းပါစေ။ ထိုအမည်သညာနှင့် သူမအချစ်တွေကို သက်သေထူသွားမည်။

ခွင့်လွှတ်လိုက်လျှင် သူမ ထွန်းလူကို ချစ်ရာရောက်ပြီးမ



www.burmeseclassic.com

www.burmeseclassic.com



လာ။ ပျော့ညံ့တွေဝေတတ်တဲ့ မိန်းမမျိုးက အရောင်ပြောင်းလွယ် သည်။ အချစ်ကို အပေါ်ယံပါးပါးလေးသာ တန်ဖိုးထားကြ၏။

သူမကတော့ မောင့်ကို နှလုံးသားနှင့်ရင်းကာ အသည်းနင့် အောင်ချစ်ခဲ့ရသူမို့ ဘယ်တော့မှ ခွင့်မလွှတ်တဲ့ နာကြည်းမှုတွေသာ စုဆောင်းထုပ်ပိုးရင်း တစ်သက်စာ ချစ်သွားချင်သည်။

မုန်းနေ၊ နာကြည်းနေသဖြင့် သတိရနေမည်။

အချစ်တစ်ခုတည်းသာဆိုလျှင် မေ့ချင်မေ့သွားနိုင်သည် မ ဟုတ်ပါလား။

ကျွန်မ မောင့်ကို မမေ့ချင်ဘူး။

သတိရတော့ နာကြည်းတယ်။ မုန်းနေတော့ မေ့လို့မရဘူး။

ဘယ်တော့မှလည်း

✿ ✿ ✿



အခန်း (၄)

"ဘယ်သွားမလို့လဲ လူလေး"

"ဟိုမှာ မေမေတစ်ယောက်တည်းထိုင်နေတယ်၊ ဦးညာဏ် ပဲ ပြောထားတယ်လေ၊ မေမေက အရူးစိတ်ညစ်တဲ့အခါမျိုးမှ အဲဒီ နေရာလေးမှာ ထိုင်တတ်တာဆို ကျွန်တော် မေမေ့ကို တစ်ခုခုပြောပြီး နှစ်သိမ့်ချင်တယ် ဦးညာဏ်"

"မင်း ဒီအိမ်ကြီးမှာ မနေတော့ဘဲ အလုပ်ထွက်ချင်လို့ လား လူလေး၊ ဦးညာဏ်လို လုပ်သက်အရင့်ဆုံး၊ အရင်းနှီးဆုံးဝန်ထမ်း တစ်ယောက်ကိုတောင် အားနာတတ်တာမဟုတ်ဘူး၊ ကိုယ့်ဟာကိုယ် နေသာသလို၊ နေတတ်သလို နေပါလူလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"လရောင်အောက်မှာ စိတ်ညစ်ညူးနေသလို မျက်နှာလေး ညှိုးနွမ်းနေတဲ့ မေမေ့ကိုမြင်ရတာ ကျွန်တော် ဘယ်လိုနေတတ်မှာလဲ ဦးညာဏ်ရယ်၊ ရင်ထဲမှာ ဆူးစူးသလို နင့်လိုးခုလုနဲ့ စိတ်လည်းမကောင်းဘူး"

"မင်းအမေကို မုန်းတယ်, နာကြည်းတယ်ဆို ခုတော့ ဘယ်လိုလဲ၊ မြင်တွေ့နေရတာနဲ့ အရမ်းချစ်နေပြီမဟုတ်လားကွ၊ လာပါကွာ၊ ဒီနားကကြည့်နေတာ မင်းအမေမြင်သွားရင် မကောင်းပါဘူး ကွပ်ပျစ်ပေါ်မှာထိုင်ပြီး စကားပြောရအောင်၊ လာ လူလေး"

မေမေ့ကိုမြင်တွေ့နိုင်တဲ့ ပန်းအိုးတွေနားကနေ ဦးညာဏ်ဆွဲခေါ်ရာ သူလိုက်သွားရသည်။ ကွပ်ပျစ်ပေါ်ထိုင်မိမှ ရေနွေးငှဲ့နေရင်း ဦးညာဏ်က မေးငေါ့၍ ထပ်မေးသည်။

"မုန်းတယ်, နာကြည်းတယ်, ချစ်တယ်ဆိုတာ သတ်သတ်စီ တစ်ကန့်စီပဲ ဦးညာဏ်ရာ၊ ဟိုတုန်းက မေမေသေပြီဆိုတဲ့ အသိနဲ့ မုန်းတာ, နာကြည်းတာတွေမရှိဘူး၊ မွေးထုတ်ခဲ့တဲ့ မိခင်တစ်ယောက် အနေနဲ့ အချစ်တွေပဲ ရှိခဲ့တယ်၊ ခုတော့ သားအရင်းကိုစွန့်ပစ်ခဲ့ပြီး တူတွေ, တူမတွေကို မေတ္တာတွေအပြည့်အဝပေးနေတာ မြင်ရတော့ ကျွန်တော့်ရင် မနာဘဲနေပါ့မလား၊ ကျွန်တော်နဲ့ ဖေဖေကို ဘယ်လို အပြစ်တွေကြောင့် ဥပေက္ခာပြုခဲ့တယ်ဆိုတာ ကျွန်တော်သိချင်လိုက်





တာ ဦးညာဏ်၊ ဦးညာဏ်သိသလောက် ကျွန်တော့်ကို ပြောပြပါလားဟင်"

ဦးညာဏ်က သက်ပြင်းရှိုက်ကာ ခေါင်းယမ်းလိုက်ပြီး

"မင်းသိရင် ဝေဒနာတွေ သက်သာမှာမို့လား လူလေး"

"အနည်းဆုံးတော့ မေမေ့အပေါ် မုန်းတဲ့အမုန်းတွေ ချေဖျက်နိုင်မယ် မဟုတ်လား"

"ဒါဆိုရင်တော့ မင်းအမေ ဒီအိမ်ကြီးကိုပြန်ရောက်လာပြီး သုံးနှစ်လောက်အကြာမှာ မင်းအဖေနဲ့ ဦးညာဏ် အဝေးပြေးကိတ်မှာ အမှတ်တမဲ့ဆုံခဲ့တုန်းက ပြောပြခဲ့တဲ့အကြောင်းလေးကို ဦးညာဏ် မင်းကိုပြန်ပြောပြမယ်လူလေး၊ ဒီလိုကွ၊ မင်းအဖေက လူချစ်လူခင်လည်းပေါတယ်၊ သူတစ်ပါးကို ကိုယ်ကျိုးစွန့်ကူညီတတ်တာလည်း မင်းသိမှာပေါ့၊ အဲဒီအကျိုးဆက်က အိမ်ထောင်ရေးပြိုကွဲခဲ့ရတဲ့အစက တရားခံပဲ"

ဦးညာဏ်က ငှဲ့ထားတဲ့ရေနွေးတစ်ခွက်မော့သောက်ပြီးမှ စကားဆက်သည်။ စကားသံတွေက ပုံရိပ်ထင်ကာ ရုပ်ရှင်ပိတ်ကားပေါ်မှာ ကြည်လင်ပြတ်သားစွာ ပြန်မြင်ယောင်မိသလိုမျိုးဖြင့်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"မင်းအပြောအဆိုတွေ အရမ်းရင့်သီးရိုင်းစိုင်းနေပြီ မြ
လေး၊ ပတ်ဝန်းကျင်ကြားမကောင်းအောင် လေလံမတင်နဲ့၊ မ
ယောက်ျားကိုယ်တိုင်ပြောနေတဲ့စကားကိုပဲ မင်းယုံကြည်ရမှာပေါ့"

"ယုံကြည်စေချင်ရင် သက်သေပြနိုင်မှဖြစ်မှာပေါ့မော
မောင့်မျက်နှာ တစ်ချက်ထင်ပြီး ဆင်းရဲစုတ်ပြတ်နေတဲ့ တောချုံအုံကြ
မှာ မြကလေး လိုက်နေခဲ့တာပါ၊ မြကလေးရဲ့ အဆင့်အတန်း၊ ဂု
ဒြပ်နဲ့ ဒီနေရာ,ဒီဒေသမှာ နေနေတယ်ဆိုတာ မောင့်ကို သိပ်ချစ်
လေ၊ ခုတော့ လင်ကောင်မပေါ် မိုက်ကြီးနေတဲ့ သူငယ်ချင်းရဲ့ ည
မကို အဖေနာမည်ခံပြီး တာဝန်ယူမယ်ဆိုတော့ မြကလေးရဲ့ ဂု





သိက္ခာကိုလည်း မောင်ထည့်စဉ်းစားပါဦး"

"မြကလေးရယ် မောင့်သူငယ်ချင်းမိသားစု အရှက်ရ သိက္ခာကျရမယ့် အခြေအနေရောက်နေလို့ မောင် ကူညီဖို့ဆုံးဖြတ်ရတာပါ၊ ဒါကလည်း မွေးဖွားခါနီးဆဲဆဲ ကလေးအမေနဲ့ ကလေးလေးအသက်ကို ကယ်တင်ရာလည်းရောက်ပါတယ်၊ ဖအေနေရာမှာ လက်မှတ်ကလေးထိုးပေးရုံနဲ့ မောင်တို့ကို ထိခိုက်နိုင်မှာမဟုတ်ပါဘူး၊ မွေးဖွားပြီးဟာနဲ့ ဘာတာဝန်မှလည်း ယူစရာမလိုဘူး၊ အခု မောင် အဲဒီရွာကို သွားလာပေးနေရတယ်ဆိုတာလည်း သူတို့အမျိုးအဆွေတွေကြားမှာ ကိုယ်ဝန်ရှိနေတဲ့ မောင့်သူငယ်ချင်းရဲ့ညီမလေး လူမြင်ကောင်းအောင်, တင့်တယ်အောင်လို့ပါ၊ မောင် မြကလေးကို စိတ်ဆင်းရဲအောင်ပြောနေတာ မဟုတ်ပါဘူးကွာ"

"မပြောနဲ့တော့၊ မကြားချင်ဘူး"

ထွန်းလူရဲ့ ဖြေရှင်းမှုကို စူးစူးဝါးဝါးအော်၍ မြကလေး ပိတ်ပင်တားဆီးလိုက်သည်။

ဟိုအရင်ရက်တွေကလည်း လှည်းကြုံ၊ ကားကြုံလိုက်ပြီး အဲဒီရွာကိုသွားနေခဲ့တာ မြကလေး သတိမထားမိခဲ့။

ရွာထဲမှာ ဟိုနေရာ ဒီနေရာ တိုးတိုးကျိတ်ကျိတ် အတင်းပြောနေတာတွေ နားထဲပြန်ရောက်မှ မောင့်ကိုမေးကြည့်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ဖြေရှင်းတဲ့စကားနှင့် ကြားရတဲ့ သတင်းက တခြားစီ။

"သူတို့တွေပြောသလို မောင် အငယ်အနှောင်းထားနေတာ မဟုတ်ဘူး မြကလေး၊ ကျေးဇူးရှိခဲ့ဖူးတဲ့ သူငယ်ချင်းရဲ့ အခက်အခဲကို ကူညီနေတာ၊ အစကတည်းက မြကလေးကို ဖွင့်ပြောပြဖို့ စဉ်းစားမိပေမယ့် မြကလေး ဘယ်လိုမှ လက်ခံမှာမဟုတ်ဘူးဆိုတာ မောင်သိနေတယ်၊ ပြီးတော့ ကလေးမွေးဖွားပြီးတာနဲ့ ဒီကိစ္စတွေက သူ့အလိုလိုပြီးသွားမှာပဲလေ၊ သူတို့ဘာသာ ချစ်သူရည်းစားထားပြီး မှားယွင်းခဲ့တာဆိုရင်တော့ မောင် ကြားဝင်ပြီး နာမည်အပျက်မခံပါဘူး။ အခုဟာက တစ်နယ်တစ်ကျေးမှာ အလည်အပတ်သွားရင်း ဆွေမျိုးရိပ်မကောင်းတဲ့သူနဲ့ ဖြစ်ခဲ့ကြတာတဲ့၊ ပြီးတော့ ဒါဟာ သတို့သားပါလို့ ပွဲထုတ်မပြဝံ့တဲ့သူ ဖြစ်နေခဲ့တယ်၊ အသိပညာနည်းလို့ ဆင်းရဲလို့ ခေါင်းငုံ့အရှုံးပေးခဲ့ရတာလည်း ဖြစ်မှာပေါ့၊ လျှော်ကြေးရလိုက်တာလည်း လူသိမခံဝံ့တဲ့အဖြစ်မျိုးနဲ့၊ သူငယ်ချင်းက မောင့်ကို အကူအညီတောင်းခဲ့တာပါ၊ မောင့်ရဲ့ကိုယ်ကျင့်တရားကို ယုံကြည်တယ်ဆိုရင် ဒီကိစ္စကို နားလည်ပေးပါ မြကလေးရယ်"

ထိုစကားတစ်လုံးနည်းနှင့် မောင့်ကိုယုံကြည်ပေးခဲ့ပြီး မြကလေး ကြိတ်မှိတ်သည်းခံခဲ့ရသည်။

ဒါပေမဲ့ သန္ဓေတည်ရင့်မာလာသော ကိုယ်ဝန်ကို တစ်ဖက်





မိန်းကလေးလောက် ဂရုစိုက်မခံရသည့်အတွက် မခံစားနိုင်တော့တာ အမှန်ပင်။

နေ့ဆိုးတစ်ခုကို ရောက်လာသည့်နေ့မှာတော့

မြကလေး

သန္တာခင်မွေးဖွားဖို့အတွက် မြို့ဆေးရုံမှာ ခွဲစိတ်ရမယ်လို့ ပြောတယ်။ အဲဒါ လင်ယောက်ျားရဲ့သဘောတူခွင့်ပြုချက် လက်မှတ်ထိုးပေးဖို့ အရေးတကြီး မြို့ဆေးရုံကို မောင်လိုက်သွားရပါတယ်။ အမြန်ဆုံး မောင်ပြန်လာနိုင်အောင် ကြိုးစားမှာပါ။

မြကလေးရဲ့
ချစ်သောမောင်

အလူးအလိမ့်ဗိုက်နာနေရင်း မောင့်ရဲ့စာတိုလေးကို ဖတ်လိုက်ပြီးချိန်မှာ တက်တစ်ချက် ခပ်ပြင်းပြင်းခေါက်လို့ အံကြိတ်လိုက်မိသည်။

ချစ်လို့၊ မြတ်နိုးလို့ တရားဝင်လက်ထပ်ယူထားတဲ့ မိန်းမရဲ့ မွေးဖွားဖို့အချိန်ကိုတောင် မောင် မေ့လျော့နေခဲ့သလား။ မြို့ဈေးကို ထွေလာကျိုနှင့်ဈေးကြိုသွားရင်းက အိမ်ပြန်မလာနိုင်လောက်အောင် သန္တာခင်ဆိုတဲ့မိန်းကလေးက အရေးပါအရာရောက်နေခဲ့သလား။



www.burmeseclassic.com

www.burmeseclassic.com



မြကလေး ဒီလောက်ထိ သဘောထားမကြီးနိုင်ပါ။

မောင့်ကို နားလည်မပေးနိုင်ပါ။

အရပ်လက်သည်နှင့် အသက်လုပြီး မွေးခဲ့ရတဲ့ ရင်သွေးလေး ခုနစ်ရက်ပြည့်တဲ့နေ့အထိ မောင် ပြန်ရောက်မလာတော့ မြကလေးရဲ့ဆုံးဖြတ်ချက်တို့ သွေးဆူပေါက်ကွဲလျက် ပြတ်သားနေခဲ့ပြီ။

ဒီဘဝ ဒီမျှသာဆိုတဲ့ ခံစားမှုက ခဏတာအတွက် မဟုတ်။ နာကြည်းမှုတွေနှင့် တစ်ဘဝစာ မုန်းတီးခဲ့တာဖြစ်သည်။ နောင်သံသရာထိ လှည့်မကြည့်ချင်တော့တဲ့ စိမ်းပြတ်မှုတွေနှင့် သားလေးကိုတောင် သံယောဇဉ်ပြတ်တောက်စွာ ထားရစ်ခဲ့သည်။

မောင့်ကိုချစ်မိခဲ့တဲ့ အသွေးအသားတွေအားလုံး ဖြစ်နိုင်လျှင်ထိုနေရာမှာပဲ ဖောက်ထုတ်ပစ်ခဲ့ချင်သည်။

"မောင်ထွန်းလူပြန်လာမှ ဖြစ်သင့်တာကို ဆုံးဖြတ်ပါလားကွယ်၊ ဟိုမှာ အရေးအကြောင်းရှိနေလို့ ပြန်မလာနိုင်တာဖြစ်မှာပါ၊ ရက်သားအရွယ် ဒီကလေးလေးကို အခေါ်မဆောင့်ရှောက်နိုင်လို့ မဟုတ်ပါဘူး။ ကလေးကို ဒီလိုကြီး ပစ်ပစ်ခါခါလုပ်ပစ်ခဲ့လို့တော့ မဖြစ်ဘူးလေ၊ ဟို"

လက်သည်ဒေါ်မြမေရဲ့စကားကို အဆုံးသတ်တဲ့ထိ နားထောင်ချင်စိတ် မရှိ။ ခေါင်းကိုငုံ့ယမ်းကာ အနီးထုပ်ထဲက ကလေးလေးကို မကြည့်မိအောင် ကြိုးစားလိုက်သည်။

"ကလေးကို အကြောင်းပြပြီး သူလိုလူမျိုးနဲ့ ရေစက်မဆုံချင်တော့ဘူး ဒေါ်ကြီး။ သူစိမ်းတစ်ယောက်ကိုတောင် သိက္ခာအကျခံ၊ ကိုယ်ကျိုးစွန့် ကူညီနိုင်သေးတာ၊ သူ့ရင်သွေးကို သူ ဂရုစိုက်ပါလိမ့်မယ်၊ ပြန်လာရင်သာ မြနန္ဒာဆိုတဲ့မိန်းမကို မပတ်သက်မိအောင် ကြိုးစားပါလို့ ပြောလိုက်ပါ၊ သေတဲ့အထိ သူ့မျက်နှာကို မမြင်ချင်ဘူး။ သူ့အသံကိုလည်း မကြားချင်တော့ဘူး။ အဲဒါဟာ သူ့လိုလူမျိုးကို ရူးရူးမူးမူးစွန့်စားပြီး ချစ်ခဲ့မိတဲ့ မြနန္ဒာရဲ့ နောက်ဆုံးသစ္စာစကားပဲ"

ယထိမြတ်ဆုံးဖြတ်ချက်တွေနှင့် နောက်လှည့်မကြည့်တမ်းထွက်လာခဲ့သည်။

မှောင်မိုက်သောညတွေနှင့် လသာသောညတွေ ဘယ်လိုပြောင်းပြောင်း ထွန်းလူကိုမုန်းတဲ့အမုန်းတွေ မပျောက်မှာတည်စေသော်။

✿ ✿ ✿







www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ဒါဆို ဖေဖေမှားတာပေါ့ ဦးညာဏ်ရဲ့ သွေးမတော် သားမစပ် မိန်းမတစ်ယောက်အတွက် မိသားစုကို ဥပေက္ခာမပြုသင့်ဘူးပေါ့၊ ကျွန်တော်ကိုမွေးရင်းဖွားရင်း မေမေ ဘယ်လောက်တောင် ခံစားနေခဲ့ရမလဲ"

သူ့အပြောကြောင့် ဦးညာဏ်က ဟက်ခနဲရယ်သည်။

"မင်းတောင် အကြောင်းစုံမသိရဘဲ မင်းအဖေမှားတယ်လို့ ထင်နေရင် မြန္တာ ခုချိန်ထိ တစ်ဖက်သတ်မုန်းတီးနာကြည်းနေတာ ဆန်းမှမဆန်းဘဲကွာ၊ ဒါပေမဲ့ မင်းအဖေ ခြေတစ်ဖက်ပြတ် ဒုက္ခိတဘဝရောက်ခဲ့တာ ဘာကြောင့်လို့ ထင်နေလဲ"





"ကျွန်တော်အရွယ်မရောက်ခင်က မေးဖူးတာ ကားအက်ဆီးဒင့်ကြောင့်လို့ ပြောတာပဲ"

"အေး ဟုတ်တယ်၊ သန္တာခင် ကလေးမီးဖွားဖို့အတွက် မြို့ဆေးရုံကိုလိုက်လာရင်းနဲ့ ဖြစ်ခဲ့တာ၊ အဲဒါကြောင့်လည်း မင်းအမေ မင်းကိုမွေးတဲ့အချိန်မှာ အချိန်မီ ပြန်ရောက်မလာခဲ့တာပေါ့၊ ကံကြမ္မာက ဆိုးပါတယ်၊ မင်းအဖေ သန္တာခင်ဆီကိုလည်း မရောက်လိုက်ဘူး။ သူ ဆေးရုံတက်နေတဲ့အချိန်မှာ သန္တာခင်နဲ့ရင်သွေးလေး ဆုံးသွားတဲ့အကြောင်း အရှေ့မီးဝိုင်းနဲ့ သူ့အစ်ကိုလာပြောမှ သိလိုက်ရတယ်၊ နောက်တစ်ခေါက် မင်းကိုမွေးပြီဆိုတဲ့အကြောင်းလည်း သူပဲလာပြောတာ၊ ဒါပေမဲ့ မင်းအဖေက သူ ဒီလိုမျိုးကြီး ဒုက္ခိတဖြစ်သွားရတာကို မင်းအမေမြန္တာ မီးတွင်းထဲမှာ သိသွားမှာစိုးလို့ အသိမပေးခဲ့ဘူး။ သူ့အပေါ်လည်း ဒီလောက်ကြီးစိတ်နာနေမယ် မထင်ဘူးလေ၊ ဒီလိုနဲ့ ဆေးရုံကဆင်းပြီး အိမ်ပြန်ရောက်တော့ မင်းကိုပွေ့ပိုက်ထားတဲ့ အရပ်လက်သည်ဒေါ်မြမေပြောစကားအရ သူ့ခမျာ အရုပ်ကြိုးပြတ် ဖြစ်ခဲ့ရရှာတယ်"

ဦးညာဏ်က ပြောရင်းနှင့် အသံတွေအက်ကွဲတုန်ယင်လာကာ ရေနွေးတစ်ခွက်ကို ကမန်းကတန်းငုံ၍ တဖူးဖူးမှုတ်သောက်ရင်း အာရုံပြောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ မျက်ဝန်းအိမ်မှာ မျက်ရည်တွေရစ်ဝိုင်းလာသော်လည်း သိချင်စိတ်စောစွာနှင့်

"ဖေဖေက မေမေ့ကို လိုက်မခေါ်ဘူးလား ဦးညာဏ်၊ ဖေဖေချော့ရင် မေမေစိတ်ကျေနပ်ပြီး ပျော့ပျောင်းသွားမှာပါ"

"မင်းအဖေက သူ့ဘဝသူ အားငယ်နေတယ်၊ ဒုက္ခဘဝနဲ့ မထိုက်တန်ပါဘူးလေဆိုပြီး မင်းအမေထားရစ်ခဲ့တဲ့အတိုင်း ဘဝကို အရှုံးပေးလိုက်တော့တာပဲ၊ ဒါပေမဲ့ သူနိုင်တဲ့ခွန်အားလေးနဲ့ မင်းကို လုပ်ကိုင်ကျွေးခဲ့ရှာတာပဲ မဟုတ်လား။ ငါနဲ့ အဝေးပြေးကွင်းမှာ တွေ့တော့ ရွာကထွက်တဲ့ ပဲတွေ နှမ်းတွေ ပွဲစားလုပ်ပြီးလာပို့တာတဲ့၊ ချိုင်းထောက်တစ်ဖက်နဲ့ ချွေးဒီးဒီးကျလို့၊ စိတ်မကောင်းလိုက်တာကွာ၊ အဲဒီအချိန်ကတည်းက အရက်သမားကြီးဖြစ်နေပြီထင်တယ်၊ အရက်ဆိုင်မှာ ငါ့ကိုခေါ်ပြီး အဲဒီအကြောင်းတွေ ရင်ဖွင့်သွားတာကွ၊ ငါလည်း မြန်နန္ဒာကိုပြောပြဖို့ ကြိုးစားပါသေးတယ်၊ ဒါပေမဲ့ အချိန်တွေ ကြာလေ၊ မင်းအမေမြန်နန္ဒာက ခါးခါးသီးသီးဖြစ်လေပဲ၊ သုံးပွင့်ဆိုင် ရင်နာရတဲ့ ဇာတ်လမ်းကြီးပါကွာ၊ ဘယ်သူမှ မမှားခဲ့ဘဲနဲ့"

ဦးညာဏ်က မချိတင်ကဲရေရွတ်သည်။

သူက ပင့်သက်တစ်ရှိုက်နှင့် မျက်ရည်တွေကို သွန်ချပစ်လိုက်၏။ ဖေဖေ့အတွက်၊ မေမေ့အတွက်၊ သူ့အတွက်။





"မင်း အခု မင်းအဖေ, မင်းအမေ ဘယ်သူ့ကိုမုန်းနေသေးလဲ"

"ဟင့်အင်း၊ ဘယ်အချိန်တုန်းကမှ ဘယ်သူ့ကိုမှ မမုန်းပါဘူး။ ကျွန်တော့်ကိုယ်ကျွန်တော် စိတ်တိုင်းမကျတာက သူများတွေလောက် အချစ်မခံရလို့ပါ၊ ဒါဟာ ကံတရားဆိုရင် အဲဒီကံတရားကြီးကို ကျွန်တော်မုန်းတယ်"

ဦးညာဏ်က သက်ပြင်းရှိုက်ကာ မေမေထိုင်နေတဲ့နေရာလေးကို မေးငေါ့ပြသည်။

"မေမေကိုမှ မမြင်ရတာ ဦးညာဏ်က ဘာကိုပြနေတာလဲ"

"မင်းအမေထိုင်နေတဲ့ဘက်ကို ယုယလေးသွားနေတာကို ပြတာ၊ မင်းအမေကို ယုယ-အဖော်လုပ်ပေးလိမ့်မယ်၊ အချိန်တွေ ဘယ်လောက်ကြာကြာ မင်းအမေ စိတ်သက်သာတဲ့အချိန်ထိ အနားမှာ ယုယလေးရှိနေမှာပဲ"

"အဲဒီကောင်မလေးက မေမေ့အပေါ် တကယ်ကောင်းတာလားဦးညာဏ်"

မယုံသင်္ကာနှင့် သူမေးတော့ ဦးညာဏ်က ပြုံးပြုံးကြီးနှင့် သူ့ခေါင်းကို ဖတ်ခနဲ လှမ်းပုတ်သည်။

"မင်းက ဘာကိုစိုးရိမ်နေတာလဲ၊ အဲဒီ ကောင်မလေးဟို



www.burmeseclassic.com

www.burmeseclassic.com



တော့ မနာလိုမဖြစ်နဲ့နော်၊ စိတ်သဘောထားလေး ဖြူစင်ပါတယ်၊ ကျောင်းပြီးတာနဲ့ မင်းအမေအလုပ်တွေ ဝိုင်းကူလုပ်မှာ၊ အခုတောင် ကျောင်းပိတ်ရက်တွေဆိုရင် ပွဲရုံကို လိုက်လိုက်သွားတတ်တယ်၊ ဘဏ်ကိစ္စကတော့ အရေးကြီးတဲ့ရက်တွေမှာ မြနန္ဒာကိုယ်တိုင် ရုံးထိုင်မှဖြစ်တာ''

''ဦးအုပ်စိုးနဲ့ သူ့သားကြီးကရော''

''သူတို့ကတော့ သုံးဖို့ဖြုန်းဖို့ လူပိုသက်သက်ပေါ့''

မြနန္ဒာမှာ သူတို့ရဲ့ဝဋ်ကြွေးတွေ ပါလာတယ်ထင်တယ်၊ ရေစက်မကုန်သရွေ့ ပေးဆပ်ပေဦးပေါ့ကွာ''

လက်သီးဆုပ်မှာ တင်းခနဲဖြစ်လျက် ဦးအုပ်စိုးနှင့် ပိုက်တွေးမျက်နှာကိုမြင်ယောင်ကာ အံကြိတ်လိုက်မိသည်။

မေမေ့မှာ ဘယ်လိုရန်သူမျိုးမှ မရှိစေရ။

အသက်နှင့်လဲပြီး ကာကွယ်စောင့်ရှောက်မည်။

မေမေ သိသိ၊ မသိသိ

သူက ဒေါ်မြနန္ဒာရဲ့သား မဟုတ်ပါလား။

✿ ✿ ✿



## အခန်း (၇)

''ဦးညာဏ် မာမီက ပွဲရုံသွားတော့မယ်၊ ကားအဆင်သင့်လုပ်ထားပါတဲ့''

''ဪ အေး အေး၊ အဆင်သင့်ပဲ ယုယလေး''

ညင်သာသောအသံလေးက မာနမရှိ။ ဦးညာဏ်ဘေးမှာရှိတဲ့ သူ့ကို အပြုံးနှင့်အသိအမှတ်ပြုခဲ့ပြီး သူမ ကားအဖြူလေးပေါ်တက်ကာ ကားမောင်းထွက်သွားသည်။

အရုပ်မနိမ့်မမြင့် ကျောလယ်လောက်ရှိတဲ့ ဆံနွယ်တွေနှင့် ဝိုင်းစက်ကြည်လဲ့နေသော မျက်ဝန်း၊ ရှည်ကော့သောမျက်တောင်များက ဝင်းဝါနုဖပ်နေသော အသားအရေတို့နှင့် လိုက်ဖက်ကာ ဖြူစင်



www.burmeseclassic.com

www.burmeseclassic.com



ရှိးစင်းသော အသွင်အပြင်တို့ကို သိသာစေသည်။

"ဦးညာဏ် ကျွန်တော့်ကား ရေဆေးပြီးပြီလား"

"ဪ အေး၊ ဆေးပြီးပြီ မောင်ပိုက်တွေး"

"ဒီနေ့ လမ်းကြောင်းရှိတယ်၊ ဘယ်အချိန်ပြန်ရောက်ရောက် ကားကိုရေပြန်ဆေးပေးဖို့ မမေ့နဲ့"

လူကြီးကိုမ ခန့်လေးစား မာရေကျောရေပြောသွားတာက ဆွဲထိုးချင်စရာ။ တစ်ကိုယ်လုံး ဖန်စီပဖွည်းတွေ ရှုပ်ယှက်ခတ်လျက် ဆံပင်တို့က ထိုးထိုးထောင်ထောင်။

မိုးဖွဲဖွဲကျနေချိန်မှာ မျက်မှန်အမည်းကြီးတပ်လို့ စတိုင်လ် ထုတ်နေခြင်းလား။

မာ့ခ်တူးကားကို ကိုယ်တိုင်မောင်းပြီး ပိုက်တွေးလည်း ထွက်သွားပြန်သည်။

ဟော မေမေ။

နဖူးပြေပြေကို ပြောင်သိမ်းလျက် နောက်ကဆံထုံးမြင့်မြင့်မှာ စိန်ဆံထိုးတစ်ခုပန်ကာ အပွင့်အခက်တွေနှင့် လှပလွန်းသော ဝမ်းဆက်ကလေးကို ဝတ်ဆင်ထားသည်။

ငွေမင်ရောင်လက်ကိုင်အိတ်ကို လက်တစ်ဖက်မှာ ဟန်ပါပါ ချိတ်ဆွဲလျက် ကြွကြွရွရွလှမ်းလာပုံက ဣန္ဒြေကြီးစွာ ထည်ဝါလွန်း





သည်။

"ဦးညာဏ် သူ့ကို လမ်းတွေကျွမ်းကျင်မှုရှိအောင် ခေါ်ခဲ့လိုက်လေ"

ဦးညာဏ်က ကပျာကယာခေါင်းညိတ်ကာ ကားတံခါးဖွင့်ပေးသည်။ မေမေ ကားပေါ်ရောက်မှ ဦးညာဏ်သားက သူ ထိုင်လိုက်ရသည်။

ဦးညာဏ်ပြောသမျှ နားထောင်ရင်း ကားဘက်မှန်မှတစ်ဆင့် မေမေ့မျက်နှာလေးကို တိတ်တဆိတ် ခိုးခိုးကြည့်နေမိ၏။

မေမေကတော့ သတိထားမိမှာတောင် မဟုတ်ပါ။

ငါ့သားလေး ဘယ်အရွယ်ရောက်နေပြီလဲ။ ဘယ်လိုများနေသလဲဟု ခန့်မှန်းမိမှာလည်း မဟုတ်။

သံယောဇဉ်တစ်စွန်းတစ်စနှင့် တမ်းတနေလိမ့်မည်ဟုလည်း မထင်။ လုံးဝသတိမရဘဲ နေနိုင်တာက ဒီမှာရှိနှင့်နေတဲ့ အနှောင်အဖွဲ့တွေကြောင့်များလား။

"ဦးညာဏ် ကျွန်မကို ပွဲရုံလိုက်ပို့ပြီးရင် ဦးညာဏ်တူအတွက် စင်တာတစ်ခုခုမှာ သင့်တော်တဲ့အဝတ်အစား လိုက်ဝယ်ပေးလိုက်ဦး။ ကျွန်မရဲ့ဒရိုင်ဘာလုပ်မယ့်သူက ဒီလောက်စုတ်ပြတ်ပြတ်ကြီးဆို ဘယ်ဖြစ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်ပေါ်က ပေရေညစ်ပတ်နေသော အဝတ်အစားတို့ကို ကြည့်၍ မေမေပြောလိုက်ခြင်းဖြစ်သည်။

ပွဲရုံရှေ့အရောက်မှာ ကားပေါ်ကမဆင်းသေးဘဲ လက်ကိုင်အိတ်ထဲက တစ်ထောင်တန်အထပ်လိုက်ဆွဲ၍ ဦးညာဏ်လက်ထဲ ထိုးထည့်သည်။

"ဒါက လခနဲ့မဆိုင်ဘူး။ ဦးညာဏ်တူမို့ စေတနာနဲ့ ပေးတာ၊ ဦးညာဏ်လို အလုပ်အပေါ် ကျိုးနွံမှုမရှိ၊ လေးစားမှုမရှိရင်တော့ ခွင့်လွှတ်ပေးမှာမဟုတ်ဘူး။ အစစအရာရာ ဦးညာဏ်သင်ပေးထားတယ် မဟုတ်လား"

"ဟုတ်ကဲ့၊ မြကလေးစိတ်တိုင်းကျ ဖြစ်လာစေရပါမယ်"

သူ့ကို မျက်လုံးတစ်ချက်စေ့ကြည့်ပြီး မေမေ ပွဲရုံတွင်းဝင်သွားသည်။ ဦးညာဏ်က ကားလေးကို ရှောခနဲလှိမ့်ထွက်ကာ အနီးစပ်ဆုံးစင်တာတစ်ခုရှေ့မှာ ကားရပ်လိုက်၏။ ကားစက်ရပ်လိုက်သော်လည်း ကားအောက်ကို မဆင်း၊ သူ့ဘက်လှည့်ကြည့်ပြီး သက်ပြင်းရှိုက်သည်။

"ဘယ်လိုလုပ်မလဲ၊ လူလေးမှာ အဝတ်အစားသေသေသပ်သပ်နဲ့ သန့်သန့်ပြန့်ပြန့်နေလိုက်မယ်ဆိုရင် မင်းအမေ မင်းကို အကဲဖမ်းမိသွားနိုင်တယ်နော်၊ မင်းက မင်းအဖေနဲ့ရော မင်းအမေနဲ့ရော





ဆင်ဆင်တူနေတာကွ"

"နာမည်တူမရှား လူတူမရှားဆိုတာ ရှိပါတယ် ဦးညာဏ်ရာ၊ မေးလာရင် မင်းသေသေနဲ့ အဖေနာမည် လွှဲပြောင်းပြောလိုက်မှာပေါ့၊ ဒီလောက်ကြီးလည်း မေမေ အရေးတယူအလေးထားမယ် မထင်ပါဘူး။ ဦးညာဏ် တွေးပူမနေပါနဲ့"

"အေးလေ၊ မင်း ဖြစ်တယ်ဆိုလည်း ပြီးရောပေါ့၊ အလုပ်ထုတ်ခံရရင် မျိုးဆက်ပြတ်သွားမှာ၊ တစ်ချက်မှ မမှားစေနဲ့ ငါ့ကောင်"

ဦးညာဏ်သတိပေးစကားက မေမေ့ကို အကြောက်လွန်နေတာပဲ ဖြစ်လိမ့်မည်။

သူကတော့ မေမေ့ကို မကြောက်ပါ။

အရှိန်အဝါကြီးလွန်းတာကို သိသည်။ စည်းကမ်းကြီးလွန်းပြီး အနေတည်တာကိုလည်း သိနေ၏။

ဒါပေမဲ့ မြင်မြင်ချင်း ရင်းနှီးကျွမ်းဝင်နေသလို ထင်မှတ်မိတာက သွေးစကားပြောတာဖြစ်လိမ့်မည်။ ခွင်းရဲ့ တစ်ဦးတည်းသော မေမေ။

ဖေဖေနှင့်သူ့ကို ချစ်လို့ ထားရစ်ခဲ့တယ်ဆိုတာ သူ ယုံကြည်နေပြီ၊ ဖေဖေကလည်း သေဆုံးတဲ့အချိန်ထိ မေမေ့ကို မုန်းသွားခဲ့တာမှ မဟုတ်တာ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုဖွင့်ပြောမပြခဲ့ပေမယ့် အရက်တွေ အရမ်းမူးတဲ့အချိန် တိုင်း ငြိမ်သက်သွားပြီး နာမည်တစ်ခုကို တဖွဖွတီးတိုးရေရွတ်လျက် ငေးငိုင်နေတတ်တာမဟုတ်လား။ ထိုအချိန်က သေဆုံးသွားတဲ့ မေ မေ့ကို တမ်းတနေခဲ့သည်ဟုသာ သူသိထားခဲ့သည်။

တကယ်တော့ ဥပေက္ခာပြုစိမ်းကားရက်သည့် မေမေ့အချစ် တွေကို တောင့်တနေခဲ့တာပဲ။

ထိုမျှော်လင့်ချက်တွေနှင့် ဒုက္ခိတဘဝ၊ အရက်သမားကြီး ဘဝရဲ့ နေဝင်ချိန်တွေကို မေမေ ခုချိန်ထိ မသိသေး။ သိသွားခဲ့လျှင် မေမေ ဘယ်လိုခံစားရမှာလဲ။ စိတ်မကောင်းဖြစ်ရှုံပဲလား။

ဝမ်းနည်းကြေကွဲနေမလား။ သူ့ကိုရော သားတစ်ယောက် အဖြစ် အသိအမှတ်ပြုပါ့မလား။

"မင်း ဒီအိမ်ကြီးမှာနေချင်တယ်ဆိုရင် မြနန္ဒာရဲ့သားအဖြစ် ဘယ်တော့မှ မသိစေနဲ့၊ မြနန္ဒာလည်း လက်ခံမှာမဟုတ်ဘူး၊ အမွေ လိုချင်လို့ လူလုံးထွက်ပြတယ်လို့ ထင်ကြမှာ"

ဦးဉာဏ်က ထိုသို့ သတိပေးထားသည်။

"သူတို့ထင်သလို မဟုတ်ဘူးဆိုတာ ခုခံကာကွယ်ဖို့ မင်းမှာ ဘယ်လိုကြွယ်ဝမှုမျိုးမှ မရှိတာ အမြဲတမ်းသတိရနေပါ" ဟုလည် ပြော၏။





တကယ်လည်း သူက ပစ္စည်းမဲ့ မေတ္တာငတ်နေတဲ့ကောင်ပါ။ ဘာကိုမှ မမက်မောပါဘူး။ မေမေ့မေတ္တာရိပ်ကိုပဲ ခိုလှုံချင်တာပါဟု ပြောလျှင်ရော ဘယ်သူက ယုံကြည်ပေးမှာလဲ။

မိုးမြေစကြာဝဠာအားလုံးကို တိုင်တည်လိုက်ချင်သည်။ မေမေ့ကိုပဲ ခွင်း ချစ်တာပါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ဟား မင်းက ဒီလိုစပို့ရှပ်တွေ စတိုင်လ်ဘောင်းဘီတွေ ဝတ်လိုက်တော့ မင်းအဖေ ငယ်ရုပ်အတိုင်းပါပဲလားကွာ၊ မင်းအမေနဲ့ ချိန်းတွေ့တဲ့အချိန်တိုင်း အဲလိုတွေဝတ်တာ ငါမြင်ဖူးတယ်ကွ"

"ဟုတ်ရဲ့လား ဦးညာဏ်၊ ကျွန်တော် သိတတ်တဲ့အရွယ်မှာ ဖေဖေ့ကိုမြင်ရတာ အရမ်းကို အရွယ်ကျ ညှိုးနွမ်းနေပြီ"

"ငယ်ငယ်ရွယ်ရွယ်နဲ့ အရက်သောက်တဲ့ဒဏ်တွေပေါ့ကွာ၊ မင်းအမေစိတ်ကြောင့် ဘဝကို ပစ်စလက်ခတ် အရှုံးပေးလိုက်တာလည်း ပါမှာပါ၊ တကယ်တော့ မင်းအဖေက လူချောကွ၊ ဒါကြောင့်လည်း ဆင်းရဲနုံချာမှန်းသိပေမယ့် မင်းအမေက ရူးရူးမိုက်မိုက် ချစ်





ခဲ့တာပေါ့"

ဦးညာဏ်ကို ဘာမှပြန်မပြောတော့ဘဲ အဝတ်အစားတွေပြန်ချွတ်ဖို့ ပြင်နေစဉ်မှာ

"ဦးညာဏ် ဦးညာဏ် မာမီက နန်းကြီးသုပ်လုပ်စားလို့ နှစ်ယောက်လုံး အခုလာစားပါတဲ့"

အသံစူးစူးလေးနှင့် ကတိုက်ကရိုက် တန်းလျားလေးပေါ် တက်လာပြီးမှ သူ့ကိုမြင်သွားကာ တွန့်ခနဲ ခြေလှမ်းနောက်ဆုတ်သွားသည်။ ပြီးတော့ မျက်လုံးပြူးလေးနှင့် သူ့ကို တစ်ချက်မော့ကြည့်ပြီး လှစ်ခနဲ ပြန်လှည့်ပြေးသွားလေ၏။

"လူလေး အဝတ်အစားတွေ ချွတ်မနေနဲ့တော့၊ ပြီးရင်လည်း မင်းအမေကို ဒီနေ့ မင်းကားမောင်းပြီး ပွဲရုံလိုက်ပို့ရမှာလေ"

"ဒီပုံစံကြီးနဲ့ သွားစားရမှာလား၊ ဖြစ်ပါ့မလား ဦးညာဏ်"

"ဟ ဝတ်စေချင်လို့တောင် မင်းကိုဝယ်ပေးထားတာ၊ ဘာမှမဖြစ်ဘူး၊ ငါ့ကောင် လာ သွားရအောင်"

ဦးညာဏ်နောက်က ကုပ်ချောင်းချောင်းနှင့် သူလိုက်လာခဲ့သည်။ ဒီအိမ်ကြီးရဲ့ ဝန်ထမ်းတွေဖြစ်သော သူတို့တွေက ထမင်းစားချိန်နှင့် ဒီလိုမျိုး မုန့်တွေ,ဘာတွေလုပ်စားလို့ခေါ်တဲ့အချိန်မျိုးမှာ ဘယ်တော့မှ အိမ်ရှေ့ဝင်ပေါက်က ဝင်လို့မရ၊ နောက်ဖေး ထမင်းစားခန်း



www.burmeseclassic.com

www.burmeseclassic.com



အပေါက်ကနေ ဝင်၊ ထိုအနောက်တံခါးကပဲ ပြန်ထွက်။

အရေးအကြောင်းကိစ္စမှလွဲလျှင် အိမ်မကြီးထဲကို လှည့်ကြည့်ဖို့တောင် အခွင့်အရေးမရှိ။

မိသားစု စုံစုံညီညီ ဘဲဥပုံကျွန်းစားပွဲခုံရှည်ကြီးမှာ ခန့်ညားစွာထိုင်နေသော မေမေ့ကို တစ်ချက် ငေးခနဲကြည့်မိသည်။ အလုပ်သမားတွေအတွက် ပြင်ဆင်ပေးထားသော စားပွဲဝိုင်းပုပုလေးမှာ တင်ပျဉ်ခွေထိုင်ချလိုက်ရင်း ခေါင်းငုံ့ကာ စိတ်မပါတပါ စားနေလိုက်၏။

ရင်ထဲမှာ ဘာကိုမှန်းမသိ တလှိုက်လှိုက် ဝမ်းနည်းဆို့နင့်နေသည်။

"ဟင်"

တီးတိုးအာမေဋိတ်သံနှင့် မြန်နှာ မှင်တက်မိသွားသည်။ ဘာကြောင့်လဲ၊ ဘာဖြစ်လို့လဲ၊ ဘာလို့ ဆင်ဆင်တူနေရတာလဲ။ ရင်ဘတ်ထဲမှာ ဘယ်နေရာကမှန်းမသိ တဖျစ်ဖျစ်မြည်လျက် ကွဲကြွေလည်း ပျက်ချင်သည်။

ဝင်လာစက သတိမထားမိ။ ရုတ်ခနဲ ထိုင်ချလိုက်မှ အမှတ်တမဲ့ ငုံ့ကြည့်မိခြင်းဖြစ်သည်။

ဘေးစောင်းမြင်နေရတဲ့ မျက်နှာအချိုးအစား၊ တောင့်တင်းမတ်ကျသော ကိုယ်ခန္ဓာနှင့် အရောင်ဖျော့ဖျော့ ဝတ်စားဆင်ယင်မှု၊





"ချွမ်း"

"ဟင် မာ မာမီ ယု ရေတ်သီးထည့်ပေးတာ များသွားလို့လား၊ ရေ ရေသောက်မလား မာမီ"

"မ မဟုတ်ပါဘူး သမီးရယ်၊ ပွဲရုံမှာ ဒီနေ့ ကုန်တွေဝင်မှာ စိတ်ရောက်သွားလို့ပါ"

ပန်းကန်ပြားပေါ် လွတ်ကျသွားတဲ့ ဇွန်းခက်ရင်းကို အထိတ်တလန့်ပြန်ကြည့်ရင်း ကပျာကယာ ပြန်ဖြေလိုက်ရသည်။ ဦးအုပ်စိုးက ထိုင်ခုံနောက်မှီကို ကျောကပ်လိုက်ကာ မခိုးမခန့်ပြုံး၏။

"အချိန်တိုင်း အလုပ်တွေအပေါ်မှာ စိတ်ရောက်နေရပါတယ်လို့ ဆန္ဒပြနေတာလား မြကလေး၊ မင်းတစ်ယောက်တည်း အလုပ်လုပ်မယ့်သူ ရှိတယ်၊ ကျန်တဲ့သူတွေက သုံးဖို့ဖြုန်းဖို့ပဲ တတ်တယ်၊ အလုပ်ကို လေးစားတဲ့သူ, ဂရုစိုက်တဲ့သူ မရှိဘူး၊ ဒါတွေ အပ်ကြောင်းထပ်အောင် ပြောချင်လို့ . . ."

"တော်တော့ ကိုအုပ်စိုး၊ စားနေသောက်နေတဲ့အချိန်မှာ ပြဿနာမရှာနဲ့၊ ကျွန်မ ဘာမှမပြောရသေးဘူး"

"မာမီရာ ပြောဖို့ အစပျိုးနေတာမဟုတ်လား၊ ဒယ်ဒီ့အလွန်မှ မဟုတ်တာ၊ သုံးဖို့ဖြုန်းဖို့ ပိုက်ဆံတောင်းရင် မာမီ ဒီအကြောင်းတွေ ပြောမယ်၊ အလုပ်ပင်ပန်းတယ်ဆိုပြီး သူများတွေကို အပြစ်ပုံချမယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါတွေကြောင့်လည်း၊ ဒယ်ဒီက အိမ်မကပ်ချင်တာနေမှာ၊ သားလည်း ခုကတည်းက ကြိုပြောထားမယ်နော်၊ ကျောင်းပြီးတာနဲ့ အလုပ်ခွဲ လုပ်မယ်၊ အရင်းအနှီး အပြည့်အဝထုတ်ပေးဖို့ စီစဉ်ထား''

ပြောပြီးတာနှင့် ထိုင်ခုံကို ဗြုန်းခနဲတွန်းကန်ပစ်လျက် ပိုက် ထွေးထွက်သွားသည်။

ဦးအုပ်စိုးက မတ်တတ်ရပ်ရင်း စားပွဲခုံကို နှစ်ချက်သုံးချက် ပုတ်လိုက်ကာ

''ကိုယ်ပြောထားတဲ့ကိစ္စလည်း အရေးတကြီး မင်းစဉ်းစား ပေးသင့်ပြီ မြကလေး၊ အချိန်ထပ်ဆွဲနေရင်တော့ အငယ်တစ်ယောက် အိမ်ပေါ် ဆွဲတင်လာခဲ့မှာ၊ ခံစားခွင့်မရှိဘဲ အချိန်ကုန်ခံနေရတာ ကိုယ် စိတ်ကုန်နေပြီ''

ပြောသွားလိုက်တာက အလုပ်သမားတွေရှေ့၊ သားသမီး တွေရှေ့မှာ။ အရှိအသေတန်လိုက်တာ။

လင်မယားအဖြစ် အတူအိပ်ခွင့်မပေးတော့သည့်အတွက် နှစ် နာကြေးလိုချင်နေသည်လား၊ ထိုက်ထိုက်တန်တန် အမွေခွဲပေးရမည် ဆိုသည့်သဘောလား။

တကယ်လုပ်ပြမည်ဆိုပြီး ခြိမ်းခြောက်လိုက်တာဆိုလျှင် သူမ ဘယ်လိုတုံ့ပြန်ရမည်လဲ။





ဒေါ်သန္တာမာနက လှုတစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေသော်လည်း ကျောခိုင်းထွက်သွားတဲ့ပုံရိပ်နောက်ကို မျက်စိတစ်ဆုံး လိုက် လံကြည့်နေမိသည်။

မဖြစ်နိုင်မှန်းသိပေမယ့် သိချင်စိတ်က ပြင်းပြနေ၏။

''မောင်က စပို့ရှပ်မီးခိုးရောင်ဖျော့ဖျော့၊ အသားရောင်ဖျော့ ဖျော့လေးတွေနဲ့ဆို အရမ်းလိုက်တာ၊ စတိုင်လ်ပန်နဲ့ဆို အရမ်းခန့် ညားပြီး ကြည့်ကောင်းသွားတာပဲ၊ အဲဒါကြောင့် မြကလေး မောင့်ကို ချစ်တာ မောင်ရဲ့''

ပြောခဲ့ဖူးတဲ့စကားက အခုပဲ နားထဲမှာပြန်ကြားယောင်မိသလို လတ်လတ်ဆတ်ဆတ်ကြီး ဖြစ်နေသည်။

ထိုသောအခါ အမုန်းတွေ၊ နာကြည်းမှုတွေ၊ ဥပေက္ခာပြု ရက်စက်မှုတွေအားလုံး ဝရုန်းသုန်းကား ပြန်မြင်ယောင်လာ၏။ ခပ် ကျယ်ကျယ်တက်ခေါက်မိပေမယ့် အသံက လည်ချောင်းဝမှာပဲ တစ်ဆို့ ကျပ်ပိတ်လျက် အပြင်ကိုထွက်မလာ။

စုစည်းမှုများသည် အဆမတန် အုံဖွဲ့သိပ်သည်းလျက်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"မင်းအဖေနာမည် ဘယ်သူလဲ"

"ကျွဲ"

မေးခွန်းနှင့် တစ်ဆက်တည်း ကားဘီးရိတ်အုပ်သံက ကျွီခနဲ။ ကားပေါ်တက်ထိုင်ကတည်းက သူ့ကို တစ်ချိန်လုံး စူးစမ်းအကဲခတ်နေသည်။

လူရှင်းသော ကားလမ်းမတစ်နေရာကိုရောက်တော့ ကားခဏရပ်ဟု အမိန့်ပေး၏။ နေရာရွေးချိန်မရဘဲ အမှတ်တမဲ့ မေးလိုက်တာမို့ ကားဒက်စတော့ တအားနင်းချလိုက်မိသည်။ ကြိုတင်တွေးဆထားတာမို့ အထိတ်တလန့်ဖြစ်မသွားပေမယ့် ချက်ချင်းပြန်ဖြေဖို့





နှုတ်တို့က တွန့်ဆုတ်ဆွံ့အနေ၏။

"မေးနေတာ မကြားဘူးလား"

"ဗျာ၊ ဟုတ်ကဲ့၊ ဦးလှရွှေပါ"

ပါးစပ်ထဲတွေ့တာ လျှောက်ဖြေလိုက်တော့ မေမေ့နှုတ်ခမ်းပါးလေး တွန့်ခနဲ မဲ့ကျသွားတာ ကားဘက်မှန်ထဲက မြင်လိုက်ရသည်။

"ဦးထွန်းလူ မဟုတ်ဘူးလား"

"မဟုတ်ပါဘူးခင်ဗျာ၊ အဖေဆုံးတာ ကျွန်တော် ဒီမလာခင် ဆယ်ရက်လောက်ကပါ။ ဦးဉာဏ်လာခေါ်လို့ ကျွန်တော်လိုက်လာတာ"

"မင်းကို ငါ အဲဒါတွေမေးနေတာမဟုတ်ဘူး။ ထားပါ၊ မင်းရဲ့ဇာတိက"

"ဒေးဒရဲမြို့နယ် ရေပူဝကျေးရွာကပါ"

ဦးဉာဏ်သင်ပေးထားသည့် ရွာနာမည်လေးကို ရေရွတ်ပြလိုက်ပြီး မင်သေသေနှင့် သူပြန်ဖြေလိုက်တော့ သူ့ကိုစူးစမ်းသလိုကြည့်နေတဲ့ အကြည့်စူးစူးတွေ ရွေ့လျားသွားကာ ကားပြတင်းပေါက်ကနေ အပြင်ကိုငေးနေ၏။

"ကျွန်တော် ကားမောင်းလို့ရပြီလား အန်တီ"

ထိုနာမ်စားကိုသုံးလိုက်ရသည့်အတွက် သူ့ရင်ထဲ စူးခနဲ



www.burmeseclassic.com

www.burmeseclassic.com



အောင့်မျက်နာကျင်သွားသည်။ အမေတစ်ယောက်ကို အမေလို့ ခေါ်ခွင့်မရသည့်ဘဝက ဘယ်လောက်များ ဆိုးဝါးလိုက်သည်လဲ။

အသံမဲ့အမိန့်သံကို နာခံရင်း ပွဲရုံရောက်တဲ့အထိ ကားလေးကို ညင်သာစွာမောင်းလာခဲ့မိသည်။

"နေ့လယ်တစ်နာရီ ဘဏ်မှာ အစည်းအဝေးရှိတယ်၊ မင်းအိမ်ကိုမပြန်ဘဲ နေ့လယ်စာ ဒီမှာစားပြီး စောင့်လို့ဖြစ်တယ်မဟုတ်လား"

"ဟုတ်ကဲ့ ဖြစ်ပါတယ်"

မေမေ ပွဲရုံတွင်းဝင်သွားမှ ကားကို ပါကင်ထိုးပြီး ထမင်းချိုင့်တွေဆွဲ၍ မေမေ့ရုံးခန်းလေးအတွင်း သွားထားရသည်။ ပြီးတော့ ဦးဉာဏ်လို လက်ဖက်ရည်ဆိုင်ကမစောင့်ဘဲ မန်နေဂျာတွေ၊ အလုပ်သမားတွေနှင့် ပဋိသန္ဓာရစကားတွေပြောပြီး ရင်းနှီးအောင်ပေါင်း၍ အလုပ်တွေကူလုပ်ပေးလိုက်သည်။

မှန်ချပ်တွေ ကာရံထားသော အဲကွန်းရုံးခန်းလေးထဲမှ မေမေ သူ့ကို တစ်ချက်လှမ်းကြည့် အကဲခတ်နေ၏။

နေ့လယ် ထမင်းစားချိန်ရောက်တော့ မေမေ့အတွက် ထမင်းချိုင့်တွေဖွင့်ချပြီး စာရေးမလေးပြင်ဆင်ပေးနေတာကို စိတ်တိုင်းမကျနိုင်ဘဲ သူကိုယ်တိုင် ဂရုစိုက်ပြီး သွားလုပ်ပေးမိသည်။





ဒီအချိန်ထိ တစ်ကြိမ်တစ်ခါမှ ဂရုစိုက်ပြုစုခွင့်မရခဲ့လို့ပါ မေမေဟု ရင်ထဲက တိုးတိုးလေးပြောမိ၏။

"လူ မပင်ပန်းပေမယ့် စိတ်ပင်ပန်းလို့လား မသိ၊ အချိန်တော်တော်ကြာအထိ ထမင်းဟင်းတွေက အရာမယွင်း။

"ငါ စားပြီးပြီ၊ မင်းစားလိုက်တော့လေ"

"ဟို ကျွန်တော် မစားတော့ဘူး အန်တီ၊ ဗိုက်ပြည့်နေလို့ အိမ်ရောက်မှပဲ စားလိုက်တော့မယ်"

"ဘဏ်က အစည်းအဝေးပြီးရင် ပွဲရုံကို ပြန်လာရဦးမှာ၊ မင်း ဗိုက်ဆာနေမှာပေါ့၊ ရုံးခန်းထဲမှာ မစားချင်ရင် အဖော်သမားတွေနဲ့ အတူတူ သွားစားချည်လေ၊ သွား"

စေတနာနဲ့လား၊ ကရုဏာနှင့်လား သူမရှေ့ရုံးခန်းတွင်းမှ မမြင်လို၍ပဲလား။ ဘာပဲဖြစ်ဖြစ် မေမေပြောသမျှ နာခံချင်စိတ်နှင့် ထမင်းချိုင့်လေးဆွဲပြီး ရုံးခန်းထဲက ထွက်လာခဲ့သည်။

မန်နေဂျာကိုတင်ကိုက ကော်စားပွဲခုံလေးမှာ ထမင်းထိုင်စားနေရင်း သူ့ကို လက်ယပ်လှမ်းခေါ်သည်။

"ခွင်း ဒီကိုလာ၊ သူဌေးက မင်းကို ထမင်းချိုင့်ပေးလွှတ်ပြီး စားခိုင်းလိုက်တာလားကွ"

"အင်းလေ၊ ဟုတ်တယ်၊ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးညာဏ်ကြီးတုန်းက တစ်ခါမှ အဲလိုမလုပ်ဖူးလို့ကွ၊ ရုံးတက်ချိန် လိုက်ပို့ ရုံးဆင်းချိန် အိမ်ကနေလာကြို၊ ဒီလိုမျိုး ဘဏ်ကိစ္စ တခြားကိစ္စနဲ့ အပြင်သွားစရာရှိလို့ စောင့်နိုင်းရင်လည်း လက်ဖက်ရည်ဖိုး, ထမင်းဖိုးပေးပြီး ပွဲရုံရှေ့က စားသောက်ဆိုင်မှာပဲ ထိုင်စောင့်ရတာ၊ သူ့ဖို့ကလွဲပြီး တခြားလူအတွက် ထမင်းပိုထည့်လာတယ်ဆိုတာလည်း တစ်ခါမှ မရှိဘူး"

"ဟင် ဒါဆို မေ အဲ အန်တီမစားဘဲ ကျွန်တော့်ဖို့ ချန်ထားတာလား မသိဘူးနော်"

"အဲလိုတော့ တမင်သက်သက် မင်းစားဖို့ချန်ထားတာတော့ မဟုတ်လောက်ပါဘူး။ အရင်လည်း သူ့မကုန်ရင် အလုပ်သမားတွေ စားဖို့ ပေးနေကျကွ၊ ကဲပါကွာ စားစမ်းပါ၊ မင်းဟင်းကို ငါလည်း ထပ်စားရတာပေါ့၊ ဪ ဒါနဲ့ ခုနက တို့သူဌေးကို မင်း အန်တီလို့ ခေါ်လိုက်တယ်နော်"

သူခေါင်းညိတ်ပြတော့ ပါးစပ်ထဲ ထမင်းတစ်ဇွန်းပစ်ထည့်ရင်း ကိုတင်ကို သူ့ကို မျက်ခုံးပင့်ကြည့်သည်။

"သူဌေးက အန်တီတို့, မမတို့ နာမ်စားတွေသုံးနှုန်းတာ သိပ်မကြိုက်ဘူး၊ အဲဒါကြောင့် တို့ဝန်ထမ်းတွေအားလုံး ကျိုးနွံလေးစားမှုနဲ့ သူဌေးလို့ပဲခေါ်ကြတာ၊ မင်းကို ဘာမှကန့်သတ်မထားဘူး





ဆိုရင်လည်း ကြိုက်သလိုခေါ်ပေါ့ကွာ၊ အပြစ်မြင်ပြီး လစာငွေထဲက ဖြတ်တောက်မှာစိုးလို့ ငါက သတိပေးတာ"

ကိုတင်ကိုပြောနေတဲ့ စကားတွေနှင့် မေမေ့မျက်နှာပေါ်က အရိပ်အယောင်တို့ကို သူဖမ်းဆုပ်လို့မရ။ သူ့ကိုကြည့်ပြီး မေမေ့အကြောင်း စဉ်းစားဖြစ်မှာတော့ သေချာသည်။ ဒီအကြောင်းတွေအားလုံး အိမ်ပြန်ရောက်တော့ ဦးညာဏ်ကို ပြောပြမိသည်။

"အလျှောက်ကောင်းလို့ အတောင်းသက်သာတာ၊ မင်းသာ အမေနာမည်အမှန်အတိုင်းပြောလိုက်ရင် ဘာတွေဖြစ်လာမလဲ မသိဘူး"

"တကယ်ဆို မေမေ့ကိုမုန်းနေတာမှန်ရင် မေမေနဲ့ ဆင်ဆင်တူတဲ့ ကျွန်တော့်ကို ဒီလိုကောင်းကောင်းမွန်မွန်ဆက်ဆံမယ် မထင်ဘူး၊ မန်နေဂျာကိုတင်ကိုပြောတဲ့စကားအရ"

"အေး ဟုတ်တယ်၊ မင်းအမေ အရင်တုန်းက အလုပ်သမားတွေကို အခုအနေအထားထက် ပိုပြီး နှိမ့်နှိမ့်ချချဆက်ဆံတတ်တယ်၊ မင်းအမေကြောင့် ကျားနာတစ်ကောင်လိုဖြစ်နေခဲ့တဲ့ မြနန္ဒာဟာ ဘယ်သူ့ကိုမှ အကောင်းမြင်ဝါဒနဲ့ မကြည့်တတ်ခဲ့ဘူး။ အခုနောက်ပိုင်း ငါ့အထင်ပြောရရင် အုပ်စိုးနဲ့ ပိုက်ထွေးကြောင့် စိတ်တွေယိမ်းယိုင်ပျော့ပျောင်းလာတာ ဖြစ်လိမ့်မယ်၊ ကောင်းတဲ့လူနဲ့ မကောင်းတဲ့လူ



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်း ခွဲခြားတတ်လာတာ နေမှာပေါ့၊ ဟိုတုန်းက အရှိန်အဝ
မျိုးမဟုတ်တော့ဘဲ ဝန်ထမ်းတွေအပေါ် နားလည်လာတယ်၊ အဆင့်
အတန်းခွဲချင်တဲ့ဆန္ဒတွေ ပြင်းပြင်းထန်ထန်မဟုတ်တော့ဘူး။ အသက်
အရွယ်အရ ရင့်ကျက်လာတာဆိုရင်တော့ ပိုကောင်းတာပေါ့ကွာ”

မေမေ့အကြောင်းပြောတိုင်း မျက်ရည်ဝဲချင်သည်။

နှလုံးသားနုသူမဟုတ်ပါဘဲ ခံနိုင်ရည်က မရှိ။ ဖေဖေနှင့်
ပတ်သက်သမျှ နာကြည်းစရာတွေ မဟုတ်ပါဘူးလို့ မေမေ့ကို ပြောသိ
ချင်၏။ မေမေ့ရဲ့ ပြောင်းလဲမှုတိုင်းမှာ ဖေဖေ့အပေါ်ထားတဲ့ အမုန်း
တရားတွေ ပြေလွှင့်ပျောက်ကွယ်ပါစေ။

ဒါမှ မေမေ့စိတ်တွေ သက်သာမှာပေါ့၊

ဥပေက္ခာပြုခဲ့တာကို စိတ်မဆိုးပါဘူး မေမေ။ စိတ်လည်း
မနာပါဘူး။ သူများတွေအတွက် ခံစားနေရတာကိုပဲ မကြည့်ရက်တာ
မေမေရှေ့ကနေ မားမားမတ်မတ် တရားဝင်ကာကွယ်ပေးခွင့်မရှိတာ
ကို ရင်နာတာ။

တစ်နေ့နေ့မှာ သားလို့ မေမေ အသိအမှတ်ပြုခဲ့မယ်ဆိုရင်

✿ ✿ ✿



## အခန်း (၁၀)

“မြန်မြန်လုပ်၊ ဖုန်တွေသဲတွေ အစွန်းအထင်းမရှိအောင်
ဂါကားကို သေချာပြန်တိုက်၊ လုပ်တော့ ကားအရိုင်ဘာတဲ့၊ မင်းသား
ဂိုက်ဒ်ဖမ်းပြီး လက်ကြောကိုမတင်းဘူး”

ကားတစ်စီးလုံး အထပ်ထပ်ပြောင်လက်နေအောင် ဂရုစိုက်
တိုက်ရင်း ပိုက်တွေးစကားကြောင့် လက်သီးဆုပ်က တင်းခနဲဖြစ်သည်။

မနက်မိုးလင်းကတည်းက ဦးညာထ်သက်သာအောင် ခြံဝင်း
တစ်ခုလုံး အမှိုက်သရိုက်တွေ သန့်ရှင်းရေးလုပ်ရသည်။

လူလေးယောက် ကားလေးစီးရှိသည်မို့ ကားရေဆေး၊
ပြောင်လက်နေအောင် အဝတ်ခြောက်နှင့်ပြန်တိုက်။ အမောမှ မပြေ



www.burmeseclassic.com

www.burmeseclassic.com



အားသေး။ ပိုက်တွေး ပြဿနာရှာကာ သူ့ကားကို စိတ်တိုင်းမကျလို့ ဆိုပြီး ပြန်တိုက်ခိုင်းသည်။

မေမေ့မျက်နှာသာ ထောက်ထားစရာမရှိလျှင် ပိုက်တွေးမျက်နှာကို စုတ်ပြတ်သွားအောင် လက်သီးနှင့်ထိုးပြီး အလုပ်ကထွက်သွားမိမှာ အမှန်ပင်။

ရုပ်က မထိတရီ၊ မခန့်လေးစား။ နှုတ်ခမ်းထူထူ၊ ခပ်ပြဲပြဲကို မဲ့ရွဲ့ပြီး စကားပြောတတ်တာက ယောကျ်ားကောင်းတစ်ယောက်နှင့် မတူ။

ဈေးအကြီးဆုံးအဝတ်အစားတွေ ဝတ်ထားပေမယ့် ညှီစော်နေသော အသားအရေနှင့် ဘယ်လိုမှ မလိုက်ဖက်။

ဒီနေ့ ဟောလီဒေးမို့ မေမေလည်း ပွဲရုံမသွား။ သူတို့တွေလည်း ကျောင်းမသွားရပါဘဲ အပြင်သွားဖို့ ကားရေဆေးခိုင်းနေတာ ပြီးပဲမပြီးနိုင်။

"တော်ပြီ ရုပ်တော့၊ အဝတ်အစားသွားလဲ၊ ငါ့ကို ပဲခူးလိုက်ပို့"

"အာ၊ အဲဒါတော့ မဖြစ်ဘူးထင်တယ်၊ အန်တီသွားစရာရှိရင် လိုက်ပို့ဖို့ စတင်းဘိုင်ရှိနေမှ ဖြစ်မှာပေါ့"

"ဟိတ်ကောင် လျှာမရှည်နဲ့၊ မာမီရဲ့ ဒရိုင်ဘာဆိုပေမယ့်





လိုအပ်ရင် တစ်အိမ်လုံးရဲ့ဒရိုင်ဘာလည်း လုပ်ရမှာပဲ"

ခွင်း ခေါင်းကုတ်လျက် စဉ်းစားရကျပ်သွားသည်။

မေမေ့သီ ခွင့်တောင်းစရာ လိုသေးလား။ မေမေလိုက်ပို့ခိုင်းလျှင်တော့

"ခွင်း မာမီခေါ်နေတယ်၊ ဘာခိုင်းစရာရှိလို့လဲ မသိဘူး"

အသံစူးစူးလေးက အနားရောက်လာသည်။ ထွက်ပေါက်ရပြီဆိုပြီး အသက်ရှူဖို့ပြင်နေဆဲမှာ

"ယုယ မာမီ့ကိုပြောလိုက်၊ ဒရိုင်ဘာကို ငါခေါ်သွားတယ်လို့ ဟိတ်ကောင် အဝတ်အစားလဲပြီး မြန်မြန်ထွက်လာခဲ့"

ပြင်းထန်သော အာဏာသံကြောင့် အသက်ရှူပေါက်လားလုံး ပိတ်ကျသွား၏။

မျက်နှာငယ်လေးနှင့် သူ့ကိုကြည့်နေသော ကောင်မလေးရှေ့က လှည့်ထွက်လာခဲ့သည်။

သူမသားသမီးတွေကို ပြုပြင်လျှင် မေမေ သူ့ကို အပြစ်မြင်လိမ့်မည်။

ဂျင်းဘောင်းဘီခပ်နွမ်းနွမ်းနှင့် စပို့ရှပ်ကြည့်ပြာရောင်အစင်းဖျော့ဖျော့လေးကို ထပ်ဝတ်ပြီး ဆံပင်တွေကို တစ်ချက်နှစ်ချက် သပ်တင်နေချိန်မှာ ဦးဉာဏ် သူ့အနားရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားမလို့လဲ ခွင်း၊ မင်းအမေကို အပြင်လိုက်ပို့ရမှာလား"

"မဟုတ်ဘူး၊ ပိုက်ထွေးခေါ်တာ၊ သူသွားတဲ့နေရာ လိုက်ပို့ရမယ်တဲ့"

"မင်းအမေကို အသိပေးသွားဦး၊ တော်ကြာ သွားစရာ လာစရာပေါ်နေလို့ မင်းမရှိရင် ပြဿနာတက်နေဦးမယ်"

"ယုယကို ပိုက်ထွေးပြောခိုင်းထားတယ်၊ သူသားတော်မောင်ကိစ္စပဲ၊ အပြစ်မတင်လောက်ပါဘူး"

ပြီးရောကွာဆိုသည့်သဘောနှင့် ဦးဉာဏ် သူ့အနားက လှည့်ထွက်သွားသည်။

အဖေမသေခင် အဟောင်းဆိုင်က ဝယ်ပေးထားသည့် ရှုဖိနပ်အစုတ်ကလေးကို ဖုန်သဲသုတ်ပြီး စီးလာခဲ့သည်။

စိတ်မရှည်သည့်ဟန်နှင့် ပိုက်ထွေးက ကားနောက်ခန်းက ထိုင်ပြီးစောင့်၏။ ဒရိုင်ဘာနေရာမှာ ဝင်ထိုင်လိုက်ပြီး ကားလေးကို ရှောခနဲ လှိမ့်ထွက်လိုက်သည်။

ယုယဆိုသော ကောင်မလေးက ခုချိန်ထိ လိုက်ငေးကြည့်နေဆဲ။ ဆွေမျိုးစပ်လျှင် အစ်ကိုဝမ်းကွဲ၊ ညီမဝမ်းကွဲတွေ တော်စပ်နေသော်လည်း သွေးသားသံယောဇဉ်နှင့် ဘယ်လိုမှ ရင်းနှီးကြည့်လို့မရ





မေမေ မြတ်မြတ်နိုးနိုး ပိုက်ထွေးယုယခဲ့သည့်လူတွေမှ ကိုယ်ရ,ရမယ့် မေတ္တာတွေကို အပိုင်စီးလုယူထားသူတွေဟုပဲ မြင်နေသည်။

ဒါပေမဲ့ လက်တွေ့မှာ ကိုယ်က သူတို့တွေရဲ့ အစေအပါး။

"ဟိတ်ကောင် ကားကို ဒီထက်မြန်အောင် မမောင်းတတ်ဘူးလား"

ခပ်ကျယ်ကျယ်အသံကြောင့် ကားသောက်မှန်ထဲက ပိုက်ထွေးမျက်နှာကို စူးခနဲကြည့်လိုက်ပြီး ကားကိုအရှိန်မြှင့်လိုက်သည်။

ပိုက်ထွေးလမ်းညွှန်တဲ့အတိုင်း ကားလေးကို ကျင်လည်စွာမောင်းလာခဲ့ရင်းပင် ပဲခူးမြို့အစွန် သော့ဖွင့်လျက်သားရှိတဲ့ ခြံကြီးတစ်ခြံထဲကို မောင်းဝင်လာခဲ့ရသည်။

ပိုက်ထွေးကားကိုမြင်သည်နှင့် ယောကျ်ားလေး သုံးလေးယောက်၊ မိန်းကလေးသုံးလေးယောက်ခန့် ဟေးခနဲ ထအော်ကြသည်။

ပိုက်ထွေးက ကားပေါ်ကဆင်းပြေးပြီး မြက်ကွက်လပ်မှာခင်းထားတဲ့ ပိုက်ဖျာပေါ်က ဘီယာဘူးကို ဖောက်ခနဲဖွင့်မော့လိုက်သည်။

ပျော်ပွဲစားလာကြသည်ဆိုသည့်အတိုင်း အစားအသောက်တွေ၊ ဘီယာဘူးတွေပြည့်နှက်နေသော ထိုနေရာကို ခွင်း လိုက်မသွားတော့။



www.burmeseclassic.com

www.burmeseclassic.com



ကားနှင့်နီးနီးနားနား သရက်ပင်ကြီးအောက်က ခုံတန်းလေးမှာ တစ်ယောက်တည်း အေးဆေးလွတ်လပ်စွာထိုင်နေလိုက်သည်။

ရွာမှာဆို ဆေးပေါ့လိပ်ဖက်ကြမ်းသောက်ပေမယ့် အခုတော့ ဘောင်းဘီအိတ်ထဲမှာပါလာသည့် စီးကရက်ဘူးထဲက စီးကရက်တစ်လိပ်ထုတ်ယူကာ မီးညှိလိုက်ပြီး မီးခိုးငွေ့တွေကို ဖူးခနဲ ဖူးခနဲမှုတ်ထုတ်၍ အသံဗလံတွေမကြားအောင် အာရုံဖျောက်ရသည်။

ပိုက်တွေးတို့အဖွဲ့က သူ့ကို ရှိသည်ဟုပင်မထင်။ သီချင်းတွေဆိုကြ၊ အော်ဟစ်ကခုန်ကြ၊ စားကြသောက်ကြနှင့် တကယ့်ကို ထင်တိုင်းကြ၍ ပျော်ရွှင်နေကြသည်။

သရက်ပင် ပင်စည်ကြီးကို ကျောကပ်မှီ၍ ခပ်လျော့လျော့ထောင်ထားတဲ့ ဒူးတစ်ဖက်ပေါ် လက်တစ်ဖက်တင်ကာ တွဲလဲကျနေတဲ့ သရက်သီးတွေကို မော့ငေးကြည့်နေစဉ်မှာ

"ဟိတ် ဘာလုပ်တာလဲ"

ဟမ်းဖုန်းလေးကိုင်ကာ ကိုယ့်ကိုဓာတ်ပုံရိုက်နေတာ သိလိုက်သောကြောင့် ဂါသောကမျောခုန်ထလိုက်ကာ အလန့်တကြား အော်လိုက်မိသည်။

ကျပ်ကပ်နေသော ဆွဲသားအင်္ကျီမှာ ဝေ့စကုတ်လေး ထပ်ဝတ်လျက် သရီးစတက် ဆံပင်အဖျားလိမ်ခွေခွေလေးတွေနှင့် လိုက်





ဖက်စွာ ဝင်းအိနေဖပ်နေသော ရွှေအစင်းနှင့်ကောင်မလေးက သူ့အော်သံကို ဂရုမစိုက်။

ဆေးတင်မထားပေမယ့် နီရဲစိုလက်သော နှုတ်ခမ်းပါးလေးတွေ ခပ်လွှင့်လွှင့်ပြုံးလျက် ခုံတန်းလေးမှာ ဝင်ထိုင်သည်။

သူက ထိုင်ရမှာလား။ ဒီအတိုင်း ရပ်နေရမှာလား။ ဆက်ပြီး ရန်တွေ့ရမှာလား မသိ။ ယောင်တောင်တောင်နှင့် တရှူးရှူး ဒေါသတွေဖြစ်နေသည်။

"ဟိတ် မင်း ငါ့ကိုဓာတ်ပုံရိုက်လိုက်တာမဟုတ်လား"

"ဘာဖြစ်လို့လဲ၊ အသားမဲ့ပါသွားလို့လား"

"အသားပဲ့မပါပေမယ့် ငါ့ခွင့်ပြုထားတာမှ မဟုတ်တာ၊ မင်း လူမှုရေး နားမလည်ဘူးလား"

"ယူကလည်း ဒေါသကြီးလိုက်တာ၊ အသက်တိုတတ်တယ်နော်၊ လေသံလည်းလျှော့ စိတ်ကိုလည်းလျှော့ အသက်ကို မှန်မှန်ရှူ"

"တောက်"

တက်ခေါက်မိပေမယ့် အသံက အပြင်ထွက်မလာ။

မထီတရီအပြုံးနှင့် မျက်ဝန်းလေးပင့်လှန်အကြည့်မှာ တဒင်္ဂ မှင်တက်မိသွားသည်။

စူးငေးငေးလေးကြည့်မိသွားတဲ့ သူ့ကို ကောင်မလေးက



www.burmeseclassic.com

www.burmeseclassic.com



ဟမ်းဖုန်းကင်မရာလေးနှင့် ထပ်ချိန်ပြ၏။

"မင်းကွာ"

ကောင်မလေးအနား ဖျတ်ခနဲ ဝင်ထိုင်ကာ ဟမ်းဖုန်းလေးကို လှယူတော့ ဆတ်ခနဲ လက်နောက်ပစ်ကွယ်ဝှက်လျက် သူ့ကို လက်ညှိုးလေးဆန့်ချည်ကွေးချည်နှင့် ကရော်ကရော် လုပ်သည်။ ကလေးဆန်သော ကောင်မလေးရဲ့အပြုအမူကိုကြည့်ကာ ရယ်ချင်စိတ်ကို မျိုသိပ်ထားမိသော်လည်း သူ့မျက်နှာက ပြုံးဖြဲဖြဲတော့ ဖြစ်သွားလိမ့်မည်ထင်သည်။

ထိုအခါမှာ ကောင်မလေးက သွားလေးတွေပေါ်အောင် ပြုံးရယ်လျက် သူ့မျက်နှာကို ခပ်စူးစူးကြည့်ကာ

"ယူက အဲလိုပြုံးလိုက်တော့လည်း အရမ်းချောတာပဲ၊ ယောကျ်ားလေးဖြစ်ပြီး မျက်တောင်တိုစိတ်စိတ်လေးတွေနဲ့ မျက်လုံးလည်းလှတယ်၊ အောက်နှုတ်ခမ်းဖျား အမွှေးရှည်ရှည်လေးတွေ ထားတတ်တာက ယောကျ်ားလေးအများစုရဲ့ စတိုင်လ်ထင်တယ်၊ ဟုတ်လား"

ကိုယ်မှတ်ဆိတ်မွေး ကိုယ်ပြန်ဆွဲကြည့်ကာ ရဲတင်းလှသော ကောင်မလေးကို အံ့ဩတကြီးမျက်လုံးပြူးကြည့်မိသည်။

"ဘာလဲ၊ ယူ့ကိုဝေဖန်နေလို့ လန့်သွားတာလား။ ညို့က





ဘယ်ယောကျ်ားလေးမှ စေ့စေ့ကြည့်ဖူးတာမဟုတ်ဘူး၊ ယူ့ကိုတော့ ဟိုးအဝေးကြီးက လှမ်းကြည့်မိတာ၊ အရမ်းစတိုလ်မိနေလို့ တသီးတသန့်နေတာကိုလည်း ကြိုက်တယ်၊ ဟို ယူ့နာမည် ပြောပြပါလား"

"ဗျာ ဪ ခွင်း ခွင်းပါ"

"ဟား နာမည်ကလည်း လန်းတယ်၊ ညို့ရင်ကိုထိအောင် ပစ်နိုင်မယ့်မြားတစ်စင်းပဲ၊ ညို့ ပွင့်ပွင့်လင်းလင်းပြောတတ်တာကို အယူမလွဲနဲ့နော်၊ ငါးနှစ်သမီးကတည်းက နိုင်ငံခြားကိုရောက်သွားတာ၊ အခုမှ ပါးပါးဆုံးလို့ လုပ်ငန်းတွေအားလုံး မြန်မာပြည်ရွှေ့ပြောင်းလာရင်း မားမားနဲ့ပြန်ရောက်လာတာ၊ မြန်မာပြည်က ဘော်ဘော်တွေကို အရမ်းတောင့်တတာလေ၊ ဒါပေမဲ့ ဒီခြံထဲကိုရောက်နေတဲ့သူတွေ အကုန်လုံး ညို့သူငယ်ချင်း၊ အဲ ပိုက်ထွေးဆိုတဲ့တစ်ယောက်နဲ့တော့ ယမင်းမိတ်ဆက်ပေးလို့ နည်းနည်းခင်တယ်၊ မမိုက်ပါဘူးကွာ၊ ဖွတ်အတင်းလိုက်ရောနေလို့ ဒီဘတ်ထွက်လာတာ၊ ခွင်းက"

"သူတို့အိမ်က ကားဒရိုင်ဘာပါ"

"ဪ၊ ဒါကြောင့် ဟိုအဖွဲ့နဲ့ လာမရောတာကိုး။ ကောင်းပါတယ်၊ ညို့နဲ့ အေးဆေးစကားပြောလို့ရတာပေါ့၊ ညို့နဲ့ခွင်းနဲ့ မိတ်ဆွေဖြစ်သွားပြီနော်၊ အိုခေလား"

ညို့က လက်ဝါးလေးထောင်ပေး၏။ သူက ဖြုန်းခနဲ ရိုက်



www.burmeseclassic.com

www.burmeseclassic.com



ကာ ခေါင်းညိတ်ပြလိုက်သည်။

ရဲတင်းခြင်းနှင့် ပွင့်လင်းမှုကို ခွင်း ခွဲခြားသိလိုက်၏။ တစ်ယောက်တည်းခြောက်သွေ့စွာနေနေရချိန်မှာ လာရောက်အဖော်လုပ်ပေးသည့်အတွက်လည်း ညို့ဆိုသောကောင်မလေးကို ကျေးဇူးတင်မိသည်။ ထိုအချိန်မှာ

"ညို့က ဒီရောက်နေတာကို။ တစ်ခြံလုံးပတ်ရှာလိုက်ရတာမောနေတာပဲ ညို့ရယ်၊ လာလေ ဟိုမှာ သူငယ်ချင်းတွေ စောင့်နေကြတယ်၊ နေ့လယ်စာစားကြမယ်တဲ့"

ပိုက်ထွေးက ညို့လက်ကိုလှမ်းဆွဲရင်းခေါ်သည်။ ညို့က ဖတ်ခနဲပုတ်ထုတ်လိုက်ကာ

"ညို့မစားတော့ဘူး။ ပိုက်ထွေး တကယ်စားစေချင်ရင်တော့ ခွင်းနဲ့အတူတူစားဖို့ ဒီနေရာကို ပို့လိုက်ပါ"

"ဘာ"

"စေတနာမရှိရင်လည်း မပို့နဲ့၊ ဘာမှမဖြစ်ဘူး"

အောင့်သက်သက်နှင့် ခွင်းမျက်နှာကို ခပ်တင်းတင်းကြည့်ပြီး ပိုက်ထွေးလှည့်ထွက်သွားသည်။

ဖြစ်ပျက်သွားတဲ့ ပိုက်ထွေးပုံစံကိုကြည့်ရင်း ညို့ကို နောက်တစ်ကြိမ် ကျေးဇူးတင်မိပြန်၏။





ညို့ရဲ့ ပွင့်လင်းမှုများက သူ့ကို ရင်ခုန်စိတ်လှုပ်ရှားအောင် ဖွမ်းဆောင်နိုင်ကာ အံ့သြစရာပင်။

ဘယ်သူမှ အသိအမှတ်မပြုကြပေမယ့် ညို့ရဲ့ရင်းနှီးမှုများကြောင့် ထိုနေ့လေးက သူ့အတွက် အမှတ်တရ ဖြစ်ခဲ့သည်။

အိမ်ပြန်ချိန်တွင်တောင် နောက်ကျချင်၏။

ဘာကြောင့်လဲဆိုလျှင်

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ဒီကိစ္စမှာ အပြစ်ရှိသလား,မရှိဘူးလား။ အဲဒါပဲ ဝန်ခံ"

"ဟို အဲ အဲဒါ"

"ဆင်ခြေမပေးနဲ့၊ အတွန့်မတက်နဲ့၊ ညနေခြောက်နာရီ ငါ ဒင်နာသွားရမယ်၊ မင်းမရှိဘူး။ ဦးဉာဏ်ကို လိုက်ပို့နိုင်းဖို့ ဦးဉာဏ် နေမကောင်းဘူး၊ ငါ့မိတ်ဆွေတွေနဲ့ မျက်နှာပျက်ရတယ်၊ မင်း ငါ့ကို လာပြီး အသိမပေးသင့်ဘူးလား"

"ပြော ပြောမလို့ပါပဲ အန်တီ၊ ကိုပိုက်ထွေးက ယုယကို အပြောခိုင်းလိုက်လို့ပါ၊ ပြီးတော့ ဟို ကိုပိုက်ထွေး ဖွတ်အတင်းခေါ်နေ တာနဲ့"





"တော်တော့၊ ဘာပဲဖြစ်နေနေ မင်းကိုယ်တိုင် ငါ့ကိုလာပြော ရင် ငါ့အကြောင်းကိစ္စပြောပြပြီး တားဆီးလို့ မရနိုင်ဘူးလား ခုတော့"

အသံက ကျယ်လောင်နေရာမှ တိခနဲရပ်သည်။ လက်နှစ်ဖက်နောက်ပစ်ပြီး အရှိအသေပေးနေသလို ခေါင်းငုံ့လျှိုးနေရတဲ့ သူ့ကို ခပ်စိန်းစိန်းကြည့်၏။

"သားခေါ်သွားတာမှန်ပေမယ့် မာမီ့ဒရိုင်ဘာက မာမီ့ကို ပြောပြီးမှ လိုက်လာသင့်တာပေါ့၊ မာမီ့မှာ အရေးအကြောင်းကိစ္စရှိရင် သားက ဘယ်ခေါ်ပါ့မလဲ"

မိမိအပေါ် ပိုက်ထွေး ဒီလောက်ထိအလေးမထားမှန်း သိပါသည်။ သူ့အပေါ် အပြစ်မမြင်အောင် တစ်ဖက်လူကို အပြစ်ပုံချသွားမှန်းလည်း သိသည်။

ဒါပေမဲ့ ဒီကောင်လေး အလိုက်မသိ၊ နားမလည်တာမျိုး ခဏ ခဏ မဖြစ်စေချင်။

မနက်ကတည်းက ထွက်သွားပြီး ညနေစောင်းထိ ပြန်ရောက်မလာတော့ ဘာများဖြစ်နေကြလဲဆိုပြီး စိုးရိမ်စိတ်က ဝင်လာသည်။ ပိုက်ထွေး ဘယ်အချိန်သွားသွား၊ ဘယ်အချိန်ပြန်ပြန် ဒီလိုသောကမျိုး မဖြစ်တော့တာ ဘယ်လောက်ကြာပြီလဲ။

အစက ပြောဆိုကြည့်သည်။ ဆုံးမကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်စကား အရာမရောက်တော့။ ဦးအုပ်စိုးကိုရော ပိုက်

ထွေးကိုရော လျစ်လျူရှုထားလိုက်၏။

ဒင်နာသွားဖို့ နာရီတကြည့်ကြည့်လုပ်ရင်း စိတ်ဂနာမငြိမ်

ဖြစ်လာကာ "မာမီ့သားက ဖွတ်တရွတ်ခေါ်သွားတာ၊ ဟိုက လိုက်

ချင်တာမဟုတ်ဘူး" လို့ ယုယပြောတဲ့စကားကြောင့် ဘယ်သူ့ကို

ဒေါသဖြစ်ရမှန်းမသိဘဲ ကိုယ့်ကိုပြန်ခံမပြောနိုင်မယ့် ထိုကောင်လေး

ကိုသာ အပြစ်ပုံချဆူပူမာန်မဲမိသည်။

ကြည့်ပါဦး၊ ငုံ့လျှိုးထားတဲ့ခေါင်းက ခုထိ ပြန်မော့မလား

သူမ,ပြောလို့ ဝမ်းနည်းနာကျင်သွားတာလား၊ မျက်ရည်များ

တောင်ကျနေပြီလား။

ရင်ထဲက ဖျတ်ခနဲ တုန်တက်သွားကာ ကောင်လေး၏

နောက်တစ်ကြိမ်ပြန်ကြည့်မိသည်။

ငါ့ကို စိတ်ဒုက္ခပေးထားတဲ့အတွက် ဒီလောက် ဝမ်းနည်း

နဲ့ မရဘူး၊ တစ်ခါတည်းမှတ်သွားအောင် ဒီထက်တောင်ပိုပြောသ

တာ။

"ဦးညာဏ်"

ညှော်ခန်းအပြင်မှာ ရိုးတိုးရိပ်တိပ်မြင်လိုက်ရတဲ့ ဦးညာဏ်

လှမ်းအော်မိသည်၊ ဦးညာဏ် အပြေးကလေးရောက်လာကာ သူမ





မှာ ခေါင်းငုံ့ရပ်နေ၏။

"ဒီလိုအပြစ်မျိုးလည်း ကျူးလွန်လို့မရဘူးဆိုတာ ဦးညာဏ်

တူကို ပြောပြလိုက်ပါ၊ ပထမဆုံးအပြစ်အတွက် လစာထဲက သုံးပုံတစ်

ပုံဖြတ်မယ်"

"ဟုတ် ဟုတ်ကဲ့ မြကလေး၊ နောက်တစ်ခါ မဖြစ်စေရပါ

ဘူး"

"အဲဒါ ဦးညာဏ် ဝန်ခံရမှာမဟုတ်ဘူး၊ သူ့ကို ဝန်ခံခိုင်း"

ဦးညာဏ်က ခွင်းကို ပခုံးချင်းထိတို့ကာ

"ပြောလိုက် ခွင်း၊ နောက်မဖြစ်စေရပါဘူးလို့ ဝန်ခံလိုက်"

"မပြောနိုင်ဘူး ဦးညာဏ်၊ ကျွန်တော်မမှားဘူး"

"ဘာ"

"ဟိတ်ကောင်"

တိုးတိုးကျိတ်ကျိတ် ဦးညာဏ်သတိပေးနေပေမယ့် ခွင်း ဂရုမ

စိုက်။ သူ့ကိုပဲ တစ်ဖက်သတ်မှားတယ်လို့ ဘာလို့ယူဆနေရတာလဲ။

တခြားအလုပ်ရှင်ဆိုလျှင် သူ ဒီလောက်ခံစားရမှာ မဟုတ်။ ခုတော့

"ကျွန်တော်က အန်တီတို့သားရဲ့ အစေအပါးတစ်ယောက်

ပါ၊ ဘယ်သူခိုင်းခိုင်း တာဝန်ကျေအောင် လုပ်ရမှာပဲ မဟုတ်ဘူးလား၊

ကျွန်တော့်ကိုအပြစ်ရှိတယ်လို့ ယူဆရင် အန်တီ့ဆီကို ခွင့်ပန်ချိန်မှာပေး



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အန်တီ့သားကိုလည်း နားလည်အောင် ပြောထားလိုက်ပါ''

''ဟင်''

ဒေါ်မြနန္ဒာ ဟင်ခနဲဖြစ်ကာ ပြောရဲတဲ့နှုတ်ခမ်းလေးကို စူးနေ

အောင်စိုက်ကြည့်မိသည်။ ဘယ်သူ့ရဲ့ဗီဇသွေးမို့ မှန်တယ်ထင်လျှင်

ရှေ့တိုးတုံ့ရတာလဲ။

''မင်းမှာ အပြစ်ရှိတယ်ဆိုရင် လစာငွေထဲက ဖြတ်မှာစိုးလို့

လား''

ဒေါ်သသံမပါဘဲ မေးလိုက်တော့ ခေါင်းက ဆတ်ခနဲတော်

၏။

''အန်တီဆီက တစ်ပြားမှမရလည်း ထမင်းကျွေးပြီး အန်တ

နိုင်သမျှ ကျွန်တော်လုပ်နိုင်ပါတယ်၊ ဒါပေမဲ့ အပြစ်ရှိရင် မျှမျှတ

တွေးပေးပါ''

ပြောရဲတာကိုလား၊ ပြတ်သားတာကိုလား မသိ။

ဒေါ်မြနန္ဒာ လက်ဖျားခါသွားသည်။ ဦးညာဏ်မှလွဲ၍ အန

မှာ ဘယ်သူမှမရှိလို့ တော်ပါသေးရဲ့။ ဟိုအရင်တုန်းက စိတ်မျိုး

လျှင် မားမားမှန်မှန် ဒီလိုမျိုးခွန်းတုံ့ပြန်လိုက်တာနှင့် သုံးလစာပေး

အလုပ်ထုတ်ပစ်လိုက်တာပင်၊ ခုတော့ မျက်ခုံးနှစ်ခု ပင့်တက်သွား

အပ ငေါက်ငမ်းဖို့တောင် သတိမေ့နေသည်။





ဘယ်လို ဂျစ်ကန်ကန်ကောင်ဆိုးလေးလဲ။

တစ်ခုခုကို အလွန်အမင်း မကျေနပ်နေဟန်နှင့် မျက်နှာ ကြောကလည်း တင်းနေသည်။ သူမကတောင် ပြန်ချော့ရတော့မည်ပုံ မျိုးလား။

''ဦးညာဏ် သူ့ကိုခေါ်သွားတော့၊ ကျွန်မစိတ်တိုလာရင် ဦးညာဏ်ကို အားမနာဘဲ သူ့ကို အလုပ်ထုတ်မိတော့မယ်''

ဦးညာဏ်ခွဲခေါ်ရာ တွန့်ဆုတ်တွန့်ဆုတ်ပါသွားခြင်းက ပြောစရာကျန်နေသေးသည့် ထင်၏။

ဘာမှမပြောနဲ့တော့၊ မင်းကို ဒီထက်ပိုပြီး ခွင့်မလွှတ်ချင်တော့ဘူး။

ဒီကောင်လေးကို မြင်တိုင်း မောင့်ပုံရိပ်တွေ ပူးကပ်နေသလို ထင်မိသည်။ ညဉ့်ဆိုးလေးကလည်း မောင့်ကို သတိရစေ၏။

ဘာကြောင့်လဲ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ဦးညာဏ်ဆွဲခေါ်နေတဲ့ အလုပ်သမားတန်းလျားဆောက်ကို ခွင်း မလိုက်။ ဦးညာဏ်လက်တွင်းက ရုန်းထွက်ကာ မေမေထိုင်နေကျ မြက်ချင်းပြင်မှာ လူးလှိမ့်ပစ်လိုက်သည်။

ဦးညာဏ်က အနားမှာ ဒူးထောက်လာထိုင်၍ ဆွဲထူသည်။

"လူလေး မင်းစိတ်ကို ထင်တိုင်းလွှတ်လိုက်လို့ မဖြစ်ဘူးလေ၊ သူ့အသိစိတ်ထဲမှာ မင်းက သူ့ရဲ့အလုပ်သမား၊ သူ့သားမဟုတ်ဘူး"

"ကျွန်တော် ဝမ်းနည်းလွန်းလို့ပါ ဦးညာဏ်ရယ်၊ သူများတွေကို ဆတ်ဆတ်ထိမခံနိုင်အောင် ချစ်နေတာ ကျွန်တော်မခံစားနိုင်ဘူး။ ကျွန်တော် ဘာလို့ ဒီလောက်ကံဆိုးရတာလဲဗျာ"





သွန်ကျလာတဲ့ မျက်ရည်တွေကို ပခုံးစောင်းနှင့်ပွတ်တိုက်သုတ်ကာ ဦးညာဏ်ပခုံးပေါ် မှီချပစ်လိုက်သည်။

"လူလေး မင်း ဒီအိမ်ကြီးမှာ နေချင်သေးလား။ မင်းအမေမျက်နှာကို မြင်ချင်သေးလား"

"နေချင်တာပေါ့။ မေမေ့မျက်နှာကိုလည်း အမြဲတမ်းမြင်ချင်တာပေါ့ ဦးညာဏ်"

"ဒါဆိုရင် ဒီလိုအပြုအမူမျိုးလည်း ထပ်မလုပ်ပါနဲ့။ ဒီလိုပြန်ခံပြောတာမျိုးလည်း မဖြစ်စေနဲ့တော့ကွာ၊ သွားတော့ဆိုပြီး အလုပ်ကထုတ်ပစ်လိုက်ရင် မင်း ဒီထက်ပိုပြီး ရင်နာရမှာ အလုပ်ရှင်နဲ့ အလုပ်သမားပတ်သက်မှုမျိုးပဲ ရင်ထဲထည့်ထားပါ။ သူက မင်းအမေ မဟုတ်ဘူး။ ဦးအုပ်စိုးရဲ့ ဇနီးမယား၊ ပိုက်တွေး ယုယရဲ့အမေ၊ မြနန္ဒာစံအိမ်ကြီးရဲ့ အရှင်သခင်မ၊ မင်း နားလည်လားလူလေး"

ခေါင်းညိတ်ပြလိုက်ပေမယ့် ခွင်းရင်ထဲက လက်မခံ။

အမေဆိုတဲ့ ကြိုးတစ်ချောင်း ရင်တစ်ခုလုံး ရစ်ပတ်ချည်နှောင်ခံထားရပြီပဲ။

စံအိမ်ကြီးပေါ် နေခွင့်မရလို့ ရင်နာတာမဟုတ်ပါဘူး မေမေ၊ အစေအပါးအဖြစ် နေခွင့်ရတာလေးကိုလည်း ကျေနပ်ပါတယ်။

ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



"ခွင်း"

"ဟင်"

"သမီးလေး ယုယ"

"မာဆီဆူလိုက်လို့ အရမ်းစိတ်မကောင်းဖြစ်နေတာလား"

သူတို့အနားမှာ ဒူးထောက်ထိုင်ချရင်းမေးပေမယ့် ခွင်း မဖြေ။ ဦးညာဏ်က

"အလုပ်ဝင်စဆိုတော့ ဒီလိုပြောတာဆိုတာ ကျင့်သားမရ သေးလို့ပါကွယ်"

"ယု နားလည်ပါတယ်၊ လူငယ်ဆိုတော့ ကိုယ်မှားတာမ ဟုတ်ဘဲ အပြောခံရတာ ဘယ်ခံချင်ပါ့မလဲ၊ အခုပဲ မာမီ့ကို ယု နား လည်အောင်ပြောပြလာခဲ့တာ၊ ကိုကိုအနိုင်ကျင့်တာ သိစေချင်လို့လေ"

"သူသိပါတယ်၊ အလုပ်သမားပဲဆိုပြီး ဖိပြောနေတာ"

ခွန်း ဘုတောလိုက်တော့ ဦးညာဏ်က ခွင်းပခုံးကို ခပ်ဖိဖိ ဆုပ်ကိုင်၏။ ယုယက သဘောထားကြီးသလို ပြုံးတုံ့တုံ့နှင့်

"ဒီအခြေအနေလောက် မာမီ့ဆီက ဒေါသကိုမြင်ရတာ ခွင်း ကံကောင်းတာ၊ အရင်တုန်းကဆို အလုပ်သမားတွေဆိုရင် အပြစ်ရှိ ရှိ၊ မရှိရှိ မော့တောင်ကြည့်ရတာ မဟုတ်ဘူး။ အခု ယုယပြောပြတော့ လည်း မာမီ ငြိမ်သက်နေတာပဲ၊ ပြောဆိုပြီးမှ မာမီ စိတ်မကောင်းဖြစ်





နေတယ်ထင်တယ်"

ဒီလိုတော့လည်း ခွင်းစိတ်မကောင်း။

ဘယ်လိုအကြောင်းကိစ္စပဲဖြစ်ဖြစ် သူ့အတွက် မေမေ့ကို မခံစားစေချင်ပါ။ အိမ်မကြီးဘက်ကို တစ်ချက်ငေးကြည့်မိ၏။

မီးလင်းသော အပေါ်ထပ်အခန်းက ခန်းဆီးစလေး လှင့်ခနဲ လှုပ်ခါသွားတာကို မေမေများလားဟု ရင်ထဲမှာ ထိတ်ခနဲဖြစ်သည်။

"အခုလိုပြောပေးတာ ကျေးဇူးတင်ပါတယ်၊ ဦးညာဏ် ကျွန် တော်တို့သွားရအောင်၊ တော်ကြာ ဒီနေရာလေးကို ဒေါ်မြနန္ဒာလာ ထိုင်ချင်လို့ ကျွန်တော်တို့ရှိနေရင် မကောင်းဘူး"

"အင်း ဟုတ်တယ်၊ စောစောက ဒီနေရာလေးကို မာမီ လာထိုင်ဖို့လုပ်နေတာ၊ ခွင်းတို့ထိုင်နေတာမြင်တာနဲ့ အပေါ်ထပ်တက် သွားတာ"

ဒါဆို ခုနက အပေါ်ထပ်မှာ လှစ်ခနဲမြင်လိုက်ရတာ မေမေ ပဲဖြစ်လိမ့်မည်။ ဘာကြောင့် သူတို့ရှိတဲ့နေရာကို လှမ်းကြည့်ရတာလဲ။ မေ့သိစိတ်ရဲ့စေ့ဆော်မှုကြောင့် သူ့ကို သားတစ်ယောက်အဖြစ် အသိအ မှတ်ပြုရင် ဘယ်လောက်များကောင်းမည်လဲ။

မေမေ့မေတ္တာငတ်နေတဲ့ ခွင်းပါ မေမေရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"မာမီ ယုကား ဝပ်ခ်ရှော့ပို့ထားလို့ မာမီ့ကားနဲ့ ယုလိုက်ခဲ့မယ်နော်"

"လိုက်ခဲ့လေ သမီး၊ မာမီ စီးတီးမတ်ခဏဝင်ပြီး သမီးကျောင်းကိုလိုက်ပို့မယ်"

တစ်လမ်းလုံး ဒေါ်မြနန္ဒာနှင့် ယုယ စကားတွေဖောင်ဖွဲ့လာသည်။ ခွင်းကတော့ ယုယနှင့် စကားပြောရင်း နှုတ်ခမ်းလေးဖွင့်ပြီးရယ်နေတတ်သည့် မေမေ့သွားဖွေးဖွေးလေးတွေကို ကားဘက်မှန်ထဲကနေ အမြတ်တနိုးကြည့်နေမိသည်။

"ဟင်"





ဦးအုပ်စိုးနှင့် အသက်နှစ်ဆယ့်ငါးနှစ်ဝန်းကျင် အမျိုးသမီးတစ်ယောက် စီးတီးမတ်ထဲကို ပခုံးဖက်ပြီး ရယ်ကာမောကာနှင့် ဝင်သွားကြသည်။

ကားပါကင်ထိုးဖို့ကြိုးစားနေရင်း မေမေ့မျက်လုံးတွေကို ဘယ်လိုကွယ်ဝှက်တားဆီးရမည် မသိ။

ဒီမြင်ကွင်း၊ ဒီအနေအထားမျိုးကိုမြင်ပြီး မေမေ့ကို မနာကျင်စေချင်။ အောက်တန်းကျလိုက်သည့် ဦးအုပ်စိုး၊ သားကြီး သမီးကြီးတွေရှိပါရဲ့နဲ့။

"မာမီ"

ထိုမြင်ကွင်းကို မျက်စိတစ်ဆုံးလိုက်ကြည့်ရင်း မျက်နှာကြောတင်းကာ အံကြိတ်လိုက်တဲ့မေမေ့ကို ယုယက အထိတ်တလန့်ခေါ်သည်။

"မာမီ ဘာမှမဖြစ်ဘူးသမီး၊ သမီးတို့အတွက်ပဲ စိတ်မကောင်းတာ၊ ခွင်း ကားပြန်ထွက်၊ သမီးကျောင်းကိုလိုက်ပို့ပြီး ပွဲရုံကိုပဲမောင်း"

မေမေ့အသံတွေ တုန်ယင်နေခြင်းမရှိသော်လည်း အပြန်လမ်းမှာ တိတ်ဆိတ်နေသည်။ ယုယက ကျောင်းမတက်တော့ဘူးဟုဆိုကာ ပွဲရုံကိုလိုက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေကို ဖြေသိမ့်ဖို့လား၊ နှစ်သိမ့်ဖို့လား၊ သူမကိုယ်တိုင် ရှက်ရွံ့နာကျင်နေခဲ့သည်လား။

နေ့လယ်ထမင်းစားချိန်ရောက်တဲ့အထိ ယုယက မေမေ့နား က မခွာ။ သူကလည်း မေမေ့ကို အရိပ်တကြည့်ကြည့်ဖြစ်နေခဲ့သည်။

"ယုယ ခဏ၊ ရှေ့ကစားသောက်ဆိုင်မှာ စကားပြောရ အောင်"

မေမေ့ရုံးခန်းတွင်းက ထွက်လာတဲ့ ယုယက မှုန်ကုပ်ကုပ် ဖြစ်နေတဲ့ သူ့မျက်နှာကိုကြည့်ပြီး ယောင်တောင်တောင်နှင့် လိုက် လာသည်။ ထောင့်ကျကျစားပွဲမှာ ဝင်ထိုင်လိုက်ကာ ယုယက အအေး တစ်ဘူးမှာသောက်ပြီး သူက စီးကရက်တစ်လိပ်ထုတ်၍ မီးညှိလိုက် သည်။

"နင်တို့အဖေကို မလုပ်သင့်ဘူး၊ မဖြစ်သင့်ဘူးလို့ ပိတ်ပင် တားဆီးမကြည့်ဖူးဘူးလား ယုယ"

"ဟင်"

မဆိုင်တဲ့စကား အရေးတယူခေါ်ပြီး ပြောလိုက်၍ ယုယ အံ့အားသင့်သွားသည်၊ ခွင်းက မထီတရီဖြင့် ယုယကို မျက်နှံပင့်ကြည့် ၏။

"နင်တို့အဖေ ဒေါ်မြနန္ဒာကို စိတ်ထိနိုက်အောင် မလုပ်သင့်



ဘူးထင်တယ်၊ ဘာအလုပ်မှလည်း မယ်မယ်ရရမလုပ်ဘဲ ဒေါ်မြနန္ဒာ ပိုင်ဆိုင်တဲ့ စည်းစိမ်ဥစ္စာတွေကို ထိုင်ဖြုန်းနေရုံမကဘဲ ဒီလိုအကျင့် စရိုက်မျိုးနဲ့ နိုပ်စက်နေတာတော့ လွန်တာပေါ့ဟာ"

ခွင်းလို အလုပ်သမားတစ်ယောက်က ပက်ပက်စက်စက်ကြီး ဝေဖန်လိုက်၍ ယုယမျက်နှာလေး နီရဲတင်းမာသွားသည်။

ဒါပေမဲ့ ဒါတွေဟာ အမှန်တရားမို့ ခွင်းကို ဘယ်လိုချေပရ မှန်း မသိ။

ဘာကြောင့် မာမီ့ဘက်က ခွင်း နာကျင်နေသလဲဆိုတာပဲ ယုယနားမလည်နိုင်တာ။

"နင့်မှာ ငါတို့မိသားစုနဲ့ပတ်သက်ပြီး ဒီလိုဝေဖန်ခွင့်မရှိဘူး ဆိုတာ နင့်ကိုယ်နင် မသိဘူးလား ခွင်း"

"ဩော် ငါ့ဘဝငါမေ့နေလို့ ပြောနေတာမှမဟုတ်တာ၊ ဒေါ် မြနန္ဒာက ငါ့ရဲ့အလုပ်ရှင်လေး၊ သူစိတ်ထိနိုက်မှာ မလိုလားတဲ့အတွက် ငါ့မှာ အပြစ်ရှိလား"

"ထားပါတော့၊ ဒါပေမဲ့ နင်နားမလည်ပါဘူး ခွင်းရယ်၊ မာမီ့မှာ ဒယ်ဒီနဲ့ပတ်သက်ပြီး ဘာခံစားချက်မှမရှိဘူး။ မိန်းမ ဘယ်နှ ယောက်ပဲ ယူယူ၊ ဘယ်လိုပဲ ပျက်စီးလေလွှင့်ပါစေ, မဆိုင်သလို နေတတ်တယ်၊ သူ့စကားကိုနားမထောင်လို့ ကိုကို့ကိုလည်း ဥပေက္ခာ

www.burmeseclassic.com

www.burmeseclassic.com



ပြုဖို့ ကြိုးစားနေပြီး သူ့ရင်နဲ့ရင်းပြီး ချစ်ခဲ့တဲ့သူတွေကိုတောင် ထားရစ်ခဲ့နိုင်သေးတာ မာမီနာကျင်နေမယ်လို့ နင်ထင်နေလား ခွင်း”

ယုယစကားကြောင့် ခွင်းရင်တွေ လှုပ်လှုပ်ရှားရှား ကတုန်ကယင်ဖြစ်သွားသည်။

“နင်ဆိုလိုတာက သူထားရစ်ခဲ့တဲ့သူတွေကို ဒေါ်မြနန္ဒာ ချစ်နေတယ်လို့ ပြောချင်တာလား”

“ဟုတ်တယ်လေ မာမီ့ရင်ထဲမှာ ဒယ်ဒီမရှိဘူး။ ကိုကိုမရှိဘူး။ ငါ့ကိုတော့ အရမ်းချစ်တယ်ဆိုတာ ငါသိပါတယ်၊ ငါသိတတ်တဲ့အရွယ်ကစပြီး ငါက မာမီ့သမီးအရင်းမဟုတ်ဘူးဆိုတာ သိခွင့်ရလိုက်တယ်၊ ဒယ်ဒီနဲ့ မာမီစကားများကြတဲ့ အချိန်တုန်းကပေါ့။ ဒါပေမဲ့ ငါတို့တစ်မိသားစုလုံးအပေါ်မှာ မာမီ လေးလေးနက်နက် မရှိခဲ့ပါဘူး”

“သူ သူထားရစ်ခဲ့တဲ့သူတွေကို ချစ်တယ်ဆိုတာရော နင် ဘယ်လိုလုပ်သိတာလဲ ဟင် ယုယ”

ထိန်းချုပ်ဖို့တွေ မေ့လျော့နေ၍ သိချင်တာကို ဖွတ်တရွတ် မေးမိသည်။ ယုယက နားမလည်နိုင်သလို မျက်လုံးဝိုင်းလေးနှင့် သူ့ကိုမော့ကြည့်ပြီးမှ

“မာမီ မြက်ခင်းပေါ်မှာ ဒရင်းဘတ်ဒ်လေးနဲ့ အတိတ်ကို နာနာကျင်ကျင်ခံစားနေရတဲ့အချိန်တိုင်း နှစ်သိမ့်ဖို့၊ ဖြေသိမ့်ဖို့ အမြဲ





တမ်း ငါ အနီးကပ်ရှိနေခဲ့တယ်၊ အဲဒီလိုအချိန်တွေတိုင်းမှာ တင်းကျပ်ဆို့နင့်နေအောင် ခံစားနေရတဲ့ မာမီက ငါ့ကိုရင်ဖွင့်တာပေါ့ဟာ”

“ဘာ ဘာတဲ့လဲဟင်”

“အချစ်ဟာ ပုံသဏ္ဌာန်အမျိုးမျိုး ဖော်ကျူးပေးနိုင်စွမ်းတဲ့ မှော်ဆရာကြီးပဲတဲ့၊ စွန့်လွှတ်ခြင်းတွေ၊ စွန့်စားခြင်းတွေ၊ ပေးဆပ်ခြင်းတွေ၊ ရယူခြင်းတွေ၊ နာကြည်းခြင်းတွေ၊ မုန်းတီးခြင်းတွေအားလုံးကို ဖန်တီးနိုင်တယ်လို့ပြောတယ်၊ သူ အဲဒါတွေအကုန်လုံးကို အချိန်တိုလေးအတွင်းမှာ ခံစားခဲ့ရတာတဲ့၊ မေ့အောင်ကြိုးစားရင်းနဲ့ သတိရနေခဲ့တာ မာမီ သူ့ကိုချစ်နေလို့ပေါ့၊ ဒါနဲ့ နင်က ဘာလို့ ဒီအကြောင်းတွေ သိချင်နေရတာလဲ”

“ဟင် ဩော် နင်ပြောနေရင်းနဲ့ တိုက်ဆိုင်သွားလို့ မေးမိတာပါ။ ကိုယ့်ရဲ့အလုပ်ရှင်ရင်ထဲ ဘာတွေရှိနေလဲ သိရတော့ နားလည်ပေးလို့ရတာပေါ့၊ ဟိုနေ့ကလို နှုတ်လှန်မထိုးမိအောင်လည်း ဆင်ခြင်လို့ရတာပေါ့ဟာ၊ ဒီလိုတွေပြောပြပေးတဲ့အတွက် နင့်ကို ကျေးဇူးတင်ပါတယ် ယုယ၊ နင့်ကိုလေ ငါ ညီမလေးတစ်ယောက်လို သံယောဇဉ်ရှိပါတယ်”

ရင်ထဲမှာ စကားလုံးတွေပြည့်နေသော်လည်း ဒီထက်ပိုပြီး ခွင်းမပြောဖြစ်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ပဲဖြစ်ဖြစ်၊ အမုန်းပဲဖြစ်ဖြစ် ခွင်းတို့နှင့်ပတ်သက်ပြီး မေမေ့ရင်ထဲ တစ်ခုခုရှိနေသည်ဆိုလျှင် ကျေနပ်ပါပြီ။

မေမေ နာနာကျင်ကျင်ခံစားခဲ့ရသမျှ ခွင်း တစ်လှည့်ပြန်ပြီး ပေးဆပ်ပါ့မယ် မေမေ။

✿ ✿ ✿



## အခန်း (၁၄)

"မကျေနပ်ဘူးဆိုတာ ဘာကိုပြောချင်တာလဲ၊ မင်းငွေတွေကို ငါ သုံးဖြုန်းနေလို့လား။ အငယ်အနှောင်းထားတာကိုလား။ ဘယ်အချိန်တုန်းကမှ အလေးအနက် အရေးတယူ မရှိခဲ့ဘဲနဲ့"

"ဟုတ်တယ်၊ အခုလည်း အဲဒီကိစ္စတွေကို ကျွန်မ ခံစားရလို့ပြောနေတာ မဟုတ်ဘူး။ တိတ်တိတ်ပုန်း အငယ်အနှောင်းထားတာလည်း စိတ်မဝင်စားဘူး။ ကျွန်မ,ရှာဖွေထားတဲ့ငွေတွေ သုံးဖြုန်းနေတာလည်း ဂရုမစိုက်ဘူး။ ဒါပေမဲ့ ရှင် ပေါ်တင်ကြီး အရှက်မရှိတွဲနေတာကို အရွယ်ရောက်လာတဲ့သားသမီးတွေ ဘယ်လိုခံစားရမလဲ ရှင် မခံစားတတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"သိနေပြီးသားကိစ္စကြီးကို လက်တွေ့မြင်ရတော့လည်း ဘာ ထူးဆန်းလို့လဲ၊ အိမ်ထောင်ရေးသာယာမှုမရှိတဲ့ ယောက်ျားတိုင်း ဒီ လိုပဲဆိုတာ သားနဲ့သမီး နားလည်တယ်၊ မင်းသာ အသံကောင်းဟစ် မနေနဲ့၊ ပေးသင့်ပေးထိုက်တာပေးပြီး ကွာရှင်းလက်မှတ်မှာ မင်း လက်မှတ်ထိုးလိုက်တာနဲ့ ငါ ဒီအိမ်ပေါ်က ဆင်းသွားဖို့ အဆင်သင့်ပဲ သိလား မြကလေး"

ပြောနေတာက သူပိုင်ဆိုင်ရှာဖွေထားတာတွေ အပ်ထားသ လို အထက်စီးက။

သူမမှာတော့ သားနှင့်သမီးသိလျှင် စိတ်ဆင်းရဲရမှာစိုးလို့ ဦးအုပ်စိုးကို စာကြည့်ခန်းထဲ တိုးတိုးတိတ်တိတ်ခေါ်လာခဲ့သည်။ ဒီ ရောက်တော့ ရပိုင်ခွင့်ကိုအကြောင်းပြပြီး အနိုင်ရဖို့ ကြိုးစားနေ၏။

သားရင်းသမီးရင်းမျက်နှာမှ မထောက်တော့ဘူးဆိုလျှင် ရင်နှင့်လွယ်မွေးခဲ့ရတဲ့ သူမက ဘာများနောက်ဆံတင်းစရာလိုပါသေး သလဲ။

"ကဲ မိုးတိုးမတ်တတ် မလုပ်နဲ့၊ အဲဒီထိုင်ခုံမှာထိုင်ပြီး ရှင်နဲ့ ကျွန်မ အေးအေးဆေးဆေးဆွေးနွေးကြတာပေါ့"

ဦးအုပ်စိုးက နောက်မှီကျွန်းဆက်တီထိုင်ခုံမှာ ဆောင့်ခနဲ ထိုင်ချလိုက်သလို ဒေါ်မြနန္ဒာလည်း မျက်နှာချင်းဆိုင်ထိုင်ခုံမှာ ဝင် ထိုင်လိုက်သည်။

"ရပိုင်ခွင့်ဆိုတာကို ရှင် ဘယ်လောက်မျှော်လင့်ထားသလဲ ကိုအုပ်စိုး"

"ဟ အခုလက်ရှိပိုင်ဆိုင်မှုတွေက မင်းအစ်မနဲ့ မင်းနဲ့ တစ် ယောက်တစ်ဝက် ခွဲရမှာပဲဟာ၊ မာလာရသင့်ရထိုက်တာ ကိုယ်ယူမှာ ပေါ့"

"ထားတော့၊ ရှင့်မက်မောမှုကို ကျွန်မ,သိတယ်၊ ဒါပေမဲ့ အမွေဆိုတာ ခံစားထိုက်မှ ခံစားရတာ ရှင်နားလည်ပါတယ်၊ အမွေ ထိန်းရှေ့နေကြီးနဲ့ ထိုက်သင့်သလောက် ရှင့်ကိုပေးလိုက်မယ်၊ မကျေ နပ်ဘူးဆိုရင်တော့ မတတ်နိုင်ဘူး"

"ဘယ်အချိန်လဲ ဘယ်တော့လဲ"

ဦးအုပ်စိုးက အငမ်းမရမေးသည်။ ဒေါ်မြနန္ဒာ နှုတ်ခမ်းကို တွန့်ကွေးကာ ခပ်မဲ့မဲ့ပြုံးလိုက်၏။

"အခုပဲ လာတော့မှာပါ၊ ဒီစာကြည့်ခန်းထဲပဲ ကျွန်မ ခေါ် ထားတယ်၊ အချေအတင်ဖြစ်နေရင် သားနဲ့သမီး စိတ်ဆင်းရဲမှာစိုးလို့"

ဒေါ်မြနန္ဒာ ပြတ်ပြတ်သားသားလုပ်တော့မည်ဆိုတာ ဦးအုပ် [illegible] သဘောပေါက်လိုက်သည်။

ထိုက်သင့်သလောက်တဲ့၊ ဘယ်လောက်ရလို့ ဘာတွေကို





မြူးတာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်ရမှာလဲ။

ပွဲရုံရယ်၊ ဘဏ်နှစ်ခုက ရှယ်ယာတွေရယ်၊ ပြီးတော့ ဒီအိမ်ကြီးရဲ့တန်ဖိုးရယ်၊ အားလုံးပေါင်းလိုက်လျှင် သိန်းပေါင်းသောင်းချီ၍ တန်ပေလိမ့်မည်။

တစ်ဝက်သာရလိုက်လို့ကတော့ ဖနီးငယ်ငယ်ချောချောလေးနှင့် ပွဲလယ်တင့်မှာ အမှန်ပင်။

သားနှင့်သမီးကို မြနန္ဒာပဲ ဆက်ပြီးတာဝန်ယူပေါ့။

ကိုယ့်အတွေးနှင့်ကိုယ် နှလုံးခုန်တွေတောင် မြန်လာသည်။

တံခါးခေါက်သံကြားတော့ မြနန္ဒာ တံခါးသွားဖွင့်ပေးပြီး တံခါးလော့ခ်ချလိုက်၏။

"ကျွန်တော် နောက်မကျပါဘူးနော် ဒေါ်မြနန္ဒာ"

"မကျပါဘူး ရှေ့နေကြီးရယ်၊ ကွက်တိပါပဲ၊ ဪ ဒါနဲ့ ကွာရှင်းစာချုပ်တွေရော ပါတယ် မဟုတ်လား"

ဟုတ်ကဲ့ ဟုဆိုကာ ရှေ့နေကြီးက စာရွက်စာတမ်းဖိုင်တွေ အားလုံး စားပွဲပေါ်တင်ကာ ဆက်တီခုံမှာ ဝင်ထိုင်လိုက်သည်။

"သူ့ကို နမူနာတစ်ရွက်ပေးပြီး ဖတ်ခိုင်းလိုက်ပါ ရှေ့နေကြီး"

ရှေ့နေကြီးက စာချုပ်တစ်စောင်ယူကာ ဦးအုပ်စိုးကို ပေးလိုက်သည်။ ဦးအုပ်စိုးက စာချုပ်ကို အပေါ်အောက် အပြန်ပြန်အလှန်လှန်ဖတ်နေရင်း မျက်နှာကြီးက တင်းမာမဲ့ကျသွားလိုက်၊ ရှုံ့တွသြိမည်း သွားလိုက်။





ပြီးမှ လက်ထဲကစာချုပ်ကို တဖျတ်ဖျတ်ခါ၍

"ဒါ ဘာသဘောလဲ မြနန္ဒာ၊ ရပိုင်ခွင့်က ပွဲရုံကအချိုးအစားပဲ ရမယ်ဆိုတဲ့ သဘောပေါ့"

"ဒါပဲမရလို့ ရှင်က ဘာထပ်လိုချင်သေးလို့လဲ၊ ဘဏ်ကိစ္စက ကျွန်မရဲ့အရင်းအနှီးနဲ့ လုပ်ထားတာ၊ ဒီမြနန္ဒာစံအိမ်ကြီးက ရှင့် သားနဲ့သမီး ရှိနေသေးတယ်၊ အချောင်သက်သက် သိန်းတစ်ထောင် လောက်ရမှာကို နာအုံ့ထင်နေသလား ကိုအုပ်စိုး"

"ဟုတ်တယ် ကိုအုပ်စိုး၊ ခင်ဗျား လင့်ဝတ္တရား၊ မယား ဝတ္တရား မကျေပွန်တာကိုသိနေပေမယ့် မြနန္ဒာက တရားမျှတအောင် လုပ်ပေးထားတာပါ၊ နောက်အိမ်ထောင်ပြုမယ့်လူတစ်ယောက်ကို ကလေးတွေတာဝန်ယူထားရတယ်ဆိုရင် သူ့စေတနာရှိမှ ပေးလို့ဖြစ်တာပါ၊ တကယ်ဆိုရင် ခင်ဗျားရဲ့သွေးသားအရင်းဖြစ်တဲ့ သားနဲ့သမီးကို ခင်ဗျားရပိုင်ခွင့်ထဲက ခွဲဝေပေးရမှာ"

"အာ ဒါတော့ ဘယ်ဖြစ်မှာလဲ၊ သူတို့လည်း သူတို့ရပိုင်ခွင့်နဲ့သူတို့"

ဦးအုပ်စိုး စကားတွေတိုးလိုးတန်းလန်းနှင့် ဆတ်ဆတ်ခါ



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ ရှေ့နေကြီးက ခေါင်းတညိတ်ညိတ်နှင့် ပြုံးလိုက်ကာ

"ခင်ဗျား အဲလိုပြောရအောင် မြန်နှာက ခင်ဗျားသားနဲ့သမီးကို အမွေစား အမွေခံစာချုပ် စာတမ်းနဲ့မွေးစားခဲ့လို့လား။ ခင်ဗျားမိန်းမ မြမာလာနဲ့ မြန်နှာတို့နှစ်ယောက် အမွေပစ္စည်းကို တစ်ယောက် တစ်ဝက် ပိုင်ဆိုင်ကြတယ်ဆိုပါစို့၊ မြမာလာပစ္စည်းကို လင်ယောက်ျားနဲ့ သားသမီးက ပိုင်ဆိုင်ခွင့်ရှိတယ်၊ အဲ မြန်နှာရဲ့ပစ္စည်းတွေကလည်း သူ့ရဲ့သားသမီးနဲ့ လင်ယောက်ျားပဲ ပိုင်ဆိုင်ခွင့်ရှိတာပေါ့၊ တကယ်လို့ အမွေဆက်ခံမယ့် လင်ယောက်ျား၊ သားသမီးမရှိဘူးဆိုရင်လည်း သူ့စေတနာရှိတဲ့လူပဲ ရမှာလေ၊ ခင်ဗျားက ဘာလို့ မြန်နှာစေတနာရှိအောင် မနေခဲ့လဲဗျာ"

"ဒါ ဒါက"

ရှေ့နေကြီးရဲ့ အထေ့အငေါ့စကားက ဦးအုပ်မိုးရင်ကို တည်တည့်မတ်မတ်ထိမှန်သွားသည်။ ဦးအုပ်မိုး ဘာပြောရမှန်းမသိ ကတုန်ကယင်ဖြစ်နေချိန်မှာ မြန်နှာအနိုင်နှင့်ပိုင်းဖို့ ဆုံးဖြတ်လိုက်သည်။

"ရှေ့လျှောက် ပိုက်တွေးကိုလည်း ကျွန်မ စောင့်ကြည့်တော့မယ်၊ ဝမ်းမနာသားတွေကို မေတ္တာထားနေရတာ ရင်နာစရာကောင်းတယ်၊ ကျွန်မရဲ့ပိုင်ဆိုင်မှုတွေကို ရသင့်ရထိုက်တဲ့သူဟာ ကျွန်မမေတ္တာတရားကို လေးစားတဲ့သူပဲ ဖြစ်ရမယ်၊ ကဲ ရှေ့နေကြီး သူ့ကို ကွာရှင်း





စာချုပ်မှာ လက်မှတ်ထိုးခိုင်းလိုက်ပါ၊ ပြီးရင် ကလေးတွေအကြောင်းပြီး ကျွန်မအိမ်ရိပ်ကို နင်းဖို့မကြိုးစားနဲ့၊ သံယောဇဉ်မပြတ်ရင် ကြိုက်တဲ့လူ ခေါ်သွား"

ရင်နင့်မဆုံ့အောင် နာကျင်ကြေမွနေပြီမို့ ပြတ်ပြတ်သားသားပဲ ဆုံးဖြတ်မိသည်။

နှလုံးသားနှင့် ရင်းခဲ့ရသော နှောင်ကြိုးတွေကိုတောင် ဖြတ်တောက်နိုင်ခဲ့ပြီးမှတော့ ဒီသံယောဇဉ်တွေလောက်ကို လွမ်းမနေချင်။

ခံနိုင်ရည်ရှိပြီလားဟု ကိုယ့်ကိုယ်ကိုယ်ပြန်မေးမိပေမယ့် နို့ချိုတိုက်ကျွေးခဲ့ရသော သမီးလေးယုယကိုတော့ ဘယ်လိုမှ မစွန့်လွှတ်နိုင်ဘူးဆိုတာ သေချာနေသည်။

သမီးလေးကတော့ သူမကို နားလည်ပေးနိုင်မှာပါ။

ထိုသို့တွေးနေမိချိန်မှာ မျက်နှာလေးတစ်ခုကို မြင်ယောင်လာသည်။

အို ဘာဆိုင်လို့လဲ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဒါကတော့ မာမီ မတရားတာဘဲ ဒယ်ဒီ၊ ဒယ်ဒီကရော ဘာလို့ ခေါင်းငုံ့အရှုံးပေးပြီး ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးလိုက်ရတာလဲ"

"ဟ ငါကရော ကျေနပ်ပါ့မလား၊ ဘာအထောက်အထားမှ ပြစရာမရှိတာ၊ အားမတန်လို့ မာန်လျှော့ခဲ့ရတာပေါ့ကွ၊ မင်းကိုတောင် ခြိမ်းခြောက်လိုက်သေးတယ်၊ စောင့်ကြည့်မယ်တဲ့"

"တောက်"

ပြင်းထန်သော တက်ခေါက်သံနှင့် ရှေ့ကဘီယာခွက်ကို ကောက်မော့လိုက်သည်။





ကိုယ်က ဆိုးတာမှန်ပေမယ့် မာမီ့အပေါ် မမိုက်ရိုင်းခဲ့။

သုံးနှစ်သားအရွယ်ကတည်းက မိခင်မဲ့ခဲ့ရတာမို့ မာမီ့ကိုသာ မိခင်တစ်ယောက်လို ယုံကြည်အားကိုး ကိုးကွယ်ခဲ့သည်။ မကြြင်နာတတ်သော ဒယ်ဒီ့ကိုတောင် မာမီ့လောက်မတွယ်တာခဲ့။

ခုတော့ ကိုယ့်ကိုစောင့်ကြည့်မယ်ဆိုတဲ့စကားနှင့် စိမ်းပြတ်သောစကားကို ပြောရက်သည်။

ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပြီး အိမ်ရိပ်မနင်းနဲ့ဆိုမှတော့ ဒယ်ဒီကိုလည်း နှင်ချလိုက်တာနှင့် ဘာထူးသေးလဲ။ ဒယ်ဒီ အသောက်အစား လောင်းစကားမက်ပြီး မိန်းမ,ရှုပ်မှန်းသိပေမယ့် သူတို့မောင်နှမမျက်နှာကိုထောက်ပြီး ဒီလိုမလုပ်သင့်ဘူး ထင်သည်။

ဒယ်ဒီကလည်း မကျေနပ်ဘူးဆိုပေမယ့် သူတို့မောင်နှမကို မငဲ့ညှာ။ ရလာသော သိန်းတစ်ထောင်နှင့် မိန်းမငယ်ငယ်လေးခေါ်ပြီး ဟန်းနီးမွန်းထွက်ဦးမည်တဲ့။

ဒီအကြောင်းတွေကို ယုယရော သိပြီးပြီလား။

မငြိမ်သက်သောစိတ်က ဘီယာနောက်တစ်ခွက်ကောက်မော့ပြီး ဒယ်ဒီ့ကို နှုတ်မဆက်တော့ဘဲ ဆိုင်ထဲက ထွက်လာခဲ့သည်။

အိမ်အမြန်ရောက်ဖို့ ကားကိုအရှိန်မြှင့်လိုက်၏။ ခြံဝရောက်တော့ ကားဟွန်းကို အဆက်မပြတ်တီးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင် တံခါးကိုဖွင့်ဖို့ ဒီလောက်တောင် လေးကန်နေရသလား။ လုပ်လိုက်ရင် သေတော့မှာပဲ"

ခြံတံခါးလာဖွင့်ပေးတဲ့ ခွင်းကို စိတ်ရှိလက်ရှိ အော်ပစ်လိုက်သည်။ ကြောင်တောင်တောင်ပေကြည့်နေတဲ့ ခွင်းကို နဂါးမျက်စောင်းလိုစွေကြည့်ခဲ့ပြီး ပေါ်တီကိုထိရောက်အောင် ကားကို တရကြမ်းမောင်းဝင်လာခဲ့သည်။

ဧည့်ခန်းထဲမှာ မာမီနှင့်ယုယကို အဆင်သင့်တွေ့လိုက်သည်နှင့်

"ဘာသဘောလဲ မာမီ၊ မတန်မရာပေးပြီး ဒယ်ဒီနဲ့ သားတို့ကို ရှင်ခွဲ,ခွဲလိုက်တာလား"

"မနေနိုင်ရင် လိုက်သွားလို့ရတယ် ပိုက်ထွေး ငါတို့ကိုလာပြီး အစွယ်မပြနဲ့၊ မတန်မရာလို့ပြောရအောင် ပွဲရုံရောင်းလို့ရတဲ့ငွေက သိန်းနှစ်ထောင်၊ မင်းအဖေဒယ်ဒီကို သိန်းတစ်ထောင်ပေးလိုက်တယ် ကျန်တဲ့သိန်းတစ်ထောင်ကို မင်း တစ်ပါတည်းယူပြီး လိုက်သွားချင်လိုက်သွား"

"ဘာ၊ ပွဲရုံရောင်းလိုက်တာ၊ ဟုတ်လား မာမီ"

အလန့်တကြား ပြန်မေးလိုက်တာကို နှုတ်ခမ်းကိုမဲ့ပြီး မာမီက ဘာမှမဖြေ။ ယုယက





"ဟုတ်တယ်ကိုကို၊ ဒယ်ဒီ့ကို မိန်းကလေးတွေနဲ့ ဟိုနေရာတွေ၊ ဒီနေရာတွေ ယုယတို့သိကြာကျမှာစိုးလို့ မာမီက ပွဲရုံကိုရောင်းပြီး ဒယ်ဒီနဲ့ ကင်းကင်းရှင်းရှင်းလုပ်လိုက်တာ၊ ကိုကို မကျေမနပ်ဖြစ်ရမှာ မာမီ့ကိုမဟုတ်ဘူး၊ ဒယ်ဒီ့ကို"

ယုယက မာမီ့ဘက်က ရှေ့နေလိုက်သည်။

ကိုယ်ကတော့ ဘာကိုမှ မကျေနပ်နိုင်ပါ။ ဒယ်ဒီ ဒီလိုမျိုးနေလာခဲ့တာ ဘယ်လောက်ကြာပြီလဲ။

ဟိုအရင်ကတော့ ဒီအတိုင်း လျစ်လျူရှုပြီးနေနိုင်လာခဲ့ပြီးတော့။

ခုမှ မာမီ့ဆုံးဖြတ်ချက်တွေ မတရားဘူးဟု တစ်ထစ်ချတွေးပစ်လိုက်သည်။ အာဃာတတစ်ခုက ရင်မှာအမြစ်တွယ်၏။

မာမီမရှိတော့ဘူးဆိုလျှင် ပိုင်ဆိုင်မှုတွေအားလုံး သူတို့တွေပဲ ရမှာမဟုတ်ဘူးလား။

စိမ်းသက်သက် မာမီ့မျက်ဝန်းတွေကို နာကြည်းစွာကြည့်ပစ်လိုက်သည်။

မမုန်းချင်ပါဘူး မာမီ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ပန်းပင်လေးတွေကို ဂရုစိုက်ပျိုးထောင်လာရင်း ပန်းလေးတွေကိုချစ်တတ်လာသည်နှင့်အမျှ ပန်းလေးတွေကြေမွှာ၊ နွမ်းမှာ စိုးရိမ်လာသည်။ ပွင့်လန်းနေသော ပန်းလေးတွေကို ကတ်ကြေးလေးနှင့် တယုတယညှပ်၍ ဘုရားပန်းတင်ဖို့ ဒေါ်စောကြည်ကိုပေးလိုက်ပြီး အပင်လေးတွေကို ရေလောင်းပေါင်းသင်နေမိ၏။

အောင်မြင်နေသော ပွဲရုံကြီးကို မေမေရောင်းပစ်လိုက်၍ သူ့အတွက် အရင်လောက် အလုပ်က မများ။

ဘဏ်တွေကို တစ်ပတ်နှစ်ရက်လောက်သာ လိုက်ပို့ရပြီး တခြားအကြောင်းကိစ္စတွေနှင့်လည်း မေမေ အပြင်သိပ်မထွက်တော့၍





ပန်းပင်တွေနှင့်သာ အချိန်ကုန်နေတတ်သည်။ ဦးအုပ်စိုး အိမ်မှာမရှိတော့တာ ဝမ်းသာပေမယ့် ပွဲရုံကြီးကိုရောင်းပစ်လိုက်သည့်အတွက်တော့ ဘယ်လိုမှ စိတ်မကောင်းနိုင်။

မေမေလည်း နှမြောတာသနေမှာပါပဲ။

ညတိုင်း မြက်ခင်းပြင်က ဒရင်းဘတ်ခ်လေးပေါ်မှာ ထိုင်နေတတ်၍ မေမေစိတ်ခံစားမှုကို ခန့်မှန်းနေမိပါသည်။

"တီ တီ"

ကားဟွန်းသံကြောင့် ခေါင်းထောင်သွားသည်။

အပြေးအလွှား ခြံတံခါးသွားအဖွင့်မှာ

"ဟာ ညို့ ပိုက်ထွေးဆီလာတာလား"

"ဟင့်အင်း၊ ခွင်းဆီလာတာ၊ ခွင်းနဲ့တွေ့ချင်လို့၊ ပြီးတော့ ညို့အိမ်ကို အလည်ခေါ်မလို့"

"ဟာ၊ အဲ အဲဒါမဖြစ်ဘူး ထင်တယ်၊ ကျွန်တော့်အလုပ်ရှင်က ခွင့်ပြုမှာမဟုတ်ဘူး"

"ဟင့်အင်း အလုပ်ရှင်ဆီ ညို့ကိုယ်တိုင် ခွင့်တောင်းမှာပေါ့ ခွင်းရဲ့"

ညို့က ခြံတံခါးဝမှာပဲ ကားကိုရပ်ခဲ့ပြီး ခွင်းအနားကို လာမှာ စေ့စေ့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခွင်းက ညို့ရဲ့ ဖွတ်တရွတ်ညည်းကြောင့် မသက်မသာပြုံး သည်။

"မျက်နှာကြီးက အီးမှုန့်ထားတဲ့ရုပ်နဲ့ အလုပ်ရှင်ဆီ ခွင့်တောင်းပြီးခေါ်မှာတောင် မလိုက်ချင်ဘူးလား"

"မဟုတ်ပါဘူး။ ကျွန်တော်က အလုပ်ရှင်ရဲ့အကြောင်းကိစ္စက လွဲရင် ဘယ်မှသွားဖူး,လာဖူးတာ မဟုတ်ဘူး"

"အဲမှာ သူ့ကိုရောင်းစားမှာကျနေတာပဲ၊ အဝတ်အစားလဲပြီး ဒီနားကစောင့်နေ အောင်မြင်စေရမယ်"

သူ့နားသယ်စက ဆံပင်မွှေးလေးကို ဆတ်ခနဲဆွဲပြီး လှစ်ခနဲ အိမ်မကြီးဘက်ဝင်သွားတဲ့ ညို့ကျောပြင်လေးကို ငေးကြည့်ကာ ခွင်း ရင်မောသွားသည်။

ရဲတင်းပွင့်လင်းလွန်းသော ညို့ကြောင့် ပိုက်ထွေး ခိုးလိုးခုလု ခံစားရတာ မြင်ရလိမ့်ဦးမည် ထင်၏။

အပြင်မထွက်သေးသော ပိုက်ထွေးကားကိုကြည့်ကာ သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။

ပေါ့ပေါ့ပါးပါးပါပဲ။

"ကျွန်မ မိုးမြေဘဏ်လုပ်ငန်းက ဒေါ်မိုးသီတာရဲ့ သမီး ညို့မျက်ဝန်းပါ အန်တီ"





"ဪ အေး အေး။ မိုးရဲ့သမီးလေးလား။ ထိုင်ကွယ် သမီး။ ဘာကိစ္စများရှိလို့လဲ၊ မိုးက ဘာတွေများ အမှာပါးလိုက်လို့လဲ"

"မားမားကိစ္စမဟုတ်ပါဘူး အန်တီ၊ ဟိုလေ အဲ အန်တီတို့ အိမ်က အရိုင်ဘာခွင်းကို ညို့ အိမ်လည်လာခေါ်တာပါ၊ မားမားနဲ့ မိတ်ဆက်ပေးချင်လို့"

"ဘယ်လို"

ဒေါ်မြနန္ဒာ အံ့ဩသွားသည်။ ခွင်းကိုတဲ့။

ဘယ်အချိန်တုန်းက သိကျွမ်းခင်မင်သွားလို့ မိုးနဲ့မိတ်ဆက် တွေပေးဖို့တောင် မြန်ဆန်သွားရတာလဲ။

အရည်လဲ့နေတဲ့ မျက်ဝန်းတွေက စူးရှသလို ဆိုဖာခုံမှာ ဝင်ထိုင်လိုက်တာကလည်း ရဲရဲတင်းတင်းပင်။

မိုးသီတာ နိုင်ငံခြားမှာနေကတည်းက သူမနှင့် ဘဏ်လုပ်ငန်းချင်းဆက်စပ်ကာ ခင်မင်ကြသည်။

မိုးသီတာက ပွင့်လင်းပေမယ့် ရိုးသားသည်။ မိတ်ဆွေကောင်းပီသ၏။ နိုင်ငံခြားမှာအနေကြာပေမယ့် မြန်မာပြည်ကို တစ်နှစ်တစ်ခေါက် ပြန်လာကာ စီးပွားရေးလောကမှာလည်း ထဲထဲဝင်ဝင် နှံ့နှံ့စပ်စပ်ရှိသည်။

သူမယောက်ျားဆုံးလို့ မြန်မာပြည်ကို အပြီးပြန်လာမည်ဆို



www.burmeseclassic.com

www.burmeseclassic.com



တော့ ဟိုက လုပ်ငန်းတွေကို အပြတ်ရောင်းခဲ့ကာ မြန်မာပြည်စီးပွားရေးလောကမှာ ခြေစုံပစ်ဝင်သည်။

နဂိုက ဘဏ်လုပ်ငန်းကလည်းရှိနေသဖြင့် သူမနည်းတူ မြန်မြန်ဆန်ဆန်ပဲ အောင်မြင်ခဲ့သည်။

အခုလည်း ကြည့်ပါဦး။ သမီးလေးကလည်း ထက်ထက်မြက်မြက်ရှိမယ့်ပုံပင်။ ချောလိုက်တာလည်း မှန်လို့၊ အသားလေးတွေကလည်း ထိရက်ကိုင်ရက်စရာပင်မရှိ စိုပြည်ဝင်းအိ နုဖပ်နေလိုက်တာ။

"ဟာ ညို့ ကိုယ်ဆီအလည်လာတာလား"

သူမ ချီးမွမ်းခန်းမဆုံးခင်မှာ ညို့ကိုမြင်လိုက်သည်နှင့် ပိုက်ထွေး အပေါ်ထပ်က ဝရန်းသုန်းကားပြေးဆင်းလာသည်။ သားပိုက်ထွေးနဲ့လည်း သိနေပြန်ပါရောလားဟု အတွေးရောက်၏။

"နင့်ဆီ ဘာလို့လာရမှာလဲ၊ ငါက ခွင်းကိုလာခေါ်တာ"

"ဟင်၊ ဘာ ဘာလုပ်ဖို့လဲ၊ ညို့နဲ့ ဒီကောင် သိပ်လည်း မရင်းနှီးဘဲနဲ့၊ ဟိုတစ်ခါပဲ"

"အံမယ် တစ်ခါတည်းဆုံဖူးပေမယ့် ခွင်းက ခင်စရာကောင်းတယ်၊ မားမားနဲ့တောင် တွေ့ပေးဖို့ပြောထားလို့ လာခေါ်တာ"

"တွေ့ပြီး ဘာလုပ်ဖို့လဲ"

"နင်တို့ဆီမှာ ဒရိုင်ဘာမလုပ်စေချင်လို့ပေါ့ဟ၊ မားမားလုပ်





ငန်းတွေမှာ မန်နေဂျာလုပ်နိုင်းရင် ပိုပြီး အဆင့်အတန်းမြင့်တာပေါ့၊ မဟုတ်ဘူးလား"

"အာ အဓိပ္ပာယ်မရှိတာ ညို့ရာ၊ ညို့ဘာတွေလျှောက်လုပ်နေတာလဲ၊ ကိုယ့်အိမ်က အလုပ်သမားကို အဲလိုပေါ်တင်ကြီး ဆွဲလုတာလည်း မကောင်းဘူးနော်"

စေတနာစကား မဟုတ်၊ မနာလို၍ ပြောလိုက်ခြင်းဖြစ်သည်။ ဒါပေမဲ့ ညို့က ခပ်မဲ့မဲ့ပြုံး၍ ကိုယ့်စကားကို စိတ်ဝင်စားမှုပင်မရှိပါ။ မာမီ့ကို ခဏခေါ်သွားမယ်နော်ဟုဆိုကာ အပြုံးနှင့် နှုတ်ဆက်၍ ပြန်ထွက်သွားသည်။

ဆိုးခနဲ ဆတ်ခနဲ ညို့နောက်လိုက်ဖို့ ပြင်လိုက်သည်နှင့် ဒေါ်မြနန္ဒာက ပိုက်ထွေးလက်ကိုဖျတ်ခနဲ ဖမ်းဆွဲလိုက်၏။

"မာမီ့မိတ်ဆွေသမီးမို့ မာမီခွင့်ပြုလိုက်တာ၊ သားက ဘာလိုက်လုပ်ဦးမလို့လဲ"

"ဒရိုင်ဘာက ဒရိုင်ဘာလိုမနေရင်တော့ အလိုက်သိအောင် နည်းနည်းပါးပါးပြောရမှာပေါ့ မာမီ၊ ညို့က သားစိတ်ဝင်စားနေတဲ့ မိန်းကလေး"

"ဟိုက သားကို အသိအမှန်ပြုတဲ့ပုံတောင် မပေါ်ပါဘူး၊ သားမှာ မိန်းကလေးတွေပေါပါတယ်၊ ထားလိုက်ပါ သား"

www.burmeseclassic.com



ပိုက်ထွေးမျက်နှာကြီး ညှိုမှောင်မည်းညစ်သွားသည်။ ကာ
ကြားတော့ ဒေါ်မြနန္ဒာလက်တွင်းက ဆတ်ခနဲရုန်းကာ မှန်တံခါးက
နေ အပြင်ကိုလှမ်းကြည့်ပြီး တက်ခေါက်၏။

ထိုမြင်ကွင်းကိုမြင်လိုက်ရတဲ့ ယုယရင်ထဲ အမည်မသိ လှိုင်
တံပိုးတို့ထန်ကာ လစ်ဟာလိုက်မောသွားသည်။

ငြိမ်သက်ငေးမောသွားတဲ့ ဒေါ်မြနန္ဒာအနားမှာ ဝင်ထိုင်လိုက်
ပြီး

“ဟိုက ရာထူးကြီးကြီးပေးခေါ်ရင် ခွင်းလိုက်သွားမယ်ထင်
တယ်နော် မာမီ”

“ရာထူးဂုဏ်ဒြပ်ဆိုတာ လူတိုင်းမက်မောကြတာပဲလေ၊ မာ
တို့ဆီမှာ ကားဒရိုင်ဘာအစေအပါးထက် မန်နေဂျာအလုပ်ကိုပဲ သ
လုပ်ချင်မှာပေါ့၊ နေပါစေ၊ သူ့အတွက် ဂုဏ်ရှိတာပေါ့”

“ညို့မျက်ဝန်းဆိုတဲ့ မိန်းကလေးက ရိုင်းစိုင်းလိုက်တာနော်
သူများအိမ်ထဲ ကျူးကျူးကျော်ကျော်ဝင်ပြီး အိမ်ရှင်ကိုအားနာရမှ
မသိ ခေါ်ထုတ်သွားတယ်၊ ခွင်းကလည်း မာမီ့ခွင့်ပြုချက်ရပြီးမှ လိုက်
သွားသင့်တာပေါ့”

“အဲဒီကောင်လေး မာမီ့ဆီလာဖို့ ညှော်ခန်းဝရောက်နေပြီ
သားပိုက်ထွေးရှိနေလို့ ညို့က ဖွတ်အတင်းဆွဲခေါ်သွားတာ မာမီမြ





လိုက်တယ်၊ ကောင်းပါတယ်၊ ဒီအထိစင်လာရင် သားနဲ့ ပြဿနာ
တက်နေဦးမယ်၊ ညို့ဘက်ကလည်း ခွင်းကိုခေါ်သွားတယ်ဆိုတာ
မိုးသီတာနဲ့တွေ့ပေးကြည့်ရုံသက်သက်ပဲ ဖြစ်လိမ့်မယ်၊ လက်ခံနိုင်တဲ့
အရည်အချင်းရှိရင်တော့ မိုးသီတာကိုယ်တိုင် မာမီ့ဆီကို ဖုန်းဆက်
အသိပေးမှာ သေချာပါတယ်”

ခွင်းကို နားလည်ပေးနိုင်သော မာမီ့စိတ်ကို ယုယ အံ့ဩနေ
မိသည်။ ခွင်းနှင့်ပတ်သက်လျှင် မာကျောခြင်း၊ ပြတ်သားခြင်းတွေ
ပျောက်ဆုံးနေတာ မာမီ့ကိုယ်မာမီ သတိထားမိပါရဲ့လား။ ကိုယ်ကိုယ်
တိုင်လည်း ခွင်းကို သွေးသားရင်းချာလို ရင်းနှီးနေပြီး ခွင်းမျက်နှာကို
သေချာစေ့စေ့ကြည့်မိတဲ့အခါမျိုးမှာ မာမီနှင့် ဘယ်နေရာတွေ ဆင်ဆင်
တူမှန်းမသိ တူနေသည်ဟု ထင်မိသည်။

မျက်လုံးလေးတွေလား။ နှာတံလေးလား။ နှုတ်ခမ်းလေး
တွေလား။

ဘာမှန်းမသိ အခါခါ ခိုးကြည့်မိတဲ့အခါ

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"မင်းက မြန်နန္ဒာစံအိမ်က ဒရိုင်ဘာဆို"

"ဟုတ် ဟုတ်ပါတယ် အန်တီ"

အရှိန်အဝါကြောင့် သိမ်ငယ်နေခြင်းတော့မဟုတ်။ စေ့စေ့ ကြည့်နေလို့ လျှာခလုတ်တိုက်သွားခဲ့တာ ဖြစ်သည်။

ဒီအိမ်ကြီးထဲကို ဝင်လာကတည်းက ရှိုးတိုးရှန့်တန့်မဖြ အောင် ညို့က သူ့လက်မောင်းကို ဆုပ်ကိုင်တွဲဖက်ခေါ်လာခဲ့၏။

သူက မနေတတ်၊ မထိုင်တတ်နှင့် ဆွဲဖယ်နေသော်လည်း ခွင်း အားငယ်မှာစိုးလို့ဟု တိုးတိုးကပ်ပြောကာ ပခုံးကိုတောင် သိ ဖိဆုပ်ညှစ်လာခဲ့သေး၏။





ဧည့်ခန်းကျယ်ကြီးထဲကို ရောက်တော့လည်း အဆင်သင့် ထိုင်စောင့်နေဟန်ရှိတဲ့ သူမအမေကို

"မားမား သူက ညို့ပြောနေတဲ့ ညို့ရဲ့ဘွိုင်းဖရန့်ပါ"

ဟု မိတ်ဆက်ပေးသည်။ ရင်ထဲမှာ ကတုန်ကယင်နှင့် ကျော ချမ်းသွားကာ မျက်နှာတွေ ထူပူနီရဲလာသည်။

ဒီလောက်ထိ ပွင့်လင်းရဲတင်းလွန်းတာတော့ မိဘကို အရို အသေတန်လွန်းသည်ဟု ထင်မိသည်။ ပြီးတော့ သူနဲ့ညို့နဲ့ ဘယ်အ တိုင်းအတာထိ ရင်းနှီးပတ်သက်ရသေးလို့လဲ။

အဆင့်အတန်းဆိုတာကလည်း မိုးနဲ့မြေ။ သူ့စိတ်ကူးတောင် ယဉ့်မကြည့်မိခဲ့သေးတာ သေချာပါသည်။

ခုတော့ သမီးရှင်ရဲ့ စူးစမ်းခြင်းကို ခံနေရ၏။

အဲဒါကောင်းသလား

"မင်းရဲ့ မပြည့်စုံမှုနဲ့ အားနည်းချက်ကို သမီးပြောပြထား လို့ အန်တီသိပြီးပါပြီ၊ အန်တီလိုချင်တာကလည်း အရာအားလုံး ပြည့်စုံပြီး ကိုယ်ကျင့်တရားပျက်ပြားနေတဲ့သူကိုမဟုတ်ဘူး။ လူ့လော ကကြီးမှာ ဆင်းရဲတာ,ချမ်းသာတာထက် အကျင့်စာရိတ္တမပျက်စီးရင် လူကောင်းတစ်ယောက်ပဲ၊ လူတော်ဆိုတာက လူကောင်းက ဆင်း သက်မှ ခိုင်မြဲတာ၊ ငါ ပညာတတ်တယ်၊ ငါ ချမ်းသာတယ်၊ ငါသူ



www.burmeseclassic.com

www.burmeseclassic.com



တော်ပဲလို့ ကြုံးဝါးနေတဲ့သူတွေ, ကိုယ်ကျင့်တရားကောင်းတဲ့လူကို မြေတောင်မြှောက်ပေးနိုင်မယ်ဆိုရင်တော့ အတိုင်းထက်အလွန်ပေါ့ ကွယ်၊ မဟုတ်ဘူးလား''

အာလာပသလ္လာပ ပဋိသန္ထာရစကားပြောနေတာနှင့် မတူ။ သဘောပေါက်သလိုရှိပေမယ့် ဘယ်လိုမှ နားမလည်နိုင်အောင်ဖြစ်နေမိဆဲပင်။

ညို့မျက်ဝန်းကတော့ ကျေနပ်ပြုံးနှင့် သူမ မားမားဆက်ကဆိုဟန်မှာ ပြောင်းထိုင်ပြီး အမောပြေအောင် အအေးခွက်ကို ယူတိုက်နေသေးသည်။

ဒေါ်မိုးသီတာက အအေးခွက်ကို တစ်ဝက်လောက်ကုန်အောင်သောက်ပြီး စားပွဲပေါ်ကို ခပ်ဖြည်းဖြည်းပြန်ချ၍

''မင်းကို အရောင်ပြောင်းပေးဖို့ အန်တီစဉ်းစားထားတယ်၊ သမီးက မင်းကို အရမ်းမျှော်လင့်ထားတော့ အန်တီက ဂုဏ်ဒြပ်တူအောင် ညှိပေးရမှာပေါ့၊ မင်း ဒရိုင်ဘာအလုပ်ကထွက်ပြီး အန်တီ့ကုမ္ပဏီမှာ အတွေ့အကြုံရအောင် အရင်လုပ်ပါ၊ သင်တန်းတွေတက်ပါ၊ ပြီးရင် မင်းကို အန်တီ မန်နေဂျာရာထူးခန့်မယ်''

''ဗျာ''

''မင်း အံ့ဩသွားတာလား။ မြနန္ဒာက အန်တီရဲ့သူငယ်ချင်းပါ၊ မင်းကို သူ့ဆီက ခွင့်တောင်းပြီးမှခေါ်မှာပါ၊ မင်း အလုပ်ထွက်ရတာ အခက်အခဲမရှိရအောင်လို့လေ''





''မ မဖြစ်ပါဘူး အန်တီ၊ ကျွန်တော် ဒေါ်မြနန္ဒာရဲ့ဒရိုင်ဘာအလုပ်က ထွက်လို့မရပါဘူး''

''ခွင်း ဘယ်လိုပြောလိုက်တာလဲ''

သူ့ရဲ့ ပျာပျာသလဲငြင်းဆန်ခြင်းကို ညို့ အထိတ်တလန့်ဖြစ်သွားသည်။ ဒေါ်မိုးသီတာက ယဲ့ယဲ့ပြုံး၏။

''မင်းကားဒရိုင်ဘာအလုပ်က စာချုပ်ချုပ်ထားလို့လား။ မြနန္ဒာ ခွင့်မပြုမှာစိုးလို့လား။ တခြားအကြောင်းကိစ္စတွေ ရှိနေလို့လား''

မေးခွန်းက တစ်ခွန်းချင်း။ အေးစက်စက်ဖြစ်နေပေမယ့် သူ့ရင်ထဲမှာ အဆမတန်ပူလောင်ကာ ဘာပြန်ဖြေရမှန်းလည်း မသိ။ မေမေ့အရိပ်က ဘယ်လိုမှ ပြောင်းမပြေနိုင်တာကတော့ သေချာသည်။

''မင်းကို အန်တီ အချိန်ပေးမှာပါ၊ မင်း စဉ်းစားဦးလေ၊ ကိုယ့်ဘဝတစ်ခုလုံး မြင့်မားကောင်းစားမယ်၊ သမီးလို ထက်ထက်မြက်မြက်အရည်အချင်းရှိတဲ့ မိန်းကလေးနဲ့လည်း နီးစပ်မယ်၊ အန်တီက သမီးရှင်ဖြစ်တဲ့အတွက် မင်းကို ဖွတ်အတင်းမတိုက်တွန်းပါဘူး၊ ဂုဏ်ရည်တူအောင် ညှိပေးရမယ့် အန်တီတို့အဆင့်အတန်းကိုတော့ မင်းနားလည်ပါ''



www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းညိတ်မိသလား၊ ခေါင်းခါမိသလား သေချာမသိ မငြင်းဆန်ချင်ပေမယ့် မေမေ့အရိပ်ရှိရာကို အမြန်ဆုံး ပြန်ပြေးချင်နေသည်။

မေမေ့ကို ခွင့်မတောင်းမိခဲ့သည့်အတွက် နောင်တရချင်၏ အိမ်ပြန်လမ်းမှာ ညို့မျက်ဝန်းကိုယ်တိုင် ကားနှင့်ပြန်လိုက်ပို့သည်။

အလိုမကျမှုတွေ၊ စိတ်တိုင်းမကျမှုတွေနှင့် မျက်နှာသေ သုန်မှုန်တင်းမာလျက် လူရှင်းသော လမ်းဘေးသစ်ပင်ကြီးအောက်မှာ ညို့မျက်ဝန်း ကားလေးကို ကျွိခဲထိုးရပ်လိုက်သည်။

ကားစတီယာရင်ကိုဆုပ်ကိုင်ထားရင်း ညို့မျက်ဝန်း ဘာမှ ပြောရခင်မှာ ခွင်း ဆတ်ခနဲ ညို့ဘက်လှည့်လိုက်သည်။

"မင်းနဲ့ကိုယ်နဲ့ ဘာမှမဖြစ်ကြသေးဘဲ မင်းအမေကို ဘာတွေ လျှောက်ပြောထားတာလဲ ညို့"

"ခွင်းက မကျေနပ်ဘူးလား၊ ညို့ကတော့ ရင်ထဲရှိတာ မားမားနဲ့ ပွင့်ပွင့်လင်းလင်းပဲပြောဖြစ်တယ်၊ ညို့ဘဝမှာ ပါးပါးမ တော့တဲ့အတွက် ညို့နဲ့မားမားက အရင်းနှီးဆုံး တိုင်ပင်ဖော်တိုင်ပ ဖက်ပဲ၊ အစကတော့ ခွင်းနဲ့ပတ်သက်ပြီး အပြောင်အပျက်စကားပြေ မိပေမယ့် မားမားက ရိုးသားတဲ့သူ့, ကိုယ်ကျင့်တရားကောင်းတဲ့ ဆို မားမားတွေ့ကြည့်မယ်ဆိုပြီး ဒီလိုဖြစ်သွားတာ၊ ညို့ဘက်ကလည်း





ခွင်းကို တကယ်အလေးအနက်ဖြစ်မိသွားလို့ပါ၊ ညို့ကို ခွင်း အထင် သေးနေတာလား"

အမေးစကားနှင့် အကြည့်စိမ်းကြောင့် ခေါင်းက ဆတ်ခနဲခါ မိသည်။

"ဟင့်အင်း၊ အထင်သေးတာမဟုတ်ပါဘူး၊ ညို့ပွင့်လင်း တတ်တာကို နားလည်ပါတယ်လို့ ပြောဖူးတာပဲ၊ အခုဟာက အဆင့် တွေကျော်ကုန်ပြီး အရမ်းမြန်လွန်းတယ်"

"ဒါကတော့ ညို့တို့သားအမိအတွက် သိက္ခာသမာဓိရှိတဲ့, ရိုးသားဖြောင့်မတ်တဲ့ ယောကျ်ားကောင်းတစ်ယောက် လိုအပ်နေတာ အမှန်ပါပဲ၊ စီးပွားရေးလောကမှာ မိန်းမသားတွေချည်း လုပ်နေရတော့ ဘယ်နေရာဖြစ်ဖြစ် လူမလေးခွေးမခန့်နဲ့၊ သိုက်တူးချင်တဲ့သူတွေက သည်း အမျိုးမျိုးချဉ်းကပ်နေကြတယ်၊ ခွင်းကို အရမ်းယုံကြည်မိလို့ပါ ခွင်း၊ ခွင်းဘက်က အဲဒီလိုမျိုးတွေးနေတယ်ဆိုရင်လည်း ထားလိုက် ပါတော့၊ ညို့ကိုမေ့လိုက်ပါတော့ ခွင်းရယ်"

အကြောင်းတရားတွေ စုပြုံခံစားရလျက် ရှက်ရွံ့ခြင်းနှင့် မျက် နှာက ပြုံဆင်းလာသည်။ တော်တန်ရုံယောကျ်ားတွေအပေါ် အထင် ကြီးတတ်တဲ့ ညို့အတွက် ခွင်းရဲ့အပြုအမူအပြောအဆိုတွေက အ ထိနာစေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရင်ကလှုပ်ခတ်၍ တန်ဖိုးထားခဲ့မိသော ယောက်ျားတစ်ယောက်ရဲ့ အထင်သေးမှုကိုတော့ မခံစားနိုင်။

"ညို့ ညို့ ကိုယ် ဒီသဘောမျိုးနဲ့ပြောမိတာမဟုတ်ပါဘူး ညို့ရယ်၊ ညို့နဲ့ပတ်သက်ပြီး ကိုယ့်ရင်ထဲမှာ တစ်ခုခုရှိနေတယ်ဆိုတာ ကိုယ်ဝန်ခံပါတယ်၊ အဆင့်အတန်းမတူလို့ စိတ်ကူးမယဉ်ခဲ့တာလည်း အမှန်ပါပဲ၊ ညို့ဘက်က ဒီလိုဖန်တီးမှုကိုလည်း ကိုယ်စိတ်ဆိုးလို့မဟုတ်ပါဘူး၊ ဒါပေမဲ့ ဒေါ်မြနန္ဒာဆီက ချက်ချင်းကြီး အလုပ်ထွက်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်သေးလို့ပါ"

"ဒါ ဒါဆို ညို့ကိုတော့ ချစ်တယ်ပေါ့နော်"

မျက်ရည်တွေ မခန်းခြောက်သေးသော ကောင်မလေးကို လိုက်လိုက်လှဲလှဲခေါင်းညိတ်ပြလိုက်သည်။ ပါးပြင်လေးပေါ်မှာ ဟိုတစ်စ ဒီတစ်စလွင့်ကျနေတဲ့ ဆံနွယ်လေးတွေကိုလည်း လက်ချောင်းလေးတွေနှင့် ဖွဖွသပ်တင်ပေးမိ၏။

ညို့က သူ့မျက်နှာကို တမေ့တမောစူးငေးငေးလေးကြည့်ကာ ရင်ခွင်မှာမှီနွဲ့လာသည်။

အလိုက်သင့်ဖက်ပွေ့ကာ ဆံနွယ်လေးတွေကို မြတ်မြတ်နိုးနိုးနမ်းရှိုက်မိ၏။

ရင်ခုန်သံတွေ ပရမ်းပတာနှင့် အသွေးအသားတွေ တလိုက်





လိုက် ဆူဝေလာသည်။ သွေးကြောစိမ်းလေးတွေ ရေးရေးမြင်နေရသော ပါးပြင်လည်တိုင်လေးအနှံ့ အနမ်းမိုးတွေ ကျူးကျော်မွှေနှောက်ပစ်လိုက်၏။

မရည်ရွယ်ပေမယ့် သိပ်ချစ်မိသွားလို့ပါ ညို့ရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ခြေလှမ်းတွေ တရွေ့ရွေ့တိုးရွေ့နေပေမယ့် ကတုန်ကယင် နွဲ့ယိုင်ချင်နေသည်။ လှမ်းလိုက်တဲ့ခြေလှမ်းတိုင်းမှာ သက်ပြင်းတစ်ရှိုက်နှင့် လေးကန်ချင်နေ၏။

"မသွားပါနဲ့ လူလေးရယ်၊ နေ့လယ်က မင်းထွက်သွားတာကို အပြစ်တင်သံ မကြားရပါဘူး၊ ခုနေသွားပြောလိုက်မှ သူ့ကိုစိတ်အနှောင့်အယှက်ပေးတယ်ဆိုပြီး မင်းကိုအော်ထုတ်လိုက်မှာ"

ဦးဉာဏ်တားဆီးပေမယ့် သူ မနာခံခဲ့၊ တစ်နေကုန် မေမေ့ မျက်နှာကို မမြင်ရတော့ ရင်မှာဗလောင်ဆူနေသည်မို့ မြက်ခင်းပြင်က ခရင်းဘတ်ခုံလေးပေါ်မှာ မေမေလာထိုင်တော့ အကြာကြီး တိတ်





တဆိတ်ကြည့်နေမိခဲ့သည်။

အချိန်ကြာလာတော့ နေ့လယ်ခွင့်မတောင်းမိခဲ့သည့်ကိစ္စကို တောင်းပန်ချင်လာ၏။ ခေါ်ပြီးပြစ်တင်မာန်မဲခြင်းမရှိသည့်အတွက်လည်း ရင်မှာ လစ်ဟာနုံးချည့်နေ၏။

မေမေ ဘာပြောပြော နားထောင်ချင်သည်။ လွမ်းရသော တစ်နေ့တာအတွက် မေမေ့အကြည့်စိမ်းစိမ်းတွေအောက်မှာ အသက် ပျောက်ချင်၏။

ရှေ့တည့်တည့်မှာ ဒူးထောက်ထိုင်ချလိုက်တဲ့သူ့ကို မေမေ က အံ့အားသင့်ပြီး ငုံ့ကြည့်သည်။

"နေ့လယ်က ခွင့်မတောင်းမိလို့ပါ၊ လစာငွေ ဖြတ်ချင်ဖြတ် ပါ၊ ကြိုက်တဲ့အပြစ် ပေးပါ၊ အလုပ်မထုတ်ဘူးဆိုရင် အန်တီပေးတဲ့ အပြစ်မှန်သမျှ ခံပါ့မယ်"

ခေါင်းမမော့ရဲပေမယ့် မေမေ့သက်ပြင်းရှိုက်သံသဲ့သဲ့ကို သူ ကြားလိုက်ရသည်။ ဘယ်လိုအကြောင်းအရာတွေက မေမေ့ရင်ကို ပင်းကျုပ်နေစေသလဲ။

"မိုးသီတာတို့ပေးတဲ့ အခွင့်အရေးကို မင်း ဘာလို့ လက်မ ခံခဲ့သလဲ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆတ်ခနဲထောင်ကာ မေမေ့ကို မော့ကြည့်မိသည်။

မေမေက သူ့ကိုမကြည့်။ အမှောင်ရိပ်ထဲကိုသာ ငေးလျက်

"မိုးသီတာ ဖုန်းဆက်တယ်၊ သူ့သမီးနဲ့ပတ်သက်တာကို ပြောပြပြီး သူပေးတဲ့အခွင့်အရေးကို မယူလို့ မင်းကိုအံ့ဩတယ်တဲ့၊ မင်းက ငါ့ရဲ့ဒရိုင်ဘာအလုပ်က ထွက်လို့မရဘူးလို့ ဘာလို့ပြောခဲ့ရတာလဲ၊ ငါ့ခွင့်မပြုမှာ စိုးလို့လား။ ကိုယ့်ရဲ့ဝန်ထမ်းတစ်ယောက် အဆင့်အတန်းမြင့် ကောင်းစားမှာကို ငါ မုဒိတာပွားနိုင်ပါတယ်"

မေမေ့မျက်နှာကို မော့ငေးကြည့်ကာ မျက်ဝန်းအိမ်မှာ မျက်ရည်တွေရစ်ဝိုင်းလာသည်။ သူစိမ်းတစ်ယောက်အသိနဲ့ ဥပေက္ခာပြုနိုင်တာလား။ ကိုးလလွယ်ဆယ်လဖွားခဲ့တဲ့ သားတစ်ယောက်ပါလို့ သိခဲ့ရင်ရော စွန့်လွှတ်နိုင်မှာပဲလား။

သားက ဟိုအရင်ကတည်းက အစွန့်ပစ်ခံသားတစ်ယောက်ပဲ မဟုတ်လား မေမေရယ်။

"မနက်ဖြန်ကစပြီး ငါ့ရဲ့ဒရိုင်ဘာမလုပ်နဲ့တော့၊ ညို့နဲ့ အဆင်ပြေအောင်နေ၊ မိုးသီတာရဲ့သားမက်ဖြစ်ပြီဆိုရင် မင်းဘဝတစ်ခုလုံး အဆင့်အတန်းဂုဏ်ဒြပ်အရာအားလုံး ပြည့်စုံပြီ"

"ဟင့်အင်း၊ ကျွန်တော် မလုပ်ချင်ဘူး"

"ဘာ မင်း မင်း ညို့ကိုမချစ်လို့လား၊ ကျောရရုံကြံချင်လို့ လား"

"မဟုတ်ပါဘူး၊ ကျွန်တော် ညို့ကို တကယ်ချစ်တာပါ"

"ဒါဖြင့်"

စကားအထောက်မှာ အသက်ရှူကျပ်သွား၏။

အသိစိတ်အားလုံး ပျောက်ဆုံးကာ ခံစားရသမျှ ရင်ဖွင့်ပြောပြလိုက်ချင်သည်။

ဒါပေမဲ့ မေမေ နှလုံးသားနဲ့ ခံစားတတ်မှာမှ မဟုတ်ဘဲလေ။

"ကျွ ကျွန်တော် အနိုတိရဲ့ အစေအပါးတစ်ယောက်ပဲ ဖြစ်ချင်ပါတယ်"

"ကျစ်"

ကျစ်ခနဲ စုတ်သပ်သံမှာ ဒေါသကြောင့် အံကြိတ်သလိုဖြစ်သွားခဲ့သည်။ ဒီကလေး ဘာကြောင့် လမ်းစပျောက်နေရတာလဲ။

မမျှော်မှန်းရဲလောက်တဲ့ အခွင့်အရေးကြီးကို စွန့်လွှတ်ပြီး ဒီကလေး သူမဆီက ဘာလိုချင်တာလဲ။ ဘာကိုရယူချင်တာလဲ။

"အဲဒီကလေးကို မြင်လိုက်တော့ မိုးစိတ်ထဲ ဇဝေဇဝါ တောင်ဖြစ်သွားတယ်၊ ဒရိုင်ဘာဆိုပေမယ့် အသားအရေက အရမ်းလှတယ် နော်၊ မျက်နှာပေါက တစ်ခုခုကလည်း ဟို မြကလေးနဲ့ ဆင်သလို ပဲ မိုးပေးတဲ့ အခွင့်အရေးကို မယူဘဲ အထိတ်တလန့်ငြင်းလိုက်တော့







www.burmeseclassic.com

www.burmeseclassic.com



မိုး အရမ်းကိုအုံ့ဆိုင်းသွားတာ မြကလေးရဲ့ ဒေါ်မြနန္ဒာရဲ့ ဒရိုင်ဘာ အလုပ်က ထွက်လို့မဖြစ်ပါဘူးတဲ့လေ၊ ခွင်းဆိုတဲ့ ကောင်လေးနဲ့ မြ ကလေးနဲ့အကြောင်းရေစက် တစ်ခုခုတော့ ရှိလိမ့်မယ် ထင်တယ်နော်"

မိုးသီတာ အဲလိုဖုန်းဆက်ပြီးကတည်းက သူမစိတ်တွေ ဂနာ မငြိမ်ခဲ့တာ။ အမှတ်တမဲ့ တုန်လှုပ်ချောက်ချားပြီးတဲ့နေ့ကစပြီး ဒီ ကောင်လေးကို စေ့စေ့မကြည့်မိတာ ဘယ်လောက်ကြာပြီလဲ။

ခုတော့ သူများတွေတောင် သတိထားမိနေပြီမို့ တိုက်ဆိုက် တဲ့အကြောင်းရေစက် မဖြစ်နိုင်။

ဒါဆို တမင်တကာ ဖန်တီးမှုလား။ အလင်းရောင် မပီပြင် တဲ့လရောင်အောက်က ကောင်လေးမျက်နှာကို စေ့စေ့ငုံ့ကြည့်ဖို့ မဝံ့ မရဲဖြစ်နေသည်။

မဖြစ်နိုင်ဘူးဆိုတာ သေချာနေသည်မို့ မကြည့်ရဲစရာလည်း မရှိပါ။ ပြီးတော့ ကိုယ်က အလုပ်ရှင်၊ သူက ကိုယ့်ရဲ့အစေအပါး။

"ဟင် မင်း မင်းမျက်ရည်တွေကျနေတယ်၊ ငို ငိုနေတာ လား"

သူမရင်ထဲ လှုပ်လှုပ်ခတ်ခတ်ဖြစ်ကာ အလန့်တကြားမေး မိတော့ မျက်ရည်တွေကို လက်ခုံနှင့် ခပ်ကြမ်းကြမ်းပွတ်သုတ်ပစ်၏။

"မျက်ရည်တွေကျနေတာ ကျွန်တော့်ကိုယ်ကျွန်တော်တောင်





မသိလိုက်ဘူး၊ အဖေနဲ့အမေ့ကို သတိရမိလို့ဖြစ်မှာပါ၊ အန် အန်တီ က ကျွန်တော့်အမေနဲ့ နည်းနည်းတူတယ်၊ အဲ အဲဒါကြောင့် အန်တီ ဆီမှာပဲ ကျွန်တော်အလုပ်လုပ်ချင်တာပါ၊ အန်တီ့ကိုမြင်နေရရင် ကျွန် တော့်အမေကို အလွမ်းပြေတာပေါ့၊ အန်တီရယ်၊ ကျွန်တော့်ကို အလုပ် မထုတ်ပါနဲ့နော်"

ဗလုံးဗထွေးရှိုက်သံကြောင့် ရင်ထဲမှာ နင့်ခနဲဖြစ်သည်။

ကောင်လေးအမေက သူမနှင့်တူလို့ ကောင်လေးက သူမ နှင့်တူတာလား။

ဒါဆို ထွန်းလူဆိုတဲ့ မောင်နဲ့တူနေရတဲ့ အစိတ်အပိုင်းတွေ က ဘာကြောင့်လဲ။ မောင့်ကိုမုန်းတဲ့စိတ်နှင့် မောင့်ပုံရိပ်တွေ ကပ် ငြိနေတဲ့ ထိုကောင်လေးကို ပစ်စလက်ခတ် ဥပေက္ခာပြုသင့်ပါလျက်နဲ့ ဒီလိုသံမာမာပြောဖို့တောင် အင်အားမရှိခဲ့တာကရော ဘာကြောင့်လဲ၊

အတွေးတွေ ယောက်ယက်ခတ်လျက် ရင်ထဲမှာ ပြောင်းဆန် နေသည်။ ပုဆစ်တုပ်ထိုင်နေသော ထိုကောင်လေးကို နောက်တစ် ကြိမ်မကြည့်မိအောင် ကြိုးစားရင်း ပြုန်းခနဲထရပ်လိုက်သည်။

"တစ်ခုခုပြောခဲ့ပါ အန်တီ"

"ကောင်းပြီ မင်းနေချင်သရွေ့ နေနိုင်ပါတယ်၊ ဒါပေမဲ့ မင်းဘာဝအတွက် ငါ ဘာမှလုပ်ပေးနိုင်မှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးလှည့်ထွက်လာခဲ့တော့ ကျေးဇူးတင်ပါတယ်ဆိုတဲ့ စကားသံလေး တိုးတိုးခွေ့ခွေ့ကပ်ပါလာသည်။

ဘာကြောင့်လဲဆိုတာ အဖြေမရှာချင်။

သူမကိုယ်တိုင်လည်း ဒီအိမ်ကြီးရဲ့ တစ်နေရာမှာ ဒီကောင်လေးကို ရှိနေစေချင်သည် မဟုတ်ပါလား။

မောင့်ကိုမုန်းတယ်။

ဒါပေမဲ့ မေ့မပစ်လိုက်နိုင်တာ အချစ်ကြောင့်ပဲ ဖြစ်မှာပါ မောင်။

✿ ✿ ✿



## အခန်း (၁၃)

"မာမီ သားမွေးနေ့ ဒီခြံထဲမှာ လုပ်ချင်တယ်၊ သူငယ်ချင်းတွေနဲ့ ပွဲဆူအောင် တီးဝိုင်းလေးပါ ထည့်မလားလို့၊ ကောင်းတယ် မဟုတ်လား မာမီ"

စားရင်းသောက်ရင်း တက်တက်ကြွကြွပြောနေတဲ့ ပိုက်ထွေးစကားကြောင့် ဒေါ်မြနန္ဒာ ထမင်းစားချင်စိတ်တောင် ကုန်သွားသည်။ ဘယ်လိုမှ အလိုက်မသိ နားမလည်သည့် ပိုက်ထွေးပါလား။

"သား မွေးနေ့လုပ်ချင်တယ်ဆိုရင် အရင်နှစ်တွေလိုပဲ ဘုန်းကြီးကျောင်းမှာ ဆွမ်းချိုင့်သွားပို့၊ သူငယ်ချင်းတွေကို ဟိုတယ်မှာ လိုက်ကျွေး။ သားလိုချင်တဲ့ မွေးနေ့လက်ဆောင် မာမီဆီက တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



တောင်း၊ တော်ပြီပေါ့သားရယ်၊ အိမ်မှာလုပ်မယ်ဆိုရင် ကရိကထ လည်း များတယ်၊ လူလည်း ပင်ပန်းတယ်၊ အိမ်မှာက အလုပ်သမ လည်း သိပ်ရှိတာမဟုတ်ဘူး''

''မာမီရာ သားပြောလိုက်ရင် တစ်ခွန်းတည်း, တစ်ခါတည် လိုက်လျောဖို့ အရမ်းဝန်လေးတာပဲ၊ နှစ်တိုင်း မာမီပြောသလိုပဲ သာ လုပ်ခဲ့တာ၊ ဒီနှစ်တော့ သားလုပ်ချင်သလို လုပ်ပါရစေ မာမီရာ နော် သားသူငယ်ချင်းတွေနဲ့လည်း တိုင်ပင်ပြီးသားဖြစ်နေလို့ပါ''

''ကိုကိုကလေ မာမီ့ကို အရမ်းစိတ်ဆင်းရဲအောင်လုပ်တာ မာမီက အခုရက်တွေမှာ စိတ်ပင်ပန်း,လူပင်ပန်းဖြစ်နေတာ ကိုကို မသိဘူးလား''

ယုယက ဖွန်းသံ ပန်းကန်သံပေးပြီး ဝင်ပြောတော့ ပိုက်ထွေ က မြှုန်းခနဲထရပ်ကာ ယုယခေါင်းကို ခေါက်ခနဲ ခေါက်ချလိုက်သည်

''နင်က အငယ်၊ ငါ့ကို ဆရာလာမလုပ်ပါနဲ့၊ မာမီ စိတ်ပ ပန်းတာ ပွဲရုံရောင်းလိုက်ရလို့ မဟုတ်လား။ အဲဒီပွဲရုံက ဒယ်ဒီ့ကို ဒ အိမ်မှာမရှိစေချင်လို့ ရောင်းပေးလိုက်တာ၊ ဘာစိတ်ဆင်းရဲစရာလိုလဲ''

''ကဲ သား ပိုက်ထွေး ပြန်ထိုင်စမ်း။ မင်းလုပ်ချင်တာလုပ် ငါ ဘာမှမပြောတော့ဘူး၊ သမီးလည်း ဘာမှဝင်မပြောနဲ့၊ ဒီအဖေ ဒီသား အတူတူပဲ၊ ငါ့ကိုစိတ်သောကပေးဖို့ လူဖြစ်လာကြတာဖြစ်းယ်''





တစ်ဝက်မကျိုးသေးသော ထမင်းပန်းကန်ကို ဒီအတိုင်းထား၍ ဒေါ်မြနန္ဒာထွက်သွားသည်။

နောက်ဖေးတံခါးပေါက်ကနေ ထမင်းစားဖို့ ဝင်လာတဲ့ ခွင်း က အကြောင်းစုံမြင်လိုက် ကြားလိုက်၍ မေမေ့အတွက် စိတ်မကောင်း။

ကျွေးမွေးရကျိုးမနပ်တဲ့ ပိုက်ထွေးကိုကြည့်ပြီး မေမေ့အ ား ရင်နာမိသည်။ ယုယကို ညီမလေးတစ်ယောက်လို သံယောဇဉ် ရှိပေမယ့် ပိုက်ထွေးကိုတော့ ဘယ်လိုမှ စေတနာမေတ္တာထားကြည့် လို့မရပေ။

ပိုက်ထွေးကလည်း သူ့ကို ဒီအတိုင်းပဲရှိလိမ့်မည် ထင်သည်။

''ဟိတ်ကောင် ထမင်းမစားခင် ငါ့အနားလာဦး''

ခေါ်ပုံက ရင့်ရင့်သီးသီး။

ထမင်းပန်းကန်ချပြီး အနားရောက်သွားတော့ ခွင်း အင်္ကျီ ရင်ဘတ်စကို ဆောင့်ခနဲဆွဲသည်။

''ဒူးနေရာဒူး, တော်နေရာတော်၊ ကိုယ့်အဆင့် ကိုယ်နား လည်ရင် နောက်တစ်ခါ ညီ့အနားမှာ မင်းကိုမမြင်ချင်ဘူး။ နားလည် လား။ အေး အနေအထိုင်မတတ်ရင်တော့ ဒီအိမ်က ခေါင်းနဲ့ဆင်းရ မယ် မှတ်''

''ကိုကို အဲလို မိုက်မိုက်ရိုင်းရိုင်းမလုပ်နဲ့ ခွင်းက တွယ်ကပ်



www.burmeseclassic.com

www.burmeseclassic.com



နေတာမဟုတ်ဘူး။ ဟိုမိန်းမက ရာထူးဂုဏ်ဒြပ်ပေးပြီး မြူဆွယ်နေတာ၊ ခွင်းသာမက်မောရင် ခွင်းကို ဒီအိမ်မှာတောင် မြင်ရတော့မှာ မဟုတ်ဘူး၊ သိလား''

''ဘာ''

''ဘာမနေနဲ့၊ ကျွန်တော်အကျီကို ဆုပ်ကိုင်ထားတဲ့ ခင်ဗျား လက်တွေကို လွှတ်လိုက်တော့''

''မင်းကများ ငါ့ကို''

ပိုက်ထွေးက လက်သီးရွယ်သည်။ ယုယက ကြားဝင်ဖျန်ဖြေ၏။ ထိုအချိန်မှာ ဦးဉာဏ် အပြေးအလွှားရောက်လာပြီး

''ဟာ ခွင်းတို့ ဘာဖြစ်ကြတာလဲ၊ ထမင်းစားဝိုင်းမှာ ပြဿနာတက်တာ မကောင်းပါဘူး။ မြကလေးသိရင်လည်း အပြစ်ပေးခံရဦးမယ်၊ ခွင်းက သည်းခံလိုက်ပါ။ မောင်ပိုက်ထွေးလည်း အေးအေးဆေးဆေးစိတ်လျှော့ပြီး ထမင်းစားလိုက်ပါနော်၊ ဦးဉာဏ်တောင်းပန်ပါတယ်ကွာ''

ခွင်းကို ထမင်းစားပွဲဝိုင်းလေးနားမှာ ထိုင်ခိုင်းပြီး ပိုက်ထွေးကိုလည်း ဦးဉာဏ် ပျာပျာသလဲ တောင်းပန်နေသည်။

ပိုက်ထွေးက တရှူးရှူးတရှားရှားဖြစ်နေသော ဒေါသတွေ မပြေပျောက်နိုင်စွာနှင့် ခွင်းတို့အတွက် ပြင်ပေးထားသော ထမင်းစားပွဲဝိုင်းလေးကို ဝုန်းခနဲကန်ချပစ်လိုက်သည်။

''ဒေါ်စောကြည် ဒီကောင့်ကို ဒီနေ့ထမင်းမကျွေးနဲ့၊ အဲဒါတွေအကုန်လုံး ခွေးစာခွက်ထဲထည့်လိုက်''

ဒီလောက်ထိ မိုက်ရိုင်းမည် ထင်မထားသောကြောင့် ပြောပြီးခြေလှမ်းကျဲကြီးနှင့် လှမ်းထွက်သွားသော ပိုက်ထွေးကျောပြင်ကို ကြည့်ကာ အားလုံး အံ့အားသင့်နေကြသည်။

တက်တစ်ချက်ခေါက်၍ ခွင်းလက်သီးဆုပ်က တင်းခနဲဖြစ်သော်လည်း ဘာတုံ့ပြန်မှုမှ လုပ်ခွင့်မရ။

ယုယက မျက်ရည်အဝဲသားနှင့် သူ့အနားရောက်လာကာ ဒူးထောက်ထိုင်ချလိုက်ပြီး

''စိတ်မကောင်းမဖြစ်ပါနဲ့ ခွင်းရယ်၊ ကိုကိုက တစ်ခါတလေ ဒီလိုစိတ်ရိုင်းဝင်တတ်တယ်၊ ယု တောင်းပန်ပါတယ်နော်''

''နင်တောင်းပန်စရာ မလိုပါဘူး ယုယ၊ နင်မှားတာမှ မဟုတ်တာ''

''ကိုကိုမှားမှန်း သိပါတယ်၊ ဒါပေမဲ့''

''ခြေမ,မကောင်း ခြေမ, လက်မ,မကောင်း လက်မ၊ ငါနားလည်ပါတယ်၊ ပိုက်ထွေးစိတ်နဲ့ နင် မတူဘူးဆိုတာလည်း ငါသိတယ်၊ ငါက နင်တို့အိမ်က အစေအပါးပဲဟာ၊ ဒီလောက်တော့ ခံနိုင်ရည်ရှိမှာ







www.burmeseclassic.com

www.burmeseclassic.com



ပေါ့''

ပြန့်ကျဲနေသော ထမင်းဟင်းတွေနှင့် ပန်းကန်တွေကိုကျော်ခွကာ သူထွက်လာခဲ့သည်။ ခံစားရသမျှ မျိုသိပ်သိုဝှက်ရတာ ရင်ဘတ်ကြီးတစ်ခုလုံး နာကျင်နေ၏။ မေမေနှင့်သာ ပတ်သက်မှုမရှိဘူးဆိုလျှင် ပိုက်ထွေးလိုလူမျိုး နောင်ဘဝမှာလည်း ပြန်မဆုံချင်။

ဒီဘဝမှာတော့ မေမေ့ရဲ့ အသွေး အသား အရိုး ဘာပဲဖြစ်ဖြစ် ခေါင်းငုံ့အရှုံးပေးဖြစ်မှာပါ။

အဲဒါ မေမေ့ကြောင့်ပါ မေမေ။

✿ ✿ ✿



### အခန်း (၂၀)

ဘာမှမစားရသေးသော ဗိုက်ကြီးက နေမထိ ထိုင်မသာ တဂွီဂွီ တဂွမ်ဂွမ်ဖြစ်နေသည်။ သူရာ ဦးညာဏ်ရော ရေသောက်လိုက်၊ မှောက်အိပ်လိုက်နှင့် သင်ဖြူးဖျာပေါ်မှာ အလူးလူးအလိမ့်လိမ့်။

''ခွင်း ဦးညာဏ် ဦးညာဏ် ခွင်း''

ထရံကို တဗုန်းဗုန်းပုတ်သံနှင့် တကြော်ကြော်ခေါ်နေတဲ့ ယုယအသံစူးစူးလေးကြောင့် ဦးညာဏ်က သူ့ကိုမေးငေါ့ပြပြီး တံခါးဖွင့်ခိုင်းသည်။ သူ ဒယီးဒယိုင်ထကာ တံခါးဖွင့်လိုက်သည်နှင့် ယုယကို အထုပ်အပိုးတွေ၊ မုန့်ပုံးတွေပွေ့ပိုက်လျက်သား တွေ့လိုက်ရသည်။

''မာမီ ပေးခိုင်းလိုက်တာ''



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"ဪ ညနေက ကိုကိုနဲ့ဖြစ်တဲ့ကိစ္စ မာမီ ဒရင်းဘတ်ဒ်လေးပေါ် သွားထိုင်မှ ပြောဖြစ်တယ်၊ ခွင်းတို့အတွက် မာမီ တော်တော် စိတ်မကောင်းဖြစ်နေတာ၊ အဲဒါ အိမ်မှာရှိတဲ့ ပေါင်မုန့်တွေ၊ ကိတ်မုန့်တွေ၊ မုန့်ပုံးတွေ သွားပေးလိုက်ပါဆိုလို့ ယုယလာပေးတာ၊ ဟိုလေ ဒါတွေနဲ့ မတင်းတိမ်ဘူးဆိုရင် ဒေါ်စောကြည်တို့ကိုနှိုးပြီး ထမင်းချက်ခိုင်းပေးမယ်တဲ့၊ မှာလိုက်သေးတယ်"

"ဟာ ဒါ ဒါတွေနဲ့ဖြစ်တယ် ယုယ၊ ဒါတွေတောင် တော်တော်တောင်များနေပါပြီ၊ အန် အန်တီ့ကိုကျေးဇူးတင်ပါတယ်လို့ ပြောလိုက်ပါ၊ ဘာမှလည်း စိတ်မကောင်းမဖြစ်ပါနဲ့လို့၊ နော် ယုယ၊ ပြောဖြစ်အောင် ပြောလိုက်နော်"

"အင်းပါ၊ ပြောလိုက်ပါ့မယ်၊ တကတဲ သူက ပြန်ပူနေသေးတယ်"

ခြေလေးဆောင့်ကာ ယုယပြန်သွားတဲ့အထိ ကတုန်ကယင်နှင့် အလိုက်သည်းလှိုက် ခွင်းပျော်နေမိသည်။ လူးလဲ၍ အိပ်ရာထဲကထလာတဲ့ ဦးညာဏ်လက်ကြီး ဆွဲထိုင်ခိုင်းလိုက်ကာ

"မေမေက ကျွန်တော်တို့အတွက် စိတ်မကောင်းဖြစ်နေတာတဲ့၊ ကျွန်တော်တို့ ဗိုက်ဆာမှာစိုးလို့ ပေးခိုင်းလိုက်တာတဲ့ ဦးညာဏ်





ရေ့"

"အေးပါဟ၊ ငါလည်း ကြားပါတယ်၊ လန်းတဲ့၊ အဲလောက်အူမြူးသွားရသလား"

"ပျော်နေတာပေါ့ ဦးညာဏ်ရာ၊ ကျွန်တော့်ရင်ဘတ်ကြီးကိုမေးကြည့်ပါဦး၊ တဒုတ်ဒုတ်နဲ့၊ မေမေ့ဂရုစိုက်မှုကို ဒါ ပထမဆုံးအကြိမ် ရတာလေ ဦးညာဏ်ရ"

ဝမ်းသာလွန်းတော့လည်း မျက်ရည်က မျက်ဝန်းအိမ်အပြည့်ရစ်ဝိုင်းလာပြန်သည်၊ မုန့်တွေကို မစားနိုင်သေးဘဲ တန်းလျားလေးပေါ်က လွှားခနဲခုန်ဆင်းကာ မေမေ့ကို ပုန်းလျှိုးကွယ်လျှိုးသွားကြည့်မိ၏။

သူမှာလိုက်သောစကားတွေ ယုယပြန်ပြောတဲ့အခါ မေမေပိတိနှင့်ပြုံးနေမှာပါ။ ထိုအပြုံးလေးကို ထုပ်ပိုးပြီး သူ့ရင်ထဲမှာ တယုတယ သိမ်းထားချင်သည်။

ဒါပေမဲ့ အလင်းအားများတဲ့ ခြံထဲ မီးတွေအားလုံးမှိတ်ချထားသလို၊ လကလည်း လမိုက်ရက်ဖြစ်သဖြင့် ညမီးရောင်ပြာလဲ့လဲ့ ကွက်တိကွက်ကြားအောက်က မေမေ့မျက်နှာကို ပီပီပြင်ပြင် မမြင်ရချေ။

ဘာပဲဖြစ်ဖြစ် သူကျေနပ်သည်။ ပျော်နေသည်။

တစ်ညလုံး ထိုခံစားမှုနှင့် အိပ်ပျော်တော့မည်မထင်။

ယုယနှင့်မေမေ အိမ်မကြီးထဲဝင်သွားမှ ခုန်ပေါက်ကာ သူ



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာခဲ့သည်။

"မင်း အပျော်တွေကို အားမပေးချင်လို့တော့ မဟုတ်ဘူး။ ဒါပေမဲ့ သားတစ်ယောက်ဆိုတဲ့အသိနဲ့ မင်းကို ဂရုစိုက်ပြတာ မဟုတ်ဘူးဆိုတာတော့ မင်း သိတယ်မဟုတ်လား လူလေး"

"ကျွန်တော် သိပါတယ် ဦးဉာဏ်၊ ဒါပေမဲ့ ဘာကြောင့်ပဲရရ ဘာတွေပဲဖြစ်ဖြစ် မေမေပေးသမျှ ကျွန်တော်ကြည်နူးတယ်"

"မင်းအမေကို မင်း အဲလောက်တောင်ချစ်သလား ခွင်း"

"မွေးကတည်းက မိခင်မေတ္တာဆိုတာ ခံမှမခံစားဖူးခဲ့တာ ဦးဉာဏ်ရယ်၊ မကျေမနပ်ဖြစ်နေခဲ့တဲ့အချိန်တွေကိုတောင် ကျွန်တော် နောင်တရနေမိတယ်"

BURMESE CLASSIC .com

"ညို့မျက်ဝန်းဆိုတဲ့ ကောင်မလေးနဲ့ မင်းအမေ တစ်ယောက်ယောက်ကို ရွေးချယ်ရမယ်ဆိုရင်ရော"

ဦးဉာဏ်မေးခွန်းက အဖြေရကျပ်စေ၏။ နှစ်ယောက်လုံး သူ့ရင်ဘတ်တစ်နေရာစီမှာ တန်ဖိုးထားရတာချင်း တူညီနေသည်မို့ ဘယ်အရာကိုမှ မစွန့်လွှတ်ချင်။

ဒါပေမဲ့ ညို့မျက်နှာနှင့် မေမေ့မျက်နှာ ယှဉ်တွဲမြင်ယောင်ကြည့်သောအခါ ညို့မျက်နှာလေးက မှုန်ဝါးပါးလွှာသွားသည်မို့ တစ်ခဏချင်း သူ့စိတ်တွေ ရဲရင့်ပြတ်သားသွားခဲ့သည်။





"ကျွန်တော့်ဘဝမှာ မေမေက ဘယ်အရာနဲ့မှ အစားထိုးလဲလှယ်လို့မရတဲ့ တန်ဖိုးအကြီးဆုံး အရှင်သခင်ပါ၊ ခစားစေလို့ အမိန့်ပေးလိုက်တာနဲ့ ဒူးထောက်ခယည္ဆွတ်တွားပြီး သေဆိုသေ, ရှင်ဆိုရှင် နာခံဖို့ ဝန်မလေးဘူး ဦးဉာဏ်၊ ပြည်နှင်ဒဏ်ပေးမှာကို ခံနိုင်ရည် မရှိတာကလွဲရင်ပေါ့"

"လူလေးရယ် မင်းလိုသားကောင်းတစ်ယောက်ကို တစ်နေ့နေ့မှာ မြနန္ဒာ မေတ္တာတွေအပြည့်နဲ့ လက်ခံနိုင်ပါစေလို့ ဦးဉာဏ် ဆုတောင်းပါတယ်ကွာ၊ အသွားအပြန်ရှိတဲ့ မေတ္တာရဲ့သဘောကို တဖြည်းဖြည်း မြနန္ဒာသဘောပေါက်လာမှာပါ၊ ဘယ်လိုအကြောင်းမှ မင်းရဲ့စိတ်တွေ မပြောင်းလဲ, မယိမ်းယိုင်စေနဲ့၊ သိုသိပ်နိုင်အောင် ကြိုးစားပြီး သူ့ရဲ့အမုန်းတွေကို နှောင်ကြိုးတွေနဲ့ ရစ်ပတ်ဖယ်ရှားနိုင်အောင် စိတ်ရှည်ရှည်ထားပါ လူလေး"

ဦးဉာဏ်ကို အားမာန်တွေနှင့် ခေါင်းညိတ်ကတိပေးလိုက်သည်။ တောင့်တသမျှ မေမေမေတ္တာတွေပဲဖြစ်ကာ ပေးဆပ်ချင်တာကလည်း သားတစ်ယောက်ရဲ့မေတ္တာတွေပဲ ဖြစ်မည်။

ထိုမေတ္တာတရားတွေ စစ်မှန်ခဲ့လျှင်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ဘာမှ လာပြောမနေနဲ့၊ မင်းမွေးနေ့ကို ငါ ဘယ်လိုလုပ်လာလို့ရမှာလဲ၊ မြနန္ဒာက ငါ့ကို အိမ်ရိပ်တောင် လာမနင်းနဲ့လို့ ပြောထားတာ"

"သူပြောသမျှ နာခံလို့ရမလား ဒယ်ဒီ၊ သားက ဒယ်ဒီ့သားပဲဥစ္စာ၊ သားမွေးနေ့မှာ ဒယ်ဒီရှိနေတာ တားဆီးပိုင်ခွင့် မရှိဘူး"

"ဒါပေမဲ့ ဒယ်ဒီလာရင်း သီဂီလေးကလည်း လိုက်ချင်မှာပဲသား၊ သူက မြနန္ဒာစံအိမ်ကြီးကို သူလည်းပိုင်ဆိုင်ရမယ်လို့ တွက်ထားတာ"

"ဟင် သူကဘာလို့ ပိုင်ဆိုင်ရမှာလဲ"





ဦးအုပ်စိုးက ချက်ချင်းမဖြေ၊ ဘီယာတစ်ခွက်ကို အပြည့်ဖ့လိုက်ပြီး တစ်ဝက်လောက် ကုန်အောင်မော့သောက်ပြီးမှ လေးလေးပင်ပင် သက်ပြင်းရှိုက်၏။

"ဒယ်ဒီ အကြွားပိုခဲ့မိလို့ပေါ့သားရယ်၊ မြနန္ဒာစံအိမ်ကြီးနဲ့တ်သက်သမျှ ဒယ်ဒီ တစ်ဝက်ပိုင်ဆိုင်တယ်၊ သူ့ကိုလည်း ခေါ်ထားနိုင်တဲ့အခွင့်အာဏာရှိတယ်လို့ ပြောထားမိတယ်၊ သားနဲ့သမီး မျက်နှာနဲ့ မြနန္ဒာ ဒီလိုပြတ်ပြတ်သားသားဆုံးဖြတ်မယ်လည်း မထင်မိဘူးလေ"

"ဒယ်ဒီကိုက သိန်းတစ်ထောင်လောက်ကို ရောင့်ရဲတင်းတိမ်ပြီး ကွာရှင်းလက်မှတ်မှာ လက်မှတ်ထိုးပေးခဲ့တာကိုး၊ ကိုယ်ကယောကျ်ားပဲ၊ မိန်းမတစ်ယောက်ရဲ့ ဝတ္တရားမကျေပွန်လို့ နောက်အငယ်အနှောင်းထားတာ ဘာဖြစ်လဲ၊ ပိုင်ဆိုင်ခွင့်ဆိုတာ အရှုံးအရှင်းပဲ ရလိုက်တာ၊ ဒယ်ဒီညံ့တာပေါ့"

"အဲဒီအချိန်က ဒယ်ဒီ့မှာလည်း အခက်တွေ့နေလို့ပါ သားရယ်၊ သီဂီလေးက သူ့မိသားစုကို အိမ်ဝယ်ပေးချင်တယ်၊ အကြွေးတွေ ဆပ်ပေးချင်တယ်၊ တကျိကျိလုပ်နေတော့ အဲဒီသိန်းတစ်ထောင်ယူပြီး ဖြေရှင်းပေးလိုက်ရတာ၊ အခုလည်း ဟန်းနီးမွန်းထွက်တာ၊ တိုက်ခန်းငှားနေတာနဲ့ ငွေလက်ကျန်တောင် သိပ်မရှိတော့ဘူး။ ဦး



www.burmeseclassic.com

www.burmeseclassic.com



ပွားရေးလုပ်ဖို့လည်း ဒီငွေလေးနဲ့ ဘာမှကြီးကြီးမားမားလုပ်လို့ရမှာ မဟုတ်ဘူး သားရယ်၊ ဒယ်ဒီ အရမ်းစိတ်ညစ်နေတယ်''

ဘီယာတွေ တစ်ခွက်ပြီးတစ်ခွက် ဆင့်သောက်ပြီး ဦးအုပ်စိုး ညည်းညည်းညူညူဖြစ်နေတော့ ဒယ်ဒီ့အတွက် ပိုက်ထွေး စိတ်မကောင်းနိုင်။

မြန်နန္ဒာစံအိမ်ကြီးမှာနေစဉ်က အမြဲတမ်း တက်ကြွလန်းဆန်းပြီး ကားတစီစီနှင့် လူငယ်လေးတစ်ယောက်လို အပူအပင်မရှိခဲ့သူ။ အခုတော့ အဖေ့မိန်းမ သိင်္ဂီ အပြင်သွားစရာရှိလို့ ကားပေးလိုက်ရ၍ ကိုယ်ပိုင်ဆိုင်းထားတဲ့ ဒီစားသောက်ဆိုင်ကို Taxi ငှားပြီးလာခဲ့ရတာတဲ့။

အဝတ်အစားကလည်း ခေါက်ရိုးတွန့်ကျေလို့၊ သန့်သန့်ပြန့်ပြန့်လည်း မရှိ။ ဟမ်းဖုန်းလည်း လက်ထဲမှာမမြင်။ မိန်းမငယ်ငယ်လေးကိုပဲ ပေးထားတာနေမှာပေါ့။

ဒါတွေအားလုံးက မာမီကြောင့်။ မာမီနှင်ချလို့ ဒယ်ဒီ မြန်နန္ဒာစံအိမ်ကြီးက ဆင်းသွားခဲ့ရတာ။

မတန်မရာထောက်ပံ့မှုလေးနှင့် လမ်းဘေးရောက်အောင် လုပ်လိုက်သော မာမီ့ကို မကျေနပ်။

''ဒယ်ဒီ''





ဘီယာခွက်ကိုင်နေသော ဒယ်ဒီ့လက်ပေါ်ဆုပ်ကိုင်ပြီး ပိုက်ထွေးခေါ်လိုက်တော့ ဘီယာခွက်လွှတ်လိုက်ကာ ပိုက်ထွေးကို ဒယ်ဒီ မော့ကြည့်သည်။

''မာမီ့ကို ဒီအတိုင်းအရှုံးပေးလိုက်လို့တော့ မဖြစ်ဘူး ဒယ်ဒီ''

''ဘာလုပ်နိုင်ဦးမှာလဲကွာ၊ စာချုပ်စာတမ်းနဲ့ ပြီးပြီးသားကိစ္စကြီးကို''

''ဒယ်ဒီ ကျေနပ်သလား''

''ဘယ်ကျေနပ်မလဲကွာ၊ ရမယ်ဆို အကုန်လိုချင်တာပေါ့၊ ဘဏ်နှစ်ခုမှာ ထည့်ထားတဲ့ရှယ်ယာရယ်၊ ကာလပေါက်ဈေးနဲ့ မြန်နန္ဒာစံအိမ်ကြီးကို ရောင်းလို့ရမယ့်ငွေရယ် နည်းတာမှတ်လို့၊ ခုတော့ မစင်စွန့်သလောက်ပဲ ရလိုက်တာ၊ သိင်္ဂီဘက်ကသာ ဖွတ်မလော်ရင် မြန်နန္ဒာသေတဲ့အထိ ဒီအတိုင်း စောင့်နေလိုက်ပါတယ်''

''မာမီမရှိတော့ဘူးဆိုရင် ဒါတွေအားလုံး သားတို့ရမှာပေါ့နော်''

''ဒါပေါ့ကွ၊ သူ့အမွေကိုဆက်ခံမယ်သူ ဘယ်သူမှမရှိတာ၊ သားတို့မောင်နှမရရင် ဒယ်ဒီလည်း ရတာပေါ့''

''ဒါဆို မာမီသေတဲ့အထိ သားတို့ကစောင့်ရမှာလား''



www.burmeseclassic.com

www.burmeseclassic.com



"မစောင့်နိုင်ရင်တော့ သူ့စိတ်ကြိုက် လိမ်လိမ်မာမာနေပြီး သူယုံကြည်နိုင်လောက်တဲ့ လုပ်ငန်းတစ်ခုအပေါ်မှာ ကြိုးကြိုးစားစား အောင်မြင်အောင် လုပ်ပြနိုင်ရမှာပေါ့။ ဒါမှ သူ့ဘက်က စိတ်ချယုံကြည်ပြီး စောစောစီးစီး အမွေလွှဲပေးဖို့ ပြင်ဆင်လိမ့်မယ်"

"သားကတော့ အချိန်တွေ အကြာကြီးမစောင့်နိုင်ဘူး ဒယ်ဒီ၊ ဆယ်သက်စားမကုန်တဲ့ ပစ္စည်းဥစ္စာတွေရှိနေပါရဲ့နဲ့ အပင်ပန်းခံပြီးလည်း အလုပ်လုပ်မပြနိုင်ဘူး"

"ဟင်"

ပိုက်တွေးစကားကြောင့် ဦးအုပ်စိုး ဆတ်ခနဲ ခေါင်းထောင်သွားသည်။ ဒီသားက ဘာတွေကိုရည်ရွယ်ပြီး ပြောနေတာလဲ။ ဘယ်လိုအစီအစဉ်တွေရှိနေလို့လဲ။

ဘီယာတွေ တစ်ရှိန်ထိုးမော့သောက်နေတဲ့ သားကို စိတ်ရှည်ရှည်စောင့်ကြည့်ပြီးမှ

"သားမှာ ဘယ်လိုအစီအစဉ်တွေ ရှိနေလို့လဲ၊ ဒယ်ဒီ့ကို ပြောပြပါဦး"

"အကောင်အထည်ဖော်ဖြစ်တဲ့နေ့ကျရင် ဒယ်ဒီ့ကို အသိပေးမှာပါ၊ သားတို့သားအဖသုံးယောက်အတွက် ဘဝအာမခံချက်တစ်ခုခုရှိအောင်တော့ လုပ်ရမယ်ဒယ်ဒီ၊ ဒယ်ဒီ သူတောင်းစားသာ





သာ ပေးစာကမ်းစာလေးရပြီး အိမ်ပေါ်ကဆင်းသွားရတာလည်း သားမကျေနပ်ဘူး။ သူ့စိတ်ကြိုက်မနေနိုင်ရင် သားကိုလည်း ဒယ်ဒီ့လိုပဲ ဥပေက္ခာပြုလိုက်မယ်လို့ ပြောတာကိုလည်း မကျေနပ်ဘူး။ မာမီက ပြောတဲ့အတိုင်းလုပ်တတ်တယ်ဆိုတာလည်း သားသိတယ်၊ အချိန်ပေးပြီး ယုံကြည်အောင်လုပ်ပြလည်း သူချစ်တဲ့သူတွေကိုတောင် ရင်ကွဲခံပြီး စွန့်လွှတ်ရဲတဲ့ မာမီ့စိတ်က နားလည်ရခက်တယ် ဒယ်ဒီ"

"ဒယ်ဒီလည်း အဲဒီအတွက်စိုးရိမ်နေတာပါပဲ သားရယ်၊ သားတို့မောင်နှမကို အမွေစားအမွေခံစာချုပ်စာတမ်းနဲ့ မွေးထားတာမဟုတ်ဘူး။ သူ့ကိုလေးစားတဲ့, သူတန်ဖိုးထားတဲ့သူကိုပဲ သူ့ပိုင်ဆိုင်မှုတွေ ပေးမှာတဲ့၊ အမြော်အမြင်ကတော့ တော်တော်ရှိတဲ့မိန်းမပဲ၊ သူ့ကိုကလန်ကဆန်လုပ်တဲ့သူကိုလည်း ဥပေက္ခာပြုရမှာ ဝန်မလေးဘူး။ အသည်းနှလုံးကို မာနနဲ့အရောင်တင်နေတာ ဖြစ်မှာ၊ ခြေလွှတ်လက်လွှတ် ဆင်းမပြေးရအောင်တော့ ဂရုစိုက်ပါ သားရယ်"

"စောင့်ကြည့် ဒယ်ဒီ၊ ဒယ်ဒီ့လို မတန်မရာလေးနဲ့ အကန်ခံမှာတော့မဟုတ်ဘူး။ အားလုံးကို ထိုက်ထိုက်တန်တန်ရအောင် သားကြိုးစားမှာ"

ကြိုးဝါးမှုမှာ သေချာခြင်းတွေနှင့် မျက်ဝန်းတစ်ခုလုံး စူးရဲလက်တောက်နေသည်။ မြင်မြင်သမျှဟာ ပိုင်ဆိုင်မှုတွေချည်းပဲမို့ နိဘ်



www.burmeseclassic.com

www.burmeseclassic.com



ကူးယဉ်နေတာ မဟုတ်ဘဲ အမှန်တကယ်ရယူလိုခြင်းဖြစ်သည်။

မကြည့်ဖြူလည်း ရအောင်ယူမယ် မာမီ။

✿ ✿ ✿



## အခန်း (၂၂)

ဒေါ်မြနန္ဒာထိုင်နေကျ မြက်ခင်းပြင်လေးမှာ ပိုက်ထွေးရဲ့ မွေးနေ့ပွဲလုပ်ဖို့ ပြင်ဆင်နေကြသည်။ ပိုက်ထွေးသူငယ်ချင်း အသိမိတ်ဆွေလောက်သာ ဖိတ်ထားသည်မို့ စားပွဲဝိုင်းက လေး,ငါးဝိုင်းလောက်သာ ရှိသည်။ ဒါပေမဲ့ စတိတ်စင်ငယ်ငယ်လေး ဖန်တီးထားကာ အဆိုတော်မပါဘဲ ပိုက်ထွေးသူငယ်ချင်းတွေ အပျော်တီးကြ ဆိုကြမည်ဖြစ်သည်။

ဦးဉာဏ်နှင့် ခွင်းက လှလှပပလေးဖြစ်အောင် စားပွဲဝိုင်းတွေရဲ့ ပတ်ပတ်လည်မှာ ပန်းအိုးတွေစီချပြီး ရောင်စုံမီးလုံးလေးတွေ မှိတ်တုတ်မှိတ်တုတ်လုပ်ပေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



အစားအသောက်က ဘူဖေးစနစ်မို့ စားပွဲထိုးအောက်ခြေ သိမ်း လုပ်စရာမလိုသော်လည်း လစ်ဟင်းမှုမရှိအောင် ဂရုစိုက်ရမည် ဟု တာဝန်ပေးထားသည်။

ဒေါ်မြနန္ဒာက ဧည့်သည်တွေမလာခင် လိုအပ်မှုမရှိအောင် စီမံပေးပြီး အပေါ်ထပ်ပြန်တက်သွားသည်။

ဒေါ်စောကြည်၊ မလုံး ဦးဉာဏ်၊ ခွင်းနှင့် ယုယတို့ကတော့ တစ်နေ့လုံး အနားမရအောင် ပင်ပန်းနေခဲ့ကြသည်။

အားလုံးပြင်ဆင်ပေးခဲ့ပြီး ပိုက်ထွေးနှင့် သူ့သူငယ်ချင်းတွေ ဝန်းဆိုင်းကျဲသောင်းကြမ်းနေမှ ရေမိုးချိုးဖို့ ခွင်းထွက်လာခဲ့သည်။

"ခွင်း လူလေး ရေချိုးပြီးရင် ပြန်သွားလိုက်ဦးနော်၊ ဟို ဟာလိုတယ်. ဒီဟာလိုတယ် ပြဿနာရှာနေဦးမယ်၊ သောက်ဖို့ စား ဖို့တီယာတွေ ဘာတွေပါတော့ သွေးဆူနေရင်လည်း သည်းခံ၊ လိုအပ် တာရှိလည်း မညည်းမညူလုပ်ပေးလိုက်၊ မင်းအာမေစိတ်ဆင်းရဲမှာ စိုးလို့ ဦးဉာဏ်က သတိပေးတာ"

"ဟုတ်ကဲ့ပါ ဦးဉာဏ်၊ ဦးဉာဏ်ဗိုက်ဆာရင် ထမင်းသွားစား နော်၊ ကျွန်တော်က ပွဲပြီးမှပဲ စားလိုက်တော့မယ်"

ရေစင်အောင် မသုတ်နိုင်ဘဲ စတိုလ်ပန်မီးဆိုးရောင်လေးနှင့် လိုက်ဖက်သော စပို့ရှပ်တစ်ထည်ကောက်စွပ်၍ ထွက်လာခဲ့ရသည်။





တီးဝိုင်းသံ ဝုန်းဝုန်းဒိုင်းဒိုင်းက နားမခံသာသဖြင့် ခပ်လှမ်း လှမ်း အမှောင်ရိပ်လေးမှာပဲ ခွင်းရပ်နေမိသည်။

ယုယက မိန်းကလေးတချို့ကို ဧည့်ခံနေပြီး ပိုက်ထွေးက စင်ပေါ်တက်လိုက်၊ စားပွဲဝိုင်းတွေပတ်ဧည့်ခံလိုက်၊ သောက်လိုက်၊ စားလိုက်ဖြင့် အူမြူးတက်ကြွနေ၏။

"ခွင်း"

"ဟင် ညို့ ညို့လည်းလာတယ်၊ ပိုက်ထွေး ဖိတ်လိုက်တာ လား"

"အင်း ပိုက်ထွေးမွေးနေ့ လာချင်လို့တော့ မဟုတ်ပါဘူး။ ခွင်းနဲ့ တွေ့ချင်လို့၊ သူမျှားချစ်သူတွေလို အမြဲတွေ့နေရတာမှ မဟုတ် တာ၊ လွမ်းတာပေါ့"

ပြောရင်းနှင့် သူ့ရင်ခွင်မှာ ညို့က ခေါင်းလေးမှီနွဲ့တိုးဝင် သည်။ အလိုက်သင့်ဖက်ပွေ့လိုက်ရသော်လည်း ပိုက်ထွေးမြင်လျှင် ပြဿနာတတ်နိုင်သည်မို့ သူ့ကိုယ်က ခပ်တောင့်တောင့်ဖြစ်နေခဲ့၏။

"ခွင်းကိုယ်က ဆပ်ပြာနံ့လေး သင်းနေတာပဲ၊ ခုမှ ရေချိုး ထားတာလားဟင်"

"အင်း ဟုတ်တယ်၊ တစ်နေကုန် ပင်ပန်းထားလို့ ခုမှ ရေ ချိုးပြီး လန်းသွားတာ"



www.burmeseclassic.com

www.burmeseclassic.com



ညို့က သူ့ရင်ဘတ်ကို ရှိုက်ခနဲနမ်းလိုက်တာမို့ သူ့ကိုယ်ကြီး ဆတ်ခနဲတုန်သွားသည်။ အလန့်တကြား ခပ်သာသာတွန်းထိုးလိုက်ပြီးမှ

"ပိုက်ထွေးမြင်ရင် မကောင်းဘူး ညို့ရယ်"

"ဟင် ပိုက်ထွေးနဲ့ ညို့နဲ့ ဘာဆိုင်လို့လဲ"

"ညို့နဲ့မဆိုင်ပေမယ့် သူက ကိုယ့်အလုပ်ရှင်ရဲ့ သားလေ"

"ခွင်းက သူ့ကိုကြောက်နေရတာပေါ့၊ သူက ဘာတွေပြောထားလို့လဲ"

ဆိုးဆိုးဆတ်ဆတ် ညို့အမေးကို ခွင်း ပြုံးစိစိဖြစ်သွားသည်။

"ယောကျ်ားချင်းပဲ ကြောက်တယ်တော့ ဘယ်ဟုတ်မလဲ၊ အလုပ်ရှင်, အလုပ်သမားဆိုတဲ့ စည်းရှိတယ်လေ၊ သူ ဘာပြောပြော ဂရုမစိုက်ပေမယ့် ဒေါ်မြနန္ဒာမျက်နှာကို ထောက်ထားရမယ် မဟုတ်လား"

"အဲလို ထောက်ထားရမှာတွေ, သိမ်ငယ်ရမှာတွေ ဖြစ်မှာစိုးလို့ ခွင်းကို ဒီအိမ်ကြီးမှာ အလုပ်မလုပ်စေချင်တာပေါ့၊ အမြင့်ရောက်စေချင်လို့ လှေကားထောင်ပေးတာ ခွင်းမှာ ဘယ်လိုအကြောင်းတရားတွေရှိလို့ မတတ်ချင်လဲမှ မသိတာ၊ ခွင်း ညို့ကို တကယ်မချစ်လို့ မဟုတ်လား"





အမေးစကားသံမှာ အလိုမကျဟန်တွေနှင့် ငြူစူသံတွေလည်းပါသည်။ နီးကပ်နေသော ပါးပြင်လေးကို အားနာနာနှင့် တစ်ချက်ဖွဖွနမ်းလိုက်၏။ ဆူညံနေသောအသံတွေ နားထဲမှာ ကြားနေသော်လည်း ခေတ္တမေ့လျော့သွားကာ

"မချစ်လို့ဆိုတဲ့စကားကို နောင်တစ်ခါမပြောပါနဲ့ ညို့ရယ်၊ အချစ်ထက် အရေးကြီးတဲ့အကြောင်းအရာလေးတွေ ရှိနေသေးလို့ဆိုတာ ညို့နားလည်ပေးပါ၊ တစ်နေ့နေ့မှာ ညို့ကိုဖွင့်ပြောပြနိုင်အောင် ကိုယ်ကြိုးစားပါ့မယ်၊ ကိုယ် ညို့ကို အရမ်းချစ်တာပါ ညို့ရယ်"

"ခွင်းရယ်"

ရင်ဘတ်ချင်း ထိကပ်သွားသည်၊ ရင်ခုန်သံတွေ မြန်ဆန်နေ၏။ ညလေပြည်တွေ ခိုကပ်လို့မရအောင် အသက်တောင်ပြင်းပြင်း မရှူရဲကြ။

"ဟိတ်ကောင်"

"ခွပ် ဖုံး"

အသံလာရာ လှမ်းကြည့်ချိန်မရလိုက်။ မျက်နှာတစ်ခြမ်းလည်ထွက်သွားပြီး ကြယ်ရောင်လရောင်တွေ ပြိုးခနဲ ပြက်ခနဲ မြင်လိုက်ရသည်။

ပုံပျက်ပန်းပျက်ဖြစ်သွားတဲ့ ခွင်းနှာခေါင်းနှင့် နှုတ်ခမ်းထောင့်



www.burmeseclassic.com

www.burmeseclassic.com



စွန်းလေးဆီမှ စိမ့်ခနဲထွက်လာတဲ့ သွေးတွေကို မြင်လိုက်ရသည်နှင့် မှင်တက်မိနေတဲ့ ညို့ တဆတ်ဆတ်တုန်သွားသည်။

"ပိုက်ထွေး နင်"

"ဖြန်း"

လက်ဖဝါးနှင့် ပါးပြင်ထိခတ်သံက ပြင်းထန်သည်။

ပါးတစ်ဖက်ကို ဖိပွတ်ရင်း ညို့ကို ပိုက်ထွေး စူးစိန်းနေအောင်စိုက်ကြည့်၏။ ညို့က အောက်နှုတ်ခမ်းသားလေးကို ဖိကိုက်ကာ ခပ်တင်းတင်းပြန်စိုက်ကြည့်၏။

"ညို့ မင်းက ဘာသဘောလဲ၊ ငါတို့အိမ်က အနိုင်အစေကို တမ်းတမ်းစွဲနေပြီလား။ မင်းက အဲလိုကောင်မျိုးနဲ့ပဲ တန်တဲ့မိန်းမလား"

"ပိုက်ထွေး ညို့ကို အဲလောက်ကြီးထိ ပြောစရာမလိုဘူး။ မင်းမကျေနပ်ရင် ငါ့ကို ထပ်ထိုးလို့ရတယ်"

"အေး သိပ်ချစ်ပြမနေနဲ့၊ မင်းကိုအသေထိုးမှာ၊ ဆင်ဆင်ခြင်ခြင်နေဖို့ သတိပေးထားတာ ဂရုမစိုက်တဲ့ကောင်မ၊ ဟိတ်ကောင်တွေ ပွဲပျက်အောင်လုပ်ချင်တဲ့ကောင်ကို ဝိုင်းသမလိုက်စမ်း"

ပိုက်ထွေးနောက်က ပြေးလိုက်လာတဲ့ သူငယ်ချင်းသုံးယောက် ခွင်းကို သူတစ်ပြန်ကိုယ်တစ်ပြန် ထိုးကြ၊ ကန်ကြသည်။ ညို့ ဝင်ဆွဲလို့မရ၊ တားဆီးလို့မရနှင့် ဘာလုပ်ရမှန်းမသိဖြစ်နေ၏။





မွေးနေ့ပွဲကျင်းပတဲ့နေရာနှင့် ခပ်လှမ်းလှမ်းအမှောင်ရိပ်မှာဖြစ်နေတာမို့ တော်ရုံတန်ရုံလူ ဘယ်သူမှ မသိနိုင်။ ပိုက်ထွေးကသာ ညို့ပျောက်သွားလို့ ဟိုဟိုဒီဒီပတ်ရှာရင်း ဒီနေရာကိုရောက်လာခဲ့တာ၊

အလူးအလဲခံနေရသည့် ခွင်းကို ပိုက်ထွေး အရသာခံကြည့်နေလိုက်သည်။

"ဟိတ် တော်ကြစမ်း"

အသံက မာထန်တင်းပြတ်နေသည်မို့ အားလုံးတိခနဲ ရပ်တန့်သွားကြသည်။ အသံလာရာ လှည့်ကြည့်လိုက်တော့ အရပ်မြင့်၍ ကိုယ်လုံးသွယ်သလို ရှင်းနေသောလည်တိုင်လေးမှာ စိန်ဘယက်က လင်းလက်တောက်ပနေ၏။

အနက်နှင့်အဖြူ ရောယှက်ထားသော အပွင့်ခပ်ကြီးကြီး အထက်အောက် ဝမ်းဆက်ဝတ်ဆင်ထားကာ ပိုးပဝါအနက်ကို ပခုံးပေါ် လွှမ်းခြုံထားတာက မဟာဆန်သည်။ တစ်လှမ်းချင်း လှမ်းလာကာ ပိုက်ထွေးအနားမှာ ခြေစုံရပ်၏။ စိမ်းနေသောမျက်ဝန်းတို့က လရောင်ဝိုင်တွေ ဖြာထွက်နေသလို။

"ဖြန်း"

ထင်မှတ်မထားတာမို့ ပိုက်ထွေးပါးတစ်ဖက် ပူထူကာ လူကယိုင်ခနဲလဲပြိုမလိုဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း တောင့်ခံနဲ မတ်မတ်ရပ်ကာ ဒေါ်မြနန္ဒာကို စူးစူး ရဲရဲကြည့်ပစ်လိုက်သည်။

"သားကို ဘာလို့ရိုက်တာလဲ မာမီ"

"မင်းကရော သူ့ကိုဘာလို့ ဒီလိုမျိုးလုပ်နေတာလဲ"

"သားလုပ်တာက အကြောင်းရှိတယ်၊ ညို့နဲ့ဒီကောင်"

"မင်းလိုကောင်မျိုးကို စိတ်မဝင်စားလို့ ခွင်းကိုပတ်သက်တာ၊ မင်း မနာလိုဖြစ်စရာလား"

"တောက် အခိုင်အစေတစ်ယောက်ဘက်က မာမီရပ်တည် နေတာ ရင်နာဖို့ကောင်းလိုက်တာဗျာ"

"သေလိုက်၊ အဲဒီနေရာမှာတင် လဲသေလိုက်၊ သူများကို သေွးထွက်အောင်လုပ်ရတော့ ပျော်နေတယ်၊ ကိုယ့်အပေါ်ယံအရေပါး ကိုထိတော့ နာတယ်တဲ့၊ မင်းလိုအောက်တန်းကျတဲ့ကောင်မျိုး ကျွေး မွေးရကျိုးမနပ်တာကိုလည်း ငါက ရင်နာတယ်၊ သိလား။ အခုချက် ချင်း မင်းရဲ့မွေးနေ့ပွဲရပ်"

"ဟာ မာမီ"

"မင်းကို ငါ နှစ်ခါထပ်မပြောဘူး။ ဟိုကောင်လေးတွေ မင်း တို့လည်း ရဲစခန်းမရောက်ချင်ရင် အမြန်ဆုံးပြန်တော့၊ ညို့ ခွင်းကို သူ့တန်းလျားလေးပေါ် တွဲပို့လိုက်ပါ"





လက်ညှိုးညွှန်၍ အစီအစဉ်တွေချပြီး လှည့်ထွက်သွားတဲ့ ဒေါ်မြနန္ဒာကျောပြင်ကို ပေစောင်းစောင်းလိုက်ငေးကြည့်ကာ ပိုက်တွေး အကြိမ်ကြိမ် တက်ခေါက်မိသည်။

ရင်နာအောင် ဘယ်သူလုပ်တာလဲ။

နာကျင်အောင် ဘယ်သူလုပ်တာလဲ။

အငြိုးအာဃာတတွေ ကြီးထွားအောင် ဘယ်သူဖန်တီးတာ လဲ။

ဒီအကြောင်းတရားတွေ နောင်သံသရာထိ သယ်ဆောင် သွားပါရစေနဲ့။ ဒီဘဝမှာပဲ အဆုံးသတ်ခွင့်ပေးပါ မာမီ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ခွင်း သက်သာရဲ့လား"

"ဟင် ညို့ရောက်လာပြန်ပြီလား"

ခွင်း ဒီလိုမေးတော့ ညို့က နှုတ်ခမ်းစူချိတ်ချိတ်လေးနှင့် မျက်စောင်းလှည့်ထိုးသည်။

"မလာစေချင်ဘူးလား။ ညို့မှာတော့ တစ်ညလုံး အိပ်လို့တောင်မပျော်ဘူး။ မနေနိုင်လို့ မားမားကိုဖွင့်ပြောပြတော့ စိတ်ပူနေရင် မနက်စောစောသွားလိုက်ပေါ့တဲ့"

"အဲဒါကြောင့် မိုးမလင်းခင် ထလာတာပေါ့"

"ကြည့်၊ ညို့က တကယ်စိတ်ပူနေတာကို ခွင်းက ပြောင်ချော်





ချော်လုပ်နေတာပေါ့လေ၊ ညို့စိတ်ဆိုးပြီး ထပြန်လိုက်မှာနော်"

"ဒါပေါ့လေ၊ ခင်ဗျားလေးနဲ့ ကျွန်တော်က အဆင့်အတန်းမှ မတူတာ၊ ထားသွားရက်တာပေါ့၊ ခွင်းဘ၀က ဒေါ်ညို့မျက်ဝန်းရဲ့ ထားရာနေ စေရာသွားပါ"

"ခွင်း"

ပြုံးဆိဆိ အပြောင်အပျက်လုပ်နေသော ခွင်းကို အသည်းတွေ ယားကာ အကျယ်ကြီးအော်ပြီး ခွင်းရင်ဘတ်ကို တဖုန်းဖုန်းထုမိသည်။

"အား ကျွတ် ကျွတ်၊ သေပါပြီ ညို့ရာ၊ အံမယ်လေးဗျာ"

"အို ခွင်း ခွင်း အရမ်းနာသွားပြီလား၊ ဉီဖွနော် ဉီဖွ"

ပက်လက်လှန်နေရာမှ ညို့ထုချလိုက်တဲ့ ရင်ဘတ်ကို လက်နှင့်ဖိ၍ ခွင်း ရှုံ့ရှုံ့မဲ့မဲ့အော်တော့ ညို့ ပျာပျာသလဲဖြစ်ကာ မျက်လုံး မျက်ဆန်ပြူးသွားသည်။

ဒီတစ်ခါတော့ ခွင်း ပြောင်နောက်နေခြင်းမဟုတ်။

အထိုးအကြိတ်ခံထားရတဲ့ ရင်ဘတ်ကြီးက အထိမခံနိုင်အောင် နာကျင်နေတာ အမှန်ပင်။ ညကဆိုလျှင် အသက်ရှူလို့မရအောင် အောင့်မျက်နေသည်။

တန်းလျားလေးပေါ် ညို့တွဲခေါ်လာတော့ ဉီဥာဏ်က ကမျာ ကယာထလာကာ စုတ်တသပ်သပ်နှင့် စိတ်မကောင်းဖြစ်နေ၏။ ခေါ်



www.burmeseclassic.com

www.burmeseclassic.com



မြန်နှာပြောလိုက်၍ ဆေးပုလင်းတွေနှင့် အမြေးရောက်လာသော ယုယကလည်း မျက်ရည်လေးတလည်လည်နှင့်။

ညို့ဆိုလျှင် အိမ်မပြန်ဘဲပြုစုပါမည်လုပ်နေ၍ မနည်းချော့မော့ကာ ပြန်လွှတ်ရသည်။

"မားမားကို ဖုန်းဆက်အသိပေးလိုက်ရင်ဖြစ်ပါတယ်၊ ခွင်းကို စိတ်မချဘူး၊ ညို့ ဒီမှာပဲ နေမယ်နော်၊ ခွင်းကိုစောင့်ကြည့်မယ်နော်"

"ဘာ ညို့ အဲလိုလုပ်လို့ ဘယ်ဖြစ်မှာလဲ၊ ယောကျ်ားလေး တစ်ယောက်နဲ့ အတူရှိနေရမှာ မသင့်တော်ပါဘူး၊ ဒီမှာ ဦးဉာဏ်နဲ့ ယုယလည်း ရှိနေတယ်၊ ကိုယ်လည်း သက်သာနေပါပြီ၊ အရမ်း နောက်ကျနေတာတောင် မကောင်းပါဘူး၊ ပြန်လိုက်ပါနော်၊ မနက်မှ ပြန်လာပါကွာ၊ ညို့က လိမ္မာပါတယ်၊ ကိုယ့်ကိုချစ်ရင် ပြန်လိုက်နော်"

မိုးတိုးမတ်တတ်ရပ်၍ သက်သာချင်ဟန်ဆောင်ကာ ဖွတ်အတင်းပြန်လွှတ်မှ ညို့ နောက်ဆံတင်းလျက် ပြန်သွားခဲ့တာဖြစ်သည်။ ခု မနက်ကျတော့လည်း သူ မျက်နှာသစ်ပြီးရုံရှိသေး စားသောက်စရာတွေတစ်ပွေ့တစ်ပိုက်နှင့် ရောက်လာပြန်၏။ ညို့အချစ်ကို သူ အထင်မသေးဝံ့တော့။

မတူမတန်တဲ့ အဆင့်အတန်းကိုတောင် ညိုယူဖို့ကြိုးစားနေတာ တော်ဝင်တဲ့အချစ်ဟာ ကမ္ဘည်းထိုးသင့်နေသည်။ ခုလည်း ညို့ကို





ချစ်စနိုးနှင့် ကျီစားနေမိတာပါ။

ရှုံ့ရှုံ့မဲ့မဲ့နှင့် သူ့ထထိုင်ဖို့ အားယူနေတော့ ညို့က ဖွဖွလေး တွဲထူပြီး သူမရင်ခွင်နှင့်ကပ်ကာ ထိန်းမတ်ပေးရှာသည်။

"ခွင်း အရမ်းနာတယ်ဆို၊ ဘာလို့ထထိုင်တာလဲ"

"ကိုယ်ကလှဲနေပြီး ညို့ကထိုင်နေရတော့ အားနာတာပေါ့"

"ဒါဆို ခွင်းနဲ့အတူတူ ညို့ပါလှဲအိပ်ပေးရမလား"

"ညို့နော် အသည်းယားအောင် လုပ်ပြန်ပြီ၊ ကိုယ်စိတ်မထိန်းနိုင်ရင်တော့ ညို့မလွယ်ဘူး"

သူမ နဖူးလေးခပ်နာနာထုချလိုက်တော့ လျှာလေးထုတ်၍ ပခုံးလေးကျုံ့ဝင်သွားကာ ကြောက်လိုက်တာဟု တိုးတိုးလေးပြောသည်။

နှလုံးသားတွေ ပြောင်းဆန်လှုပ်ရှားအောင် စွမ်းဆောင်နိုင်သည့် ကောင်မလေးပင်။ မေးစင်းစွာ မျက်လုံးအကြည့်မလွှဲတော့ ရှက်ရွံ့သလို မျက်လွှာလေးချကာ

"ဦးဉာဏ် ဘယ်သွားလဲဟင်"

ဟု အာရုံပြောင်းပစ်၏။ ထိုအခါမှ သူလည်း အသက်ပြင်းပြင်းရှူဖြစ်သည်။

"ကိုယ်က ဘာမှမလုပ်နိုင်တော့ ဦးဉာဏ်အလုပ်ရှုပ်ပြီပေါ့



www.burmeseclassic.com

www.burmeseclassic.com



ကွာ၊ ခြံထဲမှာ သန့်ရှင်းရေးလုပ်ရမယ်၊ ကားတွေ ရေဆေးရမယ်၊ ဒီ တစ်ရက်,နှစ်ရက် ဒေါ်မြနန္ဒာ အလုပ်ကိစ္စရှိရင်လည်း ဦးဉာဏ်ပဲ ကားမောင်းရတော့မှာပေါ့၊ ကိုယ်သက်သာပါပြီ, လုပ်ပါ့မယ်ပြောတာ လည်း ဦးဉာဏ်က လက်မခံဘူး''

''စိတ်မကောင်းမဖြစ်ပါနဲ့ ခွင်းရယ်၊ တစ်ရက်,နှစ်ရက်တော့ ခွင်း အနားယူမှဖြစ်မှာပေါ့၊ ဪ ညကလေ ဒေါ်မြနန္ဒာ သူ့သားကို အဲလိုလုပ်မယ်၊ ပြောပစ်မယ်မထင်ဘူး၊ အရမ်းကိုပေါက်ကွဲသွားတယ် ထင်တယ်နော်၊ ပိုက်ထွေးပုံစံကလည်း ကြောက်စရာကြီး၊ သူ့လိုလူ မျိုးကို ညို့ မရွေးချယ်မိတာ တော်တော်ကံကောင်းသွားတာပဲ၊ ခွင်း နဲ့ရေစက်ဆုံချင်လို့လည်း ဖြစ်မှာပါ''

ညို့က သူ့ပခုံးပေါ် ခေါင်းလေးမှေးတင်ရင်း ပြောသည်။

ထိုအချိန်မှာ ယုယအသံပေး၍ ဆေးပုလင်းတွေကိုင်ပြီး ဝင် လာသည်။ ညို့ကိုစေ့စေ့မကြည့်ဘဲ သူ့ရှေ့တည့်တည့်ဝင်ထိုင်ကာ

''နဖူးမှာ ကပ်ထားတဲ့ ပလပ်စတာခွာပြီး ဆေးထည့်ရအောင် ပြီးမှ အသစ်ပြန်ကပ်ပေးမယ်၊ ဟို ရင်ဘတ်တွေနာနေတာရော သက်သာရဲ့လား''

''အင်း သက်သာနေပြီ၊ ယုယ ညကလိမ်းပေးတဲ့ဆေးတွေ က အရမ်းကောင်းတယ်''





နဖူးကဒဏ်ရာက ကြီးကြီးမားမားမဟုတ်ပေမယ့် ဘယ်လို ထိခိုက်မိသွားမှန်း မသိဘဲ ပွန်းပဲ့သွားတာမို့ ယုယက သေချာ ဆေး လိမ်းပြီး ပလပ်စတာပြန်ကပ်ပေးသည်။ ညို့က ယုယလုပ်ပေးသမျှ မျက်ခုံးနှစ်ခုတွန့်ကွေးစုကျုံ့ပြီး ကြည့်နေ၏။

ယုယကလည်း ညို့ကို အရေးပင်မစိုက်ပါ။ သူမ လုပ်ပေး သင့်တာလုပ်ပေးပြီး ဘယ်သူ့မှန္ဒုတ်မဆက်ဘဲ ထပြန်သွားသည်။ ထို အခါ ဒေါ်မြနန္ဒာ ဘာပြောသေးလဲလို့ မမေးလိုက်ရတာကို သတိရ သည်။ ညက အဖြစ်အပျက်အတွက် မေမေ့ကို ကျေးဇူးတင်သော် လည်း သတင်းမေးခြင်းမရှိတာကိုတော့ စိတ်မကောင်းချေ။

''ခွင်း ဘာလို့ ယုယကိုလိုက်ကြည့်နေတာလဲ''

''ဟင် ဘာ ဘာမှ မဟုတ်ပါဘူး ညို့ရဲ့''

''ဘာ ဘာမှမဟုတ်တာလဲ၊ မျက်လုံးကြီးက ယုယနောက် တောက်လျှောက်ပါသွားတာ၊ ခွင်း မှန်မှန်ပြော၊ ယုယကို စိတ်ဝင် စားနေလို့ ဒီအိမ်ကြီးက မခွာနိုင်ဖြစ်နေတာ မဟုတ်လား''

''တော်တော့ ညို့၊ အဲဒီစကားမျိုးနဲ့ ကိုယ့်အချစ်ကို မစော် ကားနဲ့''

မာဆတ်ဆတ် ပြတ်တောက်စွာ အော်ပစ်လိုက်မိသည်။ ဒီ တစ်ခါ ညို့ရဲ့ပွင့်လင်းမှုကို ခွင်းစိတ်ဆိုးပစ်လိုက်ချင်၏။



www.burmeseclassic.com

ကိုယ်က မေမေ့အကြောင်းတွေးနေတာ၊ ယုယကို ညီမလေး တစ်ယောက်လို သံယောဇဉ်ဖြစ်မိတာမှလွဲ၍ မရိုးမသားကြံစည်မှုမျိုး စိတ်ကူးထဲတောင် မထည့်မိ။ ညို့ဘက်က ရှိုက်သံကြားတော့ ခွင်း လည်စောင်း၍ လှည့်ကြည့်မိသည်။

“ဟင်၊ ညို့ ဘာလို့ငိုနေတာလဲ”

“ခွင်း ဘာလို့အော်လဲ၊ ညို့က တမင်တကာ ခွင်းကို စ နောက်ပြီးပြောတာကို”

ညို့မျက်ရည်တွေကို ဖွဖွသုတ်ပေးပြီး ညို့ကိုယ်လေးကို ရင်ခွင်မှာဆွဲကပ်ဖက်ထားလိုက်သည်။

“ယုယနဲ့ ပတ်သက်ပြီး အဲဒီလို အပြောင်အနောက် စကား မပြောပါနဲ့ ညို့ရယ်၊ သူက ကိုယ့်ညီမလေးတစ်ယောက်လိုပါပဲ၊ စိတ် ရင်းလည်း ကောင်းပါတယ်၊ သူ့အမေ သူ့အစ်ကိုနဲ့ပတ်သက်ပြီးလည်း ကိုယ့်အပေါ် ဖျောင်းဖျနားလည်ပေးတယ်၊ ညို့ မနာလိုဖြစ်ရမယ့်သူ မဟုတ်ပါဘူးကွာ”

ညို့ ဘာမှမပြောတော့ဘဲ ငြိမ်သက်နေလိုက်ပါသည်။

ခွင်းအချစ်တွေကို ယုံချင်ပေမယ့် ယုယမျက်လုံးတွေကိုတော့ သက်ာမကင်းဖြစ်မိသည်။

မနေ့ညကတည်းက ယုယ ပျာပျာသလဲဖြစ်နေကာ ခွင်း





ချစ်သူဖြစ်တဲ့ ညို့က နောက်မှာရောက်နေခဲ့ရသည်၊ ခွင်းနာကျင်ခံစားရ တာကို ညို့က မျက်ရည်ကျဖို့မေ့နေပေမယ့် ယုယကတော့ မျက်ဝန်း မှာ မျက်ရည်တွေအပြည့်နှင့်ပါ။

“ကိုကိုတစ်ယောက်ကို လိုက်ရှာရင်း ခွင်းနဲ့ထိပ်တိုက် တွေ့ ပြီး ဒီလိုတွေဖြစ်မယ်မထင်လို့ပါ ခွင်းရယ်၊ မာမီပြောတော့ ဒီလောက် ဖြစ်မယ်မထင်ဘူး၊ စိတ်မကောင်းလိုက်တာ ခွင်းရယ်”

တဲ့။ အသံတုန်တုန်လေးနှင့် တတွတ်တွတ်ပြောနေလိုက် တာ၊ ညို့ ဘယ်လိုခံစားနားလည်ပေးရမလဲ။

ခွင်းရဲ့ကိုယ်ကျင့်တရားနှင့် အချစ်ကို ယုံကြည်ချင်ပေမယ့် ဟစ်ခြိတည်းမှာ အမြဲဆုံတွေ့ဆက်ဆံနေကြသည်မို့ ကံကြမ္မာကို ညို့ မယုံကြည်ရဲပေ။

ခုမှ ခွင်းကိုစိတ်မချနိုင်အောင် ပူလောင်နေရသည့်အတွက် ခွင်းအပေါ် ဘယ်လောက်တောင် ချစ်မိနေပြီလဲဆိုတာ ခံစားမိလာ သည်။ ဝေးကွာဖို့ဆိုတာ တွေးတောင်မတွေးရဲ။

ညို့ရဲ့ နှလုံးသားမြို့တော်ထဲကို ခြေစုံပစ်ဝင်ခဲ့ပါတော့ ခွင်း ရယ်။

www.burmeseclassic.com

## အခန်း (၂၄)

တစ်ကိုယ်လုံးကိုက်ခဲနာကျင်ခြင်းတွေ အနည်းအကျဉ်း သက်သာနေပြီမို့ ခြံထဲဆင်းလာခဲ့သည်။ မေမေ့ကားကို ရေဆေးသန့်စင်ပြီး စစ်ဆေးနေတဲ့ ဦးဉာဏ်က ခွင်းကိုမြင်သွားကာ ခွင်းအနား ခပ်မြန်မြန် လျှောက်လာလေ၏။

"လူလေး ဘာလို့ထွက်လာတာလဲ၊ ဆေးသောက်အနားယူပြီး အိပ်ရာထဲ ခဏလှဲနေရောပေါ့"

"ကျွန်တော်သက်သာနေပါပြီ ဦးဉာဏ်၊ မေမေ အပြင်သွားစရာရှိလို့လား။ ကျွန်တော် လိုက်ပို့လိုက်မယ်လေ"

"မလိုက်ပါနဲ့ကွာ၊ တစ်ရက်၊ နှစ်ရက်တော့ ကောင်းကောင်း





အနားယူစမ်းပါ၊ မင်းအမေက ဘဏ်လုပ်ငန်းရှင်များအသင်းအတွက် မိတင်ရှိလို့တဲ့၊ အချိန်လည်း သိပ်ကြာမှာမဟုတ်ပါဘူး။ ဦးဉာဏ်ပဲ လိုက်ပို့လိုက်ပါ့မယ်၊ လာ လာ၊ တန်းလျားပေါ် ပြန်သွားနေချည်"

ဦးဉာဏ်က တန်းလျားလေးဘက် ခွင်းကိုပြန်ဆွဲခေါ်လာသည်။ ပြီးတော့ ကြိုးတန်းပေါ်က သဘက်စောင်ပိုင်းလေးကို ယူကာ ပခုံးပေါ်တင်ပြီး လှည့်ထွက်ဖို့ ပြင်၏။

"ဦးဉာဏ်"

"ဟင်၊ လူလေး ဘာပြောမလို့လဲ"

"ကျွန်တော် ဒီလိုဖြစ်နေတာကို မေမေ တစ်ခွန်းမှတောင် လာမမေးဘူးနော်"

"လူလေးရယ် ဒီလိုစိတ်မကောင်းဖြစ်နေမယ့်အစား ညက အခြေအနေကို လာပြီးဟန့်တားပေးတာပဲ ကျေးဇူးတင်လိုက်စမ်းပါ၊ ညက ဦးဉာဏ်လည်း မသိဘူး၊ ဘယ်သူမှလည်း မသိဘူး။ သူသာ ရောက်မလာရင် မင်းအခြေအနေ ဒီထက်ပိုဆိုးမှာ၊ မင်းကဘာလို့ ပြန်ပြီးမကာကွယ်ရတာလဲ လူလေး"

"ကျွန်တော့်ဘက်က သည်းမခံရင် ပိုပြီးပွဲကြမ်းနိုင်တယ်လေ၊ မေမေသိရင် စိတ်ဆင်းရဲမှာစိုးလို့ ငြိမ်နေလိုက်တာ၊ ပိုက်တွေးက သူ့သူငယ်ချင်းတွေလှမ်းခေါ်ပြီး ဒီလောက်ထိလည်း ရမ်းကားမယ်



www.burmeseclassic.com

www.burmeseclassic.com



မထင်မိလို့ပါ''

''ကဲပါကွာ ဖြစ်ပြီးမှတော့ဘာမှ ပြန်တွေးမနေနဲ့တော့၊ ပိုက်ထွေးကိုလည်း မင်းအမေ အတော်ဆူပြောထားတဲ့ပုံပါ၊ လူလေး ဆေးသောက်ပြီး အိပ်ရာထဲမှာ လှဲနေနော်''

ဦးဉာဏ်က စိတ်မချသလို သူ့ကိုတတွတ်တွတ်မှာရင်း ခပ်လှမ်းလှမ်းရောက်သွားသည်။

''ဦးဉာဏ် မေမေက ကားမြန်မြန်မောင်းတာ မကြိုက်ဘူး ဖြည်းဖြည်းပဲ မောင်းနော်''

''အောင်မာ၊ ငါက မြန်မြန်ကားကိုမောင်းလာတာ အနှစ်လေးဆယ်ကျော်ပြီကွ၊ ခွေးကောင် ငါ့ကိုများဆရာလုပ်လို့ ပြန်လာမှ မင်းကို အသေထုမယ်''

ဦးဉာဏ်က တဟားဟားသဘောတွေကျကာ ခွင်းကို အော်ကြီးဟစ်ကျယ် ဆဲဆိုပစ်ခဲ့သည်။

ဒီကောင်လေး သူ့အမေကို ချစ်နိုင်လွန်းတာ အံ့သြစရာပင်။ စစတုန်းကတော့ နာကြည်းသလေး၊ နာကျင်သလေးနှင့်။ ဖြစ်ကြောင်းကုန်စင်ပြောပြပြီး ဖျောင်းဖျနားချလိုက်ရတာ။ ခုတော့ နှလုံးသားနူးညံ့ဖြူစင်သူမို့ အလွယ်တကူ နားဝင်လွယ်ကာ သူ့ဘဝသူ ကျေနပ်ရောင့်ရဲပြီး မိခင်ကြီးကို နားလည်ပေးတတ်ခဲ့သည်။





တစ်ခါတစ်ရံ မိခင်မေတ္တာကို ဝေဖွတ်တောင့်တပြီး ဝမ်းနည်းတာကလွဲလို့ပေါ့လေ။

တစ်ချိန်ချိန်မှာ ဒီအမေနဲ့ဒီသား တစ်ဦးမေတ္တာ တစ်ဦးနားလည်ပြီး အဆင်ပြေသွားပါစေလို့သာ ဦးဉာဏ် စေတနာအပြည့်နှင့် ဆုတောင်းပေးနေမိသည်။

''ဟင် ဦးဉာဏ်ကားက ဘာဖြစ်တာလဲ၊ ယမ်းနေသလားလို့ ကားကို သေချာရောစစ်ဆေးခဲ့ရဲ့လား ဦးဉာဏ်''

''သေသေချာချာစစ်ဆေးခဲ့ပါတယ် မြကလေး၊ အခု ဘရိတ်နင်းကြည့်မှ မရဘူးဖြစ်နေတာ၊ ကားကို အရှိန်လျှော့လို့မရတော့ဘူး၊ မြကလေး ခါးပတ်ပတ်ပြီး ကားကိုသေချာကိုင်ထားပါ၊ ဘရိတ်ကြိုးပြတ်သွားတာဖြစ်မယ်၊ ဒါ အတက်မို့တော်သေးတာ၊ အဆင်းဆိုမလွယ်ဘူး၊ မြ မြကလေး ဘုရားစာဆိုပြီး မျက်လုံးမှိတ်ထား၊ ဦးဦးဉာဏ် ဂရုစိုက်ပြီး ထိန်းပေးမယ်''

ပြောသာပြောရပေမယ့် အသံတွေလည်း တုန်၊ လက်တွေလည်း တုန်။ ကားရှင်းလူရှင်းသော လမ်းဆိုပေမယ့် ကိုယ်ပိုင်ကားတွေက အရှေ့အနောက် ဥဒဟိုသွားနေကြသည်။

အပြင်ထွက်တိုင်း ကားအတွင်းအပြင် သေချာစစ်ဆေးပြီးမှ မောင်းတတ်တဲ့အကျင့်အတိုင်း ဒီနေ့လည်း မိုးလင်းကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ကားရေဆေး၊ ကားစက်သံစမ်းပြီး နှိုးကြည့်နှင့် ဘာမှ အမှားမယွင်း မရှိခဲ့ပါ။

ခုမှ ဘယ်လိုဖြစ်ပြီး။

ဦးညာထဲ ကြာရှည်တွေးတောချိန် မရ။ ဖောချွေးတွေပြန်ကာ စတီယာရင်ကိုင်ထားတဲ့လက်တွေက ထုံကျင်နှင့်၊ ဘရိတ်ကလည်း ဘယ်လိုနင်းနင်း မရ။

"မြ မြကလေး"

"ဝုန်း ဒုန်း"

"ဂျိန်း"

လမ်းဖြတ်ကူးတဲ့လူကို ကွေ့ရှောင်ပြီး ရှေ့ကကားကို မတိုက်မိအောင် စတီယာရင်ကို အားကုန်ဆွဲလှည့်လိုက်သည့်အခါမှာတော့။

လမ်းဘေးက ရေတမာပင်ကြီးနှင့် မိတ်ဆက်သွားခဲ့ပြီ။

✿ ✿ ✿



## အခန်း (၂၅)

"ခွင်း ခွင်းရေ ခွင်း"

နားထဲမှာ ယုယရဲ့ ထိတ်ထိတ်ပျာပျာအော်နေသံကို ကြားနေရပေမယ့် ဆေးရှိန်နှင့်မှိန်းနေသော ခွင်းမျက်လုံးတွေက တော်တော်နှင့်ဖွင့်လို့မရ။

"ခွင်း ခွင်း"

"ဟင် ဟင် ယုယ ဘာ ဘာဖြစ်လို့လဲ"

အနားရောက်လာကာ လှုပ်နှိုးလိုက်တော့ လူးလဲထကာ မျက်လုံးကိုပွတ်သပ်ပြီးမေးလိုက်ရသည်။

ယုယမျက်ဝန်းအိမ်မှာ မျက်ရည်တွေက အိုင်ထွန်းလို့၊ အသံ



www.burmeseclassic.com

www.burmeseclassic.com



တွေကလည်း ကတုန်ကယင်နှင့်

"မာ မာမိနဲ့ဦးဉာဏ် ကားအက်ဆီးဒင့်ဖြစ်လို့တဲ့၊ ဆေးဆေးရုံက ဖုန်းလာတယ်"

"ဘာ ဘာပြောတယ်၊ မေ မေမေနဲ့ ဦးဉာဏ် ကားအက်ဆီးဒင့်ဖြစ်တယ်၊ ဟုတ်လား။ ဘယ် ဘယ်ဆေးရုံမှာလဲ၊ ဘာဖြစ်သွားသေးလဲ"

"မ မသိဘူး၊ ဆေးရုံကို လိုက်သွားကြည့်မှ အခြေအနေကို သိရမှာ"

"ဒါဆို မြန်မြန်လုပ်၊ မြန်မြန်၊ ငါတို့ နင့်ကားနဲ့လိုက်သွားကြမယ်"

ခွင်းလှုပ်ရှားမှုက ယုယထက် မြန်သည်။

ဘာအဝတ်အစားမှ မလဲတော့ဘဲ အပေါ်ကဂျာကင်တစ်ထည်ထပ်ဝတ်၍ ခွင်းက ယုယကားပေါ် အရင်ရောက်သည်။

ငိုချလိုက်တော့မလိုမျက်နှာနှင့် တုန်တုန်ယင်ယင်ဖြစ်နေတာက တော်ရုံစိတ်ပူပန်မှုမျိုး မဟုတ်။

ခုနကလည်း မေမေနဲ့ဦးဉာဏ် ကားအက်ဆီးဒင့်ဖြစ်တယ် ဟုတ်လားဟု ရှေ့နောက်စဉ်းစားချိန်မရဘဲ လွှတ်ခနဲထွက်သွားသည်။

မေမေတဲ့။ မာမိုကို ခွင်း မေမေလို့ခေါ်လိုက်တာ ဘာကြောင့်





လဲ။ မေမေနဲ့ ဦးဉာဏ် အပြင်မသွားခင်ကလည်း "မေမေက ကားမြန်မြန်မောင်းတာမကြိုက်ဘူး။ ဖြည်းဖြည်းမောင်း ဦးဉာဏ်လို့ ခွင်းမှာနေသံ ယုယကြားလိုက်ရသည်။

ဘာဖြစ်လို့လဲ။ ဘာကြောင့်လဲ။ ခွင်းက မာမိုကို မေမေလို့ ဘယ်လိုအမိပွါယ်နှင့်ခေါ်ရတာလဲ။

ခုအချိန်မှာ မေးကြည့်ဖို့ထက် မျက်နှာတစ်ပြင်လုံး နီရဲပျက်ယွင်းလျက်။ စိတ်လှုပ်ရှားနေသော ခွင်းကို အက်ဆီးဒင့်ထပ်မဖြစ်အောင် ကားကိုဖြည်းဖြည်းမောင်းဖို့ တစ်လမ်းလုံး သတိပေးနေရသည်။

ခွင်းက ယုယသတိပေးစကားကို နားဝင်ပုံမရပါ။ စိတ်လောကြီးစွာ ကားကို လီဗာမိုင်ကုန်တင်၍ ဆေးရုံရောက်အောင် အမြန်ဆုံးမောင်းလာခဲ့သည်။

ဆေးရုံရောက်တော့လည်း ကားပါကင်မှာ ကားကိုဖြစ်သလိုရပ်ပစ်ခဲ့လျက် ဆေးရုံရှိဆပ်ရှင်မှာ အလောတတကြီး ဝင်မေးပြီး အပေါ်ထပ်ကို ဓာတ်လှေကားနှင့်တက်သွားလေ၏။ ယုယမှာ ခွင်းကို အမီလိုက်နေရ၍ မောနေသော်လည်း ခွင်းကို နားမလည်နိုင်အောင် ဖြစ်နေရသည်။

ဘာကြောင့် ဒီလောက်ထိ ဂဏှာမြှေပျက်ယွင်းလောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်ကြောင့်ကြကြီးမားနေရတာလဲ။

အရေးပေါ်ခန်းရှေ့ကိုရောက်တော့ အရေးတကြီး အခန်းထဲဝင်သွား၍ တာဝန်ကျဆရာ၊ ဆရာမတွေက ဆွဲရုန်းတားဆီးထားရသည်။

"ဘယ်လိုနေလဲ၊ ဒေါ်မြနန္ဒာအခြေအနေ ဘယ်လိုလဲ ဆရာ၊ ကျွန်တော်သိပါရစေ၊ ကျွန်တော့်ကို မြန်မြန်ပြောပါ"

"ခင်ဗျားက လူနာရဲ့"

"သား သားပါဆရာ၊ ကျွန် ကျွန်တော် သူ့ရဲ့သားပါ"

"ကောင်းပါပြီ၊ ကျွန်တော်တို့အထူးကြပ်မတ်ပြီး ဂရုစိုက်ထားတယ်ဆိုတာ အရင်ဆုံးပြောပါရစေ၊ ဒရိုင်ဘာက သိပ်စိုးရိမ်စရာမရှိပေမယ့် ဒေါ်မြနန္ဒာအတွက်က အရေးတကြီး အောဘီသွေးလိုအပ်နေပါတယ်၊ ကျွန်တော်တို့လည်း အမြန်ဆုံး သွေးရအောင်ရှာနေပါတယ်၊ ရှားပါးတဲ့သွေးအမျိုးအစားဆိုတော့ အခက်အခဲတော့ ရှိနေတာပေါ့ဗျာ၊ အဲဒါတော့ ကျွန်တော်တို့ကို နားလည်ပါ"

"ဆ ဆရာ ကျွန်တော့်သွေးကိုယူပါ ဆရာ၊ ကျွန်တော်သွေးက အောဘီသွေးပါ။ မေမေ့အတွက် လိုသလောက် ကျွန်တော့်ကိုယ်ထဲကသွေးတွေကို ဖောက်ယူပါဆရာ"

ဆရာဝန်ကြီးနောက် လိုက်ပါသွားတဲ့ ခွင်းကျောပြင်ကို ပြူး





ကြောင်ကြောင်လိုက်ငေးကြည့်ကာ ယုယ အံ့အားသင့်နေမိသည်။

သားတဲ့။ ခွင်းက မာမိရဲ့သားတဲ့။

သွေးဆူပြီး လိမ်ညာပြောနေတာ မဖြစ်နိုင်။

ဟန်မဆောင်နိုင်အောင် စိတ်ပူပြီး အမှန်တရားတွေကို မ
ွယ်မဝှက်ပြောနေမိတာပဲ ဖြစ်လိမ့်မည်။

ညို့မျက်ဝန်းတို့ဘက်က အခွင့်အရေးတွေပုံပေးပြီး ရာထူး
ရာထူးဒြပ်တွေနှင့် မြူဆွယ်ခဲ့တာတောင် ဒေါ်မြနန္ဒာရဲ့ ဒရိုင်ဘာအလုပ်က
ထွက်ပါရစေနဲ့ဟု ပြတ်ပြတ်သားသား ငြင်းဆန်ခဲ့တာ ဒါကြောင့်လား။

"မာမိက သူ့အမေနဲ့တူလို့ သူ့စိတ်ခံစားမှုတွေ သက်သာ
အောင် မာမိဆီမှာပဲ အလုပ်လုပ်ချင်တာတဲ့၊ အမေတစ်ယောက်ကို
ပြင်နေရသလိုမျိုး အလွမ်းပြေတယ်တဲ့လေ၊ မီခင်မေတ္တာ ငတ်နေရှာ
ယ်ထင်ပါတယ်၊ ကောင်လေးက သနားစရာတော့ ကောင်းပါတယ်၊
သူ့ဘဝကောင်းစားမယ့်အရေးကိုတောင် စွန့်လွှတ်နိုင်တယ်"

မာမိက ခွင်းနဲ့ပတ်သက်ပြီး ထိုစကားတွေကို ပြောခဲ့သည်။

ထိုအချိန်တုန်းက ခွင်းခံစားမှု၊ ခွင်းဘဝကို ယုယ ကိုယ်ချင်း
စာမိသည်။ သနားမိသည်။

ဒါကြောင့်လည်း ကိုကိုနဲ့ပတ်သက်ပြီး ခွင်း အနာတရဖြစ်
တော့ စာနာစိတ်နှင့် ဂရုစိုက်ပြုစုပေးခဲ့မိတာ။



www.burmeseclassic.com

www.burmeseclassic.com



ခုံတော့ သားဆိုတဲ့အမိပွါယ်၊ မိခင်ဆိုတဲ့ အမိပွါယ် ဘယ်လောက်လေးနက်သလဲ ယုယ မစဉ်းစားချင်။

မာမီ့ဆီက ဘာတွေရချင်လို့လဲ။ ဘာတွေလိုချင်လို့လဲ။ မြနန္ဒာစံအိမ်ကြီးကို ခွင်း ဘယ်လိုပုံစံမျိုးနဲ့ရောက်လာခဲ့တာလဲ။ ဒါကိုပဲ ယုယသိချင်သည်။

ယခုလက်ရှိ ခွင်းဟာ ဟိုတစ်ချိန်က မာမီ့အမုန်းတွေ၊ နာကြည်းမှုတွေနှင့် ထားရစ်ခဲ့တဲ့ သားတစ်ယောက်သာဖြစ်ခဲ့လျှင်။

မာမီ လက်ခံမှာလား။ ထွေးပိုက်မှာလား။

စွန့်ပစ်မှာလား။ အသိအမှတ်ပြုမှာလား။

လားပေါင်းများစွာနှင့် အတွေးတွေ ချာချာလည်နေသလို မာမီ့အတွက် စိုးရိမ်စိတ်တွေကလည်း တစ်ကိုယ်လုံး၊ တုန်ယင်အေးစက်နေစေသည်။

ဘာမှမရေရာသေးဘဲ ဒီအတိုင်း မထားရစ်ခဲ့ပါနဲ့ မာမီ။

✿ ✿ ✿



## အခန်း (၂၆)

"ဟင်"

လေးပင်နေသော မျက်လုံးတို့ကို အားယူဖွင့်ကာ အသိစိတ်တို့ကိုစုစည်းပြီး ပစ္စက္ခအခြေအနေကို သုံးသပ်လိုက်မိသည်။

သူမ ဆေးရုံတစ်ရုံကိုရောက်နေခဲ့တာပဲ။

ဦးညာထော်နှင့် သူမ ကားပေါ်က အဖြစ်အပျက်။ သေရမှာ မကြောက်ပေမယ့် ယိမ်းထိုးနေသောကားပေါ်မှာ သွေးပျက်အောင် ထိတ်လန့်ခဲ့ရသည်။

နောက်ဆုံး မျက်လုံးစုံမှိတ်ပြီး ဘုရားကိုအာရုံပြုလျက် စိတ်ကိုလျှော့ချလိုက်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်ပိုင်း သူမ ဘာမှမသိတော့။ ဘာတွေဖြစ်ခဲ့သလဲ။ အချိန်ဘယ်လောက်ကြာသွားပြီလဲ။

လင်းထိန်နေသော မီးရောင်အောက်က လူနာခုတင်ပေါ်မှာ သူမ ရောက်နေသည်။ သူမ ဘာကြောင့် မသေသေးတာလဲ။

ဘယ်လိုဝေဒနာတွေ ရသွားသေးသလဲ။

သိချင်စိတ်နှင့် ခြေထောက်ကိုလှုပ်ကြည့်သည်။

တစ်ဖက်က ရွေ့လျားလို့ရပေမယ့် ကျန်တစ်ဖက်က ဘယ်လိုမှ အားတင်း မ,ကြည့်လို့မရ။ ခြေထောက်တစ်ဖက် ဒဏ်ရာရသွားတာတော့ သေချာသည်။ ကျိုးသွားတာလား။ အနာတရဖြစ်ရုံပဲလား။

လက်ကိုလှုပ်ကြည့်တော့လည်း တစ်ဖက်က မျက်နှာရှေ့မှာ မြှောက်ယူကြည့်လို့ရနေသည်။ ကျန်တစ်ဖက်က

"ဟင် ခွင်း ခွင်း"

သူမ အံ့ဩသွားသော်လည်း လက်တစ်ဖက်ကို ဆတ်ခနဲ ရုန်းပယ်မိသည်။ ခုံတစ်လုံးပေါ်ထိုင်ကာ သူမခုတင်ပေါ် မျက်နှာမှောက်ချပြီး သူ့လက်နှစ်ဖက်နှင့် သူမလက်ဖဝါးလေးကို ခပ်ဖိဖိဆုပ်ကိုင်ထားရင်း အိပ်ပျော်နေသည်။

သူမ သတိရပြီး လူးလွန့်လိုက်လျှင် အချိန်မီနိုးထလို့ရအောင် လုပ်ပြီး





သတိနှင့်အိပ်ပျော်သွားခြင်းပေပဲလား။

ဘယ်အချိန်ကတည်းက ဒုက္ခခံပြီး စောင့်နေခဲ့သလဲ။

သူမ ငြိမ်ငြိမ်လေးနေပေးလိုက်ကာ နာကျင်မှုဝေဒနာခံစားနေရသော မျက်နှာနှင့်ခေါင်းကို ကျန်လက်တစ်ဖက်နှင့် အသာအယာစမ်းသပ်နေမိသည်။

မျက်နှာမှာ ဘာဒဏ်ရာမှ ရှာမတွေ့သော်လည်း ခေါင်းမှာတော့ ပတ်တီးထူထူထဲထဲ စမ်းမိနေ၏။

သူမမှာ ဒီလောက်ဒဏ်ရာလေးသာရပေမယ့် ဦးညာဏ်ရောဘာတွေဖြစ်သွားသေးလဲ။ အသက်ရှင်လျက်ရှိသေးရဲ့လား သိချင်လှသည်။ စိတ်က လှုပ်ရှားတော့ ဒဏ်ရာတွေကပိုပြီး နာနာကျင်ကျင်ဖြစ်၏။

"အင်း ကျွတ် ကျွတ်"

"ဟင် မေ အန် အန်တီသတိရပြီလား။ ကျ ကျွန်တော် ဆရာဝန်သွားခေါ်လိုက်မယ်နော်"

ထိတ်ထိတ်ပျာပျာ လန့်နိုးသွားပြီး ခွင်း အခန်းပြင်ပြေးထွက်သွားသည်။ ခဏနေတော့ ခွင်းနောက်က ဆရာဝန်တစ်ယောက်နှင့် နာ့စ်တစ်ယောက် လိုက်ပါလာသည်။ သူမကို စမ်းသပ်စစ်ဆေးမှုတွေ



www.burmeseclassic.com

www.burmeseclassic.com



“အားလုံး အခြေအနေကောင်းပါတယ်၊ ဘာမှ စိုးရိမ်စရာ မရှိတော့ဘူး။ ဒဏ်ရာတွေကလည်း ဆေးကောင်းသုံးထားတဲ့အတွက် အမြန်ဆုံးပြန်ကောင်းလာမှာပါ၊ ခြေထောက်က ဒဏ်ရာအတွက်တော့ လောလောဆယ် ဝှီးချဲလေးသုံးစေချင်တယ်၊ ခြေထောက်က ကျိုး သွားတာမဟုတ်ပေမယ့် ဒဏ်ရာပြင်းတော့ သူ့ကို အရမ်းအားပြု ထောက်လို့ မရသေးဘူးလေ၊ ဒီက အစ်မကြီး အရမ်းကိုကံကောင်း ပါတယ်ဗျာ၊ ဒဏ်ရာတွေက သွေးထွက်လွန်နေလို့ ကျွန်တော်တို့ ကုသဖို့ခက်ခဲနေတာ၊ အစ်မကြီးသားက အချိန်မီသွေးလှူလိုက်လို့ အစ်မကြီး အသက်ချမ်းသာရရတာ၊ အစ်မကြီးသားက အစ်မကြီးရဲ့ အသက်သခင်ကျေးဇူးရှင်ပဲ”

“ရှင်”

ဆရာဝန်နှင့် နာ့စ်က ဆေးမှတ်တမ်းယူပြီး အခန်းအပြင် ရောက်နေပြီ သူမက ခုချိန်ထိ ခွင်းကိုကြည့်ပြီး အံ့အားသင့်နေသ ခွင်းက ထုပ္ပယောင်နစွာနှင့် ခုံမှာဝင်ထိုင်လိုက်ပြီး

“ဒီ ဒီလိုပါအန်တီ၊ သွေးက အခက်အခဲဖြစ်နေတော့ ကျွ တော့်အမေပါလို့ပြောပြီး သွေး သွေးလှူလိုက်လို့ပါ၊ တခြားလူဆို သွေးစစ်တာတွေ, ဖောင်ဖြည့်တာတွေနဲ့ အချိန်တွေကြာမှာစိုးလို့ ပြော ဒါနဲ့ အန်တီ ယုယကိုလေ တစ်နေကုန် တစ်ညလုံးပင်ပန်းနေ





ကျွန်တော်ပြန်လွှတ်လိုက်တာ၊ အခု မိုးလင်းနေပြီဆိုတော့ အန်တို့ အတွက် စားစရာတွေယူပြီး သူပြန်လာတော့မှာပါ၊ အခု အန်တီဘာ လုပ်ချင်လဲဟင်၊ ကျွန်တော် ဘာလုပ်ပေးရမလဲ”

စကားတွေ အများကြီးဖောင်ဖွဲ့အောင် ပြောနေပေမယ့် အသံ တွေတုန်နေတာ သူမ သတိထားမိသည်။ ဒီကောင်လေးရဲ့ပါးစပ်က အမေဆိုတဲ့အသံကိုကြားတော့ သူမရင်ထဲ လှိုက်ခနဲ လှုပ်ရှားတုန် ယင်သွားခဲ့သည်။ ဘာကြောင့် အမေခေါ်ရတာလဲ။ သူကိုယ်တိုင် ဖြေရှင်းပြောပြသွားသည့်မို့ စိတ်အနေသက်သာသွားသော်လည်း သူမ ကိုသွေးလှူထားတဲ့ကျေးဇူးရှင်မို့ နှစ်နှစ်ကာကာ ပြုံးပြသင့်သည်ထင် သည်။

ပြုံးပြဖို့အားယူနေရတာလည်း ဟိုအရင်ကလိုတော့ မပင် ပန်းပါ။

“ဦးညဏ်ရော ဘာတွေဖြစ်သွားလဲဟင်၊ ဘယ်လိုနေသေး လဲ၊ ဟို အ အသက်”

“ဘာမှမဖြစ်ပါဘူး အန်တီ၊ ဦးညဏ်က အန်တီလောက် တောင် ဒဏ်ရာမပြင်းဘူး၊ စောစောကတင် အန်တို့ကို တစ်ခေါက် လာကြည့်သွားသေးတယ်”

“ဟုတ်လား၊ တော်ပါသေးရဲ့ကွယ်၊ ဦးညဏ် သတိကောင်း



www.burmeseclassic.com

www.burmeseclassic.com



လွန်းလို့ ဒီလောက်ပဲဖြစ်ကြတာ၊ ဦးဉာဏ်လောက် ကားကိုဂရုစိုက်တာ ဦးဉာဏ်ပဲရှိတယ်၊ ကားမောင်းသက်လည်း ကြာလှပြီ၊ တစ်ခါမှ ကားအက်ဆီးဒင့်ဖြစ်တယ်ဆိုတာ မရှိဖူးဘူး၊ ခုမှ ဘယ်လိုဖြစ်သွားရတယ် စဉ်းစားမရနိုင်အောင်ပါပဲကွယ်''

''ဖြစ်ပြီးတာတွေ ဘာမှပြန်တွေးမနေပါနဲ့တော့ အန်တီ၊ မသေကောင်း၊ မပျောက်ကောင်း ဒီလိုလေးဖြစ်သွားတာပဲ ကံကောင်းလှပါပြီ နောက်ဆို ကျွန်တော်ကားမောင်းတဲ့အခါ သေချာဂရုစိုက်ပါ့မယ်''

''အင်း ကားစီးရမှာတောင် ကြောက်နေသလိုဖြစ်သွားပါပြီကွယ်၊ ဪ အန်တီ မင်းကို ကျေးဇူးတင်ပါတယ်''

မြင်ရခဲ့သော မေမေ့အပြုံးက မင်္ဂလာအရှိဆုံးဖြစ်သွားခဲ့သည်။ ထိုအပြုံးက ရင်ထဲမှာ လှိုက်လှိုက်ဆူဝေစေလျက် ကြည်နူးပီတိဖြစ်စေ၏။

သူ့လက်တစ်ဖက်ကို ဖိဆုပ်ညှစ်လိုက်တဲ့ မေမေ့လက်ပေါ် ကျန်လက်တစ်ဖက်နှင့် ခပ်ဖွဖွဆုပ်ကိုင်လိုက်ကာ

''ကျွန်တော့်ကို ကျေးဇူးတင်တယ်ဆိုတဲ့စကား မပြောပါနဲ့ အန်တီ၊ ကျွန်တော့်ကိုယ်တွင်းမှာ စီးဆင်းလည်ပတ်နေတဲ့ သွေးတွေ အန်တီကိုယ်ခန္ဓာထဲ ရောက်ခွင့်ရတဲ့အတွက် ကျွန်တော်က အန်တီ့ကို ကျေးဇူးတင်နေတာပါ၊ အညတရသွေးမို့ အန်တီလက်မခံမှာ စိုးရိမ်





နေတာ''

သူ့မရင်ထဲ နင့်ခနဲဖြစ်ကာ စူးစူးရရ အောင့်မျက်သွားသည်။ ဒီကလေးရင်ထဲ ဘယ်လိုခံစားချက်တွေ ရှိနေသလဲ။

ဘယ်လိုနာကျင်မှုမျိုးနှင့် ရှင်သန်နေရသလဲ။

သိချင်စိတ်နှင့် မေးမြန်းဖို့ နှုတ်အဖွင့်မှာ

''မာမီ''

''မြကလေး''

ယုယ၊ ပိုက်တွေးနှင့်အတူ ဦးအုပ်စိုးပါ ခေါ်မြန္မာအနားရောက်လာကြသည်။ အားလုံးသောမျက်နှာတွေမှာ ပူပင်သောကတွေနှင့်ပါ။

''မာမီရယ် ဘယ်လိုဖြစ်သွားရတာလဲဗျာ၊ ကြားကြားချင်း သားဖြင့် ယုံတောင်မယုံနိုင်ဘူး၊ မနေ့က သားသူငယ်ချင်းတွေနဲ့ ခရီးလွန်နေလို့၊ ခုမနက် ညီမလေးပြောပြမှ သားသိရတာ၊ ဟို စိတ်ပူပြီး ဒယ်ဒီ့ဆီဖုန်းဆက်ခေါ်လာမိတာ စိတ်မဆိုးပါနဲ့နော် မာမီ၊ သားလေ နောက်တစ်ခါ မာမီဘာဖြစ်ဖြစ် အရင်ဆုံးသိရအောင် သူငယ်ချင်းတွေနဲ့ အပြင်တွေ,ဘာတွေ သိပ်မထွက်တော့ပါဘူး၊ မာမီ စိတ်ချမ်းသာအောင် သားလိမ်မာပါ့မယ်၊ နော် မာမီနော်''

''ဟုတ်တယ် မြကလေး၊ သားက မြကလေးကို အမြဲး



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပူပြီး ကိုယ့်ဆီကိုဖုန်းဆက်တော့ ငိုနေရှာတာ၊ တစ်ခုခု ဆိုးဆိုးဝါးဝါးဖြစ်သွားရင်တော့ သူ အရင်ဆုံးမသိရ၊ မပြုစုရလို့ ရင်ကျိုးရမှာတဲ့လေ၊ ကိုယ်လည်း မြကလေးအခြေအနေသိချင်လို့ လိုက်လာတာပါ၊ သက်သာတယ်မဟုတ်လား မြကလေး''

''ဟုတ်ကဲ့၊ သက်သာပါတယ်၊ ဒီအတိုင်း အခြေအနေကောင်းရင် တစ်ပတ်အတွင်း ဆေးရုံကဆင်းရမယ်လို့ ပြောပါတယ်''

စိတ်ထဲကမပါပေမယ့် ပြေလည်ရာပြေလည်ကြောင်း အေးအေးသက်သာပဲ ဒေါ်မြနန္ဒာပြောလိုက်သည်။

မျက်နှာတွေက ပြုံးနေသလို နှုတ်စကားတွေချိုနေသော်လည်း ခွင်းရဲ့စကားတွေလောက် သူမရင်ထဲ မထိရှစေတာ ထူးတော့ထူးဆန်းသည်။ ဒီမိသားစုတွေ ဝင်လာကတည်းက မျက်နှာငယ်ငယ်လေးနှင့် အပြင်ထွက်သွားသော ခွင်းဆီကိုပဲ စိတ်ရောက်နေမိ၏။

ယုယက သူမမျက်နှာလေးကို ဟိုစမ်းဒီစမ်းလုပ်ကာ

''မာမို့အတွက် ဒေါ်စောကြည်ကို စွပ်ပြုတ်လုပ်ခိုင်းလာခဲ့တယ်၊ သောက်လိုက်ရအောင်နော် မာမီ၊ ပြီးရင် ဦးညာဏ်ဆီကိုလည်း တစ်ချိုင့်ပို့လိုက်မယ်''

သူမ ခေါင်းညိတ်ပြတော့ ပိုက်တွေးက ပွေ့ထူပေးကာ ခေါင်းအုံးနှစ်လုံးဆင့်၍မှီစေလျက် ယုယက စွပ်ပြုတ်ကို တစ်ဇွန်းချင်း ဂရု





စိုက်ပြီးတိုက်လေ၏။

ဒီလိုကြင်နာမှုတွေကို သူမ ဘာကြောင့် မကြည်နူးရသလဲ။

ခုနက သူမလက်ကလေးကို ဆုပ်ကိုင်ပြီး အိပ်ပျော်နေရှာတဲ့ ခွင်းမျက်နှာလေးကိုပဲ မြင်ယောင်နေရတာလဲ။

အကြောင်းအရာတစ်ခုကတော့ သူမနှင့်ခွင်းရဲ့ကြားမှာ လေးလေးနက်နက်ရှိနေခဲ့ပြီထင်သည်။

ထိုအကြောင်းအရာဟာ သူမ,ထင်နေသလိုများ ဖြစ်နေခဲ့လျှင်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"အခုဖြစ်ခဲ့တဲ့ အက်ဆီးဒင့်က ငါ့ရဲ့ပေါ့ဆမှုကြောင့် မဟုတ်ဘူး။ မရိုးမသားကြံစည်မှုလို့ ငါယုံကြည်နေတယ်"

"ဗျာ ဦး ဦးညာဏ်ဆိုလိုတာက"

"တစ်ယောက်ယောက်က အသက်သေအောင် လုပ်ကြံလိုက်တာ"

"ဘယ် ဘယ်သူလဲ၊ ဘာကြောင့်လဲ"

"မသိဘူး၊ ဘာကြောင့်လုပ်ကြံတယ်ဆိုတာကို မသိတာ၊ ဘယ်သူလဲဆိုတာကလည်း ပါးစပ်ကပြောထွက်ရမှာတောင် မဝံ့မရဲဖြစ်နေတယ်၊ ကိုယ့်အပြစ်လွတ်အောင် မထင်ကောင်းတဲ့လူတစ်





ယောက်ကို ယိုးစွပ်သလိုဖြစ်မှာလည်း စိုးတယ်"

ဦးညာဏ်က တွေးဆနေတာလား၊ ပြန်မြင်ယောင်ကြည့်နေတာလား ဘာမှန်းမသိဘဲ ဆေးရုံအမိုးမျက်နှာကြက်တွေကို စူးစူးစိုက်စိုက်ကြည့်နေခဲ့သည်။

ခွင်းက သိချင်ဇောနှင့် ဦးညာဏ်မျက်နှာကို ငုံ့မိုးခဲ့လိုက်၏။

"ဦးညာဏ် ဘယ်သူ့ကိုသံသယရှိနေတာလဲ၊ ဘာကြောင့် ဒီလိုပြောနိုင်ရတာလဲ ကျွန်တော်ကိုပြောပြပါ ဦးညာဏ်၊ ဒါမှ မေမေ့မှာနောက်တစ်ကြိမ် အသက်အန္တရာယ်မထိခိုက်အောင် ကာကွယ်ပေးလို့ရမှာ"

"အဲဒါကြောင့် ငါလည်း ငါ့ရဲ့သံသယ မှန့်မမှန် မသေချာပေမယ့် ပြောပြဖို့ကြိုးစားနေရတာပါ၊ အဲဒီနေ့က ကားရေဆေးတယ်၊ မြကလေး အစည်းအဝေးသွားမယ်ဆိုတော့ ထုံးစံအတိုင်း ကားမှာ ဘာချွတ်ယွင်းချက်ရှိမလဲ စစ်ဆေးတယ်၊ ကားစက်စမ်းကြည့်တယ်၊ အားလုံး အိုကေပဲ၊ အဲဒီအချိန်မှာ မင်းက နေမကောင်းဘဲ အပြင်ထွက်လာလို့ ငါ မင်းဆီကိုလာပြီး တန်းလျားထိရောက်အောင်လိုက်ပို့တယ်လေ"

"ဟုတ်တယ်လေ ဦးညာဏ် ကားနားမှာရှိနေလို့ ကျွန်တော်ထွက်လာတာပဲ၊ မေမေ့ကိုတောင် ကျွန်တော်လိုက်ပို့မယ်လို့ ပြော



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်''

''အေး ဟုတ်တယ်၊ ကားနားကနေ မင်းဆီကိုအလာ တိုက်ဆင်ဝင်အောက်မှာရပ်နေတဲ့ ပိုက်ထွေးကို သတိထားမိခဲ့တယ်''

''ဗျာ ပိုက် ပိုက်ထွေး''

ခွင်း အလန့်တကြားပင်ဖြစ်သွားမိသည်။ ဦးဉာဏ်ကလည်း လှူးလဲ၍ တကျွတ်ကျွတ်ညည်းညူကာ ထထိုင်လိုက်၏။

''မထင်ကောင်းပေမယ့် သံသယဖြစ်စရာ သူတစ်ယောက်ပဲရှိတယ် လူလေး။ မြနန္ဒာကားနားမှာ သူ့ကားက ယှဉ်လျက်ရပ်ထားတယ်၊ အပြင်သွားဖို့ထွက်လာရင်း မြနန္ဒာကားကို တစ်ခုခုလုပ်လိုက်တာဖြစ်မယ်၊ ဦးဉာဏ်က မင်းကို တန်းလျားလိုက်ပို့ပြီး သဘက်စောင်လေးယူပြန်ထွက်လာတော့ မြနန္ဒာက ကားပေါ်ရောက်နှင့်နေတာနဲ့ သော့ဖွင့်စက်နိူးပြီး တစ်ခါတည်းမောင်းထွက်သွားခဲ့ရတာ၊ အခု ဦးဉာဏ်သတိရလာကတည်းက အဲဒီအကြောင်းကိုပဲ အစအဆုံး ပြန်တွေးကြည့်နေတာ၊ လက်ဆုပ်လက်ကိုင်ပြစရာ, လက်ညှိုးထိုးပြစရာ ဘာမှတော့မရှိဘူးကွာ၊ ဒါပေမဲ့''

ဦးဉာဏ်က ဆက်မပြောတော့ဘဲ တွေးနေပြန်သည်။

မသေချာပေမယ့် မေမေ့အတွက် စိုးရိမ်စရာတော့ဖြစ်လာခဲ့၏။ ဦးဉာဏ်သာ စဉ်းစားဉာဏ်မရှိဘဲ ကြောက်အားလန့်အား ထင်





သလိုမောင်းခဲ့ပါက အသက်အန္တရာယ်ထိခိုက်တဲ့အထိ အဆိုးဝါးဆုံးဖြစ်သွားနိုင်သည်။

ပိုက်ထွေးကို သတိထားစောင့်ကြည့်ဖို့ ဆုံးဖြတ်လိုက်ကာ ဦးဉာဏ်အခန်းထဲက ခွင်းထွက်လာခဲ့သည်။

ဆေးရုံကော်ရစ်ဒါထောင့်ချိုးလေးကိုရောက်တော့ ဦးဉာဏ်ဆီ စွပ်ပြုတ်လာပို့တဲ့ ယုယနှင့်ဆုံသည်။

''ခွင်း ဒီနားမှာ ခဏစောင့်၊ ဦးဉာဏ်ဆီ စွပ်ပြုတ်ပို့ပြီး ယုပြန်ထွက်လာခဲ့မယ်၊ ယုနဲ့ခွင်း ဆေးရုံကင်န်တင်းမှာ ခဏစကားပြောရအောင်''

''ဟို အဲန် အန်တီ''

''မာမီ့ကို ဆေးတိုက်ထားလို့ မှိန်းနေပါတယ်၊ နာ့စ်ကိုလည်းမှာထားခဲ့တယ်၊ အဲလောက်ကြီး စိုးရိမ်မနေပါနဲ့''

ယုယ သူ့ကို ဘာစကားတွေပြောချင်၊ မေးချင်နေလဲ စိတ်ထဲကသိတော့သိနေသလိုပင်။ မေးလာခဲ့လျှင်လည်း မေမေ့ကို လိမ်ညာပြောခဲ့သလို သူ့မှာဖြေစရာ အဆင်သင့်ရှိနေပါသည်။ သူ့ဘက်ကမှားအယွင်းမရှိ ကျွမ်းမပျက်ဖို့ပဲ အရေးကြီးသည်။

ခဏနေတော့ ဦးဉာဏ်အခန်းထဲက ထွက်လာတဲ့ ယုယကဆေးရုံကင်န်တင်းကို ရှေ့ကနေ ဦးဆောင်သွား၏။ ဆိုင်ထဲကိုရောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ လှုရှင်းနေသော ထောင့်စားပွဲဝိုင်းလေးမှာ နေရာရွေးထိုင်သည်။

"အိပ်ချင်ပြေအောင် ပလိန်းသောက်မလား ခွင်း"

"ကိုယ်က ရပါတယ်၊ ယုယမှာချင်တာပဲ မှာပါ"

ယုယက သူမလည်း အိပ်ရေးပျက်ထားသည်မို့ စားပွဲထိုးလေးကို ပလိန်းနှစ်ခွက်မှာလိုက်သည်။

စားပွဲပေါ်မှာ စူပါပလိန်းနှစ်ခွက်ရောက်လာသည့်အချိန်ထိလည်း ယုယ စကားမစသေး။

သူ့ဘက်ကလည်း အရေးမကြီးဟန်နှင့် ကော်ဖီမစ်ထုပ်ကိုဖောက်ပြီး ယုယအတွက်ပါ ဖွန်းလေးနှင့်မွှေ၍ ဖျော်ပေးနေလိုက်သည်။

"ခွင်းနဲ့ မာမီနဲ့ပတ်သက်မှုကို ယုသိချင်တယ်"

"ဟင် ဟို အဲ အဲဒါက"

"မာမီ့ကိုပေးဖူးတဲ့ ဆင်ခြေမျိုး ယု ထပ်ကြားချင်လို့ မေးနေတာမဟုတ်ဘူး၊ သေချာသိနေတဲ့ကိစ္စကို ခွင်းပါးစပ်ကနေ ပြောစေချင်တာ"

"ဟာ သေချာသိနေတဲ့ကိစ္စ၊ ဟုတ်လား၊ ယု ယုယက ဘာတွေသိထားလို့လဲ"

ယုယရဲ့ ခပ်မိန့်မိန့်အပြုံးမှာ အားလုံးကိုခြုံငုံသုံးသပ်သိနေ





ပုံသလိုဖြစ်နေသည်။ လိမ်ညာပြီး ဆင်ခြင်ပေးမယ့် စကားတွေ လည်ချောင်းဝမှာတင်ပျောက်ဆုံးနေ၏။

ကော်ဖီမစ်ကို ဖွန်းလေးနှင့်ခပ်နာနာမွှေရင်းယုယက သူ့ကိုမျက်ခုံးပင့်ကြည့်သည်။

"ယု သိနေတဲ့အကြောင်းအရာက အရေးမကြီးပါဘူး၊ ခွင်းဇာမို့ဆီက ဘာလိုချင်လို့ အမေတော်ချင်နေရတာလဲဆိုတာ"

"မ မဟုတ်ဘူး၊ မေမေ့ဆီက ကိုယ် ဘာမှမလိုချင်ပါဘူး၊ ကမ်းမောလို့ တွယ်ကပ်နေတာလည်း မဟုတ်ဘူး"

"ဒါဖြင့်"

တုံးတိတိ စကားအထောက်မှာ သူ့တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လာသည်။ မျက်ဝန်းအိမ်မှာ ဘယ်လိုက ဘယ်လိုမျက်ရည်တွေပြည့်အိုင်လာမှန်းလည်း မသိ။

သူ့ရဲ့ ကံကြမ္မာရဲ့ တုန်လှုပ်သွေးပျက်မှုတွေကြောင့် ယုယရဲ့ ရင်သယ်တွေ နိုင်မာသေချာသွားခဲ့တာဖြစ်လိမ့်မည်။

"ကိုယ်တောင်းတာ မေမေ့ဆီက မိခင်တစ်ယောက်ရဲ့မေတ္တာတရားပါ၊ မွေးကတည်းက တစ်ခါမှမရဖူးခဲ့တဲ့ မေတ္တာတစ်ခုတည်းပါ ယုယရယ်၊ ဘာမှ မသိနားမလည်မွေးကင်းစအရွယ်လေးကတည်းက မေမေ့နို့ကိုတောင် မစို့ဖူးခဲ့ပါဘူး၊ ဖြူသလား၊မည်းသလား မေမေ့မျက်



www.burmeseclassic.com

www.burmeseclassic.com



နာကို မမြင်ဖူးခဲ့ပါဘူး။ အရွယ်ရောက် သိတတ်လာတဲ့အချိန်ထိ လူ့လောကကြီးမှာ အမေမရှိတော့ဘူးဆိုတဲ့အသိနဲ့ ရှင်သန်လာခဲ့ရတယ်၊ ဖေဖေသေမှ မြန်နွာစံအိမ်ကြီးက ဒေါ်မြန်နွာက ကိုယ့်ရဲ့အမေမှန်း သိခဲ့ရတာပါ၊ ကိုယ့်ကိုဥပေက္ခာပြုရက်ခဲ့တဲ့ မေမေက မိသားစုတစ်စုနဲ့ ပျော်ရွှင်နေတာ ကိုယ် ဘယ်လောက်ခံစားရမလဲ စဉ်းစားကြည့်ပါ ယုယရယ်၊ ဒါပေမဲ့ မေမေ့ကို ကိုယ်ချစ်တယ်၊ အဲဒါကြောင့် မေမေ့မျက်နှာလေးကိုပဲ မြင်ရ မြင်ရ ဒီအိမ်ကြီးမှာ အစေအပါးတစ်ယောက်အနေနဲ့ တွယ်ကပ်နေမိတာပါ၊ တခြားရလိုမှု ကိုယ့်ရင်ထဲမှာ ဘာတစ်ခုမှ မရှိပါဘူးကွာ၊ ယုံကြည်ပေးပါ၊ ယုံပေးပါ''

အက်ကွဲတုန်ယင်နေသောအသံနှင့် ခွင်းမျက်ရည်တွေကို မြင်ရတာ ယုယရင်ထဲ ဆို့နင့်လှိုက်မောလာသည်။ သွေးမစိမ်းတဲ့ ခွင်းအပေါ် ရင်းနှီးနေမိတာကြောင့် ခွင်းရင်ထဲက သစ္စာစကားတွေကို ယုယ ယုံကြည်ပါသည်။ တကယ်ဆို သူမတို့မိသားစုကသာ မာမိရဲ့ပိုင်ဆိုင်မှုတွေအပေါ် မှီခိုအားထားတွယ်မက်နေကြတာ။ သူမက မာမိမေတ္တာတွေကို နားလည်ပေမယ့် ဒယ်ဒီနှင့် ကိုကိုက အမွေသိမ်းပိုက်ချင်နေကြမှန်း သူမ,သိသည်။

ကိုယ့်ပစ္စည်း ကိုယ့်ဥစ္စာမဟုတ်မှန်းသိသိကြီးနှင့် သုံးဖြုန်းနေကြခြင်းအတွက် မြွေပွေးခါးပိုက်ပိုက်ထားမိတဲ့အဖြစ်မျိုး မာမိခံစား





နေရတာ သူမ သနားနေမိ၏။

ဒါပေမဲ့ တစ်ဖက်ကလည်း အဖေနှင့်အစ်ကို၊ တစ်ဖက်ကလည်း ကိုယ်ကိုနှိမ့်ချိုတိုက်ကျွေးပြီး ပြုစုစောင့်ရှောက်လာခဲ့တဲ့ ကျွေးမိခင်။ မတရားမှန်း သိပေမယ့် သူမ ဘာမှမတတ်နိုင်ခဲ့။

ဘာပဲဖြစ်ဖြစ် သူမတို့ဘဝက ဂုဏ်ပကာသန ထည်ဝါမှုနှင့် အဆင့်အတန်းမြင့်မြင့် နေနိုင်ခဲ့သည်။ မော်ကြွားနိုင်ခဲ့သည်။ သားအရင်းဖြစ်သည့် ခွင်းကတော့ အတွယ်အတာမဲ့ ရေနည်းငါးဘဝနဲ့ သူမတို့အားလုံးရဲ့ အနှိမ်ခံအစေအပါးတဲ့၊ ဖြစ်သင့်သလား။ မသက်ဆိုင်သူတွေ ပျော်ပျော်ကြီးစံစားနေချိန်မှာ ခွင်းက ဒီလိုဖြစ်နေသင့်သလား။

''ဒီအကြောင်းတွေကို အမှန်အတိုင်း မာမိကိုပြောပြဖို့ ခွင်းဘာလို့မကြိုးစားခဲ့တာလဲ''

ခွင်း ဆတ်ခနဲဖြစ်သွားကာ မျက်ရည်တွေကိုလက်ခုံနှင့် ပွတ်သုတ်ရင်း

''ကျွန်တော်က မေမေ့သားပါလို့ပြောမိရင် အရိပ်ကိုတောင်ကြည့်ခွင့်ပေးမှာ မဟုတ်ဘူးလေ၊ ကိုယ်က မေမေမုန်းတီးလို့ စွန့်ပစ်ခဲ့တဲ့ ဦးထွန်းလူရဲ့သွေးသားမဟုတ်လား၊ ရက်သားအရွယ် ကလေးလေးကိုတောင် ထားရစ်ခဲ့သေးတာ ကိုယ့်ကိုလည်း မုန်းနေမှာပါပဲ၊ တကယ်ဆို ကိုယ်က မျက်နှာပြောင်တိုက်ပြီး မေမေ့မေတ္တာတွေကို



www.burmeseclassic.com

www.burmeseclassic.com



လိုချင်နေတာပါ၊ အမျိုးဂုဏ်မြင့်တဲ့ မိန်းမဆိုတော့ အမေ့တွေလို ချင်လို့ တွယ်ကပ်နေတယ်ပဲ ထင်မှာ၊ အဲဒါကြောင့် ဒီဘဝလေးနဲ့ပဲ မေမေ့မျက်နှာကိုမြင်, မေမေ့အသံကိုကြားပြီး ကျေနပ်နေခဲ့တာ''

''ဒီအတိုင်း တစ်သက်လုံး ဖွင့်မပြောတော့ဘူးလား''

''ဆိုပါတော့ ယုယရယ်၊ အစေအပါးဘဝ, အနှိမ်ခံဘဝလေးနဲ့ ဒီအတိုင်းနေနေရတာပဲ ကောင်းပါတယ်၊ ဖွင့်ပြောမိမှ အဝေးကို လွင့်သွားရင် ငါ ရင်ကျိုးရမှာ၊ ရင်ကွဲနာကျပြီးသေမှာ၊ နင်လည်း နင်သိရင်သိတဲ့အတိုင်းလေးပဲ နေပေးပါ၊ မေမေ့ကို လုံးဝဖွင့်မပြော လိုက်ပါနဲ့၊ အဲဒီတစ်ခုလေးပဲ ငါ့ကိုကတိတည်ပေးပါ၊ ငါ့ကိုနားလည်ပေး ပါနော်''

''ခွင်းရယ်''

ယုယ ဘာပြောရမှန်းမသိအောင် ရင်ထဲမှာ ရှုးရှအောင့် မျက်နေသည်။ ဟိုအရင်က ခွင်းအပေါ် ဘယ်လိုစိတ်ခံစားမှုမျိုးထား မိမှန်း မရေရာသော်လည်း ခုတော့ သွေးသားတော်စပ်သည်ဆိုသော အသိစိတ်ပါလားဟု ယု သဘောပေါက်လိုက်ရသည်။

''ယုကိုရော ညီမလေးတစ်ယောက်လို သဘောထားရဲ့လား ဟင်''

''ယုယရယ် အမှန်အတိုင်း ဝန်ခံရရင် ဒီကိုရောက်ခါစက





မေမေ့နဲ့ကိုစိုးခွင့်ရတဲ့ နင့်ကို ငါ မနာလိုဖြစ်မိပါတယ်၊ ဒါပေမဲ့ မေမေ့ အပေါ် နင့်ရဲ့ ဂရုစိုက်အလေးထားမှုတွေကို တဖြည်းဖြည်းသိလာ ရတဲ့အချိန်မှာ နင့်ကို ညီမလေးတစ်ယောက်လို သံယောဇဉ်ဖြစ်မိသွား တယ်ဆိုတာ ငါဝန်ခံပါတယ်၊ ငါ့လို နင်တို့အိမ်က အစေအပါးတစ် ယောက်ကပြောတဲ့စကားကို နင် ယုံချင်မှယုံနိုင်ပါတယ် ယုယ''

''အဲလိုကြီး ကိုယ့်ကိုယ်ကိုယ် နှိမ့်နှိမ့်ချချကြီး မပြောပါနဲ့ ခွင်းရယ်၊ ယုယတို့ကသာ အရှက်မရှိ ထည်ထည်ဝါဝါနေနေကြတာ၊ ဘကယ်တော့ မာမီရဲ့ပိုင်ဆိုင်မှုတွေက ခွင်းနဲ့ပဲ သက်ဆိုင်တာပါ၊ မာမီ အသိအမှတ်ပြုသည်ဖြစ်စေ, မပြုသည်ဖြစ်စေ ခွင်းက မာမီရဲ့ သားပဲလေ၊ ယုကို ညီမလေးတစ်ယောက်လို သဘောထားတယ်ဆို ရင် ညီမလေးလို့ခေါ်နော် ခွင်း''

''တ တကယ်လား ယုယ''

ယုယက လွင်လွင်ကလေးပြုံး၍ ခေါင်းညိတ်ပြသည်။ ရင် ထဲမှာ တလှိုက်လှိုက်ကြည်နူးပီတိဖြစ်လျက်

''ညီမလေး''

''ကိုကို''

''ဟင် ကိုကိုဆိုတာချည်းက ပိုက်ထွေးကိုခေါ်သလိုကြီး''

''အဲဒါဆို ခွင်းလို့ပဲခေါ်မယ်''



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ၊ အဲဒီအတိုင်းပဲ ခေါ်၊ ကောင်းတယ်၊ မေမေ မသိစေနဲ့နော်"

"အင်း"

အားရပါးရပြုံးပျော်ကြည်နူးလျက် လက်ချင်းမြဲမြဲဆုပ်၍ မေမေ့အခန်းကို ပြန်လာခဲ့ကြသည်။

ကော်ဖီခွက်လေးတွေကို မေ့လျော့လျက်။

✿ ✿ ✿



## အခန်း (၂၀)

"တောက်"

တက်ခေါက်သံကို အသံအဖြစ် ပြောင်းလဲပစ်လို့မရ။

အနားမှာ မားမားရှိနေသည့်အတွက် အကျည်းတန်သော မြင်ကွင်းကို မျက်လုံးတွေ ဖျတ်ခနဲစုံမှိတ်ချ၍ အဆုံးသတ်ပစ်လိုက်ရသည်။ လက်ချင်းတွဲဆုပ်ထားပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ ပြုံးနေကြသော ယုယနှင့်ခွင်းတို့အဖြစ်ကို တစ်ဖက်ကနေကားတံခါးဖွင့်ဆင်းနေတဲ့ မားမားက မြင်လိုက်မှာမဟုတ်၊ ညှို့ကသာကားစက်ရပ်ရင်း သော့ဖြုတ်နေတဲ့အချိန်မှာ မြင်လိုက်ရခြင်းဖြစ်သည်၊

လူမမာအနားမှာမနေဘဲ သူတို့နှစ်ယောက် ဆေးရုံကွင်း



www.burmeseclassic.com

www.burmeseclassic.com



တင်းထဲကို ဘာလာလုပ်ကြတာလဲ။ တစ်ခုခု လာစားကြတယ်ဆိုရင်တောင် ပတ်ဝန်းကျင်ကို သတိမထားနိုင်အောင် ဒီလောက်ထိ ကြည်ကြည်နူးနူးဖြစ်မနေသင့်ဘူး ထင်သည်။

ရင်ထဲမှာ အမည်မသိမုန်တိုင်းငယ်လေး မွှေနှောက်လျက် ပြောင်းဆန်နေသည်။

"မားမား ခါတ်လှေကားကမတက်ဘဲ အညောင်းအညာပြေအောင် ရိုးရိုးလှေကားက တက်ကြမယ်နော်"

"သမီးသဘောပဲလေ၊ မြကလေးအခန်းက သုံးလွှာမှာဆိုတော့ သိပ်မပင်ပန်းပါဘူး"

ခွင်းနှင့်ယုယကို မားမားမြင်သွားမှာစိုး၍ လှေကားထစ်တွေကနေ ဖြည်းဖြည်းချင်းတက်နေမိသည်။

ဒေါ်မြန္တာဆီ လူနာသတင်းမေးဖို့ လာသာလာရတာ၊ လူနာရှင်တွေက ဖုန်းဆက်အသိပေးလို့တော့ မဟုတ်။

လုပ်ငန်းတူမိတ်ဆွေတွေရဲ့ တစ်ဆင့်စကားကြောင့် လူမှုရေးအရ ရောက်အောင်လာခဲ့ရခြင်းပင်။

မားမားကတော့ သူငယ်ချင်းဒေါ်မြန္တာ ဒီလိုဖြစ်တယ်ကြားတော့ အရေးတယူ ထိတ်ထိတ်ပျာပျာနှင့်ပါ။

"သမီးရေ မားမားတို့ မြကလေးဆီသွားမှာဖြစ်မယ်၊ ကား





အက်ဆီးဒင့်ဖြစ်တာတဲ့ အသက်အန္တရာယ်မထိခိုက်လို့ တော်သေးတယ်၊ အိမ်ထောင်ရေးကံကလည်း မကောင်း။ မြကလေးတော့ ဘယ်လိုကြမ္မာဆိုးတွေဝင်နေလည်း မသိပါဘူးကွယ်"

မားမားက စိတ်သောကတွေရောက်နေပေမယ့် ညို့ကတော့ ဒေါ်မြန္တာအနားမှာ ခွင်းရှိနေနိုင်တယ်ဆိုသောအသိနှင့် တက်တက်ကြွကြွပင် မားမားနှင့်လိုက်လာမိခဲ့တာ။ ခွင်းနဲ့ အမြဲတမ်းတွေ့ဖို့ဆိုတာ မလွယ်ဘူးမဟုတ်လား။ ခုတော့ ခြေလှမ်းတွေကို နောက်ပြန်ဆုတ်ချင်နေမိသည်။ လေးကန်သောခြေလှမ်းတွေက လှေကားတွေကိုတောင် မတက်ချင်။

ဒါပေမဲ့ ဘာအကြောင်းလဲ။ ဘယ်လိုအနေအထားလဲ။ ခွင်းမျက်နှာကို စေ့စေ့ကြည့်ပြီး မေးချင်လှသည်။

ခွင်းကိုချစ်နေသောကြောင့် ခွင်းနှုတ်ဖျားလေးက ထွက်လာသမျှ ဘယ်လိုဆင်ခြင်စကားပဲဖြစ်ဖြစ် ယုံကြည်နေမိဦးမှာပဲ ထင်သည်။ ညို့တို့ ဒေါ်မြန္တာအခန်းအရောက်မှာ ခွင်းကအရင်မြင်၏။

"ဟာ ညို့၊ ဩော် အန်တီရောပါလာတယ်"

"အေးကွယ်၊ မြကလေး ဒီလိုဖြစ်တယ်ဆိုတော့ ရောက်အောင်လာရတာပေါ့၊ ဘယ့်နှယ်နေသေးလဲ မြကလေး။ သက်သာတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အန်တီ၊ ဆေးရိုန်နဲ့မှိန်းနေတာ ခုမှ နိုးလာတာပါ။ အန်တီတို့လာတာနဲ့ အတော်ပါပဲ"

ရွှန်းရွှန်းဝေအောင် နှုတ်သွက်အာသွက်ပြောနေတဲ့ ခွင်းနှုတ်ချမ်းဖျားမှာ အပျော်ရိပ်တွေ မပျောက်ပျက်သေးဘူးဟု မလိုစိတ်နှင့် တွေးနေမိသည်။

ညို့နှင့် မားမား ခေါ်မြန္မာအနားရောက်တော့ ယုယက ခုတင်ပေါ်မှ နေရာဖယ်ပေး၏။

"မိုးဖြင့် ကြားကြားချင်း စိတ်မကောင်းလိုက်တာ မြကလေးရယ်၊ အခု အက်ဆီးဒင့်ဖြစ်သွားတဲ့ဒရိုင်ဘာက လုပ်သက်ရင့်ပြီးကားမောင်းတဲ့နေရာမှာ ကျွမ်းကျင်တယ်, စည်းစနစ်ကြီးတယ်ဆို"

"အင်း အရမ်းစေ့စပ်သေချာတဲ့လူပါ၊ ဘယ်လိုဖြစ်သွားတယ်ဆိုတာ မြကလေးလည်း ခုချိန်ထိ စဉ်းစားမရအောင်ပါပဲ၊ ဖြစ်ချိန်တန်လို့ ဖြစ်သွားတာ ဘာတတ်နိုင်မှာလဲ မိုးရယ်၊ ခုလို လာတာကျေးဇူးတင်တယ်နော်၊ သမီးလေးလည်းပါလာတယ်ဆိုတော့ အလုပ်ရော အားကြရဲ့လားကွယ်"

"မြကလေးရယ် မြကလေး ဒီလိုဖြစ်တာကို လာမေးဖို့ အလုပ်အားချိန်ကို စောင့်နေရဦးမှာလား၊ သူစိမ်းဆန်တဲ့ စကားတွေကို မပြောပါနဲ့၊ ဒြော် ခွင်းကတော့ ဒီမှာရှိနေတယ်နော်၊ မြကလေး





သားအကြီးကောင်ကိုတော့ မမြင်ဘူး"

"သူတို့က ညေ်သည်သွား,ညေ့်သည်လာလေ၊ ဝတ္တရားရှိလို့ လာကြတာ၊ တာဝန်သိလို့ လာကြတာမဟုတ်ဘူး။ မြကလေးအတွက် သမီးလေးနဲ့ ခွင်းပဲ နေ့မအိပ်ရ, ညမအိပ်ရ ပင်ပန်းနေကြတာပေါ့၊ ခွင်းဆိုရင် သွေးလှူထားတဲ့ဒဏ်, အိပ်ရေးပျက်တဲ့ဒဏ်တွေနဲ့ မျက်ကွင်းလေးညိုပြီး တော်တော်အားယုတ်သွားတာ"

ခေါ်မြန္မာပြောမှ ခပ်လှမ်းလှမ်းရောက်နေတဲ့ ခွင်းမျက်နှာကို ကြည့်မိသည်။ ရဲရဲနီနေတတ်သော နှုတ်ခမ်းလေးတွေက ဖြူဖပ်ဖြူရော်ဖြစ်နေသလို ပါးပြင်လေးတွေ၊ နားထင်လေးတွေလည်း ချိုင့်ဝင်နေသည်။ ခွင်းအတွက် စိတ်မကောင်းမိပေမယ့် ယုယအမေအပေါ် ဒီလောက်ထိ စေတနာသဒ္ဓါတရား ထက်သန်နေတာ ရင်ထဲမကျေနပ်နိုင်။

စကားတွေ ဖောင်ဖွဲ့အောင်ပြောပြီး မားမားကပြန်ကြမည်ဆိုတော့ ခွင်းအနား ကပ်သွားမိကာ

"ခွင်း ညို့နဲ့ အခု အပြင်လိုက်ခဲ့ပါ၊ ပြောစရာရှိလို့"

"ဟို ညို့ရယ် နောက်မှ"

"ဟင့်အင်း၊ အခုပြောရမှ ဖြစ်မှာ၊ ခဏပဲ၊ ခွင်း ခွင့်တောင်းစရာလိုအပ်လည်း ခွင့်တောင်းခဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ချုပ်တည်းထားတဲ့ကြားက မလိုတမာစကားက ခုန်ပေါက်ထွက်သွားသေးသည်။ ခွင်းကတော့ ဘာမှကို သတိထားမိဟန်မတူ။ ဒေါ်မြနန္ဒာဆီသွားပြီး တိုးတိုးလေးခွင့်တောင်းလိုက်သလို ယုယရှေ့ကိုလည်း ခြေစုံရပ်ကာ

"အန်တီ့ကို ဂရုစိုက်လိုက်ဦးနော်၊ ကိုယ် ခဏနေပြန်လာခဲ့မယ်"

တဲ့။ အဲဒီလောက်ထိ သည်းသည်းလှုပ်စရာလိုလို့လား။

ရင်ထဲမှာ အစိုင်အခဲထုထည်တွေ အုံဖွဲ့စုစည်းလာကာ ပေါက်ကွဲလုလုဖြစ်နေသည်။

ကားပါကင်ကိုရောက်တော့ မားမားကို ကားပေးလွှတ်လိုက်ကာ ခွင်းနှင့်စကားပြောစရာရှိလို့ နေခဲ့မည်ဟု ပွင့်ပွင့်လင်းလင်းပဲ ပြော၍ နေခဲ့လိုက်၏။ မားမားကားလေးထွက်သွားသောအခါ ဆေးရုံနှင့် မနီးမဝေး ကော်ဖီဘားလေးကို ခြေကျင်လျှောက်လာခဲ့ကြသည်။

ဆိုင်လေးထဲကိုရောက်တော့ သီးသန့်မှန်လုံခန်းလေးနှင့် ဖွဲ့စည်းထားပြီး ပန်းအလှအိုးလေးတွေ၊ ရေတံခွန်အတုလေးတွေ၊ ကျေးငှက်သာရကာအော်မြည်သံလေးတွေနှင့် စိတ်လန်းဆန်းမှုတော့ ရှိသွားစေသည်။

ဒါပေမဲ့ နှုတ်ခမ်းကိုတင်းတင်းစေ့ပြီး တည်တင်းမာကျောတဲ့ ညို့မျက်နှာကတော့ ပျော့ပျောင်းနူးညံ့မှု မရှိသေးချေ။

ညို့တို့စားပွဲဝိုင်းနားမှာ ဝိတ်တာလေးတစ်ယောက် လာရပ်တော့

"ခွင်းက အခုလေးတင် စားပြီးသောက်ပြီးထားလို့ ဘာမှမမှာတော့ဘူး မဟုတ်လား"

"ဟင် ညို့က ဘယ်လိုလုပ်သိလဲ"

"ခွင်းတို့ ဆေးရုံကင်န်တင်းကနေ ထွက်လာပြီး ဓာတ်လှေကားထဲဝင်သွားတဲ့အထိ ညို့မြင်လိုက်ပါတယ်"

ဘယ်လိုအနေအထားထိ မြင်လိုက်တယ်ဆိုတာ တိတိကျကျ မပြောပေမယ့် ခွင်း သဘောပေါက်မှာပါ။

ဒါပေမဲ့ ခွင်းကတော့ မျက်နှာအမူအရာ ပြောင်းလဲပျက်ယွင်းခြင်းမရှိ။

"ညို့ရယ် ကိုယ့်ကိုမြင်တယ်ဆိုလည်း အဲဒီအချိန်ကတည်းက ကိုယ့်ကိုခေါ်လိုက်ရောပေါ့၊ ဟုတ်တယ် ညို့ရဲ့၊ ယုယနဲ့ ကိုယ်နဲ့ အိပ်ချင်ပြေအောင်ဆိုပြီး ကော်ဖီသွားသောက်ကြတာပဲ၊ ဒါပေမဲ့ တခြားအကြောင်းအရာတွေ ပြောကြတာနဲ့ မှာထားတဲ့ကော်ဖီ သောက်ဖို့မေ့သွားကြတယ်၊ ညို့နဲ့မှ တူတူသောက်ရတော့မှာပဲ၊ ညီလေးအစ်ကိုအတွက်ကော်ဖီပြင်းပြင်းလေးတစ်ခွက် လုပ်ပေးနော်၊ ညို့

www.burmeseclassic.com



ညှို့လည်း ဘာစားမလဲ, ဘာသောက်မှာလဲ၊ မှာလိုက်လေ''

"ရင်ပြည့်နေပြီ၊ ဘာမှကို စားချင်သောက်ချင်စိတ် မရှိတော့တာ၊ မောင်လေး အစ်မအတွက် အေးစိမ့်နေတဲ့ ရေသန့်တစ်ဘူးပဲ ယူလာခဲ့ပါ''

စိတ်တာလေးထွက်သွားတော့ စားပွဲပေါ်တင်ထားတဲ့ ညှို့ လက်ဖမိုးလေးပေါ် ခွင်းလက်ကလေး ထပ်တင်လိုက်သည်။

ညှို့က တွန့်တို့စွာ လက်ကလေးကို ဖျတ်ခနဲ ရုပ်ဖယ်လေ၏။

"ဘာဖြစ်နေတာလဲ၊ ညှို့မျက်နှာက အလိုမကျတဲ့ပုံနဲ့၊ စိတ်နဲ့ကိုယ်ကလည်း မကပ်သလိုဘဲ၊ ဘာတွေစိတ်ကောက်နေတာလဲ ညှို့ရယ်''

"ပြောမှသိတော့မယ်ဆိုလည်း ပြောရတော့မှာပေါ့ ခွင်းရယ်၊ ယုယနဲ့ ခွင်းရဲ့ဆက်ဆံမှုကို ညှို့ ဒီထက်ပိုပြီး သည်းမခံနိုင်တော့ဘူး၊ မခံစားနိုင်တော့ဘူး၊ ခွင်းတို့အခြေအနေကို မျက်စိနဲ့ တပ်အပ်မြင်ခဲ့ပေမယ့် ဘာကြောင့်ပါဆိုတဲ့ ခွင်းပါးစပ်က ထွက်လာမယ့် ဆင်ခြေကို ညှို့ ကြားချင်ပါသေးတယ်၊ ညှို့ကို ပွင့်ပွင့်လင်းလင်းပြောပါခွင်း၊ ညှို့ကို စိတ်ဒုက္ခပေးပြီး ညှဉ်းမသတ်ပါနဲ့တော့''

"ညှို့ရယ် ယုယနဲ့ပတ်သက်ပြီး ညှို့ အဲဒီလောက်ကြီး နာကျင်မနေသင့်ပါဘူး၊ ကိုယ်နဲ့ ယုယက ရိုးရိုးသားသား''





ညှို့က ခွင်းစကားတွေ အဆုံးသတ်ခွင့်မပေး။

ခေါင်းကို အဆက်မပြတ်ယမ်းခါလိုက်ပြီး

"မပြောနဲ့၊ ရိုးရိုးသားသားဆိုတဲ့စကားနဲ့ ညှို့ကို ပုံမပြောနဲ့၊ ညှို့က သူငယ်နုပ်စားမဟုတ်ဘူး၊ ပြောတိုင်းမျက်စိမှိတ်ယုံမယ့် ခပ်ညံ့ညံ့မိန်းမ မဟုတ်ဘူး၊ ဘယ်အခြေအနေ ဘယ်အဆင့်ထိ ရောက်နေပြီ, ခွင်းကို မေးလိုက်တော့, ညှို့ကို အသည်းကွဲဒိုင်ယာရီစာအုပ်ထဲမှာ ထည့်ပိတ်လိုက်ပြီ, ဘာညာ အဲဒီလိုပဲ နောက်ဆုံးစကားပြောသင့်နေပြီ၊ ဟုတ်တယ်မဟုတ်လား''

"မဟုတ်ဘူး''

စူးခနဲအော်ချလိုက်တော့ ညှို့က မျက်မှောင်ကြုတ်ကြည့်၏။

"ဘယ်လိုဆင်ခြေစကားက ရာဇဝင်တွင်မှာလဲ၊ မဟုတ်ဘူးဆိုတဲ့စကားရဲ့နောက်မှာ တစ်ခုခုတော့ရှိမှာပေါ့''

ညှို့ရဲ့ အထေ့အငေါ့စကားတွေ ခွင်း မခံစားနိုင်ပါ။

ကိုယ့်ဘဝအကြောင်း ယုယကို ဖွင့်ပြောပြီးပြီဆိုမှတော့ ညှို့ အမြင်ရှင်းအောင် ညှို့ကိုလည်း ပြောပြသင့်ပြီထင်သည်။ မဟုတ်လျှင် အမြဲတမ်း ဒီလိုမျိုး အချေအတင် အငြင်းအခုံဖြစ်နေပါက နှစ်ယောက်လုံး နာကျင်နေရပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ညို့"

ချည်နှံ့တိုးညင်းစွာ သူခေါ်လိုက်ပေမယ့် စိတ်မဝင်စားဟန်နှင့် ဝိတ်တာလေးလာချပေးတဲ့ ရေသန့်ဘူးကို အဖုံးဖွင့်ပြီး ဖန်ခွက်ထဲထည့်နေ၏။

"အခု ကိုယ်ပြောပြမယ့် အကြောင်းအရာဟာ ညို့တစ်ယောက်ပဲသိပြီး ဘယ်သူ့ကိုမှပြန်မပြောဘူးဆိုတဲ့ ကတိတော့ ပေးရလိမ့်မယ် ညို့၊ ကာရန်လည်း မညီပါဘူး၊ ကဗျာလည်း မဆန်ပါဘူး။ ဘဝကြမ်းကြမ်းတစ်ခုအကြောင်းပါ ညို့ရယ်၊ ကိုယ် ပြောမပြချင်ပေမယ့် ညို့ စိတ်သက်သာစေချင်လို့ပါ"

ရေသန့်ဘူးလေး ဆောင့်ခနဲ စားပွဲပေါ်ပြန်ကျသွားသည်။ ညို့မျက်လုံးအစုံက သူ့မျက်နှာပေါ် စူးစိုက်ကျ၏။ နှုတ်ခမ်းဖျားလေး တဆတ်ဆတ်တုန်နေပေမယ့် ဘာမှမပြောဘဲ သူပြောတာကိုပဲ နားထောင်ဖို့ အဆင်သင့်ဖြစ်နေသည်။

ငယ်ဘဝမှစ၍ အခုအခြေအနေထိ အတိုချုံး၍ ပြောပြလိုက်၏။

အစမှအဆုံး စိတ်ဝင်တစား နားထောင်ပြီး တဖြည်းဖြည်း မျက်မှောင်ကုတ်နေတာလေး ပြေကျပြောင်းလဲလာသည်။ စကားလုံးတွေ အဆုံးသတ်ပြီး သက်ပြင်းချလိုက်ချိန်မှာတော့ သူ့လက်တစ်





ဖက်ကို သူမလက်နှစ်ဖက်နှင့် ဆွဲယူဆုပ်ကိုင်ထားကာ မျက်လုံးလေးပြူးလည့်လျက်

"ဒါ ဒါဆို ခွင်းက ဒေါ်မြနန္ဒာရဲ့ သားအရင်းပေါ့နော်"

"ဟုတ်တယ်၊ ယုယက ကိုယ့်ရဲ့ညီမဝမ်းကွဲလေးပေါ့၊ ခုနက ညို့မြင်လိုက်တဲ့အချိန်မှာ ကိုယ်နဲ့ယုယ မောင်နှမတွေမှန်း သိသွားတဲ့ အခြေအနေလေးပဲ၊ ယုယရဲ့ ဖြူစင်ရိုးသားမှုကြောင့် သွေးသားတော်စပ်ပါတယ်လို့ အသိအမှတ်ပြုခံရတာ၊ ဒူသာ မေမေ့ရဲ့ပစ္စည်းတွေမက်မောပြီး အမွေလိုချင်လို့လာတာပါလို့ ယူဆသွားရင်, နားလည်မှုမရှိရင် ကိုယ် ဒီလိုမျိုး မေမေ့အနားမှာ နေခွင့်ရှိမှာ မဟုတ်ဘူး"

"ညို့ ညို့သိပါပြီ နားလည်သွားပါပြီ ခွင်း၊ ခွင်းပြောတာကို ညို့ယုံကြည်ပါတယ်၊ အထင်မှားမိတဲ့အတွက်လည်း ဆောရီးပါခွင်းရယ်၊ ဒေါ်မြနန္ဒာဆီမှာ တွယ်ကပ်နေချင်တဲ့ ခွင်းရဲ့စိတ်ကိုလည်း ညို့ကိုယ်ချင်းစာပါတယ်၊ ဟို ဟိုလေ ခွင်းကိုအရမ်းချစ်လို့ သဝန်တိုပြီး ညို့ အထင်မှား,အမြင်မှား လျှောက်ပြောမိတာတွေကိုရော စိတ်ဆိုးနေလားဟင် ခွင်း"

ဟွန့်ခနဲ ပြုံးလိုက်မိကာ မော့မော့လေးပြောနေတဲ့ ညို့နဖူးလေးကို နဖူးချင်း ခပ်ဆတ်ဆတ်တိုက်ပစ်လိုက်သည်။

"ချစ်သူချင်း အပြစ်ယူစရာလား ညို့ရယ်၊ သဝန်တိုတယ်,



www.burmeseclassic.com

www.burmeseclassic.com



ပြုံးရွှင်စိတ်ကောက်တယ်ဆိုတာ အချစ်ရဲ့ပြယုဂ်တွေပဲဥစ္စာ၊ ကိုယ်က လျှို့ဝှက်ဖုံးကွယ်ထားမိတာကိုး ညို့ရဲ့၊ အခု ကိုယ့်ကို ညို့နားလည် သွားပြီဆိုရင် ကိုယ်ကျေနပ်ပါပြီ ညို့ရယ်၊ ဒါပေမဲ့ ကိုယ်ဟာ ဒေါ် မြနန္ဒာတို့အိမ်က အစေအပါးတစ်ယောက်အဖြစ်ပဲ ညို့သိထားပါနော်၊ မေမေ့ဆီက လိုလားတဲ့ မေတ္တာတရားတွေ မရမချင်း ကိုယ် ဒီအတိုင်း ပဲ အသက်ဆက်ရှင်မယ်''

''ညို့နဲ့အတူတူ မနေဘဲ လက်မထပ်ဘဲနဲ့လား''

''ကိုယ့်ကို အချိန်အတိုင်းအတာတစ်ခုထိ နားလည်ပေးပါ ညို့ရယ်၊ ညို့ကိုလက်ထပ်လိုက်ရင် ဒီလိုမျိုး မေမေ့အနားမှာ ဘယ် နေခွင့်ရတော့မလဲ၊ မေမေကလည်း လက်ခံမှာမဟုတ်ဘူး။ ညို့အမေ လည်း ကြည်ဖြူမှာမဟုတ်ဘူး၊ ကိုယ်က မေမေ့မေတ္တာ ငတ်နေတဲ့ ကောင်မို့ပါ ညို့ရယ်''

တောင်းတောင်းပန်ပန် ညည်းညည်းညူညူလေးပြောနေမိ တော့ ညို့က သူ့ပခုံးထက်မှာ ခေါင်းလေးမှီချလိုက်သည်။

''ဝေးကွာဖို့ မဟုတ်ဘူးဆိုရင် အချိန်တွေဘယ်လောက်ကြာ ကြာ၊ ခွင်းနဲ့လက်ထပ်ဖို့ ညို့လည်းစောင့်နေမှာပါ''

''ညို့ရယ်''

ညို့စကားကြောင့် ရင်ထဲ နင့်ခနဲနေအောင် ရှူးရှူးရှရှ ခံစား





လိုက်ရသော်လည်း ခွင်း ဘာမှမတတ်နိုင်ပါ။

ခုအချိန်မှာ မေမေ့လောက် ဘယ်အရာကမှ အရေးမကြီးဘဲ လေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"ဒုန်း"

မကျေမချမ်း မကျေမနပ်နှင့် ပိုက်ထွေး စားပွဲခုံကို ဒုန်းခနဲ ထုချလိုက်သည်။ ဦးအုပ်စိုးက သားရဲ့ဖြစ်အင်ကိုကြည့်ပြီး နှာခေါင်း ရှုံ့၏။

"ခုမှ ဘာတတ်နိုင်မှာလဲ၊ မင်း အပီအပြင်မလုပ်လိုက်လို့ အသက်မသေဘဲ ထိခိုက်ရှနာလောက်နဲ့ ဆေးရုံကတောင် ဆင်းလာ တော့မယ်၊ အခွင့်အရေးဆိုတာ နှစ်ခါပြန်မရနိုင်ဘူးကွ"

"သားသိပါတယ် ဒယ်ဒီရာ၊ သား အပီကျွေးလိုက်ပေမယ့် အဘိုးကြီးက ပါးရည်နပ်ရည် ဉာဏ်အမြော်အမြင်ရှိလို့ လမ်းဘေးသစ်





ပင်သေးသေးလေးကို ခေါင်းတည့်လိုက်လို့ပါ၊ အထိန်းအသိမ်းမရှိဘဲ ထင်သလိုသာဖြစ်ကြည့် အရိုးတခြား အသားတခြား လိုက်ကောက်ရ မှာ အသေအချာပဲ"

"အေး၊ မင်းပြောသလို ထပ်ဖြစ်လာမှာ မဟုတ်တော့ဘူး။ နောက်ဆို မြန်နှာစီးမယ့်ကားတိုင်း ဒီလိုကားအက်ဆီးဒင့်မျိုးမဖြစ် အောင် အတွင်းအပြင်အထက်အောက် သေချာစစ်ပြီးမှ ကားစီးခွင့် ပေးတော့မှာ"

"ဘယ်သူကလဲ"

"ခွင်းဆိုတဲ့ ကောင်ပေါ့၊ သစ္စာရှိကျွန်ယုံတော်ပုံစံမျိုးနဲ့ အဲလို မျိုး ဂရုစိုက်မှ ဖြစ်တော့မယ်ဆိုပြီး သမီးကိုပြောပြနေတာ ဒယ်ဒီ ကြားခဲ့တယ်၊ မင်းကို သံသယမဝင်တာဘဲ ကံကောင်း။ တရားခံစစ် ကြမယ်ဆိုရင် အဲဒီအိမ်မှာ ကားနဲ့ပတ်သက်ပြီးနားလည်တာ ဦး ဉာဏ်ရယ်, မင်းရယ်, ခွင်းရယ်ပဲ ရှိတာတဲ့၊ တမင်တကာ ဘရိတ်ကြိုး ဖြတ်ခံရတယ်ဆိုတာ ကားအကြောင်းကိုနားလည်တဲ့သူတိုင်း သိတယ် တဲ့ဒလ၊ ရဲနဲ့အမှုဖွင့်ပြီး စုံစမ်းမှာတောင် စိုးရတယ်"

တစ်ချက် ထိတ်လန့်တကြား မျက်လုံးပြူးသွားပေမယ့် ပိုက် ထွေးက ချက်ချင်း ဟက်ခနဲရယ်ချသည်။

"ဟ ဟား ဒါများ တကယ်တိုင်ခဲ့ရင်တောင် ကြောက်စရာ



www.burmeseclassic.com

www.burmeseclassic.com



မလိုပါဘူး ဒယ်ဒီရယ်၊ သားက မာမီရဲ့သားလေ၊ သူစိမ်းကိုပဲ အမှုပတ်မှာပေါ့၊ ဦးဉာဏ်ရော, ခွင်းရော ဒီအိမ်က အနိုင်းအစေ, သူစိမ်းအလုပ်သမားတွေပဲဥစ္စာ၊ မာမီ့ပိုင်ဆိုင်မှုတွေထဲက တစ်ခုခုလိုချင်လို့လို့ သူတို့ကိုပဲ သံသယဝင်မှာပေါ့၊ တစ်ခါတည်းတောင် ပွဲသိမ်းသွားဦးမယ်'',

''အဲဒါကြောင့်လည်း ရဲတွေ အခင်းဖြစ်တဲ့အကြောင်းကို ဦးဉာဏ်ဆီလာစစ်မေးတော့ သူ့ရဲ့ပေါ့ဆမှုကြောင့် ကားကို သေချာမစစ်ဆေးမိတာပါလို့ ဝန်ခံတယ်လေ၊ မြနန္ဒာကလည်း ဦးဉာဏ်ကို အမှုမပတ်အောင်လို့ ကားစစ်ဆေးဖို့ အချိန်မပေး, သတိမပေးမိဘဲ အရေးတကြီးမောင်းထွက်ခိုင်းလို့ ဒီလိုဖြစ်ရတာပါလို့ ပြောလိုက်တယ်၊ ဘာမှုစုံစမ်းစစ်ဆေးလို့မရအောင် အမှုပိတ်လိုက်တဲ့သဘောပေါ့၊ ကားကသိပ်အပျက်အစီးမရှိပေမယ့် မသုံးတော့ဘူးတဲ့၊ နောက်ကားဝယ်ရင်လည်း သေချာဂရုစိုက်မယ်ပြောတယ်၊ သားအစီအစဉ် အောင်မြင်ဖို့မလွယ်တော့ဘူး''

ပိုက်ထွေးက ခေါင်းကိုတဖြင်းဖြင်းကုတ်ကာ ဘီယာခွက်ကို တစ်ရှိန်ထိုးမော့သောက်ချလိုက်သည်။ ပိုက်ထွေး မထွေးနိုင်မအံနိုင် သုန်မှုန်တင်းမာနေသောမျက်နှာနှင့် အိမ်ကိုရောက်လာတော့ ဦးအုပ်စိုးမိန်းမ သိင်္ဂီက ဘီယာပုလင်းတွေချ၊ အမြည်းတွေလုပ်ပေးနှင့်





ဖော်ရွှေသဘောကောင်းနေသည်။

ဦးအုပ်စိုးက သူကလည်း မှန်မှန်ကန်ကန်မနေသလို သားကိုဆုံးမသွန်သင်ဖို့လည်း သတိမရ၊ ဘယ်ဟာ ကောင်းတယ်၊ ဘယ်ဟာ မကောင်းဘူး၊ ရှေ့ဆောင်လမ်းပြကောင်းအောင်လည်း မနေခဲ့၊ မြနန္ဒာကိစ္စမှာလည်း မလုပ်သင့်မှန်းသိလျက်နှင့် တားဆီးပိတ်ပင်ဖို့ မကြိုးစားတဲ့အပြင် ကိုယ်တိုင်က အားပေးအားမြှောက်လုပ်ကာ မအောင်မြင်တော့လည်း သားကို အပြစ်တင်မိ၏။

မြနန္ဒာမရှိတော့ဘူးဆိုလျှင် ပိုင်ဆိုင်မှုတွေအားလုံး သူတို့မိသားစုလက်ထဲ အော်တိုမစ်တစ်ရောက်လာမှာ မဟုတ်လား။ ရွှေဘုံပေါ်မှာစံရမှာဆိုတော့ ဇနီးချောလေးသိင်္ဂီကလည်း လိုချင်တပ်မက်မှုက ဆွေ့ဆွေ့ခုန်နေ၏။

ခုတော့ လက်ပိုက်ချ နောက်ဆုတ်ရတော့မှာလား။ ဒီအတိုင်းရပ်ပြီး ဒေါ်မြနန္ဒာသေတဲ့အထိ စောင့်ရမှာလား။ ဝေခွဲမရအောင် စိတ်ဓာတ်တွေပြိုလဲနေကြသည်။

ဒါပေမဲ့ အပြုံးမပျက် တက်ကြွနေသေးသော သိင်္ဂီက ဦးအုပ်စိုးအနား ဇွေ့ခနဲ ဝင်ထိုင်ကာ

''ဘာဖြစ်လို့ မအောင်မြင်ခဲ့တဲ့ကိစ္စကို ပြန်တွေးပြီး စိတ်ဓာတ်ကျနေမှာလဲ၊ ဒီနည်းနဲ့မရရင် နောက်တစ်နည်းထပ်စဉ်းစားပြီး



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်အောင်လုပ်ပေါ့၊ အချိန်တွေ အများကြီးရှိပါသေးတယ်”

“အင်း သီဂီလေးပြောတော့လည်း ဟုတ်တယ်၊ သား လုပ်ဖြစ်အောင်လုပ်မယ်လို့ ဆုံးဖြတ်ပြီးရင် နောက်မဆုတ်နဲ့တော့၊ အချိန်စောင့်ပြီး အခွင့်အရေးရတာနဲ့ နောက်တစ်ကြိမ်ဆိုတာ ဒယ်ဒီတို့အတွက် ကံကောင်းဖို့ပဲဖြစ်မှာပါ၊ ခုတော့ မင်း စိတ်ညစ်နေတယ်ဆိုရင် ကြိုက်သလောက်ချကွာ၊ သီဂီလေး နောက်ထပ်ရှိသေးတယ် မဟုတ်လား။ သားအတွက် ရေခဲသေတ္တာထဲက ယူပေးလိုက်ပါဦး”

“ဟုတ်ကဲ့ ကိုကြီး”

သီဂီက အလိုက်သိသည်။ တိုနံ့နံ့ ကွေးကွေးကောက်ကောက်ဆံပင်လေး ဆတ်ခနဲခါယမ်းလျက် ထထွက်သွား၏။

ခဏနေတော့ ဘီယာပုလင်းတွေနှင့် အမြည်းတွေ ထပ်ချပေးကာ ရီဝေဝေဖြစ်နေတဲ့ ပိုက်ထွေးကို ရူငေးငေးလေးကြည့်နေသည်။ ပြောလိုက် ဆိုလိုက် သောက်လိုက် စားလိုက်နှင့် အရှိန်ရနေသော ဦးအုပ်စိုးက သီဂီ ဘာတွေတွေးနေသလဲ အာရုံမစိုက်နိုင်။ အသက်ငယ်ငယ်ဇနီးချောလေးကို ပခုံးဖက်လိုက်၊ သားရှေ့မှာ မဆင်မခြင်နမ်းလိုက်နှင့် သူရာရည်နှင့် ရမ္မက်တဏှာ ရောယှက်သောက်သုံးအရသာခံနေခဲ့သည်။

“ဒယ်ဒီ အောင်ပွဲခံနေတာ မဟုတ်ဘူးနော်၊ ရည်ရွယ်သလို





ဖြစ်မလာလို့ ညစ်နေတာတွေကို အရည်ဖျော်နေတာ”

“မအောင်မြင်သေးပေမယ့် ရှုံးသွားတာလည်းမဟုတ်သေးဘူးလေ၊ အရင်းအတိုင်း ကျန်ပါသေးတယ်၊ အမြတ်အစွန်းရဖို့ အားမွေးနေတာကွ၊ ဒီမှာသားရဲ့ မာမီငယ်က ပြုစုပေးနေတာ ကျေနပ်လိုက်စမ်းပါ၊ မြန်မာဆိုရင် မင်းအပေါ် ဒီလိုအလိုက်သိလို့လား။ ပူညံ ပူညံ ဗျစ်တောက်ဗျစ်တောက်နဲ့ အမြဲတမ်းနားရှော့ခံရိုက်ခံနေရတာ၊ သား ဒယ်ဒီ့ဆီရောက်တုန်း စိတ်လွတ်လပ်သလိုသာနေ”

“ဟုတ်ပါတယ် မောင်လေးရယ်၊ မင်းဒယ်ဒီကိုဆိုရင် အိမ်မှာ ဒီလိုမျိုးလုပ်ပေးတာ မဟုတ်ဘူးနော်၊ မောင်လေးရောက်နေလို့ မမက ဝတ္တရားကျေနေတာ ဟင်း ဟင်း”

တဟင်းဟင်းရယ်သံနှင့် မျက်လုံးအကြည့်တို့ကို ပိုက်ထွေးသဘောမတွေ့။ တခြားမိန်းကလေးဆိုရင်တော့ ဒီလို အီစီကလီအထာပေးလာလျှင် ပေးသမျှအခွင့်အရေး အကုန်ဆွဲစားမိမှာပင်။

ဒယ်ဒီ့မယားမို့ နှာခေါင်းရှုံ့အကြည့်လွှဲပြီး ခပ်တည်တည်နေနေရ၏။ တန်ဖိုးမဲ့သည့် မိန်းမမို့ ဒယ်ဒီ့လိုလူစားမျိုးကို ယူလိုက်တာမှန်း သိပေမယ့် ဒီလောက်ဣန္ဒြေမဲ့နေတာတော့ ဒယ်ဒီအတွက် စိတ်မကောင်းချေ။

မာမီက အဲလိုမိန်းမ မဟုတ်။ အိမ်ပြန်လာလို့ ယိုင်တိုးပြို



www.burmeseclassic.com

www.burmeseclassic.com



လဲဖို့ မပြောနှင့်၊ ပါးစပ်က အရက်နံ့ထွက်လာတာတောင် မကြိုက်။ ဒါကြောင့်မို့လည်း အလွန်အကျွံသောက်စားမိတဲ့နေ့ဆိုလျှင် ဒယ်ဒီရော သူရော အိမ်တောင်ပြန်မအိပ်ရဲ။

ဒယ်ဒီက KTV လို နိုက်ကလပ်လိုနေရာမျိုးမှာ မိုးလင်းပေါက် အချိန်ကုန်တတ်ပြီး သူက သူငယ်ချင်းတွေနှင့် မူးယစ်ဆေးသုံးစွဲဖို့ တစ်နေရာရာမှာ အခန်းအောင်းနေတတ်သည်။ အချိန်ကုန်လို့ အိမ်ပြန်ရောက်တော့ ထုံးစံအတိုင်း ပြောသမျှဆိုသမျှ ခံ။ အသုံးလိုလို့ လက်ဖြန့်တောင်းတိုင်း ပြစ်တင်ဆူဆဲမာန်မဲဖို့ ဝန်မလေးတဲ့မာမီ့ကို အချိန်ကြာလာသည်နှင့်အမျှ မိခင်တစ်ယောက်လို ချစ်မြတ်နိုးလို့မရတော့တာ ဆန်းသလား။ တကယ်လည်း ကိုယ့်ကိုမွေးထုတ်လိုက်တဲ့ အမေရင်းမှ မဟုတ်တာ။ မေတ္တာဆိုတာ ရောင်ပြန်ဟပ်တတ်သည့် သဘောရှိသည်တဲ့။ ကိုယ်က မာမီ့အပေါ် မေတ္တာအတုအယောင်တွေပေးနေတော့ မာမီကလည်း ချို့တဲ့နည်းပါးသော စေတနာနှင့် တုံ့ပြန်နေတာပဲဖြစ်လိမ့်မည်။

ဒါကိုပဲ ပိုက်ထွေးမကျေနပ်တာ။

ဘာပဲလုပ်လုပ် အပြစ်မြင်နေတာကိုက မိခင်ရင်းမဟုတ်လို့ဆိုတဲ့ အတွေးတွေနှင့် စိတ်ရိုင်းတွေဝင်ဖို့ တွန်းအားပေးနေသလိုပင်။

ဒါကြောင့်လည်း ဆိုးဆိုးဝါးဝါးအခြေအနေတစ်ခုကို မိုက်မိုက်





ကန်းကန်းဖန်တီးပစ်လိုက်တာ။ ကံကောင်းချင်တော့ ထိခိုက်ဒဏ်ရာရရုံမှအပ အသက်အန္တရာယ် ဘာမှမဖြစ်ခဲ့။

နောက်တစ်ကြိမ်ဆိုတာ အခွင့်အရေးပေးလာဦးမှာလား၊ မပေးတော့ဘူးလားဆိုတာ အခြေအနေစောင့်ကြည့်ရမည်။

သွေးတွေက ပွက်ပွက်ဆူလို့ ရလိုမှုတစ်ခုသာ မျက်စိထဲမှာ မြင်နေသည်။

"မောင်လေး သောက်တာနည်းလှချည်လားကွ၊ အဲလောက်ကြီး တွေးတောကြံစည်မနေပါနဲ့ကွာ၊ ဒီမှာ မင်းဒယ်ဒီကတော့ ရှုပြနေပြီ"

"ရွဲနေရင်လည်း အခန်းထဲထည့်ပြီး နပ်ထားလိုက်တော့၊ ကျွန်တော်သွားတော့မယ်"

"ဟင် သား သားက ပြန်တော့မလို့၊ တစ်နေ့တလေကွယ် အိမ်မှာ ညစာစားပြီးမှ ပြန်ပါလားကွ"

အာလေးလျှာလေးဖြစ်နေတဲ့ ဒယ်ဒီ့ကို လက်ကာပြခဲ့ပြီး ပိုက်ထွေးထွက်လာခဲ့သည်။ ဒယ်ဒီ့အိမ်မှာ နေညိုချိန်ထိမနေချင်တာက အကြောင်းရှိသည်။

ဒီနေ့ ယမင်းအိမ်ကို ညို့မျက်ဝန်းလာမည်ဆိုသည့် သတင်းက အတိအကျရထား၏။ ဒီကိစ္စက ယမင်းမိဘတွေ ခရီးသွားနေတဲ့အ



www.burmeseclassic.com

www.burmeseclassic.com



ချိန်မှာ ယမင်းကို ရက်ရက်ရောရော ပေးကမ်းစွန့်ကြဲပြီး ဖန်တီးခိုင်းထားရတာ။

ယမင်းမိဘတွေ ခရီးသွားတာ နှစ်ရက်လောက်ရှိပြီဖြစ်ပေမယ့် ဒီနေ့မှ ညို့ကလာမှာတဲ့။

တွေ့လျှင်တော့။

✿ ✿ ✿



## အခန်း (၃၀)

"ဟယ် ညို့ရယ် လာမှလာပါ့မလားလို့၊ ယမင်းက ပျင်းလို့မျှော်နေတာ၊ အလုပ်ကြီး အကိုင်ကြီးသမားဆိုတော့ အားရောအားရဲ့လား"

"အားလားဆိုတဲ့စကားတော့ မမေးနဲ့၊ လူအားရင်တောင် ဒိတ်က မအားဘူး"

"အမ် ဟုတ်လား၊ မိန်းမ မရှိးတော့ဘူးနော်၊ တစ်ယောက်တည်းကျိတ်ကြိတ်နေတယ်ပေါ့၊ ယမင်းကိုတောင် ဖောက်သည်မချဘူး"

"အဲဒါပြောချင်လို့ပေါ့ ယမင်းရယ်၊ အချိန်က မရဘူး၊ မာမားနဲ့ ဒင်နာတစ်ပွဲသွားစရာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခန်းဆိုဖာခုံမှာ ထိုင်မိကြတော့ အိမ်အကူမိန်းကလေး တစ်ယောက်က လိမ္မော်ရည်နှစ်ခွက် လာချပေးသည်။

ဖန်ခွက်လေးတွေက ဖန်ကလပ်လိုပုံစံမျိုးနှင့် အရောင်တူ လေးတွေမို့ ချစ်စရာပင်ကောင်းနေသေး၏။

ထိုအချိန်မှာ ယမင်းတို့အိမ်ဖုန်းက အော်မြည်လာသဖြင့်

“ညို့ ခဏလေးနော်၊ မေမေတို့ နယ်ကနေ ဖုန်းဆက်တာ ထင်တယ်၊ အမောပြေလိမ္မော်ရည်သောက်ထားနှင့်နော် သူငယ်ချင်း။ ပြီးမှ စကားတွေတစ်ဝကြီးပြောမယ်”

ပြောရင်းဆိုရင်း ယမင်း သုတ်ခနဲထထွက်သွားသည်။ ညို့ လည်း ရင်ထဲပူသလိုရှိတာကြောင့် ကိုယ့်ရှေ့က လိမ္မော်ရည်ခွက်ကို ကောက်ကိုင်လိုက်သည့်အချိန်မှာ အမှုန်အမွှားမည်းမည်းဖတ်လေး တစ်ခုတွေ့လိုက်၍ ဖန်ခွက်ကလေးကို ပြန်ချထားလိုက်မိသည်။

ညို့က အိမ်မှာတောင် ကော်ဖီသောက်သောက်၊ အအေးပဲ သောက်သောက် ကော်ဖီစစ်တဲ့ဟာလေးနှင့် သန့်သန့်ပြန့်ပြန့်စစ်ပြီး မှ သောက်တတ်သည်။ အမှုန်အမွှားပါတတ်တာကို စည်းမရှိ ကမ်းမ ရှိ ညစ်ပတ်တယ်လို့ မထင်ပေမယ့် ငယ်ငယ်ကတည်းက မားမားအ ကျင့်လုပ်ပေးထား၍ အလေ့အကျင့်တော့ ရှိနေခဲ့သည်။

မသောက်လျှင်လည်း ယမင်းက ကြီးကျယ်တယ်လို့ ထင်





ဦးမည်။ ယခင်းဖုန်းပြောလို့မပြီးခင် ဖန်ခွက်ချင်းလဲလိုက်ကာ တစ်ငုံ နှစ်ငုံသောက်ပြီး ပြန်ချထားလိုက်၏။ ယမင်းဖန်ခွက်ထဲက အမည်းဖတ် လေးကိုတော့ လက်ကလေးနှင့် ဖယ်ပေးထားလိုက်သည်။

“ဟား ငါတော့ ဖျင်းလို့သေတော့မှာပဲ ညို့ရေ မမ ကလေး မွေးလို့ ဖေဖေရော,မေမေရော နယ်ကိုသွားကြတာ နောက်ထပ်နှစ်ရက် လောက်တောင် ကြာဦးမယ်တဲ့၊ မောင်လေးကလည်း ကျောင်းနဲ့ကျူရှင် နပန်းလုံးနေတာ၊ ငါ့မှာ ခုနက အေးအေးနဲ့ အိမ်မှာနှစ်ယောက်တည်း။ ဟဲ့ ညို့ နောက်နေ့လည်း ငါ့ဆီကို အလည်လာဦးနော်”

“အေးပါဟယ်၊ အားရင်အားသလို ထွက်လာခဲ့ပါ့မယ်”

“ဒါနဲ့ပြောပါဦး၊ နင့်ရဲ့ အရင်ကဇာတ်လမ်းလေး”

“ဟင့်အင်း၊ အရင်က ဇာတ်လမ်းမဟုတ်ဘူး၊ ပဲနွေးပြန် ဟတ်ထိထိလာတဲ့ ဇာတ်လမ်း”

“ခွင်းဆိုတဲ့ ခပ်မိုက်မိုက်ဘဲနဲ့လား၊ သူက ပိုက်ထွေးတို့အိမ် က ဒရိုင်ဘာဆို၊ အဆင့်အတန်းက အညံ့စားပဲဥစ္စာ၊ မင်းက ကြွေနေ ပြီလား”

ယမင်းက နှာခေါင်းတရှုံ့ရှုံ့နှင့် ဝေဖန်နေသည်။ လိမ္မော် ရည်ခွက်ကို တစ်ဝက်လောက်မော့သောက်ပြီး ညို့ကိုလည်း သောက် ရန်မေးငေါ့ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



ညို့က ဖန်ခွက်ကလေးကို ကောက်ကိုင်ကာ ချစ်စရာကောင်းသောဖန်ခွက်လေးကို တစ်ပတ်လှည့်ကြည့်ပြီးမှ တစ်ဝက်လောက် မော့သောက်လိုက်သည်။

"ငါ့ဘဝမှာ အရာအားလုံး ပြည့်စုံနေတဲ့အတွက် တန်းတူတဲ့သူကို တကူးတကရွေးယူစရာ မလိုတူးလေ၊ အကျင့်စာရိတ္တကောင်းပြီး ငါ့ကိုချစ်တဲ့လူပဲ လိုတယ်၊ မားမားကလည်း သဘောကျတယ်၊ ငါကလည်း ချစ်တယ်၊ ပြီးပြီပေါ့"

"ဒါ ဒါဆို သူက ပိုက်ထွေးတို့အိမ်က အလုပ်ထွက်ပြီး နင်နဲ့လက်ထပ်တော့မှာပေါ့၊ ဟုတ်လား"

"အင်း အချိန်နည်းနည်း စောင့်ရဦးမယ်၊ သူက အဲဒီအိမ်က အလုပ်ထွက်လို့မရတဲ့အကြောင်းလေးတွေ ရှိနေသေးတယ်၊ ဝယ်ဒင်ကျရင် နင့်ကိုဖိတ်မှာပေါ့၊ ပူမနေပါနဲ့"

"အေး အေးပါဟယ်၊ ဟော ပိုက်ထွေးပါလား၊ လာလေ၊ ဘယ်ကလှည့်ဝင်လာတာလဲ"

ပိုက်ထွေးက ညို့ကိုမျက်လုံးဝေ့ကြည့်ပြီးမှ ဝင်ထိုင်သည်။

"ဒီလမ်းထဲက သူငယ်ချင်းဆီလာရင်းနဲ့ နင့်ကိုသတိရလို့ဝင်လာတာ၊ ညို့ရောက်နေတော့ နင် အပျင်းပြေနေတာပေါ့"

"ဩော် အေး ဟုတ်တယ်၊ နင်တို့ဆုံတုန်း ငါ တစ်ခုခုလုပ်





ကျွေးမယ်လေ၊ ညို့လိမ္မော်ရည်သောက်ရင်း ပိုက်ထွေးနဲ့ ခဏ စကားပြောလိုက်ဦး၊ ငါ အေးအေးနဲ့ စားစရာစီစဉ်လိုက်ဦးမယ်"

"ဟဲ့ ယမင်း ငါ စားချိန်သောက်ချိန်မရတော့ဘူး၊ ဩော်ကွာပဲ"

ညို့ တားဆီးချိန်ပင်မရလိုက်။ လိမ္မော်ရည်ခွက်ကို ငွပ်ခနဲမော့သောက်ပြီး ယမင်း နောက်ခန်းထဲဝင်သွားသည်။

"ညို့"

ရီဝေဝေမှေးစင်းစွာကြည့်ရင်း ပိုက်ထွေးခေါ်သည်။

ညို့က မျက်လွှာလည်း ပင့်မကြည့်၊ ထူးလည်းမထူးဘဲ လိမ္မော်ရည်ဖန်ခွက်လေးကိုပဲ အာရုံစိုက်ထားလိုက်၏။

ပိုက်ထွေးက ညို့နှင့်ကပ်လျက်ခုံမှာ ပြောင်းထိုင်လိုက်ပြီး

"ညို့ရဲ့ ဆုံးဖြတ်မှုတွေအတွက် ကိုယ် တကယ်စိတ်မကောင်းဘူး"

"ဘာကိုလဲ"

"ခွင်းကို ချစ်လိုက်တာကိုလေ၊ အဆင့်အတန်းလည်း မရှိ၊ အရည်အချင်းလည်း မရှိ၊ သူများအိမ်က အစေအပါးတစ်ယောက်ကိုညို့ ဘာဖြစ်လို့"

"အဲဒါ ညို့ကိုယ်ရေးကိုယ်တာပါ၊ ရှင်ဘာမှ ဝေဖန်စရာ



www.burmeseclassic.com

www.burmeseclassic.com



မလိုဘူး။ သူများကို နှိမ့်ချပြောတတ်တဲ့သူမျိုးကလည်း အဆင့်အတန်း ရှိတဲ့လူ မဖြစ်နိုင်ဘူး ကိုပိုက်ထွေး"

"ညို့ ကိုယ်က ညို့ကို စေတနာနဲ့ပြောနေတာပါ၊ ဒီလို ကောင်မျိုးက"

"ရှင့်ကိုပြန်မကြိုက်လို့ ခွင်းကို မနာလိုဖြစ်နေတာမဟုတ်လား။ ညို့ရွေးချယ်လိုက်တဲ့သူဟာ လူဆိုးဖြစ်ဖြစ်၊ လူကောင်းဖြစ်ဖြစ် ဘာ ဂုဏ်ဒြပ်မှ မရှိရှိ၊ ညို့ချစ်တဲ့သူပဲ ဖြစ်ရမယ်၊ ခွင်းကို အချစ်တစ်ခု တည်းကြည့်ပြီး ညို့ရွေးချယ်လိုက်တာ၊ ရှင်းတယ်နော်၊ နောက် တစ်ခါ ခွင်းကို အနာတရဖြစ်အောင်လုပ်ဖို့ မကြိုးစားပါနဲ့၊ ညို့ ရှင့်ကို ခွင့် မလွှတ်ဘူးနော်"

ဟွန့်ခနဲ ခနိုးခနဲ့ရယ်ကာ ညို့မျက်လုံးလေးတွေ မေးစင်း ငိုက်မျှဦးတော့မလား၊ သတိလက်လွှတ် ဆိုဖာခုံနောက်မှီပေါ် လဲကျ သွားတော့မလားဟု ခပ်စူးစူးစိုက်ကြည့်နေမိ၏။

ညို့ပြောနေတဲ့စကားတွေ တဆတ်ဆတ်တုန်အောင် ဒေါ သဖြစ်နေသော်လည်း ပိုက်ထွေး ပြုံးနေလိုက်သည်။ ဘယ်အချိန်ထိ မင်းပြောနိုင်ဦးမှာလဲဟု ရင်ထဲက ကြုံးဝါးနေမိ၏။

ဒါပေမဲ့ လက်ကနာရီလေးကို ခဏခဏမြှောက်ကြည့်နေတဲ့ ညို့မျက်လုံးတွေ့ ရီဝေဝေတောင်မဖြစ်ဘဲ စူးရှအားကောင်းတောက်





ပနေကြသည်။

"တောက် ယမင်းကလည်း ဝင်သွားလိုက်တာ ထွက်တောင် မလာတော့ဘူး၊ ဒီက အချိန်မရပါဘူးဆိုမှ"

"ညို့ရယ် ကိုယ်တို့ကို စားစေချင်လို့ သွားလုပ်နေတာ ထွက် လာမှာပေါ့၊ ညို့အပြန် တစ်ယောက်တည်း နောက်ကျမှာစိုးရင် ကိုယ် လိုက်ပို့မှာပါ"

"မလိုပါဘူး၊ ညို့မှာ ကားပါတယ်"

"ညို့က ကိုယ့်ကိုဆိုရင် အရမ်းသူစိမ်းဆန်တာပဲနော်၊ ကိုယ့် မှာ ဘာတွေလိုအပ်ချက်ရှိနေလို့ ခွင်းလို နေရာမပေးနိုင်ရတာလဲ"

"ရှင် ဒီလိုစကားတွေပြောနေဦးမယ်ဆိုရင် ညို့ပြန်မယ် ကို ပိုက်ထွေး"

ညို့ကဆတ်ခနဲ ထရပ်သည်။ ပိုက်ထွေးက ညို့လက်က လေးကို ဖျတ်ခနဲ လှမ်းဆွဲလိုက်၏။

"နေ နေပါဦး ညို့ရယ်၊ ကိုယ် ကိုယ် ဘာမှမပြောတော့ပါ ဘူး။ ထိုင် ထိုင်ပါနော်"

"ရှင် ဘာလို့ ညို့လက်ကို ကိုင်တာလဲ၊ လွှတ် ခုလွှတ်"

"ညို့ပြန်သွားမှာ စိုးလို့ပါ၊ ထိုင်ပါ ညို့ရယ်"

"မထိုင်ဘူး။ ရှင့်လိုလူမျိုးနဲ့ မျက်နှာချင်းကို မထိုင်ချင်တော့



www.burmeseclassic.com

www.burmeseclassic.com



တာ''

"ဒါဆိုရင် ကိုယ်လည်း ညို့လက်ကိုမလွှတ်နိုင်တော့ဘူး ညို့"

"ဘာ"

ဘာသံရဲ့အဆုံးသတ်မှာ ကျန်လက်တစ်ဖက်က မြောက်တက်သွားကာ ပိုက်ထွေးပါးကို အားနှင့်လွဲရိုက်ပစ်လိုက်သည်။ ထင်မှတ်မထားတာမို့ ပူထူသွားသောပါးကို ယောင်ယမ်းပွတ်လိုက်မိသည်။

သူ့လက်က လွတ်ထွက်သွားသည်နှင့် ညို့က သူမ စလင်းဘတ်အိတ်လေးကောက်လွယ်ကာ အပြင်ကို တန်းခနဲပြေးထွက်သွားသည်။ ညို့ကားသံကြားမှ တက်ခေါက်ဖို့ သတိရ၏။

"တောက်"

ဒါက ဘယ်လိုဖြစ်ရတာလဲ။ အထဲဝင်သွားသည့် ယမင်းက ခုချိန်ထိ ထွက်မလာ။ အိပ်ဆေးခတ်ထားသည့် လိမ္မော်ရည်ကို သောက်ထားတဲ့ ညို့ကလည်း မေးစင်းနေတဲ့မျက်လုံးမျိုးမဟုတ်ဘဲ ကျားသစ်မလေးလို သူ့ကို တိုက်ခိုက်သွားသည်။

နားမလည်နိုင်ခြင်းတွေနှင့် ယမင်းဝင်သွားတဲ့ ထမင်းစားခန်းထဲကို ဖြုန်းခနဲရောက်သွား၏။

"ဟင် ဒါက ဘယ်လိုဖြစ်ရတာလဲ"





ထမင်းစားပွဲပေါ် လက်နှစ်ဖက်တင်ပြီး မှောက်လျက်အိပ်ပျော်နေတဲ့ ယမင်းကိုကြည့်ကာ ပိုက်ထွေး ကြောင်တောင်တောင်ဖြစ်သွားသည်။ အေးအေးကလည်း ပြုံးတွေ့ပြုံ့တဲ့နှင့်

"ဟို ဒီအထဲရောက်ပြီး သိပ်မကြာဘူး၊ အိပ်ချင်လို့ဆိုပြီး အဲဒီအတိုင်း အိပ်ပျော်သွားတာပဲ"

"ကောင်းရောကွာ၊ ယမင်း နှင့်ကို သေချာမှာမထားဘူးလား"

"ဟုတ်ကဲ့ မှာထားပါတယ်၊ မှာတဲ့အတိုင်း အေးအေးလုပ်တာပါ၊ ဟို အခု ဘာဖြစ်လို့လဲဟင်၊ မမယမင်းက ခွက်ချင်းမှားသောက်လို့လား"

"အဲလိုပဲဖြစ်မှာပေါ့၊ နင့် မမယမင်းနိုးရင် ပြောလိုက်၊ ငါဝယ်ပေးထားတာတွေ အကုန်ပြန်ပေးလို့"

ပြင်းထန်စူးရှစွာ အော်ပစ်လိုက်၏။ ဒေါသက အဲဒီထက်ပိုသည်။

သူ ဘာပဲလုပ်လုပ် ဘာကြောင့် အဆင်မပြေဖြစ်နေရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"အဆင်ပြေလား မာမီ၊ ဝိုးချဲ့တွန်းပေးဖို့ ဒေါ်စောကြည်ကို ခေါ်လိုက်ရမလား"

"နေပါစေ သမီးရယ်၊ မာမို့လက်နဲ့မာမီ ဖြည်းဖြည်းချင်း တွန်းသွားပါမယ်၊ သူများကို ကြာရှည်ဒုက္ခမပေးချင်ပါဘူး၊ သမီး ကျောင်းသွားရမယ် မဟုတ်လား၊ သွားလေ သမီး"

ဒေါ်မြနန္ဒာတိုက်တွန်းတော့ ယုယ ခေါင်းလေးကုတ်သည်။

"ဟို မာမို့ကိုအဖော်လုပ်ပေးဖို့ ယု ကျောင်းမသွားတော့ဘူး လို့ စဉ်းစားနေတာ၊ မာမီတစ်ယောက်တည်း ဒီအပေါ်ထပ်မှာ ဝိုးချဲ့ နေနေရတာ ပျင်းမှာစိုးလို့"





"သမီးရယ် မာမီ ဆေးရုံတက်နေတဲ့တစ်ပတ်လုံး သမီး ကျောင်းပျက်ထားတာမဟုတ်လား။ ဖိုင်နယ်က ဖြေရတော့မယ်၊ သမီး ကျောင်းစာတွေ နောက်ကျနေမှာပေါ့"

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ ကိုကိုကလည်း အိမ်မှာနေမယ်ဆိုပြီး အိမ်မကပ်၊ မာမို့မှာ စကားပြောဖော်တောင်မရှိဘူး၊ ဟိုလေ ခွင်း ခွင်းကိုသွားခေါ်ပေးမယ်လေနော် မာမီ၊ မာမီနိုင်းချင်တာလည်း နိုင်းလို့ရတာပေါ့"

"အင်း သမီးစိတ်မချရင်လည်း ခေါ်ထားခဲ့လေ"

မာမီက တိုပြတ်ပြတ်ပဲပြောကာ ပြတင်းပေါက်က ခန်းဆီးစလေးကိုဆွဲဖယ်၍ ခြံဝင်းထဲကိုငေးကြည့်နေသည်။

မာမို့ဆီက ခွင့်ပြုချက်ရသည်နှင့် ခြံထဲကပန်းပင်တွေ ရေပိုက်နှင့်ရေလောင်းနေသော ခွင်းဆီကို ယုယပြေးထွက်ခဲ့သည်။

"ခွင်း ခွင်းရေ"

ယုယအသံကြားတော့ ရေပိုက်ကလေးကိုလွှတ်ချပြီး ခွင်း သတ်ခနဲ တုန်လှုပ်ထိတ်လန့်သွားသည်။

"ဟင် ညီမလေး ဘာဖြစ်လို့လဲ၊ နင်ပြေးလာရင် ငါ့မှာ ထိတ်ထိတ်ပျာပျာဖြစ်ရလွန်းလို့"

"ဘာမှမဖြစ်ပါဘူး ခွင်းရဲ့၊ ယု ကျောင်းသွားတော့မလို့



www.burmeseclassic.com

www.burmeseclassic.com



မာမီဆီမှာ လာနေပေးဖို့ လာပြောတာပါ''

''အာ မေမေက ဘယ်လိုလုပ်ကြိုက်မှာလဲ''

''မာမီက ခေါ်ခိုင်းတာပါ''

''ဘာ ၊ဟုတ်လို့လား''

''ကြည့်၊ မယုံသက်နဲ့ ဒီက ဝမ်းသာအားရလာပြောရတာ၊ မသွားချင်လည်း နေပေါ့''

ယုယမျက်နှာက စိတ်ဆိုးချင်ယောင်ဆောင်ထားပေမယ့် ပြုံးစိစိနဲ့ပါ။ သူ့ကို စိတ်ချမ်းသာစေချင်လို့ ဒီကောင်မလေး ကူလီကူမာ လုပ်လာပြီဆိုတာ သူသိသည်။

''နင် တကယ်ပြောတာဆိုရင် ငါ အခုသွားပိုက်မယ်၊ ငါလည်း မေမေဆေးရုံကဆင်းကတည်းက မတွေ့ရလို့ အောက်မေ့နေတာ''

''တစ်ခြိတည်း အတူနေရတာကို ပိုကိုပိုတယ်၊ ဧချွဲကြီး''

''ဟင်း ဟင်း ညီမလေးကလည်း သိရဲ့သားနဲ့၊ အဲလိုနားလည်ပေးလို့ ညီမအရင်းလေးတစ်ယောက်လို ချစ်နေရတာ''

ယုယကိုယ်လေးကို ဖက်ပြီး နဖူးလေးကို ခပ်ဖွဖွနမ်းလိုက်သည်။ သွေးသားတော်စပ်သည်ဆိုတဲ့အသိကြောင့် ရင်းနှီးပွင့်လင်းလာကြသည်။





သံယောဇဉ်ရှိရင်းစွဲနှင့် တစ်ယောက်နှင့်တစ်ယောက် နားလည်မှုလည်း ပိုခဲ့ကြ၏။

ထိုအဖြစ်ကို အပေါ်ထပ်မှန်ပြတင်းပေါက်ကနေ လှမ်းကြည့်နေမိတဲ့ ဒေါ်မြနန္ဒာရင်ထဲမှာ တစ်မျိုးကြီး ခံစားလိုက်ရသည်။

ခွင်းနှင့် ညို့က ချစ်သူတွေ။

ဘာကြောင့် သမီးလေးယုယကို နမ်းလိုက်ရတာလဲ။

သမီးလေးကရော ခွင်းကို ဘာကြောင့် တရင်းတနှီး နွေးနွေးထွေးထွေးဆက်ဆံရတာလဲ။

အဖြေရှာမရတော့ အကြည့်လွှဲလိုက်ရသည်။

ဆေးရုံမှာရှိနေစဉ်အတွင်း ခွင်းရဲ့ဂရုစိုက်မှုတွေ၊ သွေးလှူပေးခဲ့တဲ့ စေတနာတွေ။ ဒါတွေကရော ရိုးသားပါရဲ့လား။

သမီးလေးကြောင့်များ သူမအပေါ်။

တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ကိုင်ရင်း အိမ်မကြီးထဲ ပြေးဝင်လာကြတော့ ဧည့်ခန်းထဲမှာ မျက်မှောင်ကြုတ်ကြည့်နေတဲ့ ပိုက်ထွေးနှင့်ဆုံသည်။ ကြောင်အမ်းမှင်တက်စွာနှင့် မလုံမလဲ လက်တွဲဖြုတ်လိုက်ကြပြီး အပေါ်ထပ်လှေကားထစ်တွေပေါ် ခပ်သုတ်သုတ် ပြေးတက်ခဲ့ကြ၏။

''မာမီ ဒီမှာ ခွင်းကိုခေါ်လာခဲ့ပြီနော်၊ ယု ကျောင်းသွားတော့



www.burmeseclassic.com

www.burmeseclassic.com



မယ်''

''ဩော်၊ အေး အေး သမီး၊ မာမီ့ဘတ်အိတ်ထဲက မုန့်ဖိုးကို လိုသလောက်ယူသွားနော်''

''ဟုတ်ကဲ့မာမီ၊ ခွင်း မာမီ့ကို သချာဂရုစိုက်နော်''

စိတ်မချသလို ခွင်းကို မှာခဲ့ပြီး ယုယထွက်သွားသည်။

လက်ကလေးနောက်ပစ် ခေါင်းငုံ့လျက် ခွင်း ဒီအတိုင်းရပ်နေမိဆဲ။

''ခုံတစ်လုံးဆွဲပြီး ရှေ့မှာလာထိုင် ခွင်း''

မေမေ့အမိန့်ကြောင့် ကြိမ်ထိုင်ခုံလေးယူကာ ထိုင်လိုက်ရသည်။

''ညို့နဲ့ အဆင်ပြေရဲ့လား''

''ဗျာ''

ကောက်ကာငင်ကာမေးလိုက်သည်မို့ အာမေဋိတ် ဗျာတစ်လုံးနှင့် မေမေ့ကိုမော့ကြည့်လိုက်မိသည်။

''ညို့နဲ့ မင်းနဲ့ ချစ်သူတွေမဟုတ်လား၊ ညို့အမေကလည်း လိုလားမှုရှိတယ်၊ ညို့နဲ့လည်း အဆင်ပြေတယ်ဆိုရင် မင်းဘက်က ခေါင်းညိတ်ဖို့ပဲ လိုတော့တာပေါ့''

''ဟုတ် ဟုတ်ကဲ့''





''မင်းအမေနဲ့တူတဲ့ ငါ့ဆီမှာ နေချင်တာနဲ့ မင်း အချိန်တွေဆွဲနေတာဆို ဘယ်တရားပါ့မလဲ၊ မင်းတို့လက်ထပ်ပွဲကို ငါ အားလုံးအကုန်အကျခံမယ်၊ မင်း ညို့ကို လက်ထပ်လိုက်တော့''

''ဗျာ၊ ကျ ကျွန်တော် လက်မထပ်ချင်သေးပါဘူး အန်တီ''

''ဘာကြောင့်လဲ''

စူးခနဲအကြည့်နှင့် တိုပြတ်သောမေးခွန်းကြောင့် လူက ဆတ်ခနဲတုန်သွားကာ မျက်နှာကို အောက်ငုံ့ချလိုက်မိသည်။

''ငါ့အသက်ကို သွေးလှူပြီးကယ်ခဲ့တဲ့ ကျေးဇူး၊ မိခင်တစ်ယောက်လို ဂရုစိုက်ခဲ့တဲ့ မင်းရဲ့စေတနာတွေကို ငါအသိအမှတ်ပြုပါတယ်၊ ဒါပေမဲ့''

သမီးယုယနှင့် ရောရောနှောနှောနေတာ မကြိုက်ဘူးဟုပြောချင်သော်လည်း နှုတ်ဖျားက ထွက်မလာ။

စိမ်းညို့ထူတန်းသော မျက်ခုံးလေးနှင့် စင်းကျသောနှာတံလေးကို အပေါ်စီးကငုံ့မိုးကြည့်လျက် နဖူးပေါ် တချို့တစ်ဝက်ဝဲကျနေသော ဆံပင်လေးတွေကို ဖွဖွပွတ်သပ်ပေးချင်စိတ်သာ တဖွားဖွားဖြစ်ပေါ်နေခဲ့သည်။ ဒါပေမဲ့ ဆတ်ခနဲ အကြည့်လွှဲကာ

''မင်းနဲ့ ညို့ရဲ့ မင်္ဂလာပွဲကို တာဝန်ယူဖို့ ကိုယ့်ကိုယ်ကိုယ်ဆုံးဖြတ်လိုက်တာက ငါ့အပေါ်တင်နေတဲ့ မင်းရဲ့ကျေးဇူးတွေ ငါ



www.burmeseclassic.com

www.burmeseclassic.com



လက်မခံချင်လို့ဘဲ၊ ရှင်းရှင်းပြောရရင် အကြောင်းတစ်ခုခုကြောင့် မင်းကို ဒီအိမ်မှာရှိမနေစေချင်တော့ဘူးဆိုရင် အားမနာတမ်း ပြောထွက်ရက်အောင်လို့ပေါ့ကွာ''

ထင်မှတ်မထားသော စကားမို့ ရင်ထဲမှာ နင့်ခနဲစူးအောင့်သွားသည်။ ဝမ်းနည်းစိတ်ကြောင့် မျက်ဝန်းအိမ်မှာ မျက်ရည်တို့က လည်း ဝဲခနဲ။

သူ့စေတနာတို့ကို အသိအမှတ်ပြုသည်ဆိုလျှင် ဒီလိုစကားမျိုး ပြောမထွက်သင့်ဘူး ထင်သည်။

''ကျွန်တော့်ကို ဒီအိမ်မှာ ရှိမနေစေချင်တော့ဘူးလား အန်တီ၊ ကျွန်တော့်စိတ်တွေ တည်ငြိမ်အသားကျတဲ့အထိ နေခွင့်မပေးချင်တော့ဘူးလား''

သူ့အသံတွေ တုန်ယင်အက်ရှသွားတော့ မေမေ ပြုံးငဲ့စောင်းကြည့်သည်။

''အ အခုချက်ချင်းကြီးပြောတာတော့ မဟုတ်ပါဘူး၊ မင်းမှာလည်း အဆင်သင့် ပန်းတိုင်ဆိုတာရှိတယ်၊ ဒီနေ့သွားရင် ဒီနေ့ရောက်တဲ့ခရီးတိုလေးပါ၊ ပြီးတော့ အကြောင်းတစ်စုံတစ်ရာကြောင့် မင်းကို ပစ်ပစ်ခါခါပြောဆိုနှင်ထုတ်လိုက်ရတဲ့ အခြေအနေမျိုးထိလည်း မဖြစ်စေချင်ဘူး''





''အန်တီ ဘာကိုပြောချင်နေတာလဲ၊ အန်တီ စိတ်တိုင်းမကျတဲ့ ပြစ်မှုမျိုး ကျွန်တော် ကျူးလွန်နေမိလို့လား''

''ဟုတ်တယ်၊ မင်းမှာ ချစ်သူရှိနေရဲ့နဲ့ သမီးနဲ့ရင်းနှီးနွေးထွေးလွန်းနေတာ ငါမကြိုက်ဘူး၊ ပြီးတော့ ငါ့ပြောဟာ ညီ့ရဲ့အမေ, မိုးသီတာလို သဘောထားလည်း မမြင့်မြတ်နိုင်ဘူး၊ ငါ နို့ချိုတိုက်ကျွေးပြီး မွေးလာခဲ့ရတဲ့ သမီးကို အဆင့်အတန်းဂုဏ်ခြပ်တူတဲ့သူမျိုးနဲ့ ဆင်စီးပြီး မြင်းရံတာမျိုးပဲ မြင်ချင်တယ်၊ ဒါဟာ မိခင်တစ်ယောက်ရဲ့ မေတ္တာဆိုတာ မင်းနားလည်မှာပါ''

''ဗြော်''

ဆိုတဲ့ အသံတောင် နှုတ်ဖျားက ထွက်မလာနိုင်ပါ။ ယုယနှင့်သူ့ကို မေမေ အထင်လွဲနေခဲ့သည်ဘဲ။

ဆေးရုံမှာရှိနေစဉ် ယုယနှင့်သူ့ရဲ့ ရင်းနှီးနွေးထွေးလွန်းသော ဆက်ဆံမှု။

ခုနက အခြေအနေလေးကို အပေါ်ထပ်ကနေ မေမေလှမ်းကြည့်ရင်းတွေ့မြင်သွားနိုင်တာလည်း ဖြစ်နိုင်သည်။

ရင်နှင့်မလွယ်ခဲ့ရသော သမီးတစ်ယောက်ကိုတောင် မေမေ ဒီလောက်ချစ်တတ်နေခဲ့လျှင်

သူ ဆက်မတွေးချင်တော့။ လိုက်လိုက်ဆူဝေနေသော ဝမ်း



www.burmeseclassic.com

www.burmeseclassic.com



နည်းစိတ်တွေနှင့် နေရာကရပ်ပြီး ခေါင်းငုံ့လျှိုးထားလျက်

"ကျွန်တော် ဆင်ခြင်ပါ့မယ်အန်တီ၊ အန်တီ့မျက်လုံးထဲမှာ အပြစ်ကင်းအောင် ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်၊ အချိန်တစ်ခုထိပဲ ကျွန်တော့်ကို ဒီအိမ်မှာ နေနေခွင့်ပေးပါ"

ဟင့်အင်း မငိုနဲ့။ မျက်ရည်မကျနဲ့။ ဘာလို့ အသံတွေတုန်ယင်အက်ရှနေရတာလဲ။

မင်းကို နာကျင်စေချင်လို့ ပြောလိုက်တာမဟုတ်ဘူး။

စိတ်ထိခိုက်ဝမ်းနည်းသွားအောင် ရည်ရွယ်လိုက်တာ မဟုတ်ပါဘူး။

ဆင်ခြင်စေချင်တယ်။ အသိတရားရှိစေချင်တယ်။

သမီးအပေါ် အတ္တကြီးကြီးနဲ့ မေတ္တာထားမိတာက သတ်သတ်။

ပြီးတော့ မင်းက ညို့မျက်ဝန်းနဲ့ပဲ ဖြစ်သင့်တဲ့လူတစ်ယောက်မို့ပါ။ အမိအဘမဲ့တဲ့ဘဝ ချို့တဲ့တဲ့သူလေးမို့ အေးချမ်းစေချင်တာပါ။

စေတနာကို နားလည်နိုင်ပါ့မလား။

ထိန်းသိမ်းနေတဲ့ကြားက လွှတ်ခနဲ ပြောမိလိုက်တဲ့ စကားတွေက ပျော့ပျော့ပျောင်းပျောင်း မဟုတ်ခဲ့သည့်အတွက် ထိုကလေး နာနာကျင်ကျင် ခံစားသွားခဲ့ရသည်ထင်သည်။





မျက်ဝန်းအိမ်တစ်ခုလုံး မျက်ရည်တွေပြည့်အိုင်လို့၊ ဖြူဝင်းနေသော မျက်နှာတစ်ပြင်လုံးလည်း ရဲရဲနီနေ၏။

မရည်ရွယ်ပါဘူးကွယ်၊ မျက်ရည်တွေသွန်ကျလာအောင် ငိုမချလိုက်ပါနဲ့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"ဟာ လူလေး ခွင်း၊ ခွင်း မင်းဘာဖြစ်လို့ အဲဒီလောက်ကြီး ငိုနေရတာလဲ၊ ဦးညာဏ်ကိုပြောစမ်း၊ ဘာဖြစ်လာတာလဲ ပြောစမ်းပါကွ"

ပခုံးကို စုံကိုင်လှုပ်ယမ်းရင်း ဦးညာဏ် ဖွတ်အတင်းမေးနေပေမယ့် ဖြေဖို့အင်အားမဲ့နေပြီး ငိုလို့ကောင်းနေဆဲ။

"လူလေး မင်း ယောကျ်ားမဟုတ်ဘူးလား၊ ဘာကိစ္စပဲဖြစ်ဖြစ် မင်းအမေကိုမြင်နေရရင် ခံနိုင်ရည်ရှိမှာပါဆို၊ အခု ဘာတွေဖြစ်လာလို့ မင်းဒီလောက်ကြီး အသည်းအသန်ခံစားနေရတာလဲ၊ မင်းပြောပါကွာ၊ ဦးညာဏ်ကိုတောင် ပြောမပြနိုင်တော့ဘူးလား"





"ဦး ဦးညာဏ်"

ခေါ်ရင်း အသံကတိမ်ဝင်သွားကာ တစ်ချက်ရှိုက်လိုက်မိပြန်၏။

"မေမေက ကျွန်တော့်ကို ဒီအိမ်မှာ မရှိစေချင်တော့ဘူး ထင်တယ် ဦးညာဏ်ရယ်"

"ဘာ ဘာပြောလိုက်လို့လဲ၊ မြကလေး ဘာပြောလို့လဲ လူလေး"

"သူ့သမီး ယုယကို ကျွန်တော်နဲ့ စိတ်မချဘူးထင်တယ်၊ ဟုတ်ပါတယ်၊ ကျွန်တော်နဲ့ ရင်းနှီးပတ်သက်နေတာကို မကြိုက်ဘူးကဲ့လေ၊ ပွင့်ပွင့်လင်းလင်း သူ့ပါးစပ်က ပြောလိုက်တာ၊ ရင်နဲ့ လွယ်မမွေးရတဲ့ သမီးတစ်ယောက်ကိုတောင် ဒီလောက်ချစ်မြတ်နိုးနေရင် ကျွန်တော့်ကို ဘာကြောင့် စွန့်ပစ်ရက်တာလဲ ဦးညာဏ်"

"လူလေးရယ် မင်းလည်း သိပြီးပြီပဲဥစ္စာ၊ ဘာလို့ထူးပြီး ခံစားနေရတာလဲ၊ မင်းကို သားတစ်ယောက်အနေနဲ့ လက်ခံထားတာ မဟုတ်ဘူးလေ၊ ဦးညာဏ်ရဲ့တူ အညတရကားအရိုင်ဗာလေးအဖြစ်ပဲ သူသိထားတာ၊ မင်းအမေကို နားလည်ပေးလိုက်ပါ လူလေးရယ်၊ အဲလိုတွေးပြီး ဝမ်းနည်းနေမယ်ဆိုရင် ဖြစ်ချင်တာဖြစ် မင်းအမေကို ဖွင့်ပြောကြည့်တာကောင်းမယ်ထင်တယ်၊ သားလို့လက်ခံမယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



လည်း ဝမ်းသာစရာပေါ့၊ လက်မခံနိုင်ဘူးဆိုလည်း ညို့မျက်ဝန်းကို လက်ထပ်ပြီး ဝေးဝေးကနေ လွမ်းနေပေါ့ကွာ''

မခန်းခြောက်သေးသော မျက်ရည်တွေနှင့် ဦးဉာဏ်ကို ခွင်းမော့ကြည့်ပြီး ခေါင်းတစ်ချက်ယမ်းလိုက်သည်။

''ဟင့်အင်း ဦးဉာဏ်၊ မေမေ့အမုန်းတွေ တိတိကျကျ ကျွန်တော်မလိုချင်ဘူး။ အခုလို ဘာမုန်းမသိသေးတဲ့ စကားလုံးရင့်ရင့်တွေကိုတောင် ကျွန်တော် ခံနိုင်ရည်မရှိဘဲနဲ့ ဦးထွန်းလူရဲ့သားကို အသိအမှတ်မပြုနိုင်ဘူးလို့များ ကန့်ထုတ်လိုက်ရင် ကျွန်တော် ရင်ကွဲနာကျပြီး သေသွားလိမ့်မယ်၊ ရှိပါစေတော့ ဦးဉာဏ်ရယ်၊ ကျွန်တော့်ဘဝနဲ့ ကျွန်တော် ရနေတဲ့ဘဝလေးကိုပဲ ရောင့်ရဲကျေနပ်လိုက်ပါတော့မယ်၊ မေမေ့ဘက်က ကြည်ကြည်ဖြူဖြူ အကြင်နာတစ်ခုခုကို မရမချင်း ဒီအိမ်ကြီးကနေ ကျွန်တော် ဘယ်မှ မသွားဘူး''

''လူလေးရယ် မင်းအမေမေတ္တာကို ဒီလောက်တောင် ဇော်မွတ်တောင့်တနေသလား၊ ဦးဉာဏ်ရင်ထဲ မချိလိုက်တာကွယ်''

ဦးဉာဏ်က သူ့ကို ခပ်တင်းတင်းဖက်ပွေ့လာရင်း ကျောလေးကိုပွတ်သပ်၍ နှစ်သိမ့်ရှာသည်။ ဒါပေမဲ့ သူ့ရင်ထဲမှာ ပြည့်ကျပ်သိပ်သည်းနေတဲ့ ခံစားမှုတွေက လျော့ပါးမသွားပါ။ ညစာ ဦးဉာဏ် ထမင်းသွားစားတော့လည်း သူ မလိုက်။





အရင်လို ယုယနှင့် စကားတွေဖောင်ဖွဲ့အောင်လည်း သွားမပြော။ မေမေ့အတွက် ဆေးသောက်ချိန်၊ ဆေးတိုက်ချိန်လည်း သွားသတိမပေးတော့ဘဲ တန်းလျားလေးပေါ်မှာ အခန်းအောင်းနေလိုက်သည်။

''ဦးဉာဏ် ခွင်း ထမင်းစားဖို့ လိုက်မလာဘူးလားဟင်''

ထမင်းစားခန်းထဲဝင်လာပြီး ယုယမေးတော့ ဦးဉာဏ် လည်နင်သွားသည်။

''သြော် အေး ဗိုက်မဆာလို့ မစားတော့ဘူးတဲ့၊ လိုက်မလာဘူးကွယ့်''

''နေများမကောင်းလို့လား၊ ယု ညနေကျောင်းပြန်လာကတည်းက ပြန်သွားလိုက်တာ တစ်ခေါက်မှတောင် ပေါ်မလာတော့ဘူး။ မာမီက အောက်ကမြက်ခင်းလေးမှာ သွားထိုင်ချင်တယ်တဲ့၊ ကူတွဲဖို့ ကိုကိုကလည်း ခုချိန်ထိ ပြန်မလာသေးဘူး၊ ဟို ဦးဉာဏ်ထမင်းစားပြီးလို့ ပြန်သွားရင် ခွင်းကိုလွှတ်လိုက်ပါနော် ဦးဉာဏ်''

ဦးဉာဏ် ခေါင်းညိတ်ပြနေတဲ့အချိန်မှာ ဗိုက်တွေး မျက်နှာနီနီနှင့် ထမင်းစားခန်းထဲဝင်လာသည်။

''အဲဒီကောင်ကို နေရာတကာ အားကိုးမနေနဲ့၊ ခွေးလေးအရောဝင် နှုတ်ခမ်းပါးနားလျက်ပြီး နင့်ကိုပါ ဝါးစားပစ်လိမ့်မယ်၊ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



ကျမ်းကျေလို့ ညို့အချစ်ကိုတောင် ရအောင်ယူထားတာ၊ နှင် သိပ် အရောမဝင်နဲ့"

"ဟယ် ကိုကိုရယ်၊ သူများတစ်ဖက်သားကို ပြောလိုက်တာ လက်လွတ်စပယ်နဲ့၊ ခွင်းက အဲလိုလူစားမဟုတ်ပါဘူး ကိုကို"

"နှင်က ဘာလို့ ဝင်နာနေရတာလဲ၊ ဒီကောင့်အကြောင်း နှင်ဘယ်လောက်သိလို့လဲ၊ ရုပ်ကလေးပန်းပြပြီး မိန်းမတွေကို သိုက်တူးစားမယ်ကောင်၊ ပိုင်းလုံးလုပ်စားမယ့်ကောင်၊ နှင် နားလည်လား အေး ရှင်းရှင်းပဲပြောမယ်၊ လေ့နှန်နှစ်ဖက် ဟိုဘက်ဒီဘက်နှင်းပြီး နှင့်ကိုအရောတဝင်လုပ်နေတာ ငါမကြိုက်ဘူး ဒီတစ်ခါ အမြင်မတော် ရင် ခွေးပြေးပြေးရအောင် ငါကန်ချဖို့ ဝန်မလေးဘူး"

ပြောသွားလိုက်တာ ဘာတစ်ခွန်းမှ သက်သောင့်သက်သာ မရှိ၊ ညို့အချစ်ကို မရလို့ ရှုံးမဲမဲပြီး အငြိုးကြီးကြီးနှင့် ပြောသွားတယ် ဆိုတာ ယုယသိသည်။

ခွင်းက ဒီလိုပြောသင့်တဲ့လူ မဟုတ်ဘူးဆိုတာ ကိုကိုသိ အောင် ပြောပစ်လိုက်ချင်၏

ဒါပေမဲ့ ယုယ မပြောဖြစ်လိုက်ပါ။ ဒီကိစ္စက ကိုကိုသိသင့် သေးသည် မဟုတ်။ မာမို့အတွင်းစိတ်ကို နှိုက်ထုတ်ကြည့်ပြီးသာ မေးချင်သည်။





မာမို့ယောက်ျားနှင့် မာမီမွေးထုတ်ခဲ့တဲ့သားကို ခုချိန်ထိ မုန်း နေဆဲလားလို့။

"သမီးလေးယုယ သမီးမာမီအတွက် အပေါ်ထပ်ကို ထမင်း ပွဲယူသွားမယ်ဆို"

"ဩော် ဟုတ်ကဲ့ဒေါ်ကြီး၊ ဒေါ်ကြီး ပြင်ပြီးပြီမဟုတ်လား၊ လင်ပန်းထဲ ပန်းကန်တွေစုထည့်လိုက်လေ၊ ယု ယူသွားမယ်၊ ဒေါ်ကြီး က အလုပ်ရှုပ်နေတာမဟုတ်လား"

"အေး အေး၊ ဒီမှာ ဒေါ်ကြီးထည့်ပြီးပြီ တွမလေးကလည်း ရွာကပြန်မလာသေးတော့ ဒေါ်ကြီးတစ်ယောက်တည်း အလုပ်တွေ မနိုင်မနင်းဖြစ်နေတာ ကျေးဇူးတင်ပါတယ် သမီးရယ်"

ဒေါ်ကြီးလက်ထဲက လင်ပန်းကို လက်လွှဲယူပြီး ယုယထွက် လာခဲ့သည်။ အပေါ်ထပ်လှေကားထစ်ကို တက်ဖို့လုပ်တော့ ငုံးချဲပေါ် ထိုင်လျက် အောက်ထပ်ကိုငုံ့ကြည့်နေသော မာမို့ကိုမြင်လိုက်ရသည်။

အောက်ထပ်က ဖြတ်သွားဖြတ်လာ ဘယ်အရာကိုများ မာမီ စောင့်ကြည့်နေခဲ့သလဲ၊ ခပ်သုတ်သုတ်တက်သွားကာ မာမို့အနားကို ရောက်တော့

"မာမီ ဘာနိုင်းချင်လို့လဲဟင်၊ ဘယ်သူ့ကိုကြည့်နေတာလဲ"

"ဩော် အင်း ဘာမှမဟုတ်ပါဘူးကွယ်၊ မာမီက သမီးလေး



www.burmeseclassic.com

www.burmeseclassic.com



ထမင်းပွဲယူလာမယ်ဆိုလို့ စောင့်နေတာပါ”

သူမ အမှန်အတိုင်းပြောဖို့ ဝန်လေးနေသည်။

တကယ်ဆို နောက်ဖေးဝင်ပေါက်ကနေ မဟုတ်တော့ဘဲ အိမ်မကြီးရှေ့အပေါက်ကနေ ခွင်းတို့ကို ဝင်ထွက်သွားလာခွင့်ပြုထားသည့်အတွက် ထမင်းစားလာလျှင် ဒီဧည့်ခန်းကနေ ဖြတ်သွားရမှာ မဟုတ်ဘူးလား။ ခုတော့ ဦးညာဏ်တစ်ယောက်တည်းဝင်လာတာ မြင်လိုက်ပေမယ့် ခုချိန်ထိ ခွင်းဆိုတဲ့ကောင်လေး ထမင်းစားဝင်လာတာ မတွေ့ရသေးချေ။

နေ့လယ်က သူမ ပြောလိုက်သည့်စကားတွေအတွက် စိတ်မကောင်းဖြစ်နေသလား။ နာကျင်ခံစားနေရလေသလား။

သူမရင်ထဲလည်း ပြောလိုက်မိတဲ့စကားတွေအတွက် နောင်တရချင်ချင်။

သမီးလေးအပေါ် ဘယ်လိုစိတ်မျိုးပဲထားထား သူမအတွက် သွေးလျှုထားတဲ့ကျေးဇူးတွေ၊ မိခင်တစ်ယောက်လို ဂရုစိုက် ပြုစုထားတဲ့စေတနာတွေ၊ ဒါတွေကို သူမ စာနာထောက်ထားသင့်တာပေါ့။

ပြင်းပြင်းထန်ထန်မဟုတ်ပေမယ့် ထိထိရှရှ ခံစားနေရတာ ဘယ်လိုမှ ရင်ထဲမကောင်းနိုင်။ အပေါ်ထပ်ဧည့်ခန်းကျယ်ထဲက စားပွဲပေါ်မှာ ထမင်းဟင်းပန်းကန်တွေခင်းပြီး ငိုးချဲပေါ်ကနေ စိတ်မပါတ





ပါစားသောက်နေတဲ့ သူမကို ယုယက မော့မော့လေးငေးကြည့်နေ၏။

“မာမီ ထမင်းစားလို့ မကောင်းဘူးလားဟင်၊ ယု ခွံ့ကျွေးရမလား”

“နေပါစေ သမီးရယ်၊ မာမီက အိပ်ရာထဲလဲနေတဲ့ လူမမာကြီးမှမဟုတ်တာ၊ ခြေထောက်က ဒဏ်နဲ့နာနေမှာစိုးလို့ ငိုးချဲနဲ့သွားလာနေရတာတောင် စိတ်မရှည်တော့ဘူး”

“မာမီရယ် စိတ်မြန်ကိုယ်မြန် မလုပ်လိုက်ပါနဲ့၊ လေး၊ ငါးရက်ဆိုရင် မာမီ လုံးဝကောင်းသွားမှာပါ၊ မနက်ဖြန်လည်း ယု ကျောင်းမသွားဘဲ မာမီ့ကို ဂရုစိုက်ပြီးစောင့်ကြည့်မယ်”

“အို သမီးလေးရယ် မာမီ့ကိုစောင့်ကြည့်နေစရာ မလိုပါဘူး။ ကျောင်းက အရေးကြီးတာကို၊ ကျောင်းပဲတက်ပါ သမီးရယ်”

“မဟုတ်ဘူး မာမီ၊ ဒေါ်စောကြည့်တူမလေး ရွာပြန်သွားတာ စိရက်လောက်နေမှ ပြန်ရောက်မှာဆိုတော့ ဒေါ်စောကြည့်တစ်ယောက်တည်း အလုပ်တွေတစ်ဖက်နဲ့ သိပ်ဂရုစိုက်နိုင်မှာ မဟုတ်ဘူး။ ခွင်းကလည်း ညနေက ယု ကျောင်းပြန်လာတုန်းကပြောတယ်၊ နောက်နေ့ကစပြီး အန်တီ့ကို နင်ပဲဂရုစိုက်လိုက်ပါတဲ့၊ ခွင်း တစ်ခုခုဖြစ်သွားတယ်ထင်တယ်၊ မာမီ ဘာပြောလိုက်သေးလဲဟင်”

“ဟင်”



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြနန္ဒာ ဘာမှမပြောနိုင်ဘဲ တွေဝေငေးငိုင်သွားသည်။ သူမစကားကို နာခံတာလား၊ နာကျင်သွားလို့ ရှောင်လွှဲဖို့ ကြိုးစားနေခြင်းလား။

သက်ပြင်းတစ်ချက်နှင့် ဖွန်းခက်ရင်းလေး လက်ထဲကလွတ်ကျသွားတာတောင် သူမ သတိမထားမိလိုက်၏။

"မာမီ"

"ဟင် ဘာ ဘာလဲ သမီး"

သမီးရဲ့ တိုးတိုးလေး အနီးကပ်ခေါ်တာတောင် သူမ အထိတ်တလန့်ဖြစ်သွားသည်။

"အနှစ်နှစ်ဆယ်ကျော်မေ့ထားခဲ့တဲ့ အတိတ်ကို မာမီသတိမရဘူးလားဟင်၊ ခုချိန်ဆို မာမီမွေးခဲ့တဲ့ ရင်သွေးလေးက အသက်နှစ်ဆယ်ဝန်းကျင်အရွယ်လောက် ဖြစ်နေပြီထင်တယ်နော်၊ သားလေးလား၊ သမီးလေးလား မာမီ"

"ဘာ ဘာတွေလာမေးနေတာလဲ သမီး၊ သူတို့အကြောင်းကို မာမီ သတိမရချင်ဘူး"

"သတိမရအောင် ကြိုးစားရင်းနဲ့ မေ့မထားနိုင်ခဲ့တဲ့ အဖြစ်ကို မာမီဝန်ခံလိုက်စမ်းပါ၊ သားအရင်းမဟုတ်တဲ့ ကိုကိုရဲ့ ဆိုးသွမ်းမှုတွေကို ခါးစည်းခံရင်း ငါ့သားအရင်းလေးဆို ဒီလိုမျိုးမလုပ်လောက်ဘူးလို့ စိတ်ထဲက မာမီတွေးနေမှာပါ၊ ဟုတ်တယ်မဟုတ်လား မာမီ"

"သမီး"

"ကိုယ့်ရင်က မွေးထုတ်တဲ့ သားသမီးလောက် ဘယ်သူမှမကောင်းနိုင်ဘူးမာမီ၊ သွေးသားအရင်းမဟုတ်တဲ့ ယုယတို့ကိုတောင် မာမီ ဒီလောက်သည်းခံပေးဆပ်ပြီး ချစ်နေနိုင်ရင် ခုအချိန်မှာ မာမီ့သားလေးကို ပြန်တွေ့ရင်ရော မာမီ အတိုးချပြီး ချစ်နိုင်မယ် မဟုတ်လားဟင်၊ ပြောပါ မာမီ"

ယုယအမေးကို ဖြေရမှာကြောက်၍ ပြတင်းပေါက်နားထိုင်ခုံလေးကို တွန်းသွားကာ ခြံဝင်းထဲကို မျက်လုံးအကြည့်တို့ ရှုးစိုက်ထားလိုက်သည်။

ယုယက ဝှီးချဲလေးကို တွန်းပို့ရင်း သူမအနောက်က တောက်လျှောက်ပါလာကာ

"ကိုယ့်ဘက်က အမြင်တစ်ခုတည်းနဲ့ လူတစ်ယောက်ကို အပြစ်ဒဏ်ပေးလို့မရဘူး မာမီ၊ သူ့ဘက်က သူ့အကြောင်းကို သိဖို့ သက်သေသက္ခာယဆိုတာလည်း ရှိနေမှာပဲ၊ တင်ပြဖို့ အခွင့်အရေးရှိတာဟာ အကြောင်းတစ်ခုခုကြောင့် မဖြစ်နိုင်ဘူးလား"

ဒီအချိန်ထိ ဖြေရှင်းချက် ဆင်ခြေတစ်စုံတစ်ရာ လာမပေးသည့် တွန်းလူမှာ သန္တာခင်ဆိုတဲ့မိန်းမနှင့် အိမ်ထောင်ကျပြီးသား







www.burmeseclassic.com

www.burmeseclassic.com



သမီးတွေနှင့်ပျော်ရွှင်နေမှာ မဟုတ်ဘူးလား။ သူမက ဘာကိုခံစားနေရမှာလဲ၊ သူမရင်ထဲမှာ အရိုးစွဲနေတဲ့ ထင်မြင်ချက်တစ်ခုကို သမီးလေးက. နားလည်မှာမဟုတ်ဘူး၊

ဂယနဏာသိခွင့်ရှိခဲ့တဲ့လူမှ မဟုတ်ဘဲလေ။

"သမီး ဘာမှသိနားမလည်ဘဲ မာမီ့ကို ပြန်ပြီးမစွပ်စွဲပါနဲ့ကွယ်၊ မာမီ့ခံစားချက်ကို မာမီသိတယ်၊ သားဆိုတဲ့ အတွေးဝင်လာတိုင်း ပျော်ရွှင်ကြည်နူးနေမယ့် မိသားစုတစ်စုကို မာမီမြင်ယောင်နေတယ်၊ သူတို့လည်း သူတို့ရဲ့ဘဝနဲ့သူတို့၊ မာမီလည်း မာမီ့ဘဝနဲ့မာမီ၊ အရာအားလုံးက တံတားတစ်လမ်း, သံတစ်လမ်းပါပဲ"

"မ မဟုတ်ပါဘူး မာမီ"

ယုယကို စကားပြောခွင့်မပေး။ ဒေါ်မြနန္ဒာ လက်ကာပြလိုက်ပြီး

"တော်ပြီသမီး၊ မာမီ သူတို့အကြောင်းကို မပြောချင်, မကြားချင်တော့ဘူး၊ အကြောင်းရေစက်မရှိတော့ဘူးလို့ ပြီးပြတ်ခဲ့တာ ကြာလှပြီပဲ၊ မာမီ့ရဲ့ ဒုတိယဘဝမှာတောင် သမီးဒယ်ဒီလည်း မရှိတော့ဘူး၊ သားပိုက်တွေးကိုလည်း တစ်နေ့နေ့မှာ မာမီ လျစ်လျူရှုနိုင်အောင် ကြိုးစားတော့မှာပါ၊ မာမီ့အနားမှာ သမီးရှိနေရင် ပြည့်စုံပြီ၊ သမီးလေးက မာမီရဲ့ ဘယ်ဘက်ပခုံး တစ်ဖက်ပါပဲကွယ်"





ညာဘက်ပခုံးက အမည်နာမတောင်မပေးခဲ့ဘဲ စွန့်ပစ်ထားခဲ့မိတဲ့ သားလေးပါလို့ ဒေါ်မြနန္ဒာမပြောဖြစ်တော့ပါ။

ရင်ထဲမှာရှိပေမယ့် အနာတရတွေဖုံးလွှမ်းခံထားရတော့ ဘယ်လိုမှမြင်သာအောင် ပြခွင့်မရှိ။

ဒီအတိုင်း မမေ့နိုင်ဘဲ မျိုသိပ်ထားရတာပဲ ကောင်းပါသည်။ ဒဏ်ရာတွေ မကျက်တကျက်နှင့် ထူးပြီးအဆိပ်တက်တာမျိုးမရှိဘဲ ကျင့်သားရနေခဲ့ပြီပဲလေ။

ညမှောင်မှောင် မြက်ခင်းပြင်မှာ ဝေဝေဝါးဝါးမြင်နေရတဲ့ ပုံရိပ်ကလေးကို သက်ပြင်းရှိုက်ပြီး အကြည့်လွှဲလိုက်ကာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"ခွင်း ဘာလုပ်နေတာလဲ"

"ဩော် ယုယ မေမေ့အနားမှာ မနေဘဲ ဘာလို့ဆင်းလာတာလဲ"

"မာမီ အခန်းထဲဝင်ပြီးအိပ်သွားပြီ၊ မာမီ ခြံထဲကိုလှမ်းကြည့်ပြီး သက်ပြင်းရှိုက်နေလို့ ယုလည်းလှမ်းကြည့်ပြီး ခွင်း မြက်ခင်းမှာထိုင်နေတာမြင်တာနဲ့ ဆင်းလာတာ၊ ခွင်းကရော ဘာလို့ မအိပ်သေးတာလဲ"

"အိပ်မရသေးလို့ပါ ညီမလေးရယ်"

"ထမင်းလည်း လာမစားဘူး မဟုတ်လား၊ ဘာတွေဖြစ်





နေတာလဲ ခွင်း၊ ယုကိုရင်ဖွင့်လေ၊ ယု မျှဝေခံစားပေးမှာပေါ့"

အသက်ရှူလိုက်တိုင်း ရင်ဘတ်ထဲက အောင့်သည်၊ ခပ်ပြင်းပြင်းရှူလျှင် နာနာကျင်ကျင်ခံစားရ၏။

"ငါနဲ့ အရင်လိုရင်းရင်းနှီးနှီးမနေနဲ့တော့ ညီမလေးရယ်၊ မေမေက မကြိုက်ဘူးတဲ့"

"ခွင်းကို မာမီကပြောတာလား"

သူ ခေါင်းညိတ်ပြတော့ သူ့အနားက မြက်ခင်းအစပ်မှာပဲ သက်ပြင်းရှိုက်ရင်း ယုယဝင်ထိုင်သည်။

"အဲဒါကို ဝမ်းနည်းနေတာလား ခွင်း"

သူ ဘာမှပြန်မပြောပါ။ တစ်ဖက်ကိုတိုးရွှေ့ထိုင်ပြီး ဘာမှမမြင်ရတဲ့ရှေ့တူရူကိုသာ ကြည့်နေလိုက်သည်။

"ကောင်းကင်ကြီးကို အများအားဖြင့် သိကြတာက အပြာရောင်ပေမယ့် မော့ကြည့်လိုက်တဲ့အခါ မြူခါးတွေတိမ်တိုက်တွေနဲ့ နကိုပင်ကိုရောင်ကို တစ်ခါတစ်ရံမှပဲ တွေ့တတ်ကြပါတယ်၊ အဲဒီလိုပဲ မာမီ့မျက်လုံးထဲမှာ လွှမ်းခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်က ပုံရိပ်တွေက အမြင်အာရုံတွေကို အမှောင်လွှမ်းထားကြတယ် ခွင်း၊ အရမ်းချစ်တတ်ကြတဲ့သူတွေက ပိုပြီးနာကြည်းတတ်ကြတယ်၊ ခွင်းအဖေနဲ့ ခွင်းကို မာမီ မုန်းလို့ထားရစ်ခဲ့တယ်လို့ ထင်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



သူ ဆတ်ခနဲလှည့်ကြည့်မိတော့ ယုယက ယဲ့ယဲ့လေးပြုံးသည်။

"သိပ်ချစ်လို့ အရမ်းချစ်လို့ ခံနိုင်ရည်မရှိတော့လို့ ထွက်ပြေးလာခဲ့တာ၊ သူက ထားရစ်ခဲ့တယ်လို့ ကြွေးကြော်နေပေမယ့် တကယ်တမ်းက မာမီက ကျန်ရစ်ခဲ့ရတာ"

"ဟင့်အင်း မဟုတ်ဘူး၊ မေမေထားရစ်ခဲ့တဲ့အတိုင်း ငါတို့သားအဖ ဒီအတိုင်းနေခဲ့ရတာ"

"အဲဒါက ခွင်းတို့ဘက်က ထင်မြင်ယူဆချက်လေ၊ မာမီ့ဘက်ကလည်း ဒီနေ့ဒီအချိန်ထိ ခွင်းအဖေရဲ့ အဖြစ်အပျက်အကြောင်းစုံကို မသိရဘဲ တနင့်တပိုးခံစားနေရတာပဲ မဟုတ်ဘူးလား။ ခွင်းအဖေဒုက္ခိတဘဝနဲ့ အရှုံးပေးပြီး ကျန်ရစ်ခဲ့တာ မာမီမသိသေးဘူးလေ၊ ဟိုဘက်က မိန်းမနဲ့ ကလေးအတွက် စွန့်စားပြီး မာမီ့ကို ဖြေရှင်းချက်မထုတ်နိုင်တာလို့ မာမီတွေးနေမှာပေါ့။ ယုကတော့ ဆုံးဖြတ်ထားတယ်၊ မာမီမကြားချင်ပေမယ့် နားထောင်လာအောင်, နာကြည်းနေတဲ့စိတ်တွေ နူးညံ့ပျော့ပျောင်းလာအောင် တဖြည်းဖြည်းနဲ့ သိမ်းသွင်းစည်းရုံးကြည့်မယ်၊ အချစ်စိတ်ပြင်းထန်ခဲ့တဲ့လူမို့ ယု ကြိုးစားရကျိုးနပ်မယ်လို့ ယုံကြည်တယ်"

ယုယဆီက ခိုင်မာသောဆုံးဖြတ်ချက်ကို ကြားရသည့်အ





တွက် ခွင်း အားရှိသွားပါသည်။ အမာခံတပ်သားတစ်ယောက်လို သူ့ဘက်က အမြဲတမ်းရပ်တည်ပေးခဲ့သည့် ယုယရဲ့ အရင်းခံစိတ်ကလေးကို လေးစားမိတာလည်း အမှန်ပဲဖြစ်သည်။

ဒါပေမဲ့ တရင်းတနှီးနေဖို့ ဘယ်လိုမှမဖြစ်နိုင်တော့ပါ။ မေမေဖြစ်ချင်တဲ့ မေမေ့ဆန္ဒများကိုသာ အလေးအနက်ထားရမည်။

"ယုယ ညီမလေး သွားတော့နော်၊ ငါ့အနားမှာ ကြာကြာမနေပါနဲ့ဟာ"

"ခွင်း"

"နင့်စေတနာနဲ့ ငါ့အပေါ်ထားတဲ့ နားလည်မှုတွေအတွက် ငါ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ နင့်ရဲ့ကြိုးစားမှုတွေ အရာမထင်ရင် နင်ရော ငါရော ဝမ်းနည်းရမှာ၊ ငါ မေမေ့ဆီက အမျှားကြီးမျှော်လင့်မထားတဲ့အတွက် နေသားတကျ နေနိုင်သွားမှာပါဟာ၊ ညီမလေး သိပ်ပြီး အပင်ပန်းမခံပါနဲ့"

ယုယက နေရာမရွှေ့တော့ ခွင်း ထရပ်ပြီး လှည့်ထွက်သွားဖို့ပြင်၏။ ယုယက ဖျတ်ခနဲ ထရပ်ကာ ခွင်းလက်ကိုဆွဲထားလိုက်ပြီး

"ခွင်းကို စိတ်ချမ်းသာစေချင်တယ်၊ ခွင်းနဲ့မာမီနဲ့ အဆင်ပြေတဲ့မိသားစုလေး ဖြစ်စေချင်တယ်၊ ခွင်းထက်စာရင် ယုတို့က ဘေးလူသက်သက်ပါ၊ အချိန်တစ်ခုက အဖြေပေးပါလိမ့်မယ် ခွင်းရယ်၊ ခွင်းက



www.burmeseclassic.com

www.burmeseclassic.com



မေမေ့သားအရင်းပဲ ဥစ္စာ''

အားနှင့် သူ့လက်ကို ယုယ ဖိဆုပ်သွားတာ၊ အားပေးခဲ့တာပဲ ဖြစ်လိမ့်မည်။ ခြေလှမ်းတရွေ့ရွေ့နှင့် ယုယ အိမ်မကြီးထဲရောက်သွားမှ တန်းလျားလေးကို သူပြန်လာခဲ့၏။

ပန်းအိုးတွေကြားထဲက လှုပ်လှုပ်ရှားရှားပုံသဏ္ဍာန်ကို ယုယလည်း သတိမထားမိ။

သူလည်း ဘာမှန်းမသိခဲ့။

✿ ✿ ✿



## အခန်း (၃၄)

''ဘာ ဘာပြောတယ်၊ ခွင်းက မြနန္ဒာရဲ့သား ဟုတ်လား''

''ဟုတ်တယ်ဒယ်ဒီ၊ ညက ခွင်းနဲ့ညီမလေးရဲ့ အခြေအနေကို မသင်္ကာလို့ တိတ်တဆိတ်ချောင်းမြောင်းကြည့်မိတာ၊ သူတို့ပြောတဲ့စကားကိုနားထောင်ပြီး ခွင်းက မာမီရဲ့သားဆိုတာ ညီမလေး အစောကြီးကတည်းက သိနေတဲ့ပုံပဲ၊ ညီမလေးက ခွင်းနဲ့ မာမီ အဆင်ပြေအောင် ကြိုးစားနေတာ''

''ဟာ သွားပါပြီကွာ၊ ဒါဆို ဒယ်ဒီတို့ ဘယ်လိုလုပ်ကြမလဲ၊ အဆင်ပြေသွားတာနဲ့ မြနန္ဒာရဲ့ပိုင်ဆိုင်မှုတွေအားလုံး ဒီကောင်ပဲ ရတော့မှာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



ဦးအုပ်စိုး ချွေးဒီးဒီးကျလျက် လောဘကြောင့် ဂနာမငြိမ် ဖြစ်နေသည်။ ပိုက်ထွေးကလည်း အံတကြိတ်ကြိတ်။

"ဒါကြောင့် ဒီကောင်က ညို့မျက်ဝန်းတို့က ရွှေပေါ်မြတင်ထားဖို့ပင့်ဖိတ်တာတောင် မာမို့အမွေတွေလိုချင်သေးလို့ မြန်နန္ဒာစံအိမ်ကြီးက မခွာနိုင်ဖြစ်နေတာကို၊ ဒါကိုများ ညီမလေးက အားပေးအားမြှောက်လုပ်နေသေးတယ်၊ သားတို့ ဒီအတိုင်းနေလို့တော့ မဖြစ်တော့ဘူး ဒယ်ဒီ၊ ကြာရင် အရိုးအရင်းတောင် ရတော့မှာမဟုတ်ဘူး"

"လုပ်သင့်လုပ်ထိုက်တာ သားစဉ်းစားထားတဲ့အတိုင်း မြန်မြန်အကောင်အထည်ဖော်တာပေါ့သားရယ်၊ အချိန်ကြာလေ ဒယ်ဒီတို့အတွက် နစ်နာလေပဲရှိမှာ"

"ဟိုတစ်ခါလို အောင်မြင်မှုမရှိရင် ဘယ်လိုလုပ်မလဲ ဒယ်ဒီ"

"ဒါကတော့ ဦးနှောက်အေးအေး သွေးအေးအေးနဲ့ ချင့်ချိန်စဉ်းစားရမှာပေ့ါ၊ မြန်နန္ဒာ နှစ်ကြိမ်ဆက်တိုက် ကံမကောင်းနိုင်ပါဘူး"

အပြောလွယ်သလောက် အလုပ်ခက်ပေမယ့် သွေးဆူသွေးပူနေသည်မို့ သားအဖနှစ်ယောက်လုံး အဆိပ်ပြင်းပြင်းပြုံးလိုက်ကြသည်။ သီရိက အနားကနေ အားပေးသည့်သဘောနှင့် ရဲဆေးတင်ပေးနေ၏။

"ဟင်း ဟင်း မောင်လေးကံကောင်းမှာပါ၊ အောင်မြင်ရင် မောင်လေးဒယ်ဒီကိုတင် မဟုတ်ဘူးနော်၊ မမကိုလည်း မေ့ထားလို့မရဘူး"





"ဘယ်မေ့လို့ရမှာလဲ သီရိလေးရယ်၊ သားက ကိုကြီးတို့အတွက် ဦးစားပေးပြီးလုပ်နေတာပါ၊ ဟုတ်တယ် မဟုတ်လား သား"

ညစ်ကျယ်ကျယ်ခေါင်းညိတ်ပြပြီး ဘီယာတစ်ခွက်ကောက်မော့သောက်ကာ ဒယ်ဒီ့တိုက်ခန်းက ပြန်လာခဲ့သည်။

တစ်လမ်းလုံး ဘာလုပ်ရရင်ကောင်းမလဲ စဉ်းစားရင်း ဦးခေါင်းတစ်ခုလုံး ချာချာလည်လုပ်နေ၏။

ခွင်းဆိုတဲ့ကောင်ကို ဘာမှမပေးနိုင်။ မာမို့ပိုင်ဆိုင်မှုတွေကိုရော ညို့မျက်ဝန်းကိုရော။

ကိုယ်လိုချင်တဲ့အရာတွေအားလုံး ဒီကောင် အလွယ်တကူရသွားတာမျိုး မဖြစ်စေရ။

သူ့ရဲ့အိမ်ပြန်ချိန်မဟုတ်ဘဲ အိမ်ပြန်ရောက်လာတော့ ခြံတံခါးလာဖွင့်ပေးရင်း ဦးညာဏ် အံ့သြနေဟန်ရှိ၏။

ကားကို ပေါ်တီကိုအောက်အထိ မောင်းဝင်လာကာ အောက်ထပ်က ကိုယ့်အခန်းထဲဝင်၍ အချိန်ကြာကြာ စဉ်းစားအကြံညာဏ်ထုတ်နေမိ၏။ အသိတရားနှင့်ဆင်ခြင်မှုက သူ့ကိုယ်မှာမကပ်။

နာရီလက်တံတွေ ရွေ့လျားတိုင်း သူ့ရဲ့စိတ်အစဉ်က ကြမ်းတမ်းစွာလိုက်ပါနေသည်။ နောက်ဆုံး ဆုံးဖြတ်ချက်နှင့် သူ့အခန်း

www.burmeseclassic.com



ဝရန်တာကနေ အပြင်ကိုခုန်ချကာ ကြောင်လိမ်လှေကားကနေ အပေါ်ထပ်တက်လာခဲ့သည်။

အပေါ်ထပ်မှာက မာမီနှင့် ယုယက တစ်ခန်းစီနေကြပေမယ့် အောက်ထပ်ထမင်းစားခန်းဆောက်ကို ယုယဝင်သွားတာ မြင်လိုက်၍ အပေါ်မှာ မာမီတစ်ယောက်တည်းရှိနေလိမ့်မည်။

မာမီ အိပ်ခန်းထဲမှာလား။ ဘုရားခန်းထဲမှာလား။ ဝရန်တာမှာလား။

ဟင် မာမီက အောက်ထပ်ဆင်းမယ့် လှေကားထိပ်မှာ ဝိုးခွဲပေါ်ကနေ ဘာတွေကိုလှမ်းမျှော်ကြည့်ရှုနေတာလဲ။

ညဥ့်နက်ချိန်မဟုတ်ပေမယ့် တိုက်ကြီးတစ်ခုလုံး အပ်ကျသံမကြားအောင် တိတ်ဆိတ်နေသည်။

သူ လုပ်သင့်သလား။ မလုပ်သင့်ဘူးလား။

စဉ်းစားနေရင်း ချွေးဖော့တွေပြန်လာသည်။

ဘယ်အရာကိုမှ မမြင်ရအောင် မျက်လုံးကို စုံမှိတ်ချလိုက်၏။ ဘာမှမမြင်ရတော့။ အဲဒီနောက်မှာ

✿ ✿ ✿



အခန်း (၃၅)

"အား"

"မာမီ"

"ဝုန်း ဒုန်း ခွမ်း"

ငယ်သံပါအောင်အော်လိုက်သောအသံတွေနှင့် ဖြစ်ပျက်သွားသော အခြေအနေက စက္ကန့်ပိုင်းလေးအတွင်းမှာပင်။

"သ သမီး သမီးလေး ယုယ သမီး"

ဒေါ်မြနန္ဒာ သတိမမေ့။ သမီးအပေါ်က လူးလဲထကာ သွေးအိုင်ထဲလဲနေသော သမီးကိုပွေ့ထူလိုက်ရင်း မချိတင်ကဲခေါ်နေမိသည်။

ဝိုးခွဲပေါ်မှာထိုင်နေတဲ့ သူမကို နောက်ကနေ အားကုန်ဆောင့်



www.burmeseclassic.com

www.burmeseclassic.com



တွန်းခံလိုက်ရမှန်းသိသည်နှင့် အားခနဲအော်ကာ ခြေကားရားလက်ကားရားပြုတ်ကျသွားခဲ့သော်လည်း အောက်ကပါကေးခင်းနှင့် သူမထိတွေ့မသွားခဲ့။

သူမအတွက် လင်ပန်းနှင့် ထမင်းဟင်းတွေယူလာသော သမီးက အရှိန်နှင့်ပြုတ်ကျလာသော သူမအောက်က ဖားဆာခံဖြစ်သွားခဲ့သည်။ သမီးလေးက မချိမဆံ့ သွေးအိုင်ထဲမှာ။ သူမကတော့ တဒုန်းဒုန်း တစ်ဆင့်ချင်းပြုတ်ကျလာတဲ့ ဒီးချဲနှင့်ထိခိုက်မိသည့်အတွက် ကျောအောင့်သွားရုံမှအပ ဘာဒဏ်ရာမှ မရခဲ့ဘူးထင်၏။ သမီးကိုပွေ့ပိုက်ထားရင်း သူမ ယူကျုံးမရ ငိုကြွေးမိသည်။

"သမီး သမီး ဘာမှမဖြစ်ရဘူးနော် သမီးလေး"

"အမယ်လေး၊ မြ မြကလေး သမီးလေးယုယ ဘာဖြစ်သွားတာလဲ"

အသံဗလံကြောင့် ထမင်းစားခန်းထဲက ပြေးထွက်လာတဲ့ ဒေါ်စောကြည်က အထိတ်တလန့်အော်လိုက်ပြီး ရင်ဘတ်ဖိနေသည်။

ထိုအချိန်မှာ အိမ်ထဲက ဗုန်းဗုန်းဒိုင်းဒိုင်းအသံတွေ အပြင်ကနေ သဲ့သဲ့ကြားလိုက်ရတာမို့ ခွင်းနှင့်ဦးဉာဏ် ပြေးဝင်လာခဲ့၏။ ယုယက ဝေဒနာကြောင့် အသက်တောင်ပြင်းပြင်းမရှူနိုင်တော့ဘူးထင်သည်။





"ဟာ အန်တီ ယု ယုယဘာဖြစ်တာလဲ ဘာဖြစ်သွားတာလဲ"

ရင်ထဲမှာဆို့နင့်နေတာကြောင့် ဒေါ်မြနန္ဒာ တော်တော်နှင့်မဖြေနိုင်။ ဦးဉာဏ်က အနားမှာဒူးထောက်ထိုင်ချလိုက်ပြီး ဒေါ်မြနန္ဒာလက်ထဲက ယုယကို လက်လှဲပွေ့ယူလိုက်ကာ ခေါင်းတယမ်းယမ်းစိတ်မကောင်းဖြစ်နေမိသည်။

ခွင်းက အနားမှာထိုင်လိုက်ပြီး ယုယလက်မောင်းလေးကိုဆုပ်ကိုင်လိုက်၏။

"ညီမလေး ညီမလေး ဘယ်လိုဖြစ်ရတာလဲကွာ"

"မေ မေမေ့ကို မျက်နှာမှာ အ အဝတ်မည်းကြီးစွပ်ထားတဲ့လူက တွန်း တွန်းချတာ"

"ဘာ ဟုတ် ဟုတ်လားအန်တီ"

"ဟုတ်ပါတယ်ကွယ်၊ တကယ်ဆို ဒီလိုမျိုး အန်တီဖြစ်ရမှာပါ၊ သမီးလေးက အန်တီပြုတ်ကျလာတာကို ဝင်ခံလိုက်ရသလိုဖြစ်သွားတာ၊ သ သမီးလေးကို ဆေးရုံတင်ဖို့ အမြန်ဆုံး စီစဉ်ပေးကြပါ၊ သမီးလေးသေလို့ မဖြစ်ဘူး၊ သမီးလေး ဘာမှ မဖြစ်စေရဘူး"

"ဟုတ်သားပဲ၊ ယုယကို ဆေးရုံအမြန်ပို့ရမယ်၊ အိမ်ကကားနဲ့ပဲ ဆေးရုံသွားရအောင် အန်တီ"

အလောတကြီး ခွင်း ထရပ်လိုက်ပေမယ့် ယုယလေးက



www.burmeseclassic.com

www.burmeseclassic.com



လေးက တင်းခနဲဆွဲဆုပ်ထားတာမို့ ခွင်းပြန်ထိုင်လိုက်ရသည်။

"ညီမလေး ဘာပြောချင်လို့လဲ၊ ဘာဖြစ်လို့လဲ၊ ညီမလေးကို ဆေးရုံပို့မှာလေ၊ ဟိုရောက်ရင် ညီမလေး ကောင်းသွားမှာပါ"

ခွင်း ဖြေသိမ့်နေပေမယ့် ယုယက ခေါင်းလေးကို ဖြည်းဖြည်း ချင်းယမ်းခါနေသည်။

"မာ မာမီ"

"မာမီရှိတယ် သမီး၊ မာမီ သမီးလေးအနားမှာ ရှိတယ်၊ သမီးလေး ဘာပြောချင်လို့လဲ"

"မာ မာမီ ခွင်း ခွင်းကလေ မာမီရဲ့"

ယုယစကားလေး အဆုံးမသတ်၊ ခေါင်းလေး ယည်ကျသွားတာမို့ အားလုံး မျက်လုံးပြူးသွားကြသည်။

"သ သမီး သမီးလေး"

ဒေါ်မြနန္ဒာ ရူးစူးဝါးဝါးအော်ချလိုက်ရင်း အသံပျောက်သွားသည်။ ခွင်း ပျာယာခတ်သွားကာ ဒေါ်မြနန္ဒာကို ဖက်ပွေ့ထားလိုက်ရ၏။

ကိုယ်တိုင်လည်း ယူကျုံးမရခံစားရကာ ဆို့နင့်ကြေကွဲနေသည်။ ဘာကြောင့်လုပ်ကြံခံရတာလဲ တွေးချိန်မရဘဲ မေမေ့အတွက်လည်း စိုးရိမ်ရသည်။ ယုယအတွက်လည်း ရင်နာနေမိ၏။





"ညီမလေးရယ် အဖြစ်ဆိုးလိုက်တာကွာ၊ ဘာဖြစ်လို့ ခုလိုဖြစ်သွားရတာလဲ၊ ကိုယ့်အတွက် ကြိုးစားပေးဦးမယ်ဆို၊ ညီမလေးရယ် မဖြစ်သင့်သေးပါဘူး၊ ဒီလိုမျိုးကြီး မဖြစ်သင့်သေးပါဘူးကွာ"

"ဟိတ်ကောင် အလွမ်းသယ်မနေနဲ့ အခုလိုဖြစ်သွားအောင် မင်းလုပ်လိုက်တာ မဟုတ်လား၊ ငါ့ ငါ့ ညီမလေးကိုကွာ၊ မင်း မင်း ကွာ"

ပိုက်ထွေးက ကမူးရှူးထိုးရောက်လာကာ ခွင်းအင်္ကျီရင်ဘတ်ကို ဆောင့်ဆွဲပြီး လက်သီးတပြင်ပြင်ဖြစ်နေ၏။ ဒေါ်မြနန္ဒာက ကြောင်တောင်တောင်ကြည့်နေသလို ခွင်းလည်း မျက်စိလည်သွားသည်။

ဘယ်ကဘယ်လိုရောက်လာပြီး ပိုက်ထွေး စွပ်စွဲနေရတာလဲ။

"ပိုက်ထွေး မင်း ဘာတွေလာပြောနေတာလဲ၊ ငါက ဘာတွေ လုပ်လို့လဲ"

ပိုက်ထွေးလက်ကိုဆွဲဖြုတ်ပြီး မေးလိုက်တော့ ပိုက်ထွေး မျက်လုံးကြီးပြူးထွက်လာ၏။

"မင်း ငါ့ညီမလေးကို ဆင်ကြံကြံနေတာ ငါသိတယ်၊ ငါ့ ညီမလေးကိုဖြားယောင်းပြီး မာမီ့ကို သေကြောင်းကြံလိုက်တာ မဟုတ်လား။ ခုတော့ မာမီမသေဘဲ ညီမလေးသေသွားရပြီ၊ ငါ ငါ သည်းမခံနိုင်ဘူး။ မင်းကိုပြန်သတ်ရမှ ကျေနပ်မယ်"

www.burmeseclassic.com



ပိုက်ထွေးက ဆွဲလားလွဲလားလုပ်လာပြန်၏။ ဒေါ်မြနန္ဒာ ခြေထောက်ကို ထိန်းရပ်ပြီး ပိုက်ထွေးကို သူမဘက်ဆွဲလှည့်လိုက်သည်။

"ပိုက်ထွေး ပြောစမ်း၊ မာမို့ကို ပြန်ပြောစမ်း၊ မင်းဆိုလိုတာက ခွင်းက လုပ်ကြံတာပေါ့၊ ဟုတ်လား။ ခွင်းက ငါ့ကိုသေကြောင်းကြံလိုက်တာပေါ့ ဒီလိုလား"

"ဟုတ်တယ်၊ အမှန်ပဲ၊ ညီမလေးကို ပလူးပလဲ အရောတဝင်လုပ်ပြီး ဖြားယောင်းသွေးဆောင်နေတာ မာမီမသိဘူးလား။ အမွေတွေလိုချင်လို့ မာမို့ကို သေကြောင်းကြံတာ၊ ညီမလေးက မာမို့အစား အသက်ပေးလိုက်ရတာ၊ မာမို့ကိုပတ်ချွဲနပ်ချွဲလုပ်နေတာ မာမိက သူတော်ကောင်းထင်နေလား၊ ဒီကောင် လူယုတ်မာ၊ ဒီအိမ်ကို အကြံအစည်နဲ့ရောက်လာတဲ့ ယုတ်ယုတ်မာမာအကောင်"

ပိုက်ထွေးက ရှေ့ပက်မဝင်အောင် အော်ပြောသည်။ ဒေါ်မြနန္ဒာက ယုယနှင့်တရင်းတနှီးနေခဲ့သော ပုံရိပ်တို့ကို ပြန်မြင်ယောင်ကာ ခွင်းကို ရှုးခနဲစိမ်းနေအောင် ကြည့်၏။

ခွင်း အလန့်တကြားနှင့် လက်တကာကာဖြစ်သွား၏။

"မ မဟုတ်ဘူး အန်တီ၊ ကျွန်တော့်မှာ ဘာရည်ရွယ်ချက်မှ မရှိပါဘူး၊ ညီမလေးနဲ့ ကျွန်တော်က ရိုးရိုးသားသားပါ"





"တော်တော့၊ ဘာမှမပြောနဲ့၊ မကြားချင်ဘူး။ မင်း မင်းကို သမီးလေးနဲ့ ရင်းရင်းနှီးနှီးမနေဖို့ ငါပိတ်ပင်တားဆီးခဲ့မိခဲ့လို့ ငါ့ကို မကျေနပ်နေခဲ့တာ မဟုတ်လား။ ဒါကြောင့် အငြိုးကြီးကြီးနဲ့ ငါ့ကို လှေကားပေါ်က တွန်းချပြီး သေကြောင်းကြံခဲ့တာ၊ ဟိုတစ်ခါ ကားအက်ဆီးဒင့်ဖြစ်သွားတာလည်း မင်းကြောင့်ပဲနေမှာ၊ မင်း ဒီအိမ်ကို ဘယ်လိုအကြံအစည်ဆိုးနဲ့ ရောက်လာခဲ့တာလဲ၊ မင်း ရက်စက်လှချည်လား။ မင်း လူမှဟုတ်ရဲ့လား"

သမီးဇောနှင့် ဒေါ်မြနန္ဒာ သွေးရူးသွေးတန်းအော်ပစ်လိုက်သည်။ ခွင်းက ဘာပြန်ပြောရမှန်းမသိအောင် ခေါင်းတယမ်းယမ်းနှင့် မျက်ရည်တွေသာ စီးကျလာသည်။

ဦးညာထော်က ရင်ခွင်မှာပွေ့ပိုက်ထားသော ယုယကိုယ်လေးကို သာသာဖွဖွချထားပြီး ခွင်းနှင့် ဒေါ်မြနန္ဒာတို့ သားအမိကြားမှာ ခြေစုံရပ်၏။

"မြကလေး အခြေအမြစ်မရှိ၊ သက်သေမရှိဘဲ ဘာလို့ စွပ်စွဲပြစ်တင်နေရတာလဲကွယ်၊ ခွင်းမှာ ဒီလိုစေတနာဆိုး၊ အကျင့်ဆိုး မရှိပါဘူးကွယ်"

"ဦးညာထော် ခင်ဗျားကြီး ဘာမှဝင်ပြောစရာမလိုဘူး၊ သူ့ကို ခေါ်လာတဲ့ ခင်ဗျားကိုပါ အမှုတွဲထဲ ဆွဲထည့်လိုက်လို့ရတယ် သိလား။



www.burmeseclassic.com

www.burmeseclassic.com



သက်သေဆိုတာ ရှိလို့ စွဲချက်တင်ရဲတာပေါ့၊ ဘယ်လိုသက်သေလဲ ဆိုတာ အခုပြမယ်''

ပိုက်ထွေးကပြောပြီး အပြင်ကိုပြေးထွက်သွားသည်။ ပြန်လာ တော့ လက်ထဲမှာ မျက်နှာထိခွဲအုပ်စွပ်ရှုလို့ရတဲ့ မျက်နှာဖုံးစွပ် တစ် ခုပါလာ၏။

နောက်ဘက် ကြောင်အိမ်လေ့ကားကနေ ပြန်ဆင်းပြီး ခြံထဲကပတ်၍ ခွင်းတို့နေတဲ့ တန်းလျားလေးပေါ်ပစ်တင်ခဲ့တာကိုတော့ ဘယ်သူမှ မသိလိုက်။

''ဒါ ဘာလဲ သိလား၊ ခင်ဗျားကတော့ သိမှာမဟုတ်ဘူး ဒီကောင်တော့သိလိမ့်မယ်၊ သူ့မျက်နှာကို မမြင်ရအောင် ဒါကိုစွပ်ပြီး မာမီ့ကိုတွန်းချလိုက်တာနေမှာပေါ့၊ ဒါကို ခင်ဗျားတို့နေတဲ့ တန်းလျား ပေါ်က တွေ့ခဲ့တာ၊ အဲဒီသက်သေနဲ့ ဒီကောင့်ကို တစ်သက်တစ်ကျွန်း ရောက်အောင် ပို့ပစ်မယ်၊ မာမီ သား ရဲစခန်းကိုဖုန်းဆက်ထားတယ်၊ ဒီကောင် သေဒဏ်ကျခံရတဲ့အထိ တရားလိုလုပ်ပေးပါ မာမီ၊ သေ သွားတဲ့ ညီမလေးတွက် ဒါလေးတစ်ခုတော့ သားတို့အတွက် လုပ် ပေးပါ၊ ဒယ်ဒီသာသိရင် ညီမလေးအတွက် ရင်ထုမနာ ခံစားရရှာမှာ''

ပိုက်ထွေးက ယုယကို တစ်ချက်လှမ်းကြည့်လိုက်ကာ ရှက် ကြီးတငင် ငိုချလိုက်သည်။





ဒေါ်မြနန္ဒာရင်ထဲ ဘယ်လိုမှ ဖြေမဆည်နိုင်။ သမီးလေးကို လည်းမကြည့်ရက်။ ခွင်းကိုသာ နာနာကြည်းကြည်း ကြည့်နေမိသည်။

သူ့အမေနှင့် တူပါတယ်ဆိုတဲ့ သူမကို ခွင်း ဒီလိုလုပ်ရက် မည် မထင်။ ခုတော့ ပိုက်ထွေးယူပြသည့် သက်သေကြောင့် သူမ ပို၍ ယုံကြည်သွားခဲ့သည်။

ရဲတွေရောက်လာတော့ ခွင်းအနားကို ဦးညဏ်ပြေးကပ်ကာ ၊ခုံးလေးကိုဆုပ်ဖက်ထားသည်။

''တရားကိုနတ်စောင့်ပါတယ် လူလေး၊ ကိုယ် မလုပ်ဘူး၊ လုပ်တယ်ဆိုတာ ဘုရားသိတယ်၊ သမ္မာဒေဝနတ်ကောင်းနတ်မြတ် တွေ လူလေးကို စောင့်ရှောက်မှာပါ၊ ခုအချိန်မှာ ရှင်းပြရင် အားလုံး ရှုပ်ထွေးကုန်လိမ့်မယ်၊ နောက်ပိုင်းတာဝန်တွေ ဦးညဏ်အားလုံး အေး အေးဆေးဆေးရှင်းသွားမယ်၊ ခုတော့ ပိုက်ထွေးရန်က အေးအောင် ခဏလိုက်သွားလိုက်ပါ လူလေး''

ခွန်း ဘာစကားမှ ပြောချင်စိတ်၊ ဖြေရှင်းချင်စိတ် မရှိပါ။ ယုယသေသွားတာကို မျက်စိအောက်မှာ မြင်လိုက်ရသည့်အတွက် ဘယ်အရာကိုမှ တည်မြဲလိမ့်မည်ဟု မမြင်တော့။ ဟိုမေးဒီစစ်လုပ်ပြီး သူ့ကို လက်ထိတ်လာခတ်တဲ့ ရဲရှေ့ကို လက်နှစ်ဖက်ထိုးပေးကာ မေမေ့ဘက် ကိုရီဝေဝေငေ့ကြည့်လိုက်သည်။

www.burmeseclassic.com



"အနိတ်ီ"

သူခေါ်လိုက်တော့ အံကြိတ်ပြီး ဒေါ်မြနန္ဒာလှည့်ကြည့်၏။

"ကျွန်တော်မသွားခင် တစ်ခုလောက်တောင်းဆိုချင်ပါတယ်"

"ဘာလဲ"

"အနိတ်ီ့လက်နဲ့ ကျွန်တော့်ကို ရေတစ်ခွက်လောက်တိုက်ပါ အနိတ်ီ၊ ကျွန်တော် တစ်သက်တစ်ကျွန်းပဲကျကျ၊ သေဒဏ်ပဲကျကျ အနိတ်ီတိုက်တဲ့ရေတစ်ခွက်နဲ့ ကျွန်တော်ကျေနပ်ပေးပါ့မယ်"

"ဘာ"

ဒေါ်မြနန္ဒာ ဘာသံက တုန်တုန်လှုပ်လှုပ်။

"သူစိတ်ကျေနပ်သွားအောင် ရေတစ်ခွက်တော့ တိုက်သင့်ပါတယ် မြကလေးရယ်၊ သူပေးဆပ်ခဲ့သမျှ မြကလေးဆီက သူ ဘာတစ်ခု တောင်းဆိုဖူးလို့လဲ၊ သူ အပြစ်မကျူးလွန်ခဲ့ဘဲနဲ့တောင် မြကလေးတို့အလိုကျ လက်ထိတ်ခတ်ခဲ့ပြီး ရဲစခန်းကိုလိုက်သွားသေးတာပဲကွယ်"

ဦးဉာဏ်စကားကြောင့် ဒေါ်စောကြည်က ရေတစ်ခွက် ကပျာကယာခပ်လာပြီး ဒေါ်မြနန္ဒာလက်ထဲ ထည့်ပေးလိုက်သည်။

တဆတ်ဆတ်တုန်ယင်နေသော လက်နှင့် ခွင်းနှုတ်ခမ်းဖျားမှာ ရေဖန်ခွက်လေး ကပ်ပေးမိ၏။





ရေသောက်နေသော ခွင်းမျက်ဝန်းအိမ်မှ မျက်ရည်တွေ အဆီးအတားမဲ့ ပြိုကျလာသည်။

မမြင်ရက်စွာ သူမ ရင်တွေကျပ်ဆို့မောပန်းနေ၏။

"ကျေးဇူးတင်ပါတယ် မေမေ"

"ဟင်"

"ခွမ်း"

ထိုစကားတစ်လုံးတည်းနှင့် သူမလက်ထဲက ရေဖန်ခွက်လေး လွတ်ကျသွား၏။

မေမေတဲ့၊ ဟိုး ရင်ဘတ်တစ်နေရာက အနက်ရှိုင်းဆုံးနေရာထိ ထိုးဖောက်စူးနစ်သွားသည်။

လက်ထိတ်ခတ်ထားတဲ့ လက်နှစ်ဖက်ကို ပူးယှဉ်လိုက်ကာ ဒူးထောက်ထိုင်ချပြီး သူမကိုကန်တော့လိုက်တော့ အသည်းနှလုံးတွေ ပြောင်းဆန်လျက် ဒူးတွေမခိုင်တော့ဘဲ ဆိုဖာခုံပေါ် ခွေညွတ်ကျသွားခဲ့သည်။ ရဲတွေနောက်က လက်ထိတ်တန်းလန်းနှင့်ပါသွားတဲ့ ခွင်းကို ဘယ်လိုမှ မမြင်ရက်၊ မကြည့်ရက်။

သမီးလေးအလောင်းကို ရင်ခွဲရုံသယ်သွားတာလည်း သူမ မသိလိုက်။

သိစိတ်တွေကွယ်ပျောက်လို့ မသိစိတ်တွေလည်း တစ်ခေါက်



www.burmeseclassic.com

www.burmeseclassic.com



တာ ချုပ်ငြိမ်းသွားလျှင် ဘယ်လောက်များကောင်းမည်လဲ။

ဘယ်အရာကိုမှ မခံစားတတ်တဲ့ လူတစ်ယောက်သာ ဖြစ်လိုက်ပါတော့။

✿ ✿ ✿



အခန်း (၃၆)

ခွင်းသတင်းကိုကြားကြားချင်း မြနန္ဒာစံအိမ်ကြီးကို ညို့မျက်ဝန်း ရောက်လာသည်။ ကားကိုပေါ်တီကိုအောက်အထိ ကမူးရှူးထိုး မောင်းဝင်သွားတဲ့ ညို့မျက်ဝန်းနောက်က ဦးဉာဏ်လည်း ပြေးလိုက်လာရသည်။

ရှေ့တည့်တည့်မှာ ညို့မျက်ဝန်းလာရပ်တာမြင်ပေမယ့် ဒေါ်မြနန္ဒာ မော့မကြည့်မိ။

ရဲစခန်းက သက်သေပစ္စည်းဖြစ်သော ခေါင်းစွပ်အမည်းကြီးကို လက်ဗွေရာတွေစစ်ဆေးပြီး အိမ်ရှိလူကုန် လက်ဗွေတွေနှိုင်း တစ်ယောက်ချင်းမေးမြန်းနှင့် စိတ်ပင်ပန်းကာ ခြေကုန်လက်ပန်းကျ၍



www.burmeseclassic.com

www.burmeseclassic.com



ဆိုဖာခုံမှာပဲ ဘာမှမစားမသောက် လျှော့ရဲ့ရွာမှီတင်းထိုင်နေမိသည်။

"သားတစ်ယောက်ကို တရားခံဖြစ်အောင် တရားလိုလုပ်လိုက်တဲ့ အန့်တို့မေတ္တာတရားကို ကျွန်မ တော်တော်လေးစားသွားပြီ"

"ဟင် ဘာ"

မထင်မှတ်တဲ့ အေးစက်စက် တစ်ခွန်းချင်းပြောလိုက်တဲ့ ညို့မျက်ဝန်းစကားကြောင့် ဒေါ်မြနန္ဒာ ထိတ်လန့်တကြား ကိုယ်ကိုမတ်၍ ခေါင်းထောင်သွားသည်။

"မင်း ဘာတွေလာပြောနေတာလဲ ညို့မျက်ဝန်း။ ဘယ်သူက ဘယ်သူ့သားလဲ"

"ခွင်းက အန့်တို့သားလေ၊ ဦးထွန်းလူ့, ဒေါ်မြနန္ဒာရဲ့သား၊ အန့်တီမသိပေမယ့် ယုယလည်း သိတယ်၊ ကျွန်မလည်း သိတယ်၊ ပိုပြီး အတွင်းကျကျသိတဲ့လူကတော့ ဦးဉာဏ်ပဲ"

နောက်မှာရပ်နေတဲ့ ဦးဉာဏ်ကို ညို့မျက်ဝန်း မေးငေါ့ပြလိုက်သည်။ ဒေါ်မြနန္ဒာ မျက်လုံးလေးပြူးလည်လျက် ခြေထောက်တစ်ဖက်ထော့နင်း ထော့နင်းလုပ်ကာ ဦးဉာဏ်အနား ဖွေ့ခနဲရောက်သွားသည်။

"ဦး ဦးဉာဏ် တကယ်လား။ ခွင်းက ကျွန်မသား တကယ်လား"





"ဟုတ်ပါတယ် မြကလေး၊ ဒုက္ခိတအဖေနဲ့ နှစ်ပေါင်းများစွာ နှစ်ယောက်တည်းနေလာပြီး သူ့အဖေဆုံးတော့ ဦးဉာဏ်ရဲ့တူအဖြစ်နဲ့ ဒီအိမ်ကြီးကို ဦးဉာဏ်ခေါ်လာခဲ့တာပါ၊ သူကလည်း လောကကြီးမှာ အမေရှိသေးတယ်ဆိုတာ အဲဒီအချိန်ရောက်မှ သိခွင့်ရခဲ့တဲ့ကလေးပါ၊ မြကလေးဆီက သူ ဘာမှမျှော်လင့်လို့ လိုချင်လို့ မဟုတ်ပါဘူး။ ငယ်စဉ်ကတည်းက မခင်မေတ္တာငတ်ခဲ့တဲ့ ကလေးမို့ မြကလေးရဲ့ အစေအပါးဘဝနဲ့ မြကလေးမျက်နှာကြည့်ပြီး ကြည်နူးနေခဲ့တာပါကွယ်"

ထိုစကားတွေနှင့် တခြားအကြောင်းအရာတွေကို ဦးဉာဏ်အတိုချုံးပြောပြပြီးချိန်မှာ ဒေါ်မြနန္ဒာပါးပြင်မှာ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာသည်။ သူမဆီက အကြင်နာတွေလိုချင်လို့ လက်ထိတ်တန်လန်းနှင့် ရေတစ်ခွက်တောင်းသောက်သွားသည့်သား။

သူမအသက်ကို သွေးလှူပြီး ကယ်တင်ပေးခဲ့သည့်သား။

ကျွန်တော့်အမေနဲ့တူလို့ ဒီအိမ်ကြီးမှာနေပြီး အလွမ်းဖြေပါရစေလို့ ပြောခဲ့တဲ့သား။

ချစ်သူနှင့် အဆင့်အတန်းမြင့်မြင့်နေရမှာကို စွန့်လွှတ်ပြီး သူမဆီမှာ အစေအပါးဘဝနှင့် ကျေနပ်နေခဲ့သည့်သား။

ဒီသားကိုမှ တရားလိုဘက်က စွဲချက်တင်ပြီး တရားခံဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အောင် သူမ လုပ်ရက်ခဲ့သည်။

ဘယ်လိုဝဋ်ကြွေးတွေများလဲ။ ဘယ်လိုကံကြမ္မာဆိုးလဲ။ သမီးလေးရဲ့ သွေးတိုးစမ်းတဲ့စကားတွေကိုလည်း ဂရုမစိုက်ခဲ့၊ နောက်ဆုံးအချိန်မှာ ခွင်းက မေမေ့ရဲ့ . . . လို့ အဆုံးသတ်မသွားတဲ့ သမီးလေးရဲ့ စကားလေးကိုလည်း သတိမထားမိခဲ့။

ကျေးဇူးတင်ပါတယ်မေမေလို့ ရေသောက်ပြီးချိန်မှာ သားလေးပြောသွားတာကိုလည်း နင့်နင့်သီးသီးခံစားလိုက်ရပေမယ့် ဘာကြောင့် သားတစ်ယောက်ဖြစ်နိုင်တယ်လို့ အတွေးမဝင်မိရတာလဲ။

မိခင်မေတ္တာကို တော်မှတ်လွန်းလို့ အစေအပါးဘဝနဲ့ ခိုကပ်နေရှာခဲ့တဲ့သားလေး။ ဘယ်လောက်များ သနားစရာကောင်းလိုက်သလဲ။

ရက်ရက်စက်စက်စွန့်ပစ်ခဲ့တဲ့ အမေကို ဘာကြောင့်များ ဒီလောက်ထိ အနစ်နာခံပေးဆပ်ပြီး ချစ်တတ်ခဲ့ရတာလဲ သားရယ်။

ယူကျုံးမရ ကြေကွဲရသောစိတ်နှင့် ဒေါ်မြနန္ဒာ ရှိုက်ကာရှိုက်ကာ ငိုနေမိသည်။

"ခွင်းကို ကြိုးစင်တင်မှ အန်တီကျေနပ်မှာလား။ သွေးသားအရင်းမဟုတ်တဲ့သားသမီးတွေအတွက် ခွင်းကို သွေးမြေကျစေချင်တာလား။ ခွင်းတို့သားအဖကို အန်တီ ခုထိမုန်းနေတုန်းပဲလား အန်တီ"





"မဟုတ်ဘူး မဟုတ်ပါဘူး။ သူတို့အကြောင်းတွေကို အန်တီ ဘာမှမသိခဲ့ရလို့ပါ၊ မုန်းလို့မဟုတ်ဘူး။ ချစ်လို့စွန့်ပစ်ခဲ့ရတာ၊ သားကိုလည်း သားမှန်းမသိလို့ပါ၊ အန်တီနားလည်ပြီ၊ အန်တီ နောင်တရပါပြီ၊ ဦး ဦးဉာဏ် ကျွန်မကို သားလေးဆီပို့ပေးပါ၊ ကျွန်မသားလေးနဲ့ အမြန်ဆုံးတွေ့ချင်တယ်"

"တွေ့ရမှာပါ မြကလေး၊ ဘာမှ စိတ်မပူနဲ့၊ ရုံးခန်းရောက်ရင် ကောင်းတဲ့သတင်းလည်း ကြားချင်ကြားရနိုင်ပါတယ်၊ မြကလေးတို့သားအမိနှစ်ယောက်ရဲ့ မေတ္တာစစ်မှန်ရင် ပြဿနာတွေအားလုံးပြေလည်သွားပါလိမ့်မယ်ကွယ်"

ဦးဉာဏ်နှင့် ဒေါ်မြနန္ဒာရဲ့ကားလေးနောက်က ညို့မှုက်ဝန်းကားလေးလည်း လိုက်ပါလာသည်။ ခွင်းအတွက် ရင်တွေပူခဲ့သမျှ ဟစ်ဝက်တော့ စိတ်အေးရပြီ၊ ခွင်းလိုချင်နေတဲ့ ခွင်းမေမေ့ရဲ့ မေတ္တာတွေ ခွင်း အပြည့်အဝရပါစေ။

ချစ်သူအတွက် ဆုတောင်းလိုက်ပါလာရင်း

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"တစ်ခုတည်းသော သက်သေခံပစ္စည်းဖြစ်တဲ့ အမည်းရောင်ခေါင်းစွပ်အပေါ်မှာ တရားခံရဲ့လက်ဗွေရာကို မတွေ့ရပါဘူး၊ နောက်တစ်ချက်သေချာအောင်ဆိုပြီး တွန်းချလိုက်တဲ့ပိုးချဲကို စစ်ဆေးကြည့်တော့လည်း တရားခံရဲ့လက်ဗွေရာကို မတွေ့ရပါဘူးခင်ဗျာ၊ ဒါပေမဲ့ အစ်မကြီးတို့အိမ်က လူတွေအကုန်လုံးကို လက်ဗွေရာတွေယူပြီး စစ်မေးကြည့်တဲ့အခါ ဦးဥာဏ်ဆိုတဲ့လူရဲ့ စစ်ဆေးချက်မှတ်တမ်းနဲ့ တရားခံရဲ့ထွက်ဆိုချက်တွေ ဆက်စပ်ပြီး ကျွန်တော်တို့ မောင်ပိုက်ထွေးကို တရားခံအစစ်အမှန်အဖြစ် ဖမ်းဆီးလိုက်ရပါတယ်"

"ရှင်"





ဒေါ်မြနန္ဒာ အံ့သြသွားသည်။ ဝမ်းနည်းသွားတဲ့ ခံစားချက်မဟုတ်မှန်း ကိုယ့်ကိုယ်ကိုယ်သိသည်။

ဒါပေမဲ့ ပိုက်ထွေးကို ကိုယ်ကျွေးမွေးစောင့်ရှောက်ခဲ့ရသည့် တူသားတစ်ယောက်မို့ တရားခံပါလို့ မယုံတယ်မှတ်ရက်အောင် ဖြစ်နေသည်။

"မောင် မောင်ပိုက်ထွေးကို သေချာစစ်မေးပြီးပြီလားရှင်"

"ဟုတ်ကဲ့ စစ်မေးပြီးပါပြီ၊ တရားခံက အားလုံးဖြောင့်ချက်ပေး ဝန်ခံပါတယ်၊ ပထမအကြိမ် ကားအက်ဆီးဒင့်ဖြစ်ရတာရော၊ အခု အဖြစ်အပျက်ကိုရော ဦးဥာဏ်နဲ့ တရားခံအဖြစ်ဖမ်းဆီးထားတဲ့ ခွေးတို့က မောင်ပိုက်ထွေးကို မသင်္ကာအဖြစ် တင်ပြလာတဲ့အတွက် ကျွန်တော်တို့ စစ်မေးကြည့်တဲ့အခါမှာ သူ ဘာကြောင့်လုပ်ရတယ်ဆိုတာကို ဝန်ခံသွားတာပါ၊ အဲဒါကြောင့် တရားခံအစစ်ကို ဖမ်းမိပြီဖြစ်တဲ့အတွက် အစ်မကြီးရဲ့သား ဒီအမှုက ကွင်းလွတ်ကျွတ်လွတ်သွားပြီမို့ အစ်မကြီးရဲ့သားကို ပြန်ခေါ်သွားနိုင်ပါပြီခင်ဗျာ"

ရဲသားတစ်ယောက်က ခွင်းကို ခေါ်လာပေးသည်။ ဦးဥာဏ်နှင့်ညီ့က ခွင်းကို တစ်ဖက်တစ်ချက် တွဲဖက်ခေါ်လိုက်သော်လည်း သားကိုကြည့်ပြီး သူမရင်ထဲ ဆို့နင့်နေဆဲပင်။

"သား"



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ဖျားက အသံမှထွက်သွားပါရဲ့လား မသိ။

အနားရောက်လာတဲ့သားကို ကြည်နူးမျက်ရည်တွေနှင့် ခပ်တင်းတင်းဖက်ပွေ့လိုက်ကာ သား သားလေးဟု အကြိမ်ပေါင်းများစွာအားရပါးရ ခေါ်ပစ်လိုက်သည်။

''မေမေ မေမေရယ်''

သားရဲ့မျက်ရည်တွေကလည်း သူမကျောပြင်မှာ စိုရွှဲသွားသည်။

ဒီမျက်ရည်တွေ ဒီနေရာမှာ အဆုံးသတ်သွားပါပြီ။

သားရယ် နောက်ဘယ်တော့မှ သားလေး မျက်ရည်မကျရတော့ပါဘူး။

မေမေ့အကြင်နာမေတ္တာတွေနဲ့ မေမေ့သားလေးအာဝ အေးချမ်းစေရပါမယ်။

တမလွန်က သားဖေဖေလည်း ကျေနပ်နိုင်မှာပါ သားရယ်။

ကြည်နူးပျော်ရွှင်နေတဲ့ မာမီနှင့်ခွင်းကို အချုပ်ခန်းသံတိုင်တွေကြားက လှမ်းကြည့်ရင်း ပိုက်ထွေး မျက်ဝန်းအိမ်က မျက်ရည်တွေတသွင်သွင်စီးကျလာသည်။

လိုချင်စိတ်နှင့် ကြိုးစားခဲ့သမျှ ဘာတစ်ခုမှမရလိုက်တဲ့ သူ့အတွက် ညီမလေးယုယနာရေးကိုအကြောင်းပြကာ ဒယ်ဒီက နှစ်





သိမ့်စကားတောင် လာမပြောခဲ့ချေ။

သူက ကျေးဇူးရှင်မာမီကို သေကြောင်းကြံစည်မိတဲ့အထိ ဘယ်သူ့အတွက် လုပ်ခဲ့တာလဲ။

ဒယ်ဒီအတွက်လား။ ကိုယ့်ကိုယ်ကိုယ်အတွက်လား။

မတော်မတရားလောဘစိတ်နှင့် ရောင့်ရဲမှုမရှိတာကြောင့် ကိုယ်ပိုင်ဆိုင်ထားတဲ့ ညီမလေးကိုတောင် ဆုံးရှုံးခဲ့ရသည်။

စေတနာမှန်သော မာမီက ဘာမှမဖြစ်ခဲ့။ ရင်ကမွေးသော သားကို မေတ္တာတွေအပြည့်အဝပေးရင်း သူတို့တွေကို မုန်းတီးနာညြှိုးနေပေတော့မည်။ ဒါကြောင့်လည်း ဒီအမှားတွေ ဒီအပြစ်တွေကို သူဝန်ခံခဲ့တာပါ။ မှားခဲ့တဲ့အမှားတွေအတွက် ဘယ်တော့မှ ခွင့်မလွှတ်ပါနဲ့ မာမီ။ အပြစ်ကြွေးတွေအတွက် သွေးတွေ၊ ချွေးတွေနဲ့ ပြန်ဆပ်မှာပါ။ ပိုက်ထွေး၏ရင်ထဲက စကားတွေနှင့် မျက်ရည်တွေကို ဒေါ်မြနန္ဒာ ကြားလည်းကြားမသွားခဲ့၊ မြင်လည်း မြင်မသွားခဲ့။

ခွင်းမျက်နှာလေးကို အရိပ်တကြည့်ကြည့်နှင့် ပြုံးနေခဲ့သည်။

ခွင်းကလည်း မာမီ့ပခုံးတစ်ဖက်မှာ ခေါင်းလေးမှေးတင်ပြီး မာမီ့ကို ခပ်တင်းတင်းပွေ့ဖက်လို့။

လှပသောမြင်ကွင်းကို အကြည့်လွှဲလိုက်ချင်သော်လည်း မျက်လုံးအိမ်ထဲမှာ စွဲထင်မြင်ယောင်နေခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမေတ္တာတွေက ကိုယ့်အတွက် အဆုံးသတ်နိဂုံးဖြစ်သွားပေမယ့် ခွင်းအတွက် အခုမှနိဒါန်းအစပဲ မဟုတ်ပါလား။

✿ ✿ ✿



## အခန်း (၃၈)

BURMESE CLASSIC .com

ယုယအုတ်ဂူဖြူဖြူလေးပေါ်မှာ ပန်းစည်းလေးတင်ပြီး လက်သီးကိုတင်းတင်းဆုပ်ထားလျက် ခွင်း မျက်ရည်တွေစိမ့်ခနဲ သွန်ကျလာသည်။

"ကိုယ်နဲ့ မေမေရဲ့ အဆင်ပြေမှုတွေကို ညီမလေးသိနေတယ်မဟုတ်လားဟင်၊ တမလွန်က ကြည်နူးနေပါ ညီမလေးရယ်၊ ညီမလေးဖြစ်စေချင်သလို မေမေ့မေတ္တာတွေကို ကိုယ် အပြည့်အဝရနေပါပြီ ညီမလေး အသက်ကိုစတေးခံလိုက်ရပြီးမှ ရခဲ့တာမို့ ကိုယ် တကယ်စိတ်မကောင်းပါဘူး ညီမလေးရယ်၊ ဘဝဆက်တိုင်း ဘဝဆက်တိုင်း ညီမလေး ဒီအဖြစ်ဆိုးကြီးမကြုံပါစေနဲ့လို့ ကိုယ် ကိုယ်ဆုတောင်း



www.burmeseclassic.com

www.burmeseclassic.com



ပေးပါတယ် ညီမလေး''

ခွင်း အင့်ခနဲ ကျိတ်ရှိုက်လိုက်သည်မို့ ခွင်းပခုံးလေးကို ညို့မျက်ဝန်း ဖွဖွလေးဆုပ်ကိုင်နှစ်သိမ့်လိုက်သည်။

''ခွင်း အရမ်းပင်ပန်းနေပြီခွင်းရယ်၊ ယုယက ခွင်းနဲ့အန်တီပြေလည်မှုတွေကိုမြင်တွေ့ပြီး တမလွန်က ကျေနပ်ကြည်နူးနေတဲ့အချိန်မှာ ခွင်းမျက်ရည်တွေအတွက် သူ စိတ်ကောင်းနိုင်ပါ့မလား၊ သူ့အတွက် ကောင်းမှုကုသိုလ်လုပ်ပြီး အမျှပေးဝေပါ၊ စိတ်ရင်းစေတနာဖြူစင်မြင့်မြတ်သူလေးမို့ ယုယ ဘဝကူးကောင်းမှာပါ ခွင်းရယ်''

ခွင်း ယုံကြည်ပါသည်။

မြင့်မြတ်တဲ့ဘုံမှာ ညီမလေး ချမ်းသာစွာနေရမည်လို့ ခွင်း ယုံကြည်ပါသည်။

ညို့မျက်ဝန်းဆွဲခေါ်ရာ တံ့နှေးလေးကန်စွာလိုက်ပါလာရင်း ညီမလေးအုတ်ဂူကို နောက်ဆံတင်းလျက် သုမင်လည်ပြန်လှည့်ကြည့်မိသည်။ တရွေ့ရွေ့လျှောက်လာရင်း ကားနားကိုရောက်တော့ ညို့မျက်ဝန်းက သူ့မျက်နှာကို သူမလက်လေးနှစ်ဖက်နှင့် ဖိညှပ်လိုက်ပြီး သူမဘက် ဆွဲလှည့်လိုက်၏။

''မေ့သင့်တဲ့အရာမဟုတ်လို့ မေ့လိုက်ပါလို့ ညို့မတောင်းဆိုပါဘူး။ ဒါပေမဲ့ ခွင်း ပင်ပန်းခဲ့သမျှတွေအတွက် နားသင့်ပြီလို့ထင်တယ်၊





ညို့ပခုံးပေါ်မှာ ခဏမှေးမှိန်ပြီး နားလိုက်ပါ ခွင်းရယ်''

တကယ်လည်း ပင်ပန်းနေပြီမို့ ကားမောင်းနေတဲ့ ညို့ပခုံးလေးပေါ် မှေးမှိန်ရင်းလိုက်ပါလာမိသည်။

ကားမောင်းနေရင်း သူ့ဆံပင်တွေကို သူမပါးလေးနှင့် ဖိကပ်နှစ်သိမ့်လာတဲ့ ညို့က အရိပ်ကောင်းတဲ့လမ်းဘေးသစ်ပင်ကြီးအောက်ကိုရောက်တော့ ကားလေးကို ကျွီခနဲဘရိတ်အုပ်၍ ထိုးရပ်လိုက်သည်။

ခွင်းက ဘာဖြစ်သွားလဲဆိုပြီး ဆတ်ခနဲ ခေါင်းထောင်သွားသည်။

''ဘာဖြစ်လို့လဲ ညို့၊ ကား ဘာဖြစ်သွားတာလဲ''

''ကားက ဘာမှမဖြစ်ဘူး၊ လူကဖြစ်နေတာ''

''ဟင်''

''ဟုတ်တယ်လေ၊ ခွင်းတစ်ယောက်တည်း ပင်ပန်းခဲ့တာမဟုတ်ဘူး။ ညို့လည်း ရှင့်အတွက် ပင်ပန်းခဲ့ရတာပဲ၊ ခွင်းက တစ်လှည့် ညို့ကိုနှစ်သိမ့်ဦးမှပေါ့။ တကတဲ ယောကျ်ားကြီးဖြစ်ပြီး သူကပဲ ညို့ပခုံးပေါ် တစ်လမ်းလုံးမှီလာတယ်၊ ညို့လည်း ခွင်းပခုံးပေါ် မှီချင်သေးတာပေါ့''

ခံစားခဲ့ရသမျှ ခဏတာမေ့ပျောက်ကာ ခွင်း ရယ်ချင်စိတ်ကို



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ပြုံးစိစိဖြစ်သွားသည်။

"သြော်၊ ဒီလိုလား၊ ရပါတယ်၊ နေရာချင်းလဲမယ်လေ၊ ကိုယ် ကားမောင်းလာခဲ့မယ်၊ ညို့က ကိုယ့်ပခုံးပေါ်မှီပြီး လိုက်ခဲ့ပေါ့"

"ဟင့်အင်း၊ ကားမမောင်းဘဲ ဒီအတိုင်းလေး ခွင်းပခုံးပေါ် ခဏလောက်မှီလိုက်ရရင် ညို့ ခွင်းအတွက်ပင်ပန်းခဲ့သမျှတွေ ပြေပျောက်သွားလိမ့်မယ်၊ အချစ်ရဲ့တန်ခိုးစွမ်းအားတွေကြောင့်လေ နော်"

ခွင်း ခေါင်းတဆတ်ဆတ်ညိတ်လိုက်ကာ ညို့ဆိုတဲ့ အလှဖုရားမလေးကို ရင်ခွင်မှာ ဆွဲကပ်ဖက်ပွေ့လိုက်သည်။

စည်းချက်မညီသော ရင်ခုန်သံတွေက အရာအားလုံးကို ခဏတာ မေ့ပျောက်စေနိုင်ကာ

အစေအပါးအဖြစ် ခစားခဲ့ရတဲ့

အလင်းမဲ့ညတွေ ကွယ်ပျောက်လို့

အဆုံးသတ်မရှိတဲ့ အချစ်တွေနဲ့ . . .။

လုံမ

BURMESE CLASSIC .com

www.burmeseclassic.com